အင်္ဂလန် ဆွစ်ဇာလန် ပြင်သစ်

# သုံးနိုင်ငံဓမ္မဒူတစာရီး

မဟာ ဓမ္မကထိကဗဟုဇနဟိတဓရ

## ညောင်ကန်အေးဆရာတော်




● ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကမ္ဘာ့ကုလသမဂ္ဂရုံးချုပ်
● ပြင်သစ်နိုင်ငံ၊ ပါရီမြို့ ကမ္ဘာကျော် အီဖဲ(လ်)ဝါတာမျှော်စင်ကြီး
● အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်

ညောင်ကန်အေးဆရာတော်

**ဘဒ္ဒန္တဣန္ဒက**

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ

ရေးသားတော်မူသော

# သုံးနိုင်ငံဓမ္မဒူတခရီး

**အင်္ဂလန်နိုင်ငံ**

**ပြင်သစ်နိုင်ငံ**

**ဆွစ်ဇာလန်နိုင်ငံ**

(သာသနာပြုခရီး အတွေ့အကြုံများ)

သာသနာ - ၂၅၃၉ ၊ ကောဇာ - ၁၃၅၇ ၊ ခရစ် - ၁၉၉၆

ဘာသာရေး စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် – ၅၉/၉၅ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် အမှတ် – ၅၂/၉၆ (၁)

–

ပထမအကြိမ်

–

အုပ်ရေ – ၂၀၀၀

–

၁၉၉၆ – ခုနှစ်

–

ဧပြီလ

–

အဖုံးရိုက် – စာပေပေါင်းကူး

–

စာအုပ်ချုပ် – အောင်မြင့်နှင့်အဖွဲ့

–

တန်ဖိုး – ၇၅ ကျပ်

–

ဦးတင်မောင်(၀၂၄၈) စာပေပေါင်းကူးစာပေ၊ အမှတ်(၉၀) အေ–ဘီ၊ ဝေဇယန္တာလမ်း၊ ၈–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆–မြဲ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ် ၆၄(စီ) ကြာပဒုမ္မာလမ်း ၃/ခ–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်ကပုံနှိပ်သည်။ (ဖုန်း–၅၆၅၉၁၅)

# မာတိကာ


**မဟာစည် သြဝါဒါစရိယ ဆရာတော်ဘုရားကြီး၏ သြဝါဒဆန္ဒမွန်** ၁
ဦးစဝ်ထွန်းမှတ်ဝင်း၏ အမှာစကား ၄
**စာရေးသူ၏ နိဒါန်းဆန္ဒမွန်** ၈
**အင်္ဂလန်မှာ စိတ်ရှည်ဖွဲ့သန်** ၁၀
-လူ၄-မျိုးနှင့် သမ္ပဇဉ်၄-ပါး ၁၀
**လန်ဒန်တစ်ည၏ ဆောင်းအိပ်မက်ထဲကတရားတော်** ၁၄
**လန်ဒန်နှင့် ဘာဏင်ဟန်တွင် အန္တရာယ်ကင်းပရိတ်တရားပွဲနှင့်**
**ထမနဲပွဲအကြို သြဝါဒပါတိမောက်တရား** ၁၉
-ကျန်းမာရေးဆွမ်းကျွေး သစ္စာပရိတ်တရား
-ချမ်းမြေ့ဆောင်ပုဒ် ၂၃
-မဟာစည်ဆောင်ပုဒ် ၂၄
**လန်ဒန်တွင် သဒ္ဒါတိသအထိမ်းအမှတ်ပွဲနှင့်**
**ကိုးပါးသီလအကြောင်း** ၂၅
**လန်ဒန်တွင် အစားထိုး ကပ္ပိယနှင့် ဗိဇာသက်တမ်းတိုးခရီး** ၃၀
-လူ၈-မျိုးတရားဆောင်ပုဒ် ၃၁
-ခေတ္တကပ္ပိယ ချော့နိုင်းရ၏။ ၃၃
-လက်မှတ်တစ်စောင် တစ်နေ့လုံးစီးရသည် ၃၄
-၂-ပေါင်ပေးက ၄-ပုံရ၏ ၃၄
**မှန်မြတ်သောကြိုးပမ်းချက်** ၃၇
-အပ္ပမာဒဘာဝနေနည်းတရားတော် ၃၈
-ဘုရားဂုဏ်တော်ကိုးပါးဆောင်ပုဒ် ၃၉
-တရားဂုဏ်တော်ခြောက်ပါး ၃၉
-သံဃဂုဏ်တော်ကိုးပါး ၄၀

-ရတနာသုံးပါး ပူဇော်ရကျိုး ၄၀
-ကပ်ကြီးသုံးပါး ကျော်လွှားပုံ ၄၀
-လက္ခဏာယာဉ်သုံးပါး ကျင့်ပွားရကျိုး ၄၀
**လန်ဒန်မှာသာသနာရေး မြော်တွေးရည်သန်** ၄၁
-မြန်မာ့အမွေထိန်းဆောင်ပုဒ် ၄၁
-ပင့်စာ ထောက်ခံချက်ခရီး ၄၃
-ကြိုးစား ငါသည်းခံ ၄၅
-သုခစုံရမည် ၄၆
**လန်ဒန်တွင် ဟောကြားသော မိဘကျေးဇူးဆပ် တရားတော်** ၄၇
**လန်ဒန်၌ ဟောကြားသော မဟာစည်ဝိပဿနာအခြေခံတရား** ၅၂
-ဒုလ္လဘ၂-မျိုး ၅၃
-ဖိနပ်လှူရကျိုး ၅၇
**လန်ဒန်တွင် ကျန်းမာရေးသာသနာရေးနှင့် ကုသိုလ်ရေးများ** ၆၁
-ရီအင်ထရီ ဗီဇာကိစ္စ ၆၃
**မွေးနေ့ဒါန မင်္ဂလာတရား** ၆၅
-လန်ဒန်မြန်မာကျောင်း ဂေါပကအဖွဲ့ အစည်းအဝေး ၆၈
-ရန်ကုန်သို့ ပြန်ကြွဝါဆိုမည် ၆၉
-မြန်မာလွမ်း ပူဇာ ၇၁
-သရဏဂုံလေးပါးတရားတော် ၇၂
-ဘီဘီစီ မြန်မာမိသားစု ဆွမ်းဒါန ၇၃
-ဓမ္မဒါနနှင့် သက်တမ်းတိုးကိစ္စ ၇၆
**လေးနိုင်ငံဆုံ၍ ရဟန်းခံကြပုံ** ၇၇
-ဘာမင်ဂန်ကျောင်း ဘုရားရှိခိုးပဏာမ ၇၇
-ဘီးလင်းချ်မဟာစည်ရိပ်သာဝယ် ရဟန်းခံကြတယ် ၇၈
-ဘိက္ခုနီခေတ်ကို ပြန်လည် ဆန်းသစ်လိုသူ ၈၀
**လန်ဒန်မှာ နှစ်သစ်မင်္ဂလာပွဲများ** ၈၃
-ကပ္ပိယ ဦးခင်မောင်ကြီးပြဿနာ ၈၇
-လန်ဒန်မြန်မာကျောင်း နှစ်သစ်မင်္ဂလာပွဲ ၈၈

**သုံးနိုင်ငံဓမ္မဒူတခရီး**


-မဟာစည်ဓမ္မဒူတအရေး ဆွေးနွေးကြ၏ ၈၉
-အချစ်အမုန်းအလွတ်ရုန်းပါ ၉၄
**လီဗာပူးလ်ကားဂိတ်ဝယ် ယောင်လယ်လယ်** ၉၇
-အိုင်လွတ်ကင်းဖော် မိုင်ဖရင့် ၉၈
**ယက်စ်ပလိစ်နှင့် နိုးသိုင်းကျူး** ၁၀၁
-ဘီးလင်းချ်မဟာစည်ရိပ်သာ ညတရားပွဲ ၁၀၃
-အိုင်ဝမ့်တူဒူး ကပ္ပိယနှင့် ဘုန်းကြီး ၁၀၄
**မဟာစည်ဓမ္မဒူတအဖွဲ့ ကြွလာပါပြီ** ၁၀၇
-ဥရောပဓမ္မဒူတခရီး ၁၀၈
-ဘာမင်ဂန်တွင် ကမ္ဘာ့အေးအုတ်မြစ်ချပွဲ ၁၀၉
-ဗုဒ္ဓနေ့ပူဇော်ပွဲ ၁၁၀
**ဆွစ်ဇာလန်နိုင်ငံ ဓမ္မဒူတခရီး** ၁၁၂
-အင်္ဂလန်မှ ဆွစ်ဇာလန်သို့ ၁၁၂
-လူနှင့်ဓား အတူယှဉ်မသွား ရ ၁၁၄
-ဂျီနီဗာဗုဒ္ဓဘာသာကျောင်းဝယ် ၁၁၅
-သန့်ရှင်းသပ်ယပ်သော ဂျီနီဗာ ၁၁၇
-ဂျီနီဗာ၌တွေ့သော လာအိုနှင့်မြန်မာ ၁၁၈
-နှစ်နိုင်ငံနယ်စပ်က ပရိတ်တရားပွဲ ၁၁၉
-နာရီခေါင်းလောင်းဒါန အနုမောဒနာ ၁၂၀
**ဆွမ်းဒါန လေယာဉ်လက်မှတ်အလှူပွဲ** ၁၂၁
-ဂျိန်ဗာလေ့လာရေးခရီး ၁၂၄
**လိုဆန်းဆွမ်းဒါနပွဲနှင့် လေ့လာရေးခရီး** ၁၂၈
**ပြင်သစ်နိုင်ငံ ဓမ္မဒူတခရီး** ၁၃၃
**ဆွစ်ဇာလန်မှ ပြင်သစ်သို့** ၁၃၃
-မဲဆီးတဲ့ ၁၃၃
-တစ်နာရီလျှင် မိုင်၁၀၀-နှုန်းတဲ့ ၁၃၄
-တရုတ်နှင့်မြန်မာ ဗုဒ္ဓဘာသာချင်း တွေ့သည် ၁၃၅

**သကျမုနိတောရ ကမ္မဋ္ဌာန်းဌာနသို့** ၁၃၈
-စားသောက်ကုန်ပိုလျှံ၍ ဆန္ဒပြခြင်း ၁၄၉
**ပြင်သစ်နိုင်ငံ မဟာစည် ဝိပဿနာတရားအားထုတ်ပွဲ** ၁၄၁
-ကမ္မဋ္ဌာန်းဆရာနှင့် ယောဂီ ၁၄၂
-အတွေ့အကြုံရှိသော ယောဂီများ ၁၄၃
-ပြင်သစ်နိုင်ငံက မဟာစည်ဝိပဿနာတရားအောင်ပွဲ ၁၄၄
**ပါရီလှေ့လာရေးခရီး** ၁၄၉
-မောင်းတိန်ဘလူး ၁၄၉
-ပါရီမြို့နယ်က မစ္စတာဒိန်း ဆွမ်းဒါန ၁၅၂
-ပြင်သစ်နိုင်ငံ မြန်မာသံအမတ်ကြီးမိသားစု ပရိတ်တရားပွဲ ၁၅၃
-မြန်မာပိုင်သော ပြင်သစ်က မြန်မာသံအမတ်အိမ်တဲ့ ၁၅၄
-မြန်မာနှင့်ပြင်သစ် သံတမန်ဆက်သွယ်ရေး ၁၅၄
-အရက်မသောက်သော မြန်မာသံအမတ် ၂-ယောက် ၁၅၅
-ဗာဆိုင်းနန်းတော် ပြတိုက်ကြီး ၁၅၆
**လီထရွှန်မှ ဝိဇယသို့** ၁၅၈
-ပြင်သစ်မှ အင်္ဂလန်သို့ ၁၆၀
-နံနက် ၁၁-နာရီထွက်၍ နံနက် ၁၁-နာရီရောက်၏ ၁၆၂
-မမေ့အပ်သော မြန်မာပြည် ၁၆၃
-နှုတ်ဆက်သြဝါဒ ခံယူပွဲ ၁၆၄
**မြန်မာပြည်သို့ အပြန်ခရီး** ၁၆၆
-ဟဲလိုဗစ်ဘဲလီ ၁၆၇
-ဘင်္ဂလားဒေ့ရှ်သို့ ၁၆၇
-မြန်မာနိုင်ငံသို့ ၁၆၈
**သုံးနိုင်ငံ ဓမ္မဒူတခရီး မှတ်တမ်းကဗျာ** ၁၆၉

## မဟာစည် ဩဝါဒါစရိယ
## ပုသိမ်သဒ္ဓမ္မ သီတဂူ ဆရာတော်ဘုရားကြီး၏
## ဩဝါဒ ဆန္ဒမွန်

၁၃၅၇–ခု၊ကဆုန်လပြည့်ကျော် ၁၄–ရက်၊ ၁၉၉၅–ခု၊ မေလ ၂၇–ရက်၊ စနေနေ့ညဉ့်ဖက်တွင် မဟာစည်နာယက–မဟာဓမ္မကထိက ဗဟုဇနဟိတဓရ– ဉောင်ကန်အေး ဆရာတော် ဘဒ္ဒန္တက္ကန္တကသည် သူ၏ အင်္ဂလန်၊ ဆွစ်ဇာလန်နှင့် ပြင်သစ်နိုင်ငံ သုံးနိုင်ငံ ဓမ္မဒူတခရီး စာမူကို ဆရာတော်ထံ လာရောက်ပေးအပ်၍ ဩဝါဒကထာ ရေးသားချီးမြှင့်ရန် လျှောက်ထား၏။

ဉောင်ကန်အေးဆရာတော်သည် ၁၉၉၁–ခုနှစ်၊ဇူလိုင်လမှ ၁၉၉၂၊ ဇူလိုင်လ အထိ အင်္ဂလန်နိုင်ငံ လန်ဒန်ဗုဒ္ဓဘာသာမြန်မာကျောင်း၌ ကျောင်းထိုင်နာယက အဖြစ် သာသနာပြုနေထိုင်ခဲ့၏၊ ဉောင်ကန်အေးဆရာတော်သည် ထိုစဉ်က သာသနာပြုအတွေ့အကြုံများတွင် ရေ့ခြောက်လတာကို လန်ဒန်ဗုဒ္ဓ သာသနာပြု မှတ်တမ်း အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ပြီး ဖြစ်၏။

ယခုစာမူတွင် လန်ဒန်ဗုဒ္ဓသာသနာပြုမှတ်တမ်း နောက်ခြောက်လပိုင်းနှင့် ဆွစ်ဇာလန်၊ ပြင်သစ်နိုင်ငံ ဓမ္မဒူတခရီးကို စုပေါင်း၍ ရေးသားထားသော သုံးနိုင်ငံ ဓမ္မဒူတခရီးမှတ်တမ်း စာအုပ်ဖြစ်၏။

ဉောင်ကန်အေးဆရာတော်ထိုလန်ဒန်ဗုဒ္ဓသာသနာပြုခရီး ကြွခါနီး ၁၉၉၁–ခုနှစ် ဇူလိုင်လတုန်းက ဆရာတော်ထံ နှုတ်ဆက်ရှိခိုး၍ ဩဝါဒခံယူရန် လာရောက်ခဲ့၏။

ထိုစဉ်က ဆရာတော်က “ဉောင်ကန်အေးဆရာတော် အင်္ဂလန်နိုင်ငံ ရောက်ရင် သူများရဲ့ သာသနာပြုမှုကို မခံခဲ့ရဘဲနဲ့ ငါ့ရှင်က ပြုပေးခဲ့သော ဗုဒ္ဓ သာသန ဓမ္မဝိနယအဆုံးအမတို့သည် သူတို့၏နှလုံးသားတွင် စွဲတည် ထင်ကျန်ရစ်ပါစေ”ဟု ဩဝါဒပေးခဲ့၏။

ဩဘောင်ကန်အေးဆရာတော်သည် ထိုအဆုံးအမသြဝါဒအတိုင်းပင် သာသနာပြုခဲ့ကြောင်းကို ထုတ်ဝေပြီး လန်ဒန်ဗုဒ္ဓသာသနာပြု မှတ်တမ်းစာအုပ်နှင့် ဤသုံးနိုင်ငံ ဓမ္မဒူတ ခရီးမှတ်တမ်းစာမူတွင် ဖတ်ရှုရ၍ ဆရာတော်က သာဓုခေါ်ပါသည်။

ဩဘောင်ကန်အေးဆရာတော်သည် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးနှင့် ဆရာတော်တို့၏သြဝါဒအတိုင်း သာသနာပြုနေထိုင်ကြောင်းကို ဤစာအုပ် စာမူများတွင်သာမက ၁၉၈၂–ခုနှစ်၊ မေလတွင် ဆရာတော်ကိုယ်တိုင် အင်္ဂလန်သို့ ဓမ္မဒူတခရီး ကြွသွားရာ၌ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါ၏၊

ဩဘောင်ကန်အေးဆရာတော်သည် သူကိုယ်တိုင် နာယကကျောင်းထိုင်အဖြစ် ဆောင်ရွက်နေသော လန်ဒန်ဗုဒ္ဓဝိဟာရ၌ နံနက်စောစောထ၍ ဘုရားရှိခိုး တရားရှုမှတ်ခြင်း၊ ဆွမ်း အနုမောဒနာတရား ဟောကြားခြင်း၊ ဥပုသ်ပြုရာတွင် ကိုယ်တိုင်ပါတိမောက်ပြခြင်း၊ ညပိုင်းတွင် ဘုရားဝတ်ပြု၍ တရားရှုမှတ်ခြင်း၊ ဝိပဿနာတရား ဟောကြားခြင်းများကို ဆရာတော်တို့နှင့်အတူ စနစ်တကျ တက်ကြွစွာ ဆောင်ရွက်နေပါ၏။

ထိုနှစ် ဇူလိုင်လ ပထမပတ်တွင် ဩဘောင်ကန်အေးဆရာတော်သည် ဆရာတော်တို့နှင့်အတူ ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် ကီလိုမီတာ(၁၀၀)ကျော်ခန့် ကွာသော သကျမုနိကမ္မဋ္ဌာန်းဌာန၌ ယောဂီများအား ဝိပဿနာတရားကို ဟောကြားခဲ့ကြ၏။

ထိုစဉ်က အမှတ်ထင်ထင် ထိုသကျမုနိကမ္မဋ္ဌာန်းဌာန၏ ဦးဆောင် ဗီယက်နမ် အမျိုးသား "မစ္စတာလီ" အား "အရှင်ဝိဇယ"ဘွဲ့အမည်ဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာဝင် ရဟန်းအဖြစ် သိက္ခာတင်ပေးကြရာတွင်လည်း ဆရာတော်တို့နှင့် ဩဘောင်ကန်အေးဆရာတော်သည် အတူဆောင်ရွက်ခဲ့ကြရ၏။

ထိုအရှင်ဝိဇယသည် ဆရာတော်တို့ မဟာစည်ဓမ္မဒူတအဖွဲ့နှင့် အင်္ဂလန် ပြင်သစ်ရောက် မြန်မာရဟန်း၊ သီရိလင်္ကာရဟန်းသံဃာတော်များ၏ ချီးမြှောက်မှုဖြင့် ရဟန်းဘဝကို ရရှိကာ၊ ရဟန်းဝတ်ဖြင့်ပင် နောက်ပါ တပည့်ယောဂီများနှင့်အတူ မြန်မာနိုင်ငံမဟာစည်သာသနာ့ရိပ်သာကြီး၊ ချမ်းမြေ့ရိပ်သာ၊ သဒ္ဓမ္မရံသီရိပ်သာများတွင် မဟာစည်ဝိပဿနာတရားများကို ကျေနပ်အောင် ရှုပွားဉ်ယခုအခါ ပြင်သစ်နိုင်ငံ ထိုသကျမုနိ ကမ္မဋ္ဌာန်းဌာန၌ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်လျက်ရှိပါ၏။

ညောင်ကန်အေးဆရာတော်သည် ဆရာတော်တို့နှင့်အတူ ဆောင်ရွက်သော ထိုသာသနာပြုကိစ္စမှသာ မဟုတ်သေးဘဲ၊ ပြည်တွင်းပြည်ပ လူမျိုးစုံတို့အား ဗုဒ္ဓ အဆုံးအမ ဓမ္မဝိနယတို့ကို ဖြန့်ဝေပေးပြီး၊ ဖြန့်ဝေပေးဆဲ၊ ဖြန့်ဝေပေးလတ္တံ့ ဖြစ်ပါ၏။

ဤဖော်ပြပါ သူ၏သာသနာပြုကိစ္စတို့ကို သူ၏ဤသုံးနိုင်ငံဓမ္မဒူတခရီး မှတ်တမ်းတွင် ပီပြင် စေ့ငုစွာ ရေးသားပုံမှာ စိတ်ဝင်စား မှတ်သားဖွယ် ကောင်းလှပါ၏။

ညောင်ကန်အေးဆရာတော်သည် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ဆရာတော်ဘုရားကြီးနှင့်အတူ မြန်မာနိုင်ငံတိုင်းနှင့်ပြည်နယ် အနှံ့အပြား တရားဟော တရားပြခဲ့၏။

ညောင်ကန်အေးဆရာတော်သည် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကြွရောက်၍ နိဗ္ဗာန်တံခါး ဖွင့်လှစ် ချီးမြှောက်ခဲ့သော ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်၊ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ ရိပ်သာနှင့်တကွ၊ သက်န်းကျွန်း မဟာစည်သြဝါဒခံ ညောင်ကန်အေး ကွင်းကျောင်းသာသနာ့ရိပ်သာ၊ ညောင်ကန်အေးရွှေပြည်သာ သာသနာ့ရိပ်သာများ ကို ဆက်လက်ဖွင့်လှစ်၍ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး၏ ဓမ္မအမွေကို ခံယူလျက် ပြည်တွင်းပြည်ပ၌ သာသနာပြုလျက်ရှိသော မဟာစည် ပဋိပတ္တိကြယ် တစ်ပွင့် ဖြစ်ပါသည်။

ညောင်ကန်အေးဆရာတော်သည် ဗုဒ္ဓနည်းကျ မဟာစည်ပဋိပတ္တိ သာသနာပြုလုပ်ငန်းများကို ဆထက်ထမ်းပိုး တိုးတက် ထွန်းပြောင်အောင် ပြုစုနိုင်စေကြောင်း ကောင်းမြတ်သော စိတ်ထားဖြင့် ဆရာတော်၏ သြဝါဒ ဆန္ဒမွန်ကို ရေးသားလိုက်ရပါသတည်း။

၁၃၅၇-ခု၊ကဆုန်လပြည့်ကျော် ၁၅-ရက်၊(၂၈-၅-၉၅) တနင်္ဂနွေနေ့။

ဘဒ္ဒန္တ အာစိဏ္ဏ
မဟာစည်သြဝါဒါ စရိယ
အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ
မဟာစည် သာသနာ့ရိပ်သာ
ရန်ကုန်မြို့။

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**ဆရာ ဦးစဝ်ထွန်းမှတ်ဝင်း၏**

## အမှာစကား

မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ရ ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍကမဟာထေရ်ကိုယ်တော်တိုင် ရေးသားပြုစုသော အင်္ဂလန်–ပြင်သစ်–ဆွစ်ဇာလန် သုံးနိုင်ငံ ဗုဒ္ဓသာသနာပြု ဓမ္မဒူတ ခရီးသွား မှတ်တမ်းတွင် အမှာစကား ရေးသားပေးရန် တာဝန်ယူလိုက်ရသည်။

မျက်မှောက်ခေတ် နှစ်ဆယ်ရာစုနောက်ပိုင်းကာလ စာပေလောကတွင် ရှားပါးစပြုနေပြီ ဖြစ်သော မှတ်တမ်းအရေးအသားမျိုးကို မိမိလက်ဝယ်ရောက်ရှိ ဖတ်ရှုခွင့်ရသောကြောင့် ဖရဏာပီတိ–သောမနဿ ဖြစ်ရပါသည်။

နေ့စဉ်မှတ်တမ်းဒိုင်ယာရီများ၊ လုပ်ငန်းခွင်မှတ်တမ်း၊ မှတ်စုများ၊ ခရီးသွားမှတ်တမ်းများ၊ ကိုယ်ရေးကိုယ်တာမှတ်တမ်းမှတ်စု မှတ်ရာများ၊ အစည်းအဝေးမှတ်တမ်းမှတ်ချက်များ၊ လချုပ်နှစ်ချုပ်များ၊ မှတ်တမ်းမှတ်စုများ စသည်ဖြင့် မှတ်တမ်းအရေးအသားအမျိုးမျိုးရှိသည်၊ ဤဘဒ္ဒန္တ ကုဏ္ဍက ညောင်ကန်အေး ဆရာတော်အရှင်သူမြတ် ရေးသားထားသော စာစုများမှာ နိုင်ငံခြား ဗုဒ္ဓသာသနာပြု ဓမ္မဒူတခရီးသွားမှတ်တမ်းအမျိုးအစား ဖြစ်သည်။

မှတ်တမ်းကို ရေးကြရာတွင် တာဝန်ဝတ္တရားအရ မလွဲမရှောင်သာ ရေးသားရခြင်းမျိုးနှင့် မိမိကိုယ်တိုင်ပင် ကိုယ့်ဝါသနာဆန္ဒအလျောက် ရေးခြင်းမှတ်ခြင်းမျိုးဟူ၍ ကွဲပြားခြားနားသည်၊ ဤဝါသနာအလျောက် ရေးသားခြင်းမျိုးမှသာလျှင် သိင်္ဂါရ–ချစ်ခင်ခြင်း ကရုဏာ–သနားကြင်နာခြင်း၊ ဝီရ–ရဲရင့်ခြင်း၊ အဗ္ဘုတ–ထူးဆန်းအံ့သြခြင်း၊ ဟာသ –ရယ်ရွှင်ခြင်း၊ ဝိဘစ္ဆ– စက်ဆုတ်ရွံရှာခြင်း၊ ရုဒ္ဒ–ရန့်ရင်းကြမ်းတမ်းခြင်းတည်းဟူသော စာပေအရသာမျိုးစုံ ပါဝင်တတ်သည်။

မှတ်တမ်းရေးရာတွင် ရေးသူပုဂ္ဂိုလ်၊ ရေးမှတ်သောနေ့ရက် အချိန်ကာလ၊ ရေးသားရာအရပ်ဒေသ ဌာနရပ်ရွာအဖြစ်အပျက် အမှန်အကြောင်းခြင်းရာများ

မိမိကိုယ်ပိုင် တွေးခေါ်ယူဆချက်များစသည်တို့ကို လိုရင်း တိုရှင်း မှတ်လောက်သားလောက်အောင် ရေးသားထားခြင်းမျိုးဖြစ်သည်၊ စိတ်ကူးယဉ် ကြံဖန်ထွင်ထားခြင်းမျိုး မပါဝင်တတ်ချေ၊ တစ်ခါတစ်ရံ ကြိုတင်ခန့်မှန်း ယူဆယုံကြည်ထားချက်နှင့် မိမိကိုယ်တိုင် တွေ့ထိခံစားရချက်တို့မှာ ကွာဟ ခြားနားနေတတ်သည်ကို ထောက်ပြ ဆေဖန် မှတ်ချက်ပေးထားခြင်း မျိုးလည်း ပါရှိနေတတ်သည်။

မှတ်တမ်းသည် သမိုင်း (ရာဇဝင်)၏ အခြေခံပါဒကဖြစ်သည်၊ သို့ဖြစ်၍ သမိုင်းရေးသူ သုတေသီများသည် မှတ်တမ်းများမှ သမိုင်းအချက်အလက်များကို ထုတ်နုတ်ကောက်ယူကြရသည်။

**၁။ မှတ်တမ်းရေးသူပုဂ္ဂိုလ်**

မှတ်တမ်း မှတ်စု၏ အဆင့်အတန်း–တန်ဖိုးသည် ရေးသားသူပုဂ္ဂိုလ်၏ အရည်အချင်းပေါ်မူတည်လျက်ရှိသည်၊ စာပေပရိယတ္တိ တတ်ကျွမ်း နားလည်မှု၊ ပညာအရည်အသွေး၊ ဘာသန္တရကျွမ်းကျင်နားလည်မှု၊ ဒေသန္တရကျွမ်းကျင်နှံ့စပ်မှု၊ လူမှုဆက်ဆံရေးတွင် လိမ္မာရေးခြားရှိမှု၊ သတိတမန် ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းကဲ့သို့ အုပ်တတ်သော သတ္တိ–ဗျတ္တိ–ထာမ–ဗလ–ဝိရိယတို့နှင့် ပြည့်စုံမှုစသည်တို့အပေါ် မူတည်လျက်ရှိသည်။

**၂။ နှစ်၊ လ၊ ရက်နေ့၊ ကာလ**

မှတ်တမ်းရေးသားသောအချိန်ကာလသည် အကြောင်းခြင်းရာ၊ အဖြစ်အပျက်၊ အတွေ့အကြုံနှင့် မရှေးမနှောင်းဖြစ်ရန် လိုအပ်သည်၊ မှတ်တမ်းတွင် နိုင်ငံတကာသုံး ခနှစ်သက္ကရာဇ်၊ နေ့ရက်–နာရီအချိန်ကို ဖြစ်စေ၊ မိမိ၏ ရိုးရာဓလေ့အလျောက် အသုံးပြုလေ့ရှိသော၊ လူကကာနားလည်လောက်သော ခုနှစ်–လ–ရက်–နေ့အချိန်နာရီကာလများကို ဖြစ်စေ၊ တိကျမှန်ကန်စွာ ရေးသားထားရသည်၊ တရံရောအခါ၊ နေ့တနေ့တွင် တစ်ချိန်တုန်းကစသော မရေမရာမသေချာသည့် ကာလသတ်မှတ်ချက်မျိုးကို ရှောင်ကြဉ်ကြရသည်။

**၃။ ရေးသားရာ ဒေသဌာန**

မှတ်တမ်းရေးသူရောက်ရှိနေသော ဒေသ၊ ရပ်ရွာ၊ ဌာန၊ မြို့နယ်၊နိုင်ငံစသည်တို့ကို အသေးစိတ်အမည်နာမနှင့်တကွ ဒေသဝေါဟာရဖြစ်စေ၊ မိမိတို့လက်ခံ နားလည်နေသော သုံးနေကျ ဝေါဟာရ ပညတ်အမည်ဖြင့် ဖြစ်စေ၊ တိကျမှန်ကန်စွာ ဖော်ပြထားရမည်၊ ကမ္ဘာအရပ်ရပ် ဒေသန္တရအမျိုးမျိုးတွင် ထူးခြားသော ဝိသေသလက္ခဏာရပ်များ ရှိနေတတ်သည်ကို သတိမူရသည်၊

တိုင်းပြည်–နိုင်ငံ–မြို့ရွာ–နယ်ပယ်–လမ်း–အကွက် အဆောက်အဦး အမည် အမှတ်– နံပါတ်များကို တိကျမှန်ကန်စွာ ဖော်ပြရေးသားထားရန် လိုအပ် ပေသည်။

**၄။ အဖြစ်အပျက် အကြောင်းခြင်းရာ အတွေ့အကြုံများ**

မှတ်တမ်းရေးသူသည် မိမိတွေ့ကြုံခံစားရသော ကိုယ်တွေ့အဖြစ်အပျက်– အကြောင်းခြင်းရာများကို အရှိကိုအရှိအတိုင်း ယထာဘူတကျကျ ဟုတ်တိုင်း မှန်စွာ ရေးသားမှတ်တမ်းတင်ရသည်၊ ဖြစ်ရပ်များကို ဖြစ်နေသည့်အတိုင်း သက်သေခံစာပေအဖြစ် ရေးသားထားပြရမည်၊ အညွန့်အကွန့် အတွန့်အတက် တွေဖြင့် ဖွဲ့နွဲ့စီကုံးခြင်းထက် လိုရင်းတိုရှင်း ဖြောင့်ဖြောင့်စင်းစင်းပင် ရေးသား ရသည်။

**၅။ ကိုယ်ပိုင်တွေးခေါ်ယူဆချက်နှင့် ဝေဖန် ဆန်းစစ်ခြင်းများ**

မှတ်တမ်းရေးသူပုဂ္ဂိုလ်သည် မိမိ၏မှတ်တမ်းတွင် မှတ်ချက်များ ကိုယ်ပိုင် တွေးခေါ်ယူဆချက်များ၊ ဝေဖန်ဆန်းစစ်ချက် အကြံပြုချက်များကို ရေးသား ထားတတ်သည်၊ ဤရေးသားချက်များသည် နောင်အနာဂတ်ကာလတွင် တန်ဖိုး မဖြစ်နိုင်လောက်အောင် အရေးပါအရာရောက်မည့် သမိုင်းဝင် သုတေသန အချက်အလက် အထောက်အထား သာဓကကောင်းများ ဖြစ်လာရသည်၊ တစ်ခါတစ်ရံ မှတ်တမ်းရေးသူသည် ဆန္ဒပြုချက် အကြံပြုချက်များ အတိုင်းပင် အခြေအနေများ ပြောင်းလဲ ဖြစ်ပျက်လာရသော သမိုင်းဝင် ဖြစ်ရပ်များလည်း ရှိသည်။

ဤမျှလောက်သော စကားအစဉ်ဖြင့် မှတ်တမ်းစာစုဟူသည် စာပေလောက တွင် မည်မျှ ဆက်မြက်ထိရောက်သော လက်နက်ကောင်းတစ်ခု ဖြစ်ကြောင်းကို ရိပ်စားမိလောက်ပါသည်၊ သို့ဖြစ်ရကား မြန်မာစာပေလောကကြီးကို ပြန်လည် ပြုစု ပျိုးထောင် မြေတောင်မြှောက်ကြရာဝယ် မှတ်တမ်းရေးသားခြင်း ကဏ္ဍ ကိုလည်း အလေးဂရုပြုထိုက်ပါကြောင်း တင်ပြလိုသည်။

ပြည်တွင်းပြည်ပနှစ်ဌာန ထေရဝါဒဗုဒ္ဓသာသနာပြု မဟာဓမ္မကထိက ဆရာ တော် ဘဒ္ဒန္တ ကုဏ္ဍက ညောင်ကန်အေးဆရာတော် ပြုစုရေးသားတော်မူသော (သုံးနိုင်ငံဓမ္မဒူတခရီး)အမည်ရှိ ဤမှတ်တမ်းစာစောင်တွင် သမိုင်းဝင် မှတ်တမ်း ကောင်းတို့၏လက္ခဏာအင်္ဂါရပ်များဖြင့် ပြီးပြည့်စုံလျက်ရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။

ဤ 'အင်္ဂလန်–ပြင်သစ်–ဆွစ်ဇာလန်–သုံးနိုင်ငံ ဓမ္မဒူတခရီးသွား မှတ်တမ်း' ကိုဖတ်ရှု လေ့လာရခြင်းအားဖြင့် နိုင်ငံခြား ဒေသရပ်ရွာများတွင် ထေရဝါဒဗုဒ္ဓ သာသနာပြုပုဂ္ဂိုလ်တို့၏ အတွေ့အကြုံများကို ရိပ်စားမိကာ ကြည်ညို သဒ္ဓါ တရား ပိုမိုပွားများနိုင်ကြမည် ဖြစ်ပါသည်၊ ဤမျှလောက် ဘဝပြဿနာမျိုးစုံ လောကခံတရားများကို မမိုတ်မသုန် မတုန်မလှုပ် သောကဗျာပါဒ ကင်းရှင်း စွာဖြင့် တွယ်တာ ကပ်ငြိမှုမရှိဘဲ သမာဓိတရား အပြည့်ထား၍ ကျော်လွှား ဖြတ်သန်းကာ အောင်ပန်းဆွတ်ချူတော်မူနိုင်ခဲ့ကြသည့် ဗုဒ္ဓသာသနာပြု အာဇာနည်ပုဂ္ဂိုလ် ဆရာတော်ဘုရားများကိုလည်း ဆထက်ထမ်းပိုးတိုး၍ပင် ကြည်ညိုလေးစားလာကြသည်မှာ အမှန်ပင် ဖြစ်ပါသည်။

ဤဗုဒ္ဓသာသနာပြုမှတ်တမ်းသည် ဤကမ္ဘာတွင် မြတ်ဗုဒ္ဓသာသနာတော် တည်သရွေ့ ကာလပတ်လုံး အရှည်ခံ၍ ထွန်းပြောင်စွာ တည်တံ့ ပွင့်လင်းပါ စေသောဝ်ဟူ၍ ပတ္ထနာပြုလိုက်ရပါသတည်း။

စဝ်ထွန်းမှတ်ဝင်း
(မဟာသဒ္ဓမ္မဇောတိကဓဇ၊ ပါဠိအဘိဓမ္မာဝိဇ္ဇာဂုဏ်ထူး၊
မဟာဝိဇ္ဇာ၊ သုတေသနပညာ မဟာဝိဇ္ဇာဂုဏ်ထူးဘွဲ့နှင့်
အထက်တန်း သုတေသနပညာရှင်ဘွဲ့) အငြိမ်းစားပုဂ္ဂိုလ်၊
သာသနာရေးဝန်ကြီးဌာန။
၁၉၉၅–ခုနှစ်၊ ဇွန်လ ၁၅–ရက်၊ ကြာသပတေးနေ့။

## စာရေးသူ၏ နိဒါန်းဆန္ဒမွန်

ဘုန်းကြီးသည် ၁၉၉၁-ခုနှစ်၊ ဇူလိုင်လမှစ၍ ၁၉၉၂-ခုနှစ်၊ ဇူလိုင်လအထိ တစ်နှစ်တာကာလပတ်လုံး အင်္ဂလန်နိုင်ငံ လန်ဒန်ဗုဒ္ဓ ဘာသာ မြန်မာကျောင်း၌ ကျောင်းထိုင်နာယကဆရာတော်အဖြစ် နေထိုင်ခဲ့ရလေသည်။

အကြောင်းမှာ လန်ဒန်ဗုဒ္ဓဘာသာမြန်မာကျောင်း ဂေါပကအဖွဲ့၏ ပင့်လျှောက်ချက်အရ မြန်မာနိုင်ငံမဟာစည်ရိပ်သာများနာယကအဖွဲ့က ရွေးချယ်စေလွှတ်၍ ဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် သွားရောက်နေထိုင်ခဲ့ရခြင်း ဖြစ်သည်။

ဘုန်းကြီးသည် သာသနာရေးတာဝန်အရ လန်ဒန်ဗုဒ္ဓဘာသာမြန်မာကျောင်း၌ နေထိုင်လျက် တရားဟောတရားပြရ၏၊ အင်္ဂလန်ကို လေ့လာရ၏၊ ဝါသနာအလျောက် နေ့စဉ် မှတ်တမ်းရေး၏။

## လန်ဒန် ဗုဒ္ဓသာသနာပြု မှတ်တမ်း

ဘုန်းကြီးနေ့စဉ်ရေးခဲ့သော မှတ်တမ်းများတွင် ပထမ ခြောက်လမှတ်တမ်းကို လန်ဒန်ဗုဒ္ဓသာသနာပြုမှတ်တမ်း အမည်ဖြင့် ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့က ထုတ်ဝေခဲ့ပြီး ဖြစ်၏။

## သုံးနိုင်ငံ ဓမ္မဒူတခရီး

ဘုန်းကြီး လန်ဒန်တွင် တစ်နှစ်တာနေစဉ်က ရေးသားခဲ့သော ဒုတိယ ခြောက်လမှတ်တမ်းနှင့် အင်္ဂလန်ပြန်ခါနီး၌ ဆွစ်ဇာလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့ ဓမ္မဒူတခရီးသွားခဲ့သော မှတ်တမ်းနှစ်ခုကို ပေါင်း၍ 'အင်္ဂလန်၊ ဆွစ်ဇာလန်နှင့် ပြင်သစ်သုံးနိုင်ငံဓမ္မဒူတခရီး' အမည်ဖြင့် ဤမှတ်တမ်းကို ရေးသား

ရပေသည်၊ဤသုံးနိုင်ငံဓမ္မဒူတရီးခရီးမှတ်တမ်းကိုလည်း ဘုန်းကြီး၏ ညောင်ကန်အေး သာသနာ့ရိပ်သာဝေယျာဝစ္စအဖွဲ့ကပင် စာအုပ်ရိုက်နှိပ်၍ ဖြန့်ချိကြပေသည်၊

အင်္ဂလန် နေခဲ့သော နောက်ခြောက်လမှတ်တမ်း၏ ရေးပြီးသား စာမူတချို့မှာ ပျောက်ဆုံးသွားသဖြင့် နေ့စဉ်မှတ်တမ်းမျိုး မရေးနိုင်တော့ဘဲ ထူးခြားသော အချက်များကိုသာ ရေးသားလိုက်ရလေသည်။

## ဆန္ဒမွန်

စာရှုသူများသည် ဤသုံးနိုင်ငံဓမ္မဒူတခရီးကို ဖတ်ရှု၍ နိုင်ငံခြား သာသနာပြုအတွေ့အကြုံ တစေ့တစောင်းကို ကြည်ညိုသဒ္ဓါပွားရင်း ဗာဟုသစ္စမင်္ဂလာကို ဆည်းပူးနိုင်ကြပါစေသော်။

ဤစာအုပ်ရေးရာတွင် လက်နှိပ်စက်ရိုက်နှိပ်ပေးသော ညောင်ကန်အေး သာသနာ့ရိပ်သာယောဂီဟောင်း ဦးဇနိန္ဒအားလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

** ဘုရားဖက်၍၊ ကျန်းမာ အသက်ရှည်ကြပါစေ။

** တရားဖက်၍ စိတ်ချမ်းသာ အမျက်ပြေကြပါစေ။

** သံဃာဖက်၍ အခက်ဝေကြီးပွားတိုးတက်ကြပါစေ။

** သာသနာပြုနိုင်ကြပါစေ။

၇-၉-၉၅

အရှင်ဣန္ဒက
မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ
ညောင်ကန်အေး ဆရာတော်
မဟာစည် သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၊
အမှတ်(၆)၊ အင်းစိန်၊ ရန်ကုန်။

## ညောင်ကန်အေး ဆရာတော်၏ သုံးနိုင်ငံ ဓမ္မဒူတခရီး

### အင်္ဂလန်မှာ စိတ်ရှည်ဖွဲ့သန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ

ဤနေ့ကား ၁၃၅၃–ခုနှစ်၊တပို့တွဲလဆန်း၃–ရက် (၆–၂–၉၂) ကြာသပတေးနေ့ ဖြစ်၏၊ အမေရိကန်ရောက် ဒကာကြီးဦးလှကြိုင်ထံသို့ သာသနာရေး ကိစ္စကို စာရေးပေး၏၊ လန်ဒန်ဗုဒ္ဓဘာသာ မြန်မာကျောင်း၌ ကပ္ပိယအဖြစ် ဆောင်ရွက်ရန်အတွက် ဦး၀ါသော်ကို ခေါ်ယူ၍ အဖွဲ့က ဆုံးဖြတ်ထားပြီး ဖြစ်သော်လည်း ထိုကိစ္စမှာ အကြောင်းမညီညွတ်သေးသောကြောင့် နီးလျက်နှင့် ဝေးနေကြောင်း ထို့ကြောင့် ကပ္ပိယရှိမှ အပြစ်ကင်း အကျိုးရှိ ချမ်းသာ လွယ်ကူမည့် ကိစ္စများကို ဆောင်ရွက်ရန် မလွယ်ကူပါ၊ 'စိတ်ရှည်ဖွဲ့သန်၊ သည်းညည်းခံ ပြုရန် သာသနာ' ဆောင်ပုဒ်ကို လက်ကိုင်ထား၍ နေပါသည်ဟု ရေးလိုက်၏။

### လူ၄–မျိုးနှင့် သမ္မဇဉ် ၄–ပါး

ဘုန်းကြီးသည် ၇–၂–၉၂ သောကြာနေ့၌ စာရေးစာကျက်ရပါသည်၊ ၈–၂–၉၂ စနေနေ့၌ ဒေါက်တာအေးနိုင်၊ ဒေါ်သန်းသန်းချိုမိသားစုအိမ်တွင် ဆွမ်း ဘုဉ်းပေးရ၏၊ ထိုအိမ်၌ ဘုန်းကြီးက 'လူ ၄–မျိုးနှင့် သမ္မဇဉ် ၄–ပါး' တရားကို ဟောပါသည်။

### လူ၄–မျိုး ဆောင်ပုဒ်

၁။ လူ့လောကမှာ၊ ထောင်ကျတာ၊ မှတ်ပါငရဲသားလူ။

၂။ လူ့လောကမှာ၊ ဝတ်ပြတ်တာ၊ မှတ်ပါ ပြိတ္တာလူ။

၃။ ကုသိုလ် အကုသိုလ်၊ မသိသူကို၊ ခေါ်ဆို တိရစ္ဆာန်လူ။

၄။ ကုသိုလ် အကုသိုလ်၊ သိသူကို၊ ခေါ်ဆို မနုဿလူ။

၅။ လူပီသရန်၊ သူမြတ်ထံ၊ နည်းခံကျင့် ကောင်းယူ။

## သမ္မာဓဥ်၄-ပါးဆောင်ပုဒ်

၁။ ကျိုးမရှိလား၊ ကျိုးရှိလား၊ စဥ်းစားတာက သတ္တက။
၂။ သင့်တော်ရဲ့လား၊ မတော်လား၊ စဥ်းစားတာက သပ္ပါယ။
၃။ ရုပ်ဓာတ် နာမ်ဓာတ်၊ စဥ်မပြတ်၊ ရှုမှတ်တာက ဂေါစရ။
၄။ မမြဲဆင်းရဲ၊ သဘောပဲ၊ အသိကွဲတာက အသမ္မောဟ။
၅။ သမ္မာဓဥ် ၄-ပါး၊ သိကျင့်ပွား၊ ကျိုးများ ချမ်းသာရ။

ညနေ ၆-နာရီတွင် ကျောင်းသို့ ရောက်လာသော နိုင်ငံခြားသား ယောဂီများအား အရှင်ပေသလ-က ဝိပဿနာတရားကို ဟော၏၊ ၉-၂-၉၂ နေ့ တနင်္ဂနွေနေ့၌ ဒေါက်တာသိန်းမြင့်၊ ဒေါ်ဆူလင်းမြင့်တို့မိသားစုက ကျောင်းလာ၍ ဆွမ်းကပ်ကြ၏။

နေ့လယ်ပိုင်းတွင် ဒေါက်တာ တင်တင်လွင်နှင့် ဒေါက်တာနွဲ့နွဲ့ဝင်းတို့က ဘုန်းကြီးအား ပစ္စည်းထည့်ရန် ဂျပ်သေတ္တာများကို လှူကြ၏၊ ကျောင်းတွင်း သန့်ရှင်းရေး ဝေယျာဝစ္စများကိုလည်း ပြုလုပ်သွားကြ၏၊

ည၇-နာရီအချိန်၌ ဦးအောင်ခင်၊ ဦးရွှေထွန်းကျော်၊ ဒေါ်စန်းစန်းဝင်း စသော လာနေကျတနင်္ဂနွေ ယောဂီများ လာကြ၏၊ ဘုန်းကြီးတို့သည် သူတို့ ဆန္ဒအရ သူတို့နှင့်အတူ ဘုရားရှိခိုး၍ တရားရှုမှတ်ကြ၏၊ ပြီးနောက် သူတို့ ပြန်သွားကြ၏၊ ဤနေ့ည ဦးစိန်ထွန်းအောင်နှင့် ဒေါ်လှလှတို့ကအကြောင်း မညီညွတ်၍ မလာနိုင်ကြောင်း ဖုန်းဆက် လျှောက်ထားကြ၏။

## ပင့်စာပို့ပါတဲ့

၁၀-၂-၉၂၊ တနင်္လာနေ့၌ အမေရိကန်ရောက် ဒကာကြီး ဦးလှကြိုင်ထံမှ စာလာ၏၊ သူ့စာတွင် မဟာစည်ဓမ္မဒူတပင့်စာကို အချိန်မီအမြန်ပို့ရန် ဦးစိန်ထွန်းအောင်အား ပြောပြပါ၊ တပည့်တော်လည်း သူ့ထံ စာရေးထားပါသည်၊ ရန်ကုန်ပတ်စ်ပို့ လျှောက်ထားခြင်း ကိစ္စများကို ၂-လခန့် ကြိုတင် စီစဥ်မှ အဆင်ပြေပါမည်ဘုရားဟု ပါရှိ၏။

ဤနေ့ညနေပိုင်းတွင် "မင်္ဂလာပါဆရာတော်၊ ဆရာတော်၏ အင်္ဂလန်နိုင်ငံ နေထိုင်ခွင့် သက်တမ်းတိုး ဗီဇာကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာကို ဖုန်း ဆက်စုံစမ်းပြီးပါပြီ ဘုရား၊ မရသေးကြောင်း သိရပါဘုရား။ အမေရိကန်

ဦးလှကြိုင်ထံမှ စာလာ၍ မဟာစည်ဓမ္မဒူတအဖွဲ့ ပင့်စာကို ယခု ဖုန်းဆက်ပြီးက ပို့ပါမည်ဘုရား”ဟု ဖုန်းဆက် လျှောက်ထားပါသည်။

“ဒကာကြီးဦးလှကြိုင်ထံမှ ဘုန်းကြီးထံသို့လည်း စာလာပါသည်။ ထိုကိစ္စကို အမြန်ဆောင်ရွက်တာ ကောင်းပါသည်”ဟု ပြန်ပြောလိုက်ပါသည်။ ၁-၂-၉၂ အင်္ဂါနေ့နံနက်စောစောပိုင်း၌ ဖုန်းမြည်သံကြားရ၍ ကောက်ကိုင် နားထောင်လိုက်ပါသည်၊ “ဆရာတော် နေကောင်းကျန်းမာပါရဲ့လား ဘုရား၊ တပည့်တော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အတွင်းရေးမှူး တိုက်စိုးပါ ဘုရား၊ မဟာစည် ဓမ္မဒူတအဖွဲ့ ပင့်စာကို လန်ဒန်မြန်မာသံရုံးထောက်ခံချက်ကို ရယူ၍ ဖြစ်စေ၊ ရန်ကုန်နိုင်ငံခြားရေးရုံးကို လိပ်မူ၍ဖြစ်စေ ပေးပို့မှမြန်ပါသတဲ့ဘုရား၊ ဆရာတော်၏ထရပ်စတီးလူကြီးများကို ပြောပြပေးပါဘုရား၊ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ ရဟန်းရှင်လူအားလုံး ကျန်းမာချမ်းသာကြပါသည်ဘုရား”ဟု လျှောက်ထားပါသည်။

“ဘုန်းကြီးတို့လဲ ကျန်းမာကြပါသည်၊ မနေ့ကပင် မဟာစည် ဓမ္မဒူတပင့်စာများကို ပို့လိုက်ပါသည်၊ ပို့နေကျအတိုင်း ပို့လိုက်တာဖြစ်၍ ယခု လျှောက်ထားချက်နှင့်အညီ ထပ်မံပို့ရန် ပြောပြပါဦးမည်၊ လူကြီးများလဲ အလုပ်မအားကြပါ၊ အားနာစရာကောင်းပါသည်၊ ရဟန်းရှင်လူအားလုံးအား မေတ္တာပို့သကြောင်း ပြောပြပါ”ဟု ပြန်ပြောလိုက်ပါသည်။

ဘုန်းကြီးသည် ဤနေ့၌ပင် မြန်မာနိုင်ငံ ချမ်းမြေ့ဆရာတော်ဘုရားနှင့် ညောင်ကန်အေး ကွင်းကျောင်းရိပ်သာဆရာတော် ဦးပညာဝံသတို့ထံ သာသနာရေး စာပေးလိုက်ပါသည်၊ ဘုန်းကြီးသည် ဤနေ့လည်း ကျောင်းတက် စာကျက်၏၊ သင်နေကျ ကျောင်းဆရာကြီး မအားလပ်၍ ဆရာမတစ်ယောက် အစားဝင် သင်ပေး၏၊ အသင်အပြ ကောင်းပါသည်။

၁၂-၂-၉၂ ဗုဒ္ဓဟူးနေ့၌ ရန်ကုန် ဒကာကြီး ဦးတိုက်စိုးထံမှ ပို့လိုက်သော မဟာစည် ရိပ်သာများ နာယကအဖွဲ့ ခေါင်းစီစာတန်းပါသည့် စာရေးပက်ကို ရရှိပါသည်၊ ဤကျောင်း၏ စာရေးပက်ကိုမူ ထရပ်စတီးအဖွဲ့၏ ခွင့်ပြုချက်ရမှ သုံးရပါသည်၊ ထို့ကြောင့် ဤစာရေးပက်ကို မှာကြားရပါ၏၊

ဘုန်းကြီးသည် အမေရိကန်ရောက် ဦးလှကြိုင်၊ မြန်မာ ဟသ်ာတဆရာတော် ဦးကုဏ္ဍလ၊ ညောင်ကန်အေးရိပ်သာ မြဝတီဆရာတော်တို့ထံသို့ သာသနာရေးရာ စာများကို ရေးပို့ရ၏။

၁၃-၂-၉၂ ကြာသပတေးနေ့၌ ဘုန်းကြီးသည် မြန်မာနိုင်ငံ ညောင်ကန်အေး သာသနာ့ရိပ်သာ ဦးဝိစာရ၊ ဦးသန်းခင်၊ ယောဂီ ရီရီမြင့်၊ မခင်နှောင်းကြည်တို့ထံမှ စာများကိုလည်း ရရှိဖတ်ရှုရပါသည်၊ ကျန်းမာ ချမ်းသာကြောင်းနှင့် ညောင်ကန်အေးရိပ်သာ သာသနာပြုလုပ်ငန်း အခြေအနေ တိုးတက်ကြောင်းများကို သိရ၍ ဝမ်းသာရ၏။

ဘုန်းကြီးသည် ဤနေ့လည်း အမေရိကန်ရောက် ဦးလှကြိုင်ထံ ရန်ကုန်မှ ဖုန်းသတင်းနှင့် ပတ်သက်၍ စာရေးအကြောင်းကြားလိုက်ပါသည်၊ ဘုန်းကြီးသည် နေ့ပိုင်းတွင် ဦးစိန်ထွန်းအောင်ထံ ဖုန်းဆက်သော်လည်း မရ၍ ညပိုင်းတွင် ထပ်မံ၍ ဖုန်းဆက်ရ၏။

"ရန်ကုန်မှ ဦးတိုက်စိုးထံမှ ဖုန်းလာပါသည်၊ မဟာစည်ဓမ္မဒူတအဖွဲ့ ပင့်စာကို ပုံမှန်အတိုင်း ပို့၍ မရပါ၊ လန်ဒန်မြန်မာသံရုံး ထောက်ခံစာကို ရယူ၍ဖြစ်စေ၊ ရန်ကုန်မြန်မာနိုင်ငံခြားရေးရုံးကို လိပ်မူ၍ဖြစ်စေ၊ ပေးပို့မှသာ အမြန်ရပါမည်တဲ့၊ ထပ်မံပေးပို့ပါဦးဒကာကြီး"ဟု ပြောပြရပါသည်၊"မှန်ပါ၊ ရန်ကုန်မြန်မာနိုင်ငံခြားရေးရုံးကို လိပ်မူ၍ ပေးပို့ပါမည်ဘုရား" ဟု ဦးစိန်ထွန်းအောင်က လျှောက်ထားပါသည်။

## ဒုလ္လဘကုသိုလ်တော်

ပြည်တွင်း ပြည်ပ - ဗုဒ္ဓသာသနာ၊
ဖြန့်ဝေနိုင်ရေး - မြော်တွေးခါခါ၊
ဆောင်ရွက်ပြုလုပ် - အားထုတ်ရတာ၊
ဒုလ္လဘ - ကြုံရကုသလာ။

# လန်ဒန်တစ်ည၏ ဆောင်းအိပ်မက်ထဲကတရားတော်

## အခန်း (၁)

အချိန်မှာ ၁၃၅၃–ခုနှစ်၊ တပို့တွဲလဆန်း ၁၀–ရက် (၁၃–၂–၉၂) ကြာသပတေးနေ့ ည၏ တပို့တွဲလဆန်း ၁၁–ရက် (၁၄–၂–၉၂) သောကြာနေ့နံနက်ပိုင်းလင်းအားကြီးအချိန် ဖြစ်၏။

ဘုန်းကြီးသည် ဗြိတိန်–မြန်မာဗုဒ္ဓဘာသာဘဏ္ဍာတော်ထိန်းအဖွဲ့၏ ပင့်လျှောက်ချက်အရ ၁–၈–၉၁နေ့ကပင် လန်ဒန်သို့ရောက်နေပါ၏၊ ယခုဆိုလျှင် လန်ဒန်သို့ ဘုန်းကြီးရောက်သည်မှာ ၆–လကျော်ကြာပြီဖြစ်၏။

ယခုအခါ လန်ဒန်၌ နံနက်၇–နာရီ ၄၀မိနစ်အချိန်တွင် နေထွက်၍ညနေ ၄–နာရီ နေဝင်ပါသည်၊ နေ့တိုင်းပင် တစ်နေ့လုံး မိုးအုံ့လျက် ရှိနေတတ်လေသည်၊ နေကို မြင်ရခဲပါ၏။

မြန်မာနိုင်ငံ၌ နွေရာသီတွင် ဥဏှတေဇောလွန်ကဲ၍ ပူလွန်းသောကြောင့် သစ်ရွက်တို့ကြွေကျကုန်၏ ဤလန်ဒန်၌မူ ဆောင်းရာသီတွင် သီတတေဇောလွန်ကဲ၍ အေးလွန်းသောကြောင့် သစ်ရွက်တို့ကြွေကျကုန်၏၊ ထို့ကြောင့် အင်္ဂလန်သူ အင်္ဂလန်သားများသည် လိုအပ်သောပန်းပင်စသည်များကို ပလတ်စတစ်အိမ်ငယ်များဆောက်လုပ်၍ ထိုအိမ်တွင်းဝယ် အပူငွေ့ပေးလျက် စိုက်ပျိုးကြရ၏၊ သူတို့ဆီ၌ သစ်ခွ၊ ဂမုန်းစသည်များကို မှန်လုံအိမ်တွင်း၌သာ စိုက်ပျိုးကြရ၏။

ဘုန်းကြီးသည် ဘုန်းကြီး၏အိပ်ခန်းတွင်း မျက်နှာသစ်ခွက် ဘေစင်ပေါ်တွင် ပလတ်စတစ်အိုးငယ်ဖြင့် စိုက်ပျိုးထားသော ဂမုန်းပင်ငယ်ကို ရေတစ်ခွက်လောင်း၏၊ ဘုရားရှိခိုး တရားရှုမှတ်ပြီးနောက် ကျိန်းစက်လိုက်၏

ဤလန်ဒန်တွင် ပင်ကိုယ်သဘာဝအားဖြင့် အပြင်ဖက်၌သာဆိုလျှင် နှင်းတဖွဲဖွဲကျ၍ လေကလည်းတိုက်နေသောကြောင့် အလွန်အေးလှပါ၏၊ သို့သော် ဘုန်းကြီးတို့၏ ကျောင်းတွင်း၌မူ အပူငွေ့ပေးစက်ရှိနေသောကြောင့် မအေးဘဲ နွေးနေပါသည်၊ ဘုန်းကြီးသည် ဖော်ပြပါ ညလင်းအားကြီးအချိန်၌ အိပ်မက် မက်လျက်ရှိ၏။

## အခန်း(၂)

ဘုန်းကြီးသည့်မြန်မာနိုင်ငံအိမ်တစ်အိမ်၌ လူပရိသတ် ၁၀–ယောက်ခန့် အလယ်တွင် ဆွမ်းဘုဉ်းပေးနေ၏၊ လူအများသည် ဘုန်းကြီး ဆွမ်းဘုဉ်း ပေးနေသည်ကို ကြည့်ရှု ကြည်ညိုကြ၏၊ ဘုန်းကြီးသည် ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာတရားကို မဟောကြားမီ ထိုပရိသတ်နှင့် စကားစမြည်ပြော ကြားနေပါ၏၊ ထိုပရိသတ်များထဲမှ ဒကာမကြီးတစ်ယောက်က–

"ဆရာတော်ကို တပည့်တော် စပ်မိစပ်ရာ ဗေဒင်ဆရာဟောကြားချက်ကို လျှောက်ထားပါရစေဘုရား"ဟုအစချီ၍ လျှောက်ထား၏၊ "လျှောက်ထားနိုင် ပါတယ်ဒကာမကြီး"ဟုဘုန်းကြီးက ခွင့်ပြုလိုက်ပါသည်။

ဒကာမကြီး။ ။တပည့်တော်လဲ ဗေဒင်မေး ဝါသနာပါလို့ မေးလဲ မေးတယ်။ ကိုယ်တိုင်လဲ နဲနဲပါးပါး သိနေတယ်ဘုရား ၊ တပည့်တော်ကို ဗေဒင်ဆရာတစ်ယောက်က 'ခင်ဗျား စိတ်ညစ်ပြီး အိမ်မှထွက်သွား ရတတ်တယ်၊ သူငယ်ချင်း အပေါင်းအသင်းများ အိမ်တွင်နေရင်း စီးပွားရေးလုပ်လို့ အဆင်ပြေတယ်' တဲ့ ဘုရား။

ဘုန်းကြီး။ ။အခု အဲဒါ မှန်လို့လား။

ဒကာမကြီး။ ။မှန်လိုက်တာဘုရား၊ တပည့်တော်မရဲ့ခင်ပွန်းနှင့် သားသမီး များက တပည့်တော်မကို သွေးတိုးနှလုံးရောဂါရှိတယ်၊ ကျန်းမာ အသက်ရှည်ဖို့ အရေးကြီးတယ်၊ အလုပ်မလုပ်နဲ့တော့၊ ကိုယ့်အိမ် မှာလဲ စားဝတ်နေရေး ပြေလည်သားပဲ၊ သူတို့က လုပ်ကျွေးပါ့ မယ်၊ ဘာသာရေး လိုက်စားပြီး စိတ်ချမ်းသာအောင် နေပါလို့ ပြောကြတယ် ဘုရား၊ တပည့်တော်ကလဲ လောကမှာ ငွေရှိမှ အရာရာအဆင်ပြေတယ်၊ ငါအလုပ်လုပ်လို့ ငွေရတော့ နင်တို့လဲ ပိုပြီး တင့်တောင့်တင့်တယ် နေနိုင်ကြမယ်၊ ငါဟာ အလုပ်မလုပ်

၃။ အသက်နှင့် ကျန်းမာရေးကို အလေးမပြု သတိမထားဘဲ စီးပွားရေးနောက်ကို လိုက်နေသူဒကာမကြီးအား နောက်တစ်ကြိမ် ဘုန်းကြီးနှင့် တွေ့နိုင်ပါမည်လား၊ မတွေ့ရဘဲ သေသွားရင် သူ့အတွက် ကောင်းသလား၊ စာရှုသူ ဘယ်လိုမြင်ပါသလဲ၊ ကိုယ်တိုင်ဆုံးဖြတ်ပြီးမှ ရှေ့ဆက်ဖက်ပါ။

အခန်း(၆)

မြတ်စွာဘုရားရှင်သည်–

၁။ ကျိုးရှိ ဟုတ်မှန် သူနာခံချင်သောစကားမျိုးကို အခါခပ်သိမ်း မိန့်ကြားတော်မူ၏။

၂။ ကျိုးရှိ ဟုတ်မှန် သူ မနာခံချင်သော စကားမျိုးကို အချိန်အခါကြည့်၍ မိန့်၏။

၃။ ယခုအိပ်မက်တွင် ဘုန်းကြီးပြောသောစကားသည် အဘယ်စကားနှင့် တူပါသနည်း။

## အင်္ဂလန်နိုင်ငံ ဓမ္မဒူတခရီး မှတ်တမ်းပုံများ




အင်္ဂလန်နိုင်ငံ လီမာပူးလ် မဟာစည်ဓမ္မဖဲလိုရှစ်ပ်တွင် ဂျာမနီမြန်မာတို့၏ ရဟန်းခံပွဲသဘင်



▲ အင်္ဂလန်နိုင်ငံ ဘာမင်ဟန်မြို့ ကမ္ဘာ့အေးဘုရား အုတ်မြစ်ချပွဲ

အင်္ဂလန်နိုင်ငံ ဘာကင်ဟန်မြို့ ကိုမျိုးဝင်းဖေ မနှင်းနှင်းတို့၏ အိမ်သစ်တက်ဆွမ်းဒါနပွဲ ▶









▲လန်ဒန်ဗုဒ္ဓဘာသာ မြန်မာကျောင်းတွင် မဟာစည်သြဝါဒစရိယ ပုသိမ်သဒ္ဓမ္မသီတဂူ
ဆရာတော်ဘုရားကြီး တရားဟောကြွစဉ်



▲အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဦးအောင်ရဲမြင့် ဒေါ်မြမြအေး မိသားစုတို့၏ ဆွမ်းဒါနပွဲ


အင်္ဂလန်နိုင်ငံ
ဘက်တာဆီး
နေဝင်ချိန်ရှုခင်း
▶





အင်္ဂလန်နိုင်ငံ ဗုဒ္ဓပဒီပ ထိုင်းဘုရားကျောင်းသို့ မဟာစည် ဓမ္မဒူတအဖွဲ့ ရောက်စဉ်က ▲


ပန်းချီ တင်ထွန်းထွန်း



လန်ဒန်မြို့ ကင်းစဗယ်ရှိ သဒ္ဓါတိဿ သီရိလင်္ကာကျောင်း၊ သံဃာများနှင့် ညောင်ကန်အေးဆရာတော် ▲



အင်္ဂလန်နိုင်ငံ
အုန်းစတတ်ရှာ
Dr.မျိုးမင်း မပွင့်သီဂီတို့
အိမ်၌ ဥက္ကဋ္ဌဦးမွှင့်ကောင်း
ဒေါ်ခင်နွဲ့ရီတို့က
ညောင်ကန်အေးဆရာတော်အ
ဆွမ်းကပ်နေကြပုံ
◀



အင်္ဂလန်နိုင်ငံ ဘရိုက်တန်မြို့ ပင်လယ်ဆိပ်ကမ်းရှုခင်း ▲




လက်ချ်ဝေါမြို့ ရစ်ချက်လင်းပင် ဒေါ်ခင်ခင်ကြီးမိသားစု ပန်းခြံဝယ်(ဝဲမှယာ)ညောင်ကန်အေးဆရာတော်၊
မဟာစည် ဩဝါဒါစရိယ ပုသိမ်ဆရာတော်ကြီး၊ ဦးဓမ္မာနန္ဒ(ဦးစိန်ထွန်းအောင်)၊ ဦးပညာသီဟ

လန်ဒန်မြို့ အမတဝတီ ကမ္မဋ္ဌာန်းဌာန ညောင်ကန်အေး ဆရာတော်နှင့် သာသနာပြုဘက်များ ▼



## လန်ဒန်နှင့် ဘာကင်ဟန်တွင် အန္တရာယ်ကင်းပရိတ်တရားပွဲနှင့် ထမနဲပွဲအကြို ဩဝါဒပါတိမောက်တရား

ဤနေ့ကား ၁၃၅၃–ခု၊ တပို့တွဲလဆန်း၁၁–ရက် (၁၄–၂–၉၂) သောကြာနေ့ဖြစ်၏၊ အင်္ဂလန်၏ဆောင်းရာသီသည် နေလည်း မထွက်၊ မိုးအုံ့လျက်ရှိသည့်အပြင် လေကလည်း ခပ်ကြမ်းကြမ်း အပြင်းတိုက်သဖြင့် အေးလိုက်သည့်ဖြစ်ခြင်း။

## ကျန်းမာရေး– ဆွမ်းကျွေး– သစ္စာပရိတ်တရား

ဘုန်းကြီးသည် နံနက် ၁၁–နာရီ၌ ဒေါ်အုန်းမြင့်အေးအိမ်သို့ တစ်ပါးတည်း ဆွမ်းဘုဉ်းပေးရ၏၊ ဒေါ်အုန်းမြင့်အေးသည် လေဖြတ်သကဲ့သို့ ကိုယ်လက်များလည်း မလှုပ်ရှားနိုင်ပါ၊ စကားလည်း မပြောနိုင်ပါ၊ သတိတော့ ရှိနေပါ၏၊ ယခုအခါ သူ့အား ညီမနှင့်သားများက ဆေးရုံတင်ထားကြရ၏။

ထို့ကြောင့် သူ၏ညီမ ဒေါ်အတာနှင့် ဒေါ်အုန်းမြင့်အေး၏ သားများက ဒေါ်အုန်းမြင့်အေး ကျန်းမာရန်အတွက် ဘုန်းကြီးအား ဆွမ်းကျွေးကြပါ၏၊ ဘုန်းကြီးက ဆွမ်းဘုဉ်းပေးပြီးနောက် မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ ဗောဇ္ဈင်္ဂသုတ် ပရိတ်များနှင့် ရတနာသုံးပါးဂုဏ်တော်များကို ရွတ်ဖတ်ပေး၏၊ ပရိတ်ရွတ်သောအခါ ပရိတ်ရေခွက်ကို ကိုင်၍ ရွတ်ပေးပါ၏၊ ထို့နောက်

ဘုန်းကြီးက တရားနာပရိသတ်နှင့်အတူ ဒေါ်အုန်းမြင့်အေးအား အထူးသစ္စာပြု၍ သြဝိဿမေတ္တာ ပို့ပေးပါ၏။

ဒေါ်အုန်းမြင့်အေးသည် ငယ်စဉ်မှစ၍ မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏၊ မြတ်စွာဘုရား၏တရားတော်ကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏၊ မြတ်စွာဘုရား၏တပည့်သား သံဃာတော် အပေါင်းကို အားကိုးရာဟူ၍ ယုံကြည် ဆည်းကပ်ပါ၏၊ ဒေါ်အုန်းမြင့်အေးသည် ဒါနကိုလည်း ပြု၏၊ ဥပုသ်သီလကိုလည်း ဆောက်တည် ကျင့်သုံးပါ၏၊ သမထ ဝိပဿနာဘာဝနာတရားကိုလည်း ပွားများ အားထုတ်ပါ၏၊ မိမိနေထိုင်ရာနိုင်ငံတွင် ဗုဒ္ဓသာသနာတော် တည်တံ့ ပြန့်ပွားရေးကိုလည်း ဆောင်ရွက်ပါ၏၊ ဤမှန်သော သစ္စာစကားကြောင့် ဒေါ်အုန်းမြင့်အေးသည် ယခု စွဲကပ်နေသော ရောဂါဘယဘေးမှ လျင်မြန်စွာ ပျောက်ကင်း ကျန်းမာပါစေသတည်း။ ဒေါ်အုန်းမြင့်အေးသည်–

၁။ ဘေးရန်ကင်းပါစေ၊ ၂။ စိတ်ဆင်းရဲ ကင်းပါစေ၊ ၃။ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ၄။ ကျန်းမာ ချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာ ဆောင်ရွက်နိုင်ပါစေ။

ဘုန်းကြီးက ဤသို့ သစ္စာပြု–မေတ္တာပွားပေးပါသည်၊ ထို့နောက် ဒေါ်အုန်းမြင့်အေးအား ဤပရိတ်ရေကို အနည်းငယ် ဆွတ်ဖျန်းပေးရန် ညွှန်ကြားပါ၏၊ ထို့နောက် ဘုန်းကြီးသည် ကျောင်းသို့ ပြန်ကြွခဲ့ပါ၏။

## ဘာကင်ဟန် အိမ်သစ်တက် ဆွမ်းကျွေးပရိတ်တရား

ဘုန်းကြီးသည် ၁၅–၂–၉၂၊ စနေနေ့နံနက် ၈–နာရီအချိန်တွင် မောင်မျိုးဝင်းဖေမောင်းသောကားဖြင့် ထွက်ခဲ့ပါ၏၊ လန်ဒန်ဘုန်းကြီးကျောင်းမှ ဆာရေးရပ်ကွက်ရှိ သူတို့အိမ်တွင် ပစ္စည်းနှင့် ဇနီး မနှင်းနှင်းတို့သားအမိကိုပါ ကားပေါ်တွင် တင်ခဲ့၏၊ နံနက် ၉–နာရီအချိန်တွင် လန်ဒန်မှ ထွက်ခဲ့ကြပါသည်၊ မော်တာဝေးလမ်းကြီးကလည်း ကျယ်ပြန့် ညက်ညောပါ၏၊ ပတ်ဝန်းကျင်ရှုခင်းကလည်း သာယာရှုမောဖွယ် ကောင်းပါ၏။

နံနက် ၁၀–နာရီအချိန်တွင် လန်ဒန်မှ ၆၂–မိုင်ဝေးသော ဘာကင်ဟန်မြို့ငယ်ကလေးတွင်ရှိသော သူတို့အိမ်ကို ရောက်ကြပါသည်၊ ထိုဘာကင်ဟန်မြို့ငယ်လေးမှာ နိုင်ငံစုံမှ နိုင်ငံခြားသားများ လာရောက်ကြ၍ ပညာသင်ကြားရာ

တက္ကသိုလ်မြို့ငယ်လေး ဖြစ်၏၊ အင်္ဂလန်ပုံစံအတိုင်း တည်ဆောက်ထားသော ပုံစံတူ တိုက်တန်းများ၊ ညီညာ ပြေပြစ်သောလမ်းများ၊ သစ်ပင်ကြီးငယ်များဖြင့် လှပနေပါ၏။

ထိုဘာကင်ဟန်မြို့ငယ်လေးသည် မြန်မာနိုင်ငံရှမ်းပြည်တောင်ပိုင်း ကလော မြို့နှင့် မြောက်ပိုင်းရှမ်းပြည် မေမြို့ကဲ့သို့ လူချမ်းသာများ အနားယူရာ မြို့လေးဖြစ်၏၊ ထိုမြို့ငယ်လေးတွင် စီးပွားရေး လုပ်ကြသည်မဟုတ်ပါ၊ အိမ်ပို ဆောက်နိုင် ဝယ်နိုင်သူများ၊ လာရောက် အနားယူကြသော မြို့လေးဖြစ်၏၊ မောင်မျိုးဝင်းဖေနှင့် မနှင်းနှင်းတို့မှာ လန်ဒန်မြို့၌ ပုဂ္ဂလိကအိမ်နှင့် ခြံကန်ထရိုက်အလုပ်ကို လုပ်ကိုင်နေထိုင်ကြ၏၊ ခြံသစ်ဝယ်၍ အိမ်သစ် ဆောက်ပြီး ပြန်ရောင်းသောအလုပ် ဖြစ်လေသည်။

သူတို့သည် ဤဘာကင်ဟန်မြို့ငယ်၌ မြေသစ် အိမ်သစ်တည်ပြီး ဖြစ်၍ အန္တရာယ်ကင်း အိမ်သစ်တက် ပရိတ်တရား နာကြားခြင်း၊ ဆွမ်းကျွေးဒါနပြုခြင်းများကို ပြုလုပ်ကြခြင်း ဖြစ်ပေသည်။

သူတို့သည် ဘုန်းကြီးအား အောက်ထပ်ဧည့်ခန်း၌ နေရာခင်းကျင်းပေးထားကြ၏၊ သူတို့ကတော့ ဆွမ်း ချက်ကြလေသည်၊ ၂–နှစ်သားခန့် ရှိသေးသော သူတို့၏ ကလေးငယ်လေးမှာ ဘုန်းကြီး၏အနား၌ အဝတ်ပခက်လှလှလေး ပေါ်တွင်ပြုံးရွှင်စွာ နေထိုင်ရှာပါ၏၊ သူ့အတွက် သင်္ကန်းရောင်နှင့် ဘုန်းကြီးသည် အထူးအဆန်းဖြစ်နေပုံရ၏၊ ဘုန်းကြီးအား စိတ်ဝင်စားစွာ ကြည့်နေပါသည်။

မကြာမီ သူတို့ဖိတ်ကြားထားသော မြန်မာနိုင်ငံ မန္တလေးမြို့က နဂါးဒေါ်ဦး၊ လူထုဒေါ်အမာတို့နှင့် မောင်နမတော်စပ်သူ ဒေါက်တာခင်မောင်အေးတို့ မိသားစုများ ရောက်လာကြသည်။

ဘုန်းကြီးသည် သူတို့နှင့် တရားစကား ပြောကြားရပါ၏၊ ဒေါက်တာခင်မောင်အေးသည် ကမ္ဘာ့ဌာန်းဆရာကြီးဂိုအင်ကာနှင့်အတူ ထေရဝါဒ ပိဋကတ်တော်များကို ကွန်ပျူတာတွင် ထည့်သွင်းရန် စီမံနေသူဖြစ်၏၊ ဘုန်းကြီးနှင့် သူတို့သည် ပဋိပတ္တိကျင့်စဉ် သတိပဋ္ဌာန် ဝိပဿနာတရားများကိုလည်း ဆွေးနွေးကြပါသည်၊ မမြော်လင့်ဘဲ ဓမ္မသာကစ္ဆာပွဲဖြစ်သွားသဖြင့် ဝမ်းသာရပါသည်။

ဘုန်းကြီးသည် နံနက်၁၁–နာရီ၌ သူတို့ဆက်ကပ်သော အင်္ဂလန်ဖြစ် ကြက်သားဟင်း၊ ငါးဟင်း၊ ဆိတ်သားဟင်း၊ ခရမ်းချဉ်သီးငပိချက်၊ အစိမ်းကြော်၊ တို့စရာအသီးအရွက်စုံနှင့် ဟင်းချို၊ ချဉ်ရည်၊ ပဲနပ် စသည်များဖြင့် ဆွမ်းဘုဉ်း ပေးရပါ၏၊ မုန့်မျိုးစုံ၊ ကော်ဖီ၊ ရေခဲမုန့်စသည်ဖြင့် အချိုပွဲများကိုလည်း ဘုဉ်း ပေးရပါသည်။

ထို့နောက် ဘုန်းကြီးက သီလပေး ပရိတ်ရွတ်ပြီးသော် အနုမောဒနာတရားကို ဟောပါသည်၊ ပရိတ်တရား ဟောကြားနာကြားကြတဲ့အခါ အန္တရာယ် ကင်း တယ်၊ လုံခြုံရေးရဲများ ရောက်လာက သူခိုးဓားပြများ ရှောင်ရှားကြသကဲ့သို့ မြတ်ဗုဒ္ဓ၏ ပရိတ်တရားတော်ကို နာကြားရန် သူတော်ကောင်း အရိယာနတ်များ လာကြတော့ ဤအိမ်၊ ဤဝိုင်းခြံ၌ အကယ်၍ နတ်ဆိုးပြိတ္တာများ ရှိနေပါက ရှောင်ရှားသွားကြရတယ်၊ ပရိတ်ရေ၊ ပရိတ်ပန်းများကို မပြတ်ဆက်လက်ပွား ထားလျှင် သူတို့လဲ နောက်ထပ် မလာရဲကြတော့ဘူး၊ အန္တရာယ်ကင်းတယ်။

အလှူရှင်များဟာ ဘုရား၊ တရား၊ သံဃာများအား ကြည်ညိုတဲ့သဒ္ဓါ စတဲ့ ကုသိုလ်စိတ်များကြောင့် စိတ်ရဲ့မှီရာ မိမိတို့ ရုပ်ကိုယ်အားလုံး ကြည်လင် သန့်ရှင်းကြရတယ်၊ မိမိတို့ ပြုလုပ်ကြတဲ့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များ ကြောင့် လူနတ်တွေကလဲ ချစ်ခင်ကြတယ်၊ ကောင်းကျိုးချမ်းသာ ရအောင် စောင့်ရှောက်ကူညီကြတယ်၊ မိမိတို့၏ အဲဒီ ကုသိုလ်ကံများကြောင့် အသက်ရှည် ကျန်းမာခြင်း၊ အပြစ်ကင်းငြိမ်းချမ်းသာခြင်း၊ စိတ်စင်ကြယ် အေးမြခြင်း၊ အသိပညာ တိုးပွားခြင်း အကျိုးများကိုလဲ ရနိုင်ကြပါတယ်၊ သမထ ဝိပဿနာ တရားကို ထိရောက်စွာ ကျင့်ပွားပါက အိုနာသေ ကင်းပြတ်ရာ အငြိမ်းဓာတ် နိဗ္ဗာန်ထိ ရနိုင်ပါတယ်။

ယခု လက်ငင်း ဘေးကင်းရန်ကွာ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပြီး အနေတတ်၊ အသေမြတ်ကြမယ်၊ ယခု ပြုကြရတဲ့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ် များကြောင့် ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက် သိမြင်ရပါလို၏လို့ ဆုတောင်း အမျှဝေ ရေစက်ချကြပါဟု ဘုန်းကြီးက ဟောကြားပြီး ရေစက်ချ အမျှဝေပေးပါ၏။

## ထမနဲပွဲအကြို ပါတိမောက်တရား

ဘုန်းကြီးသည် ညနေ၃–နာရီခန့်၌ ကျောင်းသို့ ပြန်ရောက်သော် တပို့တွဲလပြည့်နှင့် အနီးဆုံးဖြစ်သော နက်ဖြန်ခါတွင် ထမနဲ ယာဂုဆွမ်း ဆက်ကပ်လှူဒါန်းရန် ချက်ပြုတ်နေကြသော လန်ဒန် ဗုဒ္ဓဘာသာ မြန်မာကျောင်း အမှုဆောင်များနှင့် လှူငယ်များကို တွေ့ရ၏၊ ဘုန်းကြီးသည် သူတို့အား နှုတ်ဆက်စကား ပြောကြားပြီးနောက် ကျောင်းပေါ်အိပ်ခန်းတွင် အပန်းဖြေလျက် စာကြည့်နေပါသည်။

ထိုည ၁၀–နာရီအချိန်၌ ထမနဲထိုးသူများက သူတို့အား သီလပေးတရားဟောပေးပါရန် တောင်းပန်ကြ၏၊ အချို့ကလည်း မောပန်းသဖြင့် နံနက်စောစောလာနိုင်ကြတော့မည် မဟုတ်ပေ၊ ထို့ကြောင့် ဘုန်းကြီးက သီလပေး၍ တရားဟောပေးလိုက်ပါသည်။

ဤလ ဤနေ့သည် ဆောင်းရာသီ၏ အအေးဆုံးလ၊ အအေးဆုံး နေ့ရက်ပိုင်း ဖြစ်သောကြောင့် ရှေးမြန်မာများက ထမနဲထိုး လှူဒါန်းပွဲကို ပြုလုပ်ခဲ့ကြတယ်၊ ဤပွဲဟာ ကျန်းမာပျော်ရွှင်၍ ကုသိုလ်ပွားစေသောပွဲ ဖြစ်တယ်။

အထူးအားဖြင့် ဤတပို့တွဲလပြည့်နေ့တွင် မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ပထမဆုံး စည်းဝေးမိသော တပည့်ရဟန္တာ ၁၂၅၀ တို့အား ဩဝါဒပါတိမောက်တရားကို ဟောကြားတော်မူပါတယ်၊ ထို့ကြောင့် ဘုန်းကြီးတို့ မြန်မာနိုင်ငံတွင် ဤနေ့ရောက်တိုင်း တပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့ကို ကျင်းပ ပူဇော်ကြပါတယ်၊ အလွန်အေးသော ရက်ပိုင်းဖြစ်သောကြောင့် ဗုဒ္ဓရုပ်ပွားစေတီတော်များအား သနပ်ခါး နံ့သာ ထင်းမီးများကိုလဲ ပူဇော်ကြပါတယ်။

### ချမ်းမြေ့ဆောင်ပုဒ်

ထိုဩဝါဒပါတိမောက်တရားတော်ရဲ့ အနက်အဓိပ္ပာယ် အနှစ်ချုပ်ကို ချမ်းမြေ့ဆရာတော်ဘုရားက–

(၁) မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား ဟု ဆောင်ပုဒ်စီထားပါတယ်။

## မဟာစည်ဆောင်ပုဒ်

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကလည်း–

(၂) အကုသိုလ်များ – ရှောင်ရှားမယ်လေ၊
ကုသိုလ်တရား – ဖြစ်ပွားစုံစေ၊
မိမိစိတ်ဓာတ် – ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး – ဘုရားဆုံးမပေ ဟု ဆောင်ပုဒ်စီ ရေးတော်မူပါတယ်၊

အဲဒီဆောင်ပုဒ်များကို လိုက်ဆိုကြပြီး ဘုန်းကြီးက ရေစက်ချအမျှဝေရန် ပို့ချပေးပါမယ်။

ဘုန်းကြီးက ဤသို့ အတိုချုပ် ဩဝါဒတရားကို မိန့်ကြား၍ ရေစက်ချအမျှပေးဝေလိုက်ပါသည်။

## လန်ဒန်တွင် သဒ္ဓါတိဿအထိမ်းအမှတ်ပွဲနှင့် ကိုးပါးသီလအကြောင်း

ဘုန်းကြီးသည် ၁၆–၂–၉၂၊ တနင်္ဂနွေနေ့နံနက်အရုဏ်တက်ချိန်၌ ကျောင်းတွင် ထမနဲယာဂုဆွမ်းကို ဘုဉ်းပေးရ၏။

### သဒ္ဓါတိဿ အထိမ်းအမှတ်ပွဲ

ဘုန်းကြီးသည် နံနက်၁၀–နာရီ အချိန်၌ လန်ဒန်မြို့ ကင်းစဘယ်ရီးရပ်၊ ကင်းစဘယ်ရီးလမ်း၊ အမှတ်–၃၁၁၌ တည်ရှိသော သီရိသဒ္ဓါတိဿ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဌာန၊ သီဟိုဠ်ကျောင်းကို သွားရ၏။

ပွဲမှာ ထိုသဒ္ဓါတိဿ ဆရာတော်ဘုရားကြီး စံလွန်တော်မူသည့် ၂–နှစ်မြောက် အထိမ်းအမှတ် လှူဒါန်းပူဇော်ပွဲ ဖြစ်၏၊ ထိုဆရာတော်ကြီးသည် သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ဗုဒ္ဓဘာသာကျမ်းစာများစွာကို ပြုစုတော်မူခဲ့သော ကမ္ဘာကျော်ဗုဒ္ဓသာသနာပြုဆရာတော်ကြီးဖြစ်၏၊ ဤကျောင်းကိုလည်း တည်ထောင်တော်မူသော ဆရာတော်ကြီး ဖြစ်လေသည်။ ထိုဆရာတော်ကြီးသည် အင်္ဂလန်နိုင်ငံရောက် မြန်မာများအတွက်လည်း ကျေးဇူးများသော ဗုဒ္ဓဘာသာရေး လမ်းညွှန်ဆရာတော်ကြီးဖြစ်၏၊ ဘုန်းကြီးတို့၏ လန်ဒန် ဗုဒ္ဓဘာသာ မြန်မာကျောင်းမဖြစ်ပေါ်မီကဆိုရင် လန်ဒန်ရောက် မြန်မာများသည် ထိုသဒ္ဓါတိဿဆရာတော်ဘုရားကြီး၏ထံ၌ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကို

ပြုလုပ်ကြလေသည်၊ မြန်မာဆရာတော်များ ကြွလာသောအခါ၌လည်း ထို ကျောင်း၌ တရားပွဲကျင်းပခဲ့ရကြောင်းလည်း သိရ၏။

ယခုအခါ ထိုသဒ္ဓါတိဿဆရာတော်ဘုရားကြီး၏ ၂–နှစ်မြောက် အထိမ်း အမှတ်ပွဲ၌ သံဃာတော် ၂၄–ပါးတို့ ကြွလာကြ၏၊ ထိုအထဲတွင် ဂူဘာဟင်မတန် တိသရဏဝိဟာရ မြောင်းမြဆရာတော်ဘုရားနှင့် ဘုန်းကြီးတို့သာလျှင် မြန်မာ ရဟန်းတော်များ ဖြစ်ကြ၏၊ ကျန် ၂၂–ပါးတို့မှာ သီရိလင်္ကာဆရာတော်များ ဖြစ်ကြ၏၊ ထိုပွဲတွင် သီရိလင်္ကာဗုဒ္ဓဘာသာ လူပရိသတ်တို့မှာ ၁၀၀–ကျော် ခန့် ရှိကုန်၏။

အထူးအားဖြင့် ထိုပွဲတွင် ဘုန်းကြီးသည် ၁၉၈၈–ခုနှစ်၌ သီရိလင်္ကာနိုင်ငံ ကြွခဲ့စဉ်က တွေ့ခဲ့ရသော ပိယဒဿီဆရာတော်ကြီးကိုလည်း ပြန်လည်တွေ့ဆုံ နှုတ်ဆက်ခဲ့ရ၍ ဝမ်းသာပါသည်။

ထိုပွဲတွင် သံဃာတော်များသည် သီရိလင်္ကာထုံးစံအတိုင်း တန်းစီ၊ တင် ပျဉ်ခွေ ထိုင်လျက် သပိတ်ကိုယ်စီ ကိုင်၍ သို့မဟုတ် ပန်းကန်ပြားကို ကိုင်၍ အလှူရှင်များ ထည့်လှူပေးသောဆွမ်းဟင်းမျိုးစုံကို ပတ္တပိဏ္ဍသဘောဖြင့် ဘုဉ်း ပေးကြရ၏၊ ဆွမ်းခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်များသည် စုံလင်လှကုန်၏။

အားလုံး ဆွမ်းကိစ္စ ပြီးကြသော် သီလပေး ပရိတ်ရွတ်ပြီးနောက် သံဃ မထေရ်ကြီး ၅–ပါးခန့်က သဒ္ဓါတိဿ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးများကို ပြောဆို ဂုဏ်ပြုတော်မူကြ၏၊ နဝကမ္မနှင့် သင်္ကန်းစသည်များကို လှူဒါန်း၍ ရေစက်ချ အမျှဝေကာ အခမ်းအနားကို ရုပ်သိမ်းပါ၏၊ ထိုပွဲတွင် ရုပ်မြင်သံကြား ဖြင့်လည်း မှတ်တမ်းတင်၏။

## အထွေထွေကိစ္စများ

ထိုနေ့ညပိုင်းတွင် လန်ဒန်ဗုဒ္ဓဘာသာ မြန်မာကျောင်း၌ တနင်္ဂနွေယောဂီ များ မလာကြသဖြင့် တစ်ပါးတည်း ဘုရားဝတ်တက်၍ တရားရှုမှတ်ရပါသည်။

ဘုန်းကြီးသည် ၁၇–၂–၉၂၊ တနင်္လာနေ့၌ ယူအက်စ်အေရောက် ဒကာကြီး ဦးလှကြိုင်နှင့် မြန်မာနိုင်ငံဦးသိန်းဖေတို့ထံမှ စာများကို ဖတ်ရှုရ၏၊ တပည့် ယောဂီဒေါ်တင်သိန်းလှ၏ စာကိုလည်း ဖတ်ရှုရ၏၊ ဘုန်းကြီးသည် သူတို့ အားလုံးထံသို့ စာပြန်လိုက်ပါသည်။

ဘုန်းကြီးသည် တပို့တွဲလပြည့် ၁၈–၂–၉၂ အင်္ဂါနေ့၌ ဒေါက်တာဆောင်းဝင်းအား ခေါ်၍ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိုက်ကပ်ရာ တစ်လ်ဘရီဆိပ်ကမ်းသို့ သွားရန် စီစဉ်၏၊ ဒေါက်တာခင်ညို၊ ဒေါက်တာမိမိစိန်တို့ လှူဒါန်းထားသော စာကူးစက်ကို ညောင်ကန်အေးရိပ်သာသို့ ပို့ရန်ဖြစ်၏။

ဒေါက်တာဆောင်းဝင်းသည် သူနေသောရပ်ကွက်မှ ဘုန်းကြီးထံ ရောက်လာပြီးနောက် ဆရာတော်ခေါ်လို့ ဆရာတော်အား လေးစားသဖြင့် လာခဲ့ပါတယ်ဘုရား၊ ဒါပေမယ့် ဆရာတော်ကြွလိုသော သင်္ဘောဆိပ်ကမ်းသည် ခရီးဝေးကွာ၍ အေးလဲ အေးနေပါတယ်၊ ပြီးတော့ တပည့်တော်လဲ လမ်းကောင်းကောင်း မသိပါ၊ သွားရင် ဆရာတပည့် ဒုက္ခရောက်နိုင်ပါသည်ဘုရား၊ ဒါကြောင့် ဒီအစီအစဉ်ကို ရပ်သိမ်းကြပါစို့ဟု တောင်းပန်ပြီး ပြန်သွားပါသည်၊ သြော်– နိုင်ငံရပ်ခြား တိုင်းတစ်ပါးဟူသည် အလကား လှူသူရှိသော်လည်း ထိုအလှူပစ္စည်းကို မြန်မာနိုင်ငံရောက်အောင် ပို့ရန် မလွယ်ပါတကား၊ အင်္ဂလန်ရောက်မြန်မာများသည်လည်း လူတိုင်းလူတိုင်း အလုပ်များနေကြ၏၊ တော်ရုံတန်ရုံဘုန်းကြီးကိစ္စကိုလည်း ဆောင်ရွက်ပေးနိုင်ကြသည် မဟုတ်ပါပေ။

ထို့ကြောင့် ဘုန်းကြီးသည် ဤနေ့တွင် ကျောင်းတက် စာကျက်၏၊ ဆရာက စာရေးနည်း သင်ပေး၏၊ အင်္ဂလိပ်စာ တိုးတက်ပါ၏၊ ဘုန်းကြီးသည် ညဉ့်တွင် ဦးပေသလနှင့်အတူ ဥပုသ်ပြုပြီးနောက် ဘုရားဝတ်တက် တရားရှု မှတ်ပြီး ကျိန်းစက်ပါသည်။

ညနေပိုင်းတွင် ဆရာမ ဘာဘရာက ဘုန်းကြီးအား မဟာစည် ဝိပဿနာအလုပ်ပေး တရားကို သင်ပေးပါ၏၊ ထို့နောက် ဘုန်းကြီးသည် မြန်မာဘာသာ ဝိပဿနာ အခြေခံတရားကို လက်နှိပ်စက်ရိုက်ပါ၏၊ အင်္ဂလိပ်စာ အဘိဓာန်တိုက်၏၊ ထို့နောက် ဘုရားဝတ်တက် တရားရှုမှတ်ပြီး ကျိန်းစက်ပါသည်။

## အင်္ဂလန်ဗီဇာရပြီ

ဘုန်းကြီးသည် ၂၀–၂–၉၂၊ ကြာသပတေးနေ့၌ အင်္ဂလန်နိုင်ငံ နေထိုင်ခွင့်အတွက် ၁၈–၂–၉၃အထိ ခွင့်ပြုထားသော ပတ်စ်ပို့ကို စာတိုက်မှ ပို့လိုက်၍ ရရှိပါ၏၊ ထိုကိစ္စအတွက် တစ်နှစ်တာလောက် ကြောင့်ကြဖွယ် ငြိမ်သက်သွား၏၊ တိုင်းတစ်ပါးတွင် နေထိုင် သာသနာပြုနိုင်ရန်အတွက် သူတို့

အစိုးရ၏ ခွင့်ပြုချက်ရဖို့သည်လည်း အလွန်အရေးကြီးပါသည်၊ ခွင့်ပြုသည် ကိုပင် ဗမ်းမြောက် ကျေးဇူးတင်ရပေမည်၊ အားလုံး ကျန်းမာ ချမ်းသာကြပါစေ။

## ကိုးပါးသီလအကြောင်း သိလိုသူ

ဤနေ့ မွန်းလွဲပိုင်းတွင် ဂျူးစတက်ခေါ် မောင်စန်းမောင်သည် ဘုန်းကြီးထံ ရောက်လာ၏၊ လွန်ခဲ့သည့်၂-ပတ်လောက်ပင် သူက ဘုန်းကြီးအား တွေ့ဆုံခွင့် တောင်းပန်ထား၏။

သူက ဒတ်ချ်လူမျိုးဖြစ်၍ မြန်မာစကားတတ်၏၊ မြန်မာပြည်တွင် မြန်မာ ဘာသာစကားနှင့် မနုဿဗေဒ ပဋိပတ္တိဝိပဿနာအကျင့်များကို လေ့လာခဲ့သူ ဖြစ်၏။

သူက ပြုစုနေသော မြန်မာပဋိပတ္တိသမိုင်းစာအုပ်အတွက် ကိုးပါးသီလ အကြောင်းကို သိလိုပါသည်ဟု လျှောက်ထား မေးမြန်းလေသည်။

ဘုန်းကြီးက သူသိလိုသော ကိုးပါးသီလအကြောင်းကို ချမ်းမြေ့အခြေပျိုး စာအုပ်မှ ထုတ်နုတ်၍ အလွယ်တကူပင် အဖြေပေးလိုက်နိုင်ပါသည်။

## ကိုးပါးသီလ

နဝင်္ဂဥပုသ်သီလဟုခေါ်သော ကိုးပါးသီလ စောင့်ထိန်းလိုသောသူသည် ရှစ်ပါးဥပုသ်သီလ၌ မေတ္တာပွားမှုကို ထည့်ရုံမျှသာ ထူးသည်၊ စင်စစ်မူ မေတ္တာ ပွားမှုသည် ဆောက်တည်ရသည့် သိက္ခာပုဒ်တစ်ခု မဟုတ်ပေ၊ နဝင်္ဂ ဥပုသ် သီလ၏ အင်္ဂါတစ်ပါးမျှသာ ဖြစ်ပေသည်။

ရှစ်ပါးသီလ ခံယူဆောက်တည်ပြီးနောက် သတ္တဝါများအပေါ်၌ မေတ္တာစိတ် ပြန့်ပွားနေလျှင် အင်္ဂါကိုးပါးနှင့် ပြည့်စုံသော သီလ ဖြစ်သွား၏။

နဝင်္ဂဥပေါသထသုတ်၌ ရှေ့သိက္ခာပုဒ် ရှစ်ပါးကို ဆောက်တည်ပုံပြ၍ နဝမအင်္ဂါ ဖြစ်သည့်မေတ္တာကိုမူ ဆောက်တည်ပုံမပြပေ၊ အရပ်ဆယ်မျက်နှာ ၌ ရှိသော သတ္တဝါအားလုံးကို မေတ္တာစိတ်ဖြန့်နေလျှင် ကိုးပါးသီလဖြစ်၍ အကျိုးကြီးမားကြောင်းသာ ပြဆို၏။

ယခုကာလ၌မူ မေတ္တာကို နဝမသိက္ခာပုဒ်အဖြစ်ဖြင့် ရွတ်ဆို၍ ခံယူ ဆောက်တည်ကြ၏။

# နဝင် ဥပုသ်သီလ ဆောက်တည်ပုံ

ယခုမြန်မာနိုင်ငံ ဗုဒ္ဓဘာသာများ နဝင်္ဂသီလ ဆောက်တည်ပုံမှာ ရှစ်ပါးသီလ ဆောက်တည်ပုံနှင့် တူသည်က များပါသည်၊ သီလတောင်းရာတွင် "အဋ္ဌင်္ဂ သမန္နာဂတံ"အစား "နဝင်္ဂ သမန္နာ ဂတံ"ဟု ပြင်ဆိုရုံသာ ထူး၏။

ရှစ်ပါးသီလ ဆောက်တည်ပုံအဆုံးတွင် နဝမသိက္ခာပုဒ်ကို-

မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ။

မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် အလုံးစုံသော သတ္တဝါရှိသော လောကကို ပျံ့နှံ့စေ၍ နေပါအံ့ ဘုရား...ဟု ဖြည့်စွက်ရပါသည်။

## အမေး-အဖြေ

မေး။ ။ ကိုးပါးသီလ ဆောက်တည် ကျင့်သုံးကောင်းပါသလား။

ဖြေ။ ။ ဆောက်တည် ကျင့်သုံးကောင်းပါသည်၊ မြန်မာနိုင်ငံ ပညာရှိ ဆရာတော်ကြီးများက ဆောက်တည်လိုသူများအား ကိုးပါးသီလ ပေးတော်မူကြ၏၊ ဆောက်တည်ကျင့်သုံးက ကောင်းကျိုးချမ်းသာများကို ရနိုင်ပါသည်။

မေး။ ။ ကိုးပါးသီလကို ဘုရား ဟောပါသလား။

ဖြေ။ ။ နဝင်္ဂ ပေါသထသုတ်အမည်ဖြင့် ဘုရားဟောပါသည်။

သက်ရှည်ကျန်းမာ၊ ဘေးကင်းကွာ၊ သာသနာပြုနိုင်ကြပါစေ။

## လန်ဒန်တွင် အစားထိုး ကပ္ပိယနှင့် ဗိဇာသက်တမ်းတိုးခရီး

ဤနေ့ကား ၁၃၅၃–ခု၊ တပို့တွဲလပြည့်ကျော် ၃–ရက် (၂၁–၂–၉၂) သောကြာနေ့ဖြစ်၏။

## မေတ္တာ–သစ္စာ ပရိတ်ပွဲ

ဘုန်းကြီးသည် ဤနေ့နံနက် ၁၀–နာရီ အချိန်တွင်လည်း ဒေါ်အုန်းမြင့်အေးအိမ်သို့ ဆွမ်းဘုဉ်းပေးကြွရ၏၊ ဒေါ်အုန်းမြင့်အေး၏ ကျန်းမာရေးအတွက် ညီမဖြစ်သူဒေါ်အတာနှင့် ဒေါ်အုန်းမြင့်အေး၏သားများဖြစ်ကြသော မောင်သန့်ဇင်၊ မောင်စိန်ငွေးတို့က ဘုန်းကြီးအား ဒုတိယအကြိမ် ဆွမ်းဆက်ကပ်ပါသည်။

ဘုန်းကြီးသည် ဒေါ်အုန်းမြင့်အေး ဆေးရုံမှ မဆင်းမချင်း သောကြာနေ့တိုင်း ဤအိမ်သို့ ဆွမ်းစားကြွ၍ ပရိတ်ရွတ်မေတ္တာပို့ ချီးမြှောက်ရပါမည်၊ ဘုန်းကြီးသည် ဤနေ့၌လည်း ယခင်နေ့ကလိုပင် ပရိတ်ရွတ်သစ္စာပြုလျက် ဒေါ်အုန်းမြင့်အေးအား စွဲကပ်နေသော ရောဂါဘယမှ ကင်းပျောက်စေရန် ဩဓိသ မေတ္တာပို့ရပါ၏။

## သာသနာရေးပေးစာများ

ဘုန်းကြီးသည် အမေရိကန်ရောက် ဒကာကြီးဦးလှကြိုင်ထံသို့ အင်္ဂလန်နိုင်ငံနေထိုင်ခွင့် ဗီဇာသက်တမ်း ၁–နှစ်ထပ်မံ ရရှိကြောင်းနှင့် မဟာစည်ဓမ္မဒူတပင့်စာများကို ပို့ပြီးပါကြောင်းကို စာရေးလိုက်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ သျှောင်ကန်အေး သာသနာ့ရိပ်သာ ဝေယျာဝစ္စအမှုဆောင်အဖွဲ့သို့ ပုံနှိပ် ဖြန့်ချိနိုင်ရန်အတွက် "အချိန်ရှိခိုက် လုံ့လစိုက်တရားတော်" စာမူကို ပေးပို့ပါသည်။

## ပတ္တမြားရတု ဆွမ်းကျွေးပွဲ

၂၂–၂–၉၂၊ စနေနေ့၌ မြန်မာနိုင်ငံမှ ပို့လိုက်သော ရတနာမွန် စာစောင်ကို ရရှိ ဖတ်ရှုရပါသည်၊ ဘုန်းကြီးသည် နံနက် ၁၁–နာရီအချိန်၌ လန်ဒန်မြို့ ဦးခင်+ဒေါ်အေးမြခင်အိမ်တွင် မြောင်းမြဆရာတော်နှင့်အတူ ဆွမ်းဘုဉ်းပေးရပါ၏၊ ဆွမ်းဒါနမှာ ဦးခင်+ဒေါ်အေးမြခင်တို့၏အိမ်ထောင်သက် နှစ် ၄၀ ပြည့် မင်္ဂလာ ပတ္တမြားရတု ဆွမ်းဒါနဖြစ်၏။

## မြောင်းမြဆရာတော်၏ ဩဝါဒတရား

ဂူဘာဟင်မတန် တိသရဏ ဝိဟာရ မြောင်းမြဆရာတော်က သစ်သီးများသည် မှည့်ရင့်လေ အရသာချိုမြိန်ကောင်းမြတ်လေ ဖြစ်သကဲ့သို့ ဗုဒ္ဓသာသနာတွင်းသား လူများသည်လည်း အသက်ကြီးလေ ကုသိုလ်အနှစ်သာရကောင်းများကို ရလေ ဖြစ်အောင် ကျင့်သုံး နေထိုင်ကြရမည်။

ထို့ကြောင့် ဒါနကုသိုလ်မှတစ်ဆင့် သီလကုသိုလ်ကို ရအောင် ကျင့်သုံးကြရမည်၊ ထိုမှတစ်ဆင့် သမာဓိပညာကုသိုလ်များကို ရအောင် ကျင့်သုံးကြရမည်၊ ရုပ်နာမ်ဖြစ်ပျက် ဝိပဿနာဉာဏ်များကို တိုးတက် ပြည့်စုံအောင် ကျင့်ကြရမည်၊ အထူးအားဖြင့် အိန္နာသေ ကင်းပြတ်ရာ နိဗ္ဗာန်ချမ်းသာကို ရအောင် ကျင့်ဖို့ အရေးကြီးသည်ဟု ဟောကြားတော်မူ၏။

## လူ့ရှစ်မျိုး တရားဆောင်ပုဒ်

ဘုန်းကြီးကမူ လူရှစ်မျိုးတရားကို ဟောကြား၏၊ ထိုတရားတော်၏လို

ရင်း အချုပ်ဆောင်ပုဒ်မှာ–ဤသို့ဖြစ်၏။

၁။ လူလောကမှာ၊ ထောင်ကျတာ၊ မှတ်ပါ ငရဲသားလူ။

၂။ လူလောကမှာ၊ တော်ပြတ်တာ၊ မှတ်ပါ ပြိတ္တာလူ။

၃။ ကုသိုလ်အကုသိုလ်၊ မသိသူကို၊ ခေါ်ဆို တိရစ္ဆာန်လူ။

၄။ ကုသိုလ်အကုသိုလ်၊ သိသူကို၊ ခေါ်ဆိုမနုဿလူ။

၅။ ရုပ်နာမ်နှစ်ဝ၊ မသိက အန္ဓပုထုဇဉ်လူ။

၆။ ရုပ်နာမ်သိလျှင်၊ သက္ကာယဒိဋ္ဌိစင်၊ ခေါ်တွင် ကလျာဏပုထုဇဉ်လူ။

၇။ ကြောင်းကျိုးသိမြင်၊ ဝိစိကိစ္ဆာစင်၊ ခေါ်တွင် စူဠသောတာပန်လူ။

၈။ နိဗ္ဗာန်သိမြင်၊ ကိလေစင်၊ ခေါ်တွင် ပရမတ္ထလူ။

၂၃–၂–၆၂၊ တနင်္ဂနွေနေ့၌ ကျောင်း၌ပင် ဒေါက်တာထင်အောင် မိသားစုတို့က နေ့ဆွမ်း ဆက်ကပ်ကြပါ၏၊ လှူဖွယ်ပစ္စည်းများကိုလည်း လှူဒါန်းကြပါသည်၊ ထိုအလှူပွဲသို့ လာသော မြန်မာနိုင်ငံတုန်းက ဘုန်းကြီး၏ယောဂီ ဒေါက်တာတာရာပြည့်က ဘုန်းကြီးအား နဝကမ္မများကို လှူဒါန်းပါ၏၊ ဘုန်းကြီးက ထိုဆွမ်းဒါနပွဲတွင်လည်း "လူရှစ်မျိုးတရား" ကိုပင် ဟောပါသည်၊ ညနေပိုင်းတွင် ဒေါက်တာ မြင့်သိန်းခိုင်မိသားစုများ လာ၍ တရားနာပြီး တရားရှုမှတ်ကြပါ၏၊ ဘုန်းကြီးက သူတို့အားလည်း ထိုရှစ်မျိုးတရားကိုပင် ဟောကြားပါ၏။

## ဗိဇာသက်တမ်းတိုး ခရီး

၂၂–၄–၆၂၊ တနင်္လာနေ့၌ ဘုန်းကြီးသည် မြန်မာနိုင်ငံ ညောင်ကန်အေးရိပ်သာသို့ မှတ်တမ်းတင် ဓာတ်ပုံများကို ပေးပို့ပါ၏၊ မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတိုက်စိုးထံသို့လည်း မဟာစည် ဓမ္မဒူတ ပင့်စာများကို ပေးပို့လိုက်ပြီးဖြစ်ကြောင်း စာရေးလိုက်ပါ၏။

ယိုဗုစ်လ် ဒေါက်တာမျိုးညွန့်နှင့် နယူးမော်ဒန် ဒေါက်တာခင်ညိုတို့ထံမှ ပို့လိုက်သော ဓာတ်ပုံများကို လက်ခံရရှိ၍ ဝမ်းမြောက်ပါသည်၊ ကျန်းမာချမ်းသာစွာ သာသနာပြုနိုင်ကြရန်လည်း မေတ္တာပို့သပါသည်ဟု စာရေး၏။

ဘုန်းကြီးသည် လန်ဒန်ရှိ မြန်မာသံရုံးသို့ မြန်မာပတ်စ်ပို့ဗိဇာ သက်တမ်းတိုးရန်နှင့် နိုင်ငံ တိုးချဲ့ရန် သွားရပါသည်။

ဘုန်းကြီးသည် အင်္ဂလိပ်ဘာသာကို ကောင်းစွာ မတတ်သိသေးသောကြောင့်

မြေပုံကြည့်၍ လမ်းသွားတတ်ရန် မလွယ်ကူသေးပါ၊ လမ်းညွှန်အဖော် ပါမှသာ သွားနိုင်ပါ၏။

အင်္ဂလန်၌ နေထိုင်လုပ်ကိုင်သူ မြန်မာများသည် လူပိုလူလျှံ မထားနိုင်ကြပါ၊ ကိုယ့်အားကိုယ်ကိုး၍ အချိန်ပြည့်အလုပ်ကို လုပ်ကိုင်နေထိုင်ကြရပါ၏၊ ထို့ကြောင့် ဘုန်းကြီးအတွက် သူတို့၏ အကူအညီကို အခါခပ်သိမ်း မရနိုင်ပါ၊ အတူနေရဟန်းတော်များကလည်း ဘုန်းကြီးအား ဆေးခန်းသွားခြင်း၊ စာတိုက်သွားခြင်းမှအစ ခဏခဏ ကူညီလိုက်ပို့ပေးပါ၏၊ ထို့ကြောင့် အစစအရာရာ သူတို့ကိုချည်း အားကိုး၍ အကူအညီ ယူနေရသည်မှာ အားနာဖွယ်ကောင်းပါ၏။

## ခေတ္တကပ္ပိယ ချော့ခိုင်းရ၏

ထို့ကြောင့် ဤကျောင်း၌ ကပ္ပိယတစ်ယောက်ကတော့ အမှန် လိုပါသည်၊ ထိုလိုအပ်ချက်ကို အမှုဆောင်အဖွဲ့မှ ဆုံးဖြတ်ချက်ချ၍ ခေါ်ရန်လူကိုပင် ရွေးပြီးနေပါပြီ၊ သို့သော် အကြောင်းကြောင့် ထိုကပ္ပိယကို မခေါ်ကြသေးပါ၊

ထို့ကြောင့် ဘုန်းကြီးသည် ကျောင်းသို့ ရက်ပျောက်ရက်ခြား လာတက်သော ဦးခင်မောင်ကြီး ဆိုသူကို အစားထိုးကပ္ပိယအဖြစ် အသုံးပြုနေရ၏၊ သူကလည်း စိတ်မမှန်သူ၊ တစ်ကိုယ်တည်းသမား ဖြစ်၏၊ နံနက်ပိုင်း၌ ကျောင်းသို့လာ၍ ဝေယျာဝစ္စများ လုပ်ပြီး ထမင်းစားပါသည်၊ သူသည် ကော်ဖီကို အလွန်ကြိုက်၏၊ တစ်နာရီအတွင်းတွင် အနည်းဆုံး ၃–ကြိမ်လောက် သောက်တတ်၏၊ ပြောပြီးသား အကြောင်းရာစကားတို့ကို ထပ်တလဲလဲ အပ်ကြောင်းထပ် ပြောတတ်၏။

သူစိတ်အခန့်မသင့်က ဘုန်းကြီးတို့ကို ပြန်အော်၏၊ သူက မကျေနပ်ချက်များကို စာတွေရေး၍ ဟိုအိမ် သည်အိမ်များသို့ စာတိုက်မှ ပေးပို့ တိုင်တန်းတတ်၏၊ သူ့ကို ဘယ်ဘုန်းကြီးက ငေါက်သည်၊ ဘယ်နေ့ရက်တွင် ဆွမ်းပို့သူသည် ဆွမ်းနှင့်ဟင်း နည်းပါသည်၊ ဆွမ်းနှင့်ဟင်းကို များများ ပို့ပါ၊ ဟင်းကောင်းကောင်း လှူပါဟုလည်း ရေး၏၊ သို့မှသာပင် သူ ဝဝ စားရမည်ကိုး၊ သူကလည်း အရူးပါး ဖြစ်၏၊ ထို့ကြောင့် ချော့ချည်တစ်ခါ၊ ငေါက်ချည် တစ်လှည့်ဖြင့် ခိုင်းရ၏၊ ခိုင်းသည့်အခါ သူချည်း လွှဲထား၍ မရပါ၊ ရဟန်းတစ်ပါးပါးက အမြဲစောင့်ကြည့်ခိုင်းရ၏၊ စောင့်ကြည့်မခိုင်းပါက အလွဲလွဲ

အချော်ချော် ဖြစ်ကုန်၏၊ ဖွတ်သည်ထက် ညစ် ဖြစ်ရပါ၏။

## လက်မှတ်တစ်စောင် တစ်နေ့လုံးစီးရသည်

ဘုန်းကြီးသည် သူ့အား လမ်းညွှန်ခေါ်သွားရ၏၊ ဘုန်းကြီးက သူ့အတွက်ပါ ခရီးသွားလက်မှတ် စရိတ်ခံရ၏၊ လက်မှတ်တစ်စောင်ကို ၂-ပေါင်နှင့် ၉၅-ပြား ပေးရပါသည်၊ ထိုလက်မှတ်ဖြင့် နံနက် ၉-နာရီမှ ည၁၂-နာရီအထိ ကြိုက်ရာရာ မြေအောက်ရထားနှင့် ကြိုက်ရာ ဘတ်စ်ကားများကို အသွား အပြန် ဘယ်နေရာမဆို ဘယ်နှစ်ကြိမ်စီးစီး စီးနိုင်၏။

ဘုန်းကြီးသည် ကပ္ပိယဦးခင်မောင်ကြီးနှင့်အတူ နေ့ဆွမ်း စားပြီးချိန်မှစ၍ ကျောင်းမှ ထွက်ခဲ့ကြ၏၊ ကျောင်းအနီးရှိ ဘတ်စ်ကားမှတ်တိုင်မှ နံပါတ်၁၈၂-နှစ်ထပ် ဘတ်စ်ကားကြီးကို စီးခဲ့ပြီးနောက် ဝမ်ဘလေဘူတာတွင် ဆင်းကြ၏၊ ယင်းဘူတာမှ မြေအောက် ရထားစီးခဲ့ကြ၏၊ ဂရင်းပတ်ခ်ဘူတာတွင် ဆင်းကြ၏၊ မြေအောက်ဘူတာကြီးထဲမှ လှေကား အဆင့်ဆင့် တက်၍ အပြင်ထွက်ခဲ့ကြ၏၊ နာရီဝက်ခန့် လမ်းလျှောက်သော် မြန်မာသံရုံးကို ရောက်ကြပါသည်။

## လွယ်ကူရန် ၂-နှစ်ပေးပါ

မြန်မာသံရုံးဧည့်ခန်းတွင် ထိုင်နေကြပြီးနောက် ဦးကျော်ဆွေတင့်နှင့် တွေ့၍ ပုံစံလျှောက်လွှာ တောင်းကာ ထိုပုံစံတွင် လိုအပ်သည်များကို ဖြည့်စွက်ရ၏၊ ၁-နှစ်သက်တမ်း ပတ်စ်ပို့သည် သက်တမ်းတိုးနိုင်ငံ တိုးချဲ့လိုတိုင်း မြန်မာနိုင်ငံ ပြည်ထဲရေးနှင့် သာသနာရေးဌာန ပတ်စ်ပို့ဌာနတွင် အမိန့်ခံရသဖြင့် ကြန့်ကြာပါသည်၊ ခက်ခဲပါသည်၊ ထို့ကြောင့် ဘုန်းကြီးအား ဗုဒ္ဓသာသနာ ပြုရာတွင် လုပ်ငန်း လွယ်ကူချောမောရန်အတွက် အနည်းဆုံးသက်တမ်း ၂-နှစ် တိုးပေးပါရန် မေတ္တာရပ်ခံပါသည်ဟု သီးသန့် မေတ္တာရပ်ခံစာ ရေးပေးလိုက်၏၊ တိုးချဲ့လိုသောနိုင်ငံများမှာ ၁။ အမေရိကန်၊ ၂။ ကနေဒါ၊ ၃။ နယ်သာလန်၊ ၄။ စင်ကာပူ၊ ၅။ မလေးရှားတို့ ဖြစ်ပါသည်ဟုလည်း ဖြည့်စွက်ပါသည်။

## ၂-ပေါင်ပေးက ၄-ပုံရ၏

"ဆရာတော်ရေ၊ ဓာတ်ပုံ၂-ပုံ လိုသေးတယ်ဘုရား၊ ယခုမပါရင် ကျောင်း

ရောက်မှ စာတိုက်မှ ပို့လိုက်လို့လဲ ရပါတယ် ဘုရား”ဟု ဦးကျော်ဆွေတင့်က လျှောက်ထား၏။

“သေချာအောင် တစ်ခါတည်း ပေးခဲ့ချင်တယ်၊ ဒီမြို့ထဲမှာ တာတ်ပုံရိုက်လို့ မရဘူးလား”ဟု ဘုန်းကြီးက မေးမြန်း၏။

“ရပါတယ်ဘုရား၊ ဂရင်းပတ်ခ်ဘူတာရုံထဲတွင် စက်တွင်း၂–ပေါင် ထည့်ပေးလိုက်ရုံနဲ့ ၅–မိနစ်အတွင်း ဓာတ်ပုံ၄–ပုံ ရနိုင်ပါတယ်”ဟု ဦးကျော်ဆွေတင့်က ရှင်းပြ၏။

ထို့နောက် ဘုန်းကြီးက ဦးခင်မောင်ကြီးအား ခေါ်၍ ဓာတ်ပုံသွားရိုက်ကြ၏၊ ဦးခင်မောင်ကြီးက “ဒီနားက ဟိုက်ပတ်ခ် စတေရှင်တွင် ရိုက်လို့ရတယ်”ဟု ဆိုသဖြင့် သူခေါ်ရာတွင် လိုက်သွားရ၏။

ထိုမြေအောက်ဘူတာရုံတွင်း လူတစ်ယောက် မတ်တတ်ရပ်နိုင်ရုံ အခန်းကလေးထဲ ဝင်၍ ထိုင်ခုံတွင် ထိုင်ရ၏၊ ဦးခင်မောင်ကြီးက စက်တွင်းငွေ ၂–ပေါင်ထည့်ပြီး လိုက်ကာကို ပိတ်လိုက်၏၊ မကြာမီ မီး ၄–ကြိမ် ပွင့်လာ၏၊ အပြင်ထွက်၍ စောင့်နေရာ ၅–မိနစ်အကြာတွင် ထိုနံရံအပေါက်အတွင်းမှ ဓာတ်ပုံ ၄–ပုံ ထွက်လာပါ၏။

## ကိတ်မုန့်ဒါန

ဘုန်းကြီးသည် ဓာတ်ပုံများကိုယူ၍ သံရုံးသို့ သွားပေးခဲ့ပါသည်၊ ဦးခင်မောင်ကြီးက ဘုန်းကြီးအား မြို့လယ်ရှိ တရက်တန်းဈေးကို လိုက်ပြသေး၏၊ ကိတ်မုန့်စားချင်သည်ဟု ဆို၍ ဝယ်စားခွင့်ပြုလိုက်၏၊ ဘုန်းကြီးသည် ထို့နောက် ဦးခင်မောင်ကြီးနှင့်အတူ မြို့တွင်းမှ ပြန်လာခဲ့ရာ ညနေ၄–နာရီ၌ ကျောင်းပြန်ရောက်၏။

နိုင်ငံခြား၌ အင်္ဂလိပ်စာလဲ မတတ်၊ ကပ္ပိယလဲ မရှိဘဲ ဗုဒ္ဓဘာသာ ရဟန်းတစ်ပါးသည် နေထိုင် သာသနာပြုရန် မလွယ်ပါတကား။

## လန်ဒန်တွင် မှန်မြတ်သော ကြိုးပမ်းချက်နှင့် အပ္ပမာဒ အယနေနည်းတရားတော်

ဤနေ့ကား ၁၃၅၃–ခု၊ တပို့တွဲလပြည့်ကျော် ၇–ရက်၊(၂၅–၂–၉၂) အင်္ဂါ

နေ့ဖြစ်၏၊ လန်ဒန်၌ ဆောင်းရက်ကုန်ခါနီး၍ နေရောင်တစ်လှည့်၊ နှင်းတစ်လှည့် ဖြစ်နေ၏၊ လေကလည်း တိုက်နေသဖြင့် အအေးဖက်က ပိုပါသည်။

## သာသနာရေးရာနှင့် သစ္စာမေတ္တာ

ဘုန်းကြီးသည် နံနက်နှင့်ညနေပိုင်းတွင် မေတ္တာကမ္မဋ္ဌာန်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းများကို စီးဖြန်းနှလုံးသွင်းလျက် လမ်းလျှောက်ထွက်ပါသည်၊ နေ့ပိုင်း အင်္ဂလိပ်စာ အဘိဓာန်တိုက်ခြင်း စာရေးခြင်းများကို ပြုလုပ်ပါ၏။

ဘုန်းကြီးသည် ၂၆-၂-၉၂၊ ဗုဒ္ဓဟူးနေ့၌လည်း ဂုဏ်တော်နှင့် မေတ္တာပွားလျက် လမ်းလျှောက်ထွက်ပါ၏၊ စာရေး၊ စာကျက်ပါ၏၊ အချိန်ရှိခိုက်လုံ့လစိုက် အမည်ရှိ တရားတော်စာမူကို အချောကိုင်၍ လက်နှိပ်စက်ရိုက်ပါ၏။

ဘုန်းကြီးသည် ၂၇-၂-၉၂၊ ကြာသပတေးနေ့၌ အမေရိကန်ရောက်ဦးလှကြိုင်ထံမှ စာလာပါ၏၊ အမေရိကန်ချီကာဂိုမြို့တွင် မဟာစည် ဓမ္မဒူတဆရာတော်များ၏ သတိပဋ္ဌာန် ဝိပဿနာတရားဟော၊ တရားပြသတော်မူကြမည် ဖြစ်ကြောင်း ကြေညာချက် နယူးစ်လက်တာလည်း ပါလာ၍ ဖတ်ရှုရ၏။

ဘုန်းကြီးသည် ကင်းစဘယ်ရီသီဟိုဠ်ကျောင်းသို့ သွား၍ ရဟန်းအချင်းချင်း အင်္ဂလိပ်စကားပြောလေ့ကျင့်ပါ၏၊ မြန်မာနိုင်ငံ မဟာစည်သာသနာ့ရိပ်သာသို့ တရားအားထုတ်သွားလို၍ ဘုန်းကြီးက ဆပ္ပန်စာပေးထားသော သီဟိုဠ်သားရဟန်းတော် အရှင်သောရဋ္ဌက ဘုန်းကြီးအား အင်္ဂလိပ်ဖတ်စာအုပ်တစ်အုပ်ကို လက်ဆောင်ပေးပါ၏၊ "သိုင်းကျူးဘဲရီးမတ်ချ် မေယူဘီအတိန်း နိဗ္ဗာန အများကြီး ကျေးဇူးတင်ပါတယ်၊ သင် နိဗ္ဗာန်ရောက်ပါစေ" ဟု အင်္ဂလိပ်လိုရော၊ မြန်မာလိုပါ ဘုန်းကြီးက ပြောပါသည်၊ ထိုအခါ ဘုန်းကြီးသူငယ်ချင်း သီဟိုဠ်ရဟန်းများက "ဟဲလို-ယူကင်စပိ အင်္ဂလိပ်ရှ် သင် အင်္ဂလိပ်လို ပြောနိုင်ပြီ" ဟု ဝမ်းသာအားရ အားပေးကြပါ၏။

၁၈-၂-၉၂သောကြာနေ့၌ ဘုန်းကြီးသည် ဒေါ်အုန်းမြင့်အေးအိမ်၌ ဆွမ်းဘုဉ်းပေးရ၏၊ ဒေါ်အုန်းမြင့်အေးမှာ ဆေးရုံ၌ပင် ရှိသေးသည်၊ သို့သော် သူသည် လှုပ်ရှားနိုင် စကားပြောနိုင်ပြီတဲ့၊ ဘုန်းကြီးတို့ ရွတ်ဖတ် ပို့သသော မေတ္တာသုတ်၊ ဗောဇ္ဈင်္ဂသုတ်ပရိတ်များနှင့် သစ္စာပြုမှုများသည် ထိရောက်သည်ကို ဆိုလိုပါသည်၊ ဘုန်းကြီးသည် ထပ်မံ၍ သစ္စာပြု၊ မေတ္တာပို့ခဲ့ပါသည်။

## မှန်မြတ်သောကြိုးပမ်းချက်

ယနေ့ပင်မြန်မာနိုင်ငံ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ နုဂ္ဂဟ **အဖွဲ့ချုပ်** အတွင်းရေးမှူးဦးတိုက်စိုးထံမှ ဖုန်းလာပြန်၏၊ "တပည့်တော်တိုက်စိုးပါဘုရား၊ ရှိသေစွာ လျှောက်ထားပါရစေ၊ ယခု နိုင်ငံတော်အစိုးရ၏ နောက်ထပ်ထုတ်ပြန်သော ဥပဒေအရ၊ မြန်မာနိုင်ငံမှ ရဟန်းရှင်လူများကို ပင့်ဖိတ်လိုပါက ပင့်ဖိတ်ရာ နိုင်ငံရှိ မြန်မာသံရုံး၏ ထောက်ခံချက်ကို ယူ၍ ပင့်ဖိတ်ရပါမည်တဲ့ဘုရား၊ ဒါကြောင့် မဟာစည် ဓမ္မဒူတအဖွဲ့၏ပင့်စာကို လန်ဒန်မြန်မာသံရုံး၏ ထောက်ခံချက်ကိုပါ ရယူ၍ ထပ်မံပင့်စာပို့ပါရန် ဆရာတော်ဘုရား၏ ကျောင်းဂေါပကလူကြီးများအား မိန့်ကြားပေးတော်မူပါဘုရား"လို့ လျှောက်ထားပါသည်။

"ကောင်းပါပြီ၊ ဒကာကြီး၊ ဘုန်းကြီးလဲ ပြောပြပါမည်၊ ဒီမှာ အဲဒီကိစ္စကို လက်တွေ့တာဝန်ယူဆောင်ရွက်နေသော ဦးစိန်ထွန်းအောင်အားလည်း တိုက်ရိုက်ဖုန်းဆက်ပါဦး၊ အမျိုးမျိုး ပြောင်းလဲ၍ ညွှန်ကြားတောင်းခံရတာ အားနာဖွယ်ကောင်းနေပါပြီ၊ ဤကိစ္စကို တရားဝင် တာဝန်ယူဆောင်ရွက်နေသော အမေရိကန်ရောက် **ဒကာကြီး** ဦးလှကြိုင်ထံကိုလဲ ဖုန်းဆက်၍ သူတို့ချင်း တိုက်ရိုက်ပြောပါစေဦး၊ **ဘုန်းကြီး**ကတော့ ကုမ္ပဏီနှစ်ခုကြားတွင် အငှားလိုက်သော **ရှယ်**ရှင်မင်းသားလိုဖြစ်**နေ**ပြီ၊ ကိုယ်ပိုင်သော တရားဟော–တရားပြကိုသာ ဂွင်ကျအောင် ဟောပြောပြသနိုင်ပါသည်၊ မေတ္တာပွား၍ အားပေးတိုက်တွန်းရုံသာ စွမ်းနိုင်ပါသည်၊ တရားဝင်ကိစ္စများကို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်နှင့် လန်ဒန်မြန်မာ

ကျောင်း ဗုဒ္ဓဘာသာဂေါပကအဖွဲ့တို့က ဆောင်ရွက်မှသာ ပြီးပြတ်ပါသည်”ဟု ရှင်းလင်းပြောကြားရ၏။

“မှန်ပါဘုရား၊ တပည့်တော် သဘောပေါက်ပါပြီ ဘုရား၊ တပည့်တော် ဆက်လက်ဆောင်ရွက်ပါမည်ဘုရား၊ တပည့်တော်များ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်တစ်ဖွဲ့လုံးကိုယ်စား ဘုရားတပည့်တော်က ဆရာတော်အား ကန်တော့ လိုက်ပါသည် ဘုရား” ဟု ဒကာကြီးဦးတိုက်စိုးက လျှောက်ထား၍ ဖုန်းချ သွားပါသည်။

၂၉–၂–၉၂စနေနေ့၌ ဘုန်းကြီးသည် ရန်ကုန်မြို့မှလာသော ဖုန်းသတင်းအရ ဆောင်ရွက်ရန်လိုသော သာသနာရေးကိစ္စများကို အမေရိကန်ရောက် ဦးလှကြိုင် ထံ စာရေးလိုက်ပါသည်။

ဗုဒ္ဓသာသနာ ကမ္ဘာဖြန့်မည့် မဟာစည် ဓမ္မဒူတကိစ္စသည် ကြီးမားလှ၏၊ ကမ္ဘာသူကမ္ဘာသားအများ စိတ်ချမ်းသာရေး၊ သတိပဋ္ဌာန် ဝိပဿနာတရား ဖြန့်ဝေပေးရန် ရည်သန်ကြိုးပမ်းချက်သည် အတုမရှိ မွန်မြတ်သော လုပ်ငန်း ဖြစ်ပါ၏၊ မှန်၏၊ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို နာကြား ကျင့်ပွား သူများသည် ၁။ စိတ်ညစ်ကိလေသာကင်းခြင်း၊ ၂။ စိုးရိမ်သောက ကင်းခြင်း၊၊ ၃။ ငိုကြွေးမှု ပရိဒေဝကင်းခြင်း၊ ၄။ ကိုယ်ဆင်းရဲ ဒုက္ခကင်းခြင်း၊ ၅။ စိတ် ဆင်းရဲဒေါမနဿ ကင်းခြင်း၊ ၆။ အရိယ မဂ်ဉာဏ်ကိုရခြင်း၊ ၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း–အကျိုးခုနစ်မျိုးကို ရနိုင်ကြသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူသည် မဟုတ်လော။

## အပ္ပမာဒ ဘဝနေနည်း တရားတော်

ဘုန်းကြီးသည် ဤနေ့နံနက် ၁၁–နာရီ၌ အမိဒေါ်မြနုစ်အား အမှူးထား၍ ဒေါက်တာအေးနိုင်+ဒေါ်သန်းသန်းချို မိသားစုများက ဆက်ကပ်သော ဆွမ်းကို ဘုဉ်းပေးရ၏၊ သူတို့မိသားစုနှင့်တကွ ဆွမ်းကျွေးပွဲသို့လာကြသော မောင် အောင်ချမ်း+မကြည်၊ သားမောင်ထွန်းထွန်း၊ သမီးမတင်တင်တို့ကပါ နဝကမ္မကို လှူကြ၏၊ ဘုန်းကြီးက“ဗုဒ္ဓနည်းကျဘဝနေနည်း၊ အပ္ပမာဒတရား”ကို ဟော ပါသည်။

## ဘဝနေနည်း အပ္ပမာဒ တရားဆောင်ပုဒ်

၁။ မမေ့မသေ၊ မေ့သူသေ၊ နှစ်ထွေ မြတ်မိန့်ကြား။
၂။ မမေ့နိဗ္ဗာန်၊ မေ့သုသာန်၊ နှစ်တန်ကြိုက်ရာသွား။
၃။ သုံးပါးရတနာ၊ အားကိုးရာ၊ မှတ်ပါသတိထား။
၄။ လောဘ ဒေါသ၊ မိုက်မောဟ၊ ရှောင်ကြ ရန်သူများ။
၅။ ဒါန သီလာ၊ ဘာဝနာ၊ ပေါင်းပါ မိတ်ကောင်းများ။
၆။ အနိစ္စ ဒုက္ခ၊ အနတ္တ၊ လက်ရ ပိုင်အောင်ပွား။
၇။ အပ္ပမာဒ၊ ကျင့်သုံးက၊ မုချ–ကောင်းကျိုးများ။

## ဘုရားဂုဏ်တော် ၉–ပါးဆောင်ပုဒ်

၁။ ကိလေကင်းပြန်၊ ပူဇော်ခံ၊ အရဟံ ဂုဏ်တစ်ပါး။
၂။ သစ္စာ ၄–ဖြာ၊ ကိုယ်တိုင်သာ၊ သိတာ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တစ်ပါး။
၃။ အကျင့်ရော အသိပါ၊ ပြည့်စုံတာ၊ ဝိဇ္ဇာစရဏ ဂုဏ်တစ်ပါး။
၄။ ကျိုးရှိ ဟုတ်မှန်၊ သူနာခံ၊ မိန့်သံ သုဂတ ဂုဏ်တစ်ပါး။
၅။ လောကသုံးပါး၊ ကုန်သိငြား၊ ဘုရားလောကဝိဒူ ဂုဏ်တစ်ပါး။
၆။ ဆုံးမကောင်းသော၊ မြတ်ရှင်ဓော၊အနုတ္တရောပုရိသ ဓမ္မသာရထိဂုဏ်
တစ်ပါး။
၇။ လူနတ်ဗြဟ္မာ၊ မြတ်ဆရာ၊ သတ္ထာဒေဝ မနုဿာနံ ဂုဏ်တစ်ပါး။
၈။ သိစရာမှန်သမျှ၊ ကုန်သိရ၊ ဗုဒ္ဓဂုဏ်တစ်ပါး။
၉။ ဘုန်းတော်ခြောက်ဖြာ၊ ပြည့်စုံတာ၊ ဘဂဝါ ဂုဏ်တစ်ပါး။

## တရားဂုဏ်တော် ၆–ပါး

၁။ ကိုယ်သိပြီးမှ၊ ကောင်းဟောပြ၊ သွာက္ခာတ ဂုဏ်တစ်ပါး။
၂။ ကိုယ်တိုင်ကျင့်မှ၊ ကိုယ်သိရ၊ သန္ဒိဋ္ဌိကဂုဏ်တစ်ပါး။
၃။ ယခုကျင့်က၊ ခုသိရ၊ အကာလိက ဂုဏ်တစ်ပါး။
၄။ လာကျင့်ဖေါ်ညို၊ ချမ်းသာရှိ၊ ဧဟိပဿိက ဂုဏ်တစ်ပါး။
၅။ အရေးကြီးလှ၊ ပိုင်ကျင့်ကြ၊ ဩပနေယျိက ဂုဏ်တစ်ပါး။

၆၊ တရားမြင်သိ၊ ပညာရှိသာ၊ ကိုယ်သိစမ့်၊ ချမ်းသာစံ၊ ပစ္စတ္တံဝေဒိ တဗ္ဗောဝိညူဟိ ဂုဏ်တစ်ပါး။

## သံဃဂုဏ်တော် ၉-ပါး

၁။ ကောင်းစွာကျင့်ကြား၊ ဘုရားသား၊ တစ်ပါး သုပ္ပဋိပန္န ဂုဏ်တစ်ပါး။
၂။ ဖြောင့်စွာကျင့်ကြား၊ ဘုရားသား၊ တစ်ပါး ဥဇုပ္ပဋိပန္နဂုဏ်တစ်ပါး။
၃။ ငြိမ်းရန်ကျင့်ကြား၊ ဘုရားသား၊ တစ်ပါး ဉာယပ္ပဋိပန္န ဂုဏ်တစ်ပါး။
၄။ လျော်စွာကျင့်ကြား၊ ဘုရားသား၊ တစ်ပါး သာမိစိပ္ပဋိပန္န ဂုဏ်တစ်ပါး။
၅။ ပေးအလှူများ၊ ခံထိုက်ကြား၊ မြတ်သား အာဟုနေယျ ဂုဏ်တစ်ပါး။
၆။ ကောင်းစွာလှူများ၊ ခံထိုက်ကြား၊ မြတ်သားပါဟုနေယျ ဂုဏ်တစ်ပါး။
၇။ မြတ်အလှူများ၊ခံထိုက်ကြား၊ မြတ်သား ဒက္ခိနေယျ ဂုဏ်တစ်ပါး။
၈။ ရှိခိုးဝတ်တွား၊ ခံထိုက်ကြား၊ မြတ်သားအဉ္ဇလိကရဏီယ ဂုဏ်တစ်ပါး။
၉။ လှူကျိုးကြီးမား၊ ပေးနိုင်ကြား၊ မြတ်သားအနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဂုဏ်။

## ရတနာသုံးပါး ပူဇော်ရကျိုး

၁။ ဘုရားဖက်လေ၊အသက်ရှည်၊ ဘေးတွေကင်းပါသည်။
၂။ တရားဖက်လေ၊ အမျက်ပြေ၊ ပူတွေကင်းပါသည်။
၃။ သံဃာဖက်လေ၊ အခက်ဝေ၊ ထွေထွေချမ်းသာသည်။

## ကပ်ကြီးသုံးပါး ကျော်လွှားပုံ

၁။ လောဘနှိမ်ပေး၊ ငတ်မွတ်ဘေး၊ ကင်းဝေးနိုင်ပါသည်။
၂။ ဒေါသနှိမ်ပေး၊ စစ်မက်ဘေး၊ ကင်းဝေးနိုင်ပါသည်။
၃။ မောဟနှိမ်ပေး၊ ရောဂါဘေး၊ ကင်းဝေးနိုင်ပါသည်။

## လက္ခဏာယာဉ်သုံးပါး ကျင့်ပွားရကျိုး

၁။ အနိစ္စမြင်၊ မြဲအထင်၊ ကင်းစင်ငြိမ်းချမ်းသည်။
၂။ ဒုက္ခသိမြင်၊ သုခထင်၊ ကင်းစင်ငြိမ်းချမ်းသည်။
၃။ အနတ္တမြင်၊အတ္တထင်၊ ကင်းစင်ငြိမ်းချမ်းသည်။

## လန်ဒန်မှာသာသနာရေး ပြောဲတွေးရည်သန်

ဤနေ့ကား ၁၃၅၃–ခု၊တပို့တွဲလပြည့်ကျော်၁၂–ရက်(၁–၃–၉၂) တနင်္ဂနွေ နေ့ဖြစ်၏၊ ဘုန်းကြီးသည် အင်္ဂလိပ်လဆန်း၁–ရက်နေ့တိုင်း ဆောင်ရွက်နေ ကျဖြစ်သော၊ မြန်မာနိုင်ငံညောင်ကန်အေးသို့ ဖုန်းဆက်၏၊ မယ်တော်ကြီးအား ဥပုသ်စောင့်၍တရားနာဝတ်မပျက်ရန် ပြောရ၏၊ ညောင်ကန်အေး၏ သာသနာ ရေးတိုးတက်နေကြောင်း သိရ၍ ဝမ်းသာပါသည်။

### အင်္ဂလန်မှာ မြန်မာမွေးနေ့

နံနက် ၇–နာရီ၌ လန်ဒန်မြို့ရောက် ဒေါ်သန်းသန်းထွန်းက သမီးမို့မို့ မောင်၏ ၁၃–နှစ်ပြည့်မွေးနေ့အတွက် ကျောင်းသို့လာ၍ မြန်မာမုန့်ဟင်းခါးဆွမ်း ဆက်ကပ်ပါသည်။

### မြန်မာ့အမွေထိန်းဆောင်ပုဒ်

| | | |
|---|---|---|
| အနောက်တိုင်းရောက် | – | ဝမ်းမြောက်စရာ၊ |
| မြန်မာမွေးနေ့ | – | ပျော်မွေ့ပုညာ၊ |
| ရတနာသုံးပါး | – | လေးစားလို့သာ၊ |
| မြန်မာတွေး | – | ယဉ်ကျေးမမေ့ပါ။ |

## စနေကျောင်းသူ–သားများ၏ ဗုဒ္ဓ ဓမ္မ ယဉ်ကျေးမှု

နံနက် ၁၁–နာရီအချိန်တွင် သီရိလင်္ကာနိုင်ငံ မိသားစုများက ဤကျောင်း၌ နေ့ဆွမ်းဆက်ကပ်ကြ၏၊ ဤကျောင်းသည် ဗုဒ္ဓဘာသာ မြန်မာကျောင်း ဖြစ်သော်လည်း သီရိလင်္ကာဗုဒ္ဓဘာသာပရိသတ်မှာ ၁၀၀–လောက်တော့ ရှိကြပါ၏၊ ဤကျောင်း၌ ဖွင့်ထားသော စနေနေ့စဉ် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွင် မြန်မာကျောင်းသားသည် ၂–ယောက်ခန့်သာ ရှိ၍ သီရိလင်္ကာကျောင်းသားက ၃၀–ခန့်ရှိသည်။

ဤနေ့ ဆွမ်းဒါနပွဲတွင် သီရိလင်္ကာ စနေ ကျောင်းသူကျောင်းသားများလည်း ပါလာကြ၏၊ သူတို့နှင့်ပါလာသူလူကြီးများကိုပင် သူတို့က ဦးဆောင်၍ ဘုရားရှိခိုးခြင်း၊ ငါးပါးသီလဆောက်တည်ခြင်း၊ ဆီးမီးပန်းရေချမ်း ကပ်လှူခြင်းများကို ပြုလုပ်ကြပုံမှာ အချိုးကျန ကောင်းမွန်လှကုန်၏။

ဘုန်းကြီးတို့သည် ထုံးစံအတိုင်း သီရိလင်္ကာအလှူရှင်များ၏ ဆွမ်းနှင့် ဆွမ်းဟင်းများကို ပန်းကန်ပြားတွင်း တစ်ဇွန်းချင်းထည့်လောင်းလှူသည်ကို ခံယူ၍ ပတ္တပိုဏ်သဘောဖြင့် ဘုဉ်းပေးကြရပါသည်၊ အနုမောဒနာတရားကို အရှင်ပေသလက အင်္ဂလိပ်ဘာသာဖြင့် ဟောကြားပါသည်။

## နိဒါန်းနှင့် အတ္ထုပ္ပတ္တိဘာသာပြန်ရန်

ဘုန်းကြီးသည် ၂–၃–၉၂ နေ့၌ အမေရိကန်ရောက် ဦးလှကြိုင်ထံသို့လည်း စာရေး၏၊ဘုန်းကြီးသည် လန်ဒန်ဦးခင် အင်္ဂလိပ်ဘာသာပြန်ပေးသော ‘အချိန်ရှိခိုက် လုံ့လစိုက်’တရားနှင့် မြန်မာနိုင်ငံဦးအေးမောင် အင်္ဂလိပ်ဘာသာပြန်ပေးသော ‘မဟာစည်ဝိပဿနာအခြေခံတရား’ စာမူ ၂–ခုပေါင်း၍ စာတစ်အုပ်ပြုလုပ်ကာ ဓမ္မဒါနပြုလုပ်ရန် စီစဉ်၏၊ ထိုစာအုပ်တွင် နိဒါန်းရေး၍ ဦးလှကြိုင်အား အင်္ဂလိပ်ဘာသာပြန်ပေးရန် စာရေးရပါသည်။

ထို့ပြင် နိုင်ငံခြားသာသနာပြုရာတွင် လိုအပ်သောအခါ အသုံးပြုနိုင်ရန် အတွက် ဘုန်းကြီး၏အတ္ထုပ္ပတ္တိကိုလည်း အင်္ဂလိပ်ဘာသာပြန်ပေးရန် ပို့ပေးလိုက်ပါသည်။

ဘုန်းကြီးသည် ဤနေ့၌ မြန်မာနိုင်ငံ ညောင်ကန်အေးရိပ်သာမောင်တင်ထွန်းထံမှ ပို့လိုက်သော မဟာစည်ဩဝါဒခံ ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့

စည်းမျဉ်းဥပဒေ ပုံနှိပ်ပြီးကြောင်းစာနှင့် နမူနာစာအုပ်များကိုပါ ရရှိပါ၏၊ လိုအပ်သောအခါနမူနာယူ၍ ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ရန် ဤကျောင်း၏ ဩဝါဒါစရိယဆရာတော်နှင့် ဂေါပကလူကြီးများအား ၁-အုပ်စီ ဒါနပြုလိုက်ပါသည်။

ဘုန်းကြီးသည် ဤနေ့ကျောင်းတက် စာကျက်၏၊ ကျောင်းဆရာက ဝါကျဆက်နည်းများကို သင်ပေးပါသည်၊ဘုန်းကြီးသည် အမေရိကန် ဝါရှင်တန်ရှိ လာအိုကျောင်း၌ နေသော အရှင်နန္ဒာစရိယထံမှ စာကိုလည်း ရရှိ၏၊ သူ့စာတွင် အမေရိကန်ရောက်လာပါက ကျောင်းကိုလည်း ဝင်ရောက် ချီးမြှောက်ပါရန် ဖိတ်မံချက်ကိုလည်း တွေ့ရ၏၊ ထို့ကြောင့် ဘုန်းကြီးက အကြောင်းညီညွတ်၍ ကြွလာပါက ဝင်ရောက်ပါမည်ဟု စာပြန်လိုက်၏။

ဆောင်းနှောင်းနွေဦး စပ်ကူးမပ်ကူးဖြစ်၍ ထင်၏၊ ကျောင်း၏ ရှေ့မျက်နှာစာရှိ ချယ်ရီပင်၌ ပန်းနုရောင်ချယ်ရီပန်းတို့ ပွင့်လန်းလာကုန်၏၊ ကျောင်း၏ မြောက်ဖက်ခြံရှိ ချယ်ရီပန်းပင်ကလည်း ပန်းနုရောင်များ ပွင့်လန်းကုန်၏၊ယနေ့၌ ထူးထူးခြားခြား မိုးများရွာသွန်းကုန်၏။ အေးလှ၏။

၃-၃-၉၂ အင်္ဂါနေ့၌ ဘုန်းကြီးသည် ရန်ကုန် ညောင်ကန်အေးရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးစံလှထံသို့လည်း သာသနာရေးရာစာ ပေးပါ၏၊ ယနေ့ နယူးမော်ဒန်ရှိ ဒေါက်တာခင်ညိုလာ၏၊ ဓမ္မဒါနပြုရန် စာမူများကို မိတ္တူကူးဖို့ ယူသွားပါသည်။

## ပင့်စာထောက်ခံချက်ခရီး

ယနေ့ညနေပိုင်းတွင် အမှုဆောင်ဒကာကြီး ဦးစိန်ထွန်းအောင်ထံမှ ဖုန်းလာ၏၊ "မင်္ဂလာပါ ဆရာတော်ဘုရား၊ ရန်ကုန်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဦးတိုက်စိုးထံမှ တယ်လီဖုန်း သတင်းရပါတယ်ဘုရား၊ မြန်မာနိုင်ငံ-နိုင်ငံတော်အစိုးရမှ နောက်ထပ်ထုတ်ပြန်သော ဥပဒေအရ မဟာစည် ဓမ္မဒူတ ပင့်စာကို လန်ဒန်မြန်မာသံရုံး၏ ထောက်ခံချက်ကို မုချယူခဲ့ရပါမည်တဲ့ဘုရား၊ တပည့်တော်ရှိသေစွာ လျှောက်ထားပါသည်ဘုရား၊ တပည့်တော်များနှင့် မြန်မာသံရုံးသည် ရင်းနှီးမှု မရှိလှပါဘုရား၊ မဟာစည်ရိပ်သာ၌ တရားအားထုတ်ဖူးသော သံရုံးရှိ ဆရာတော်များ၏ တပည့်များထံတွင် အကျိုးအကြောင်း ပြောပြ၍ လိုအပ်သော

ထောက်ခံချက်ကို ကိုယ်တိုင်ကြွရောက် ချီးမြှောက် ဆောင်ရွက်ပေးရန် လိုပါသည်ဘုရား”ဟု လျှောက်ထားပါသည်။

“ဘုန်းကြီးတို့ မဟာစည်ပဋိပတ္တိသာသနာပြုကိစ္စပဲ၊ ကြွရမှာပ ဒကာကြီး” ဟု ပြောလိုက်ရ၏၊ ကိုယ်ဖော်သောဆေး ကိုယ်စားဆိုဘိသို့ ကိုယ့်သာသနာရေးကိစ္စကို ကိုယ်တိုင်ပင် အပင်ပန်းခံ ဆောင်ရွက်ရပေတော့မည်။

လမ်းပြကပ္ပိယအတွက်လည်း ကိတ်မုန့်တစ်လုံး ဒါနပြု၍ ဦးခင်မောင်ကြီးကိုပင် ချော့မော့သည်းခံလျက် ဆောင်ရွက်ရပေဦးမည်၊ ၄-၂-၉၂ ဗုဒ္ဓဟူးနေ့၌ ဘုန်းကြီးသည် ဦးခင်မောင်ကြီးနှင့်အတူ မြန်မာသံရုံးကို ဒုတိယအကြိမ် သွားရပြန်ပါသည်။

“ဆရာတော်တို့ဂေါပကအဖွဲ့၏ မဟာစည်ဓမ္မဒူတအဖွဲ့ ပင့်စာက မြန်မာနိုင်ငံ နိုင်ငံခြားရေးဌာနကို လိပ်မူထားတာကိုး၊ အဲဒီကို ပို့ပြီးနေပြီလား၊ တပည့်တော်တို့ လန်ဒန်မြန်မာသံရုံးက ထောက်ခံရမည်ဆိုပါက၊ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကို လိပ်မူရေးရပါမည်ဘုရား၊ ပင့်စာလက်မှတ်ရေးထိုးသူကလည်း မြန်မာပတ်စ်ပို့ကိုင်ဆောင်သူဖြစ် ဖြစ်ရပါမည်ဘုရား” ဟု သံရုံးတာဝန်ခံများက ဘုန်းကြီးအား လျှောက်ထားကြပါသည်။

ထို့ကြောင့် ဘုန်းကြီးသည် မြန်မာသံရုံးမှ ပြန်ခဲ့ရ၏၊ အပြန်တွင် ထုံးစံအတိုင်း ဦးခင်မောင်ကြီးအား ကိတ်မုန့်တစ်လုံးဝယ်စားရန် ဒါနပြုရပါသည်၊ ကျောင်းရောက်သော် ဘုန်းကြီးက ဒကာကြီးဦးစိန်ထွန်းအောင်အား ပြောပြသင့်သည်တို့ကို ပြောပြပါသည်၊ ဦးစိန်ထွန်းအောင်က ချက်ချင်းပင် မဟာစည်ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကို လိပ်မူရေး၍ လျှောက်လွှာကို ပြန်ရေးပေးပါသည်။

## ကျေးဇူးတင်စရာပင်

၅-၃-၉၂ ကြာသပတေးနေ့၌ ဘုန်းကြီးသည် ဦးခင်မောင်ကြီးနှင့်အတူ မြန်မာသံရုံးကို တတိယအကြိမ် သွားရပြန်ပါ၏၊ “ဆရာတော်ရေ၊ ဆရာတော်တို့ ဂေါပကအဖွဲ့က ကြိုတင်ပြီး ပို့ထားသော ရန်ကုန် နိုင်ငံခြားရေးဌာနလိပ်မူတဲ့ပင့်စာက အရင်ရောက်သွားပြီး ဒီနေ့နံနက်ပဲ တပည့်တော်တို့လန်ဒန်သံရုံးကို အဲဒီပင့်စာနှင့် ပတ်သက်ပြီး သတင်းပို့ အစီရင်ခံရန် အထက်က

တောင်းဆိုနေပြီ၊ ဒါကြောင့် ယခု ဆရာတော်ယူလာတဲ့ ပင့်စာကို ထောက်ခံရန် မလိုတော့ဘူး၊ ရန်ကုန်ကို တိုက်ရိုက်အစီရင်ခံရတော့မယ်၊ ဆရာတော်တို့ကိစ္စက သာသနာရေးကိစ္စပဲ၊ တပည့်တော်တို့ အဆင်ပြေအောင် အစီရင်ခံလိုက်ပါမည် ဘုရား၊ ဆရာတော်တို့ပင့်စာနှင့် ပတ်သက်ပြီး အထက်က ဆုံးဖြတ်ချက်ကိုသာ စောင့်ယူရုံပါပဲဘုရား၊ ပိုမြန်စရာ ရှိပါတယ် ဘုရား”ဟု တာဝန်ရှိသူများက လျှောက်ထားလိုက်ပါသည်၊ ဩော်–သူတို့ကလည်း ဥပဒေဘောင်အတွင်းက ဗုဒ္ဓသာသနာတော်အတွက် ကူညီနိုင်သမျှ ကူညီဆောင်ရွက်နေကြပါတကား၊ ကျေးဇူးတင်စရာပင်။

ထို့ကြောင့် ဘုန်းကြီးသည် ဒကာခင်မောင်ကြီးအား ကိတ်မုန့်တစ်လုံး ဒါနပြု၍ ပြန်ခဲ့ပါ၏။

## သာသနာရေးမေတ္တာစာ

၆–၃–၉၂ သောကြာနေ့၌ ဘုန်းကြီးသည် ရန်ကုန်ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးတိုက်စိုးနှင့် အမေရိကန်ရောက် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌဦးလှကြိုင်ထံသို့ အကျိုးအကြောင်း စာရေးရပါ၏။

လန်ဒန်မှပင့်သော မဟာစည်ဓမ္မဒူတအဖွဲ့ ပင့်စာသည် အဆင့်ကျော်သွားပုံ ရ၏၊ လန်ဒန်မြန်မာသံရုံးမှ ထောက်ခံချက် မရပါ၊ ရန်ကုန်နိုင်ငံခြားရေးဌာန သို့ တိုက်ရိုက်အစီရင်ခံပေးပါမည်ဟု သိရပါသည်၊ သက်ဆိုင်ရာသို့ ဤကိစ္စ သည် မဟာစည်ပဋိပတ္တိသာသနာပြုကိစ္စဖြစ်၍ အချိန်မီ ပတ်စ်ပို့ ချပေးပါရန် မေတ္တာရပ်ခံစာကို ပြည့်စုံစွာရေး၍ ထိထိရောက်ရောက် ကိုယ်တိုင် လိုက်ပါ ဆောင်ရွက်ကြပါဟု စာရေးရပေသည်။

## ကြိုးစား ငါ–သည်းခံ

ငါ့တွက်ဆိုက – ဤမျှကြိမ်ဖန်၊
ကိုယ်စိတ်ဆင်းရဲ – ထူးကဲမခံ၊
သာသနာရေး – မြော်တွေးရည်သန်၊
စိတ်ရှည်ထား – ကြိုးစား ငါသည်းခံ။

## အားလုံး ချမ်းသာကြပါစေ

၇-၃-၉၂၊ စနေနေ့၌ နေပူလိုက်၊ မိုးရွာလိုက် ဖြစ်နေ၏၊ ဘုန်းကြီးသည် ညောင်ကန်ရွာဆွေမျိုးများထံ စာထည့်၏၊ ယနေ့ ဒေါ်လီစိန်လှိုင်က အလှည့်ကျ နိဗ္ဗဝတ် ဆွမ်းလာဆက်ကပ်၏၊ နယူးမော်ဒန်မြို့နယ်၌ နေသော ဒေါက်တာ ခင်ညို+ ဒေါက်တာမိမိစိန်တို့က လက်နှိပ်စက်သုံးရန် မင်ကြိုးနှင့် ကင်မရာသုံးရန် ဓာတ်ခဲများကို လှူကြပါ၏၊ အားလုံးချမ်းသာကြပါစေ။

၈-၃-၉၂၊ တနင်္ဂနွေနေ့၌ အင်္ဂလန်နိုင်ငံ အောက်စဖို့မြို့၌ ပညာလာသင်ကြားနေသော ဒေါက်တာနွဲ့နွဲ့ဝင်းက မြန်မာပြည်၌ နေခဲ့သော သူ့သားမောင်နေလင်းအောင် မွေးနေ့အတွက် ဆွမ်းဆက်ကပ်ကြ၏။

## သုခစုံရမည်

ဝေးမြေရပ်ခြား - တိုင်းတစ်ပါးဝယ်၊
သားသမုဒယနဲ့ - ကုသလပြုတယ်၊
ရတနာသုံးပါး - အားထားယုံတယ်၊
ဘေးကင်းပ - သုခစုံရမယ်။

## လန်ဒန်တွင် ဟောကြားသော မိဘကျေးဇူးဆပ် တရားတော်

နေ့ကား ၁၃၅၃–ခု၊ တပေါင်းလဆန်း ၆–ရက် (၉–၃–၉၂) တနင်္လာနေ့ဖြစ်၏၊ ဘုန်းကြီးသည် လန်ဒန်မြို့၊ မိုင်ဒါဘေးနယ်၊ ဦးအောင်ရဲမြင့်+ ဒေါ်မြမြအေးမိသားစုတို့အိမ်၌ ဆွမ်းဘုဉ်းပေးရ၏၊ ဆွမ်းဒါနမှာ လွန်ခဲ့သော ၄–နှစ်က ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်သူ ဒေါ်မြမြအေး၏မိခင်ကြီး ဒေါ်တင်တင်အား ရည်စူး၍ ဆက်ကပ်လှူဒါန်းသော ဆွမ်းဒါနဖြစ်၏။

ထိုဆွမ်းဒါနပွဲတွင် လန်ဒန်၌ဖြစ်သော မြန်မာဆွမ်းနှင့်ဟင်းများမှာ စုံလင်ပါကုန်၏၊ ကြက်သား၊ ဆိတ်သား၊ ငါးဟင်းများလည်း ပါကုန်၏၊ ခရမ်းသီးနှပ်၊ ပဲနှပ်၊ ချဉ်ပေါင်ချဉ်ရည်၊ ကင်းပုံသီးချက်၊ ငပိရည်တို့စရာအစုံ၊ ငံပြာရည်ကြော်၊ အစိမ်းကြော် စသည်ဖြင့် စုံလင်လှပါကုန်၏။

ရေခဲမုန့်၊ ကော်ဖီ၊ လက်ဖက်ရည်နှင့် မုန့်မျိုးစုံတို့ကိုလည်း ဆက်ကပ်ကုန်၏၊ လှူသူများက စေတနာကောင်းလှသဖြင့် တစ်ပါးတည်း မနားဘဲပင် အားခဲ၍ မေတ္တာပွားလျက် ဘုဉ်းပေးရပါ၏။

ဖျားပေးဆွမ်းကစ္စပြီးသော် သီလပေးပြီးနောက် ဦးအောင်ရဲမြင့်+ ဒေါ်မြမြအေးတို့က မျက်နှာသုတ်ပဝါ၊ စားပွဲတင်နာရီ၊ ဆပ်ပြာ၊ သွားတိုက်ဆေးစသည်များကိုလည်း ဆက်ကပ်ကြ၏၊ နဝကမ္မကိုလည်း လှူဒါန်းကြောင်း လျှောက်ထားပါ၏၊ သားဖြစ်သူ မောင်မောင်ကလည်း ခါးပိုက်ဆောင် အသံဖမ်းစက်ကို ဆက်ကပ်လှူဒါန်းပါ၏။

ထိုဆွမ်းဒါနပွဲသို့ လာရောက်ကြသော ဘီဘီစီ ဦးနေဝင်း၊ ဒေါက်တာဝင်းအေးသီတာတို့ကလည်း နဝကမ္မများကို လှူဒါန်းကြောင်း လျှောက်ထားကြ၏၊ မောင်တိုနီက အသွားအပြန် ကားဖြင့် မောင်းပို့လှူဒါန်းပါ၏၊ ထိုဆွမ်းဒါနပွဲ၌ ဘုန်းကြီးက"မိဘကျေးဇူးဆပ် တရားတော်"ကို ဟောကြားပါသည်။

## မိဘကျေးဇူးဆပ် တရားတော်

ဒီနေ့ ကွယ်လွန်သူ မိခင်ဒေါ်တင်တင်အား ရည်စူးပြီး ဆွမ်းစတဲ့ ဒါနများကို လှူဒါန်းကြတယ်၊ အမျှဝေကြတယ်ဆိုတာ မိဘကျေးဇူးကို ဆပ်တာပါပဲ၊ မိဘများဟာ သားသမီးများကို မမွေးဖွားမီ ပဋိသန္ဓေ တည်နေကတည်းက ကောင်းမွန်ချမ်းသာစွာ ဖွားမြင်လာရန် အနေအထိုင် အစားအသောက် စသည်များကိုပင် အပင်ပန်းခံ ဆင်ခြင်သတိထား စောင့်ရှောက်ခဲ့ကြတယ်၊ ဖွားမြင်ပြီးနောက် ကလေးအရွယ်မှစ၍ ပညာသင်ကြား တတ်မြောက်သည့် အရွယ်ထိအောင် အစစအရာရာ ကြီးပွား ချမ်းသာရန် ပြုစု စောင့်ရှောက်ခဲ့ကြတယ်။

ဒါကြောင့် "ရာသက်လုံးပင်၊ ပခုံးတင်၍ ပြုံးရွှင်အေးမြ လုပ်ကျွေးကလည်း မွေးခမကုန်၊ ကျေးဇူးဂုဏ်နှင့်၊ ပြည့်စုံသောမိဖ"လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်၊ ဒါကြောင့် သားသမီးများဟာ မိဘများအပေါ်တွင် "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"ဆိုတဲ့ ကျင့်ဝတ်တရားငါးပါးနှင့်အညီ ပြုစုဆောင်ရွက်ရမယ်လို့ သိင်္ဂါလောဝါဒသုတ်တွင် ဘုရားရှင်က ဟောတော်မူပါသည်။

မသေခင်မှာ သားသမီးများက မိဘတို့အား တတ်စွမ်းသမျှ ကျွေးမွေးကြရမယ်၊ ပြုစုကြရမယ်၊ မိဘအမွေခံထိုက်အောင် မိဘစကားကို နားထောင်ကြရမယ်၊ မိဘကွယ်လွန်ပြီးနောက် မိဘများ၏ မျိုးနွယ်ဂုဏ်ကို ထိန်းသိမ်း

စောင့်ရှောက်ကြရမယ်လို့ မိန့်ပါတယ်၊ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်ကြွပြီး မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားအား အဘိဓမ္မာတရားများကို တစ်ဝါတွင်းလုံးပင် ဟောတော်မူခဲ့ပါတယ်။

မြတ်ဗုဒ္ဓ၏ လက်ယာတော်ရံ အဂ္ဂသာဝကပညာအရာတွင် ဧတဒဂ်ရတော်မူတဲ့ ရှင်သာရိပုတ္တရာဟာ ပရိနိဗ္ဗာန်စံခါနီးတွင် သူ၏မယ်တော်အား တရားဟောကျေးဇူးဆပ်တော်မူခဲ့ပါတယ်။

ရှင်သာရိပုတ္တရာအမူးရှိတဲ့ ညီအစ်ကိုမောင်နှမခုနစ်ယောက်လုံးပင် မြတ်စွာဘုရားရှင်၏ တပည့် ဘိက္ခု၊ ဘိက္ခုနီများ ဖြစ်ကြတယ်၊ သူတို့အားလုံးပင် တရားကျင့်ပွား အားထုတ်ကြတဲ့အတွက် ကိလေသာကုန်ခမ်း ရဟန္တာဖြစ်ကြတယ်၊ ဒါပေမယ့် မိခင်ကြီးဒေါ်သာရီက ဗုဒ္ဓဘာသာတောင် မဟုတ်ဘူး၊ ဗြဟ္မာကို ကိုးကွယ်တဲ့သူသာ ဖြစ်တယ်၊ ဒါကြောင့် အရှင်သာရိပုတ္တရာက ပရိနိဗ္ဗာန်စံခါနီးတွင် မိခင်ထံသွားပြီး တရားဟော ကျေးဇူး ဆပ်တော်မူတယ်၊ ဒီအခါ မိခင်ကြီးဟာ ဗုဒ္ဓသာသနာကို ကြည်ညို ယုံကြည်ပြီး တရားသိမြင်သဖြင့် အရိယာသောတာပန် ဖြစ်သွားရတယ်။

ဒီသာဓကများကို သိပြီး ဦးအောင်ရဲမြင့်+ဒေါ်မြမြအေးတို့က ဒေါ်မြမြအေး၏ မိခင် ကွယ်လွန်သူ ဒေါ်တင်တင်အား ရည်စူးပြီး ဒီနေ့ မြတ်စွာဘုရားအား အမှူးထားပြီး ဘုန်းကြီးအား ဆွမ်းဆက်ကပ်ကြပြီး လှူဖွယ်ပစ္စည်းများကိုလည်း လှူဒါန်းကြတယ်။

ဒီကုသိုလ်များရဲ့ အဖို့ဘာဂကို အမျှဝေတော့ မိခင်ကြီး ဒေါ်တင်တင်ကလဲ ဖြစ်ရာဘဝက သိမြင် သာခုခေါ်ပြီး ကောင်းကျိုးချမ်းသာတွေကို ရသွားမယ်၊ မိမိတို့မှာလဲ “သေသူပေးက ရှင်သူရ” ဆိုသကဲ့သို့ မိခင်ကြီးကို ရည်စူးပြီး ယခုလိုကုသိုလ်ပြုကြရသောကြောင့် ကုသိုလ်ကောင်းကျိုးများကို ထပ်မံ ရရှိကြတယ်။

သရဏဂုံသီလ ထပ်မံဆောက်တည်ရတဲ့ ကုသိုလ်၊ တရားနာရတဲ့ ကုသိုလ်၊ လှူဒါန်းရတဲ့ ကုသိုလ်တွေကို ယခုထပ်ပြီး ရကြတယ်၊ ဒါတွေဟာလဲ မိခင်ကြီး ဒေါ်တင်တင်က ပေးတဲ့ကုသိုလ်တွေပါပဲ၊ လောကီအမွေကတော့ စောစောကပင် ရပြီးဖြစ်ပါလိမ့်မယ်၊ ဒီနေ့ ပြုကြရတဲ့ဒါန၊သီလ၊ဓမ္မသဝန ကုသိုလ်

စေတနာ အဖြာဖြာတို့ကြောင့် အလှူရှင်မိသားစုနှင့် ကုသိုလ်ပြုဖက် မိတ်ဆွေ သင်္ဂဟတို့သည် ဆင်းရဲငြိမ်းရာနိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက် သိမြင် ရရှိကြပါစေ၊ ဘုရားဖက်၍ အသက်ရှည် ကျန်းမာကြပါစေ၊ တရားဖက်၍ အမျက်ပြေ စိတ်ချမ်းသာကြပါစေ၊ သံဃာဖက်၍ အခက်ဝေကြီးပွား တိုးတက် ကြပါစေ၊သာသနာပြုနိုင်ကြပါစေကုန်သတည်း၊ (သာဓု-သာဓု-သာဓု)၊ ဤသို့ ပင် ဘုန်းကြီးက တရားဟောပါသည်၊ ထို့နောက် ကျောင်းကို ပြန်ခဲ့ပါ၏။

## ဓမ္မဒါနနှင့် သာသနာရေးရာစာများ

၁၂-၃-၉၂၊ ကြာသပတေးနေ့၌ ဘုန်းကြီးအား ဆရာမ ဘာဘာရာက မဟာစည်ဝိပဿနာ အလုပ်ပေးတရားကို လွယ်ကူအောင် ဝါကျအသစ်ဖွဲ့ရေး၍ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးပါသည်၊ ဘုန်းကြီး နားလည်သဘောပေါက် ပါ၏၊ ကျက်မှတ်ရ လွယ်ကူပါ၏။

မြန်မာနိုင်ငံ သာသနာရေးဦးစီးဌာနမှ တောင်းခံသောကြောင့် ညောင်ကန် အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအေးက ဘုန်းကြီး၏ အတ္ထုပ္ပတ္တိကို ရိပ်သာ၌ရှိသော မှတ်တမ်းများမှ ထုတ်နုတ်၍ မူကြမ်းရေးပြီး ဘုန်းကြီးထံ တင်ပြခဲ့၏၊ ဘုန်းကြီးသည် ဤနေ့ပင် ထိုအတ္ထုပ္ပတ္တိကို မူချော တည်းဖြတ်၍ ထိုအတ္ထုပ္ပတ္တိနှင့်တွဲ၍ ထည့်ရန် မှတ်သားဖွယ်ရာ မြတ်ဒေသနာ ဆောင်ပုဒ်လင်္ကာများကိုပါ ရေးသားရလေသည်။

ထို့နောက် ဘုန်းကြီး၏ဘဝဖြစ်စဉ်နှင့် မြတ်ဒေသနာဆောင်ပုဒ်များကို ဓမ္မဒါနပြုလိုသူ ဒေါက်တာခင်ညိုထံသို့ မိတ္တူကူးရန် စာတိုက်မှ ပေးပို့လိုက်၏၊ ထိုင်းနိုင်ငံ၌ နေသော ဦးမြင့်+ဒေါ်သစ်သစ်လွင်တို့သည် ဘုန်းကြီး၏ကျောင်း၌ သူတို့၏သားကို ရှင်ပြုအလှူပေးခဲ့ကြ၏၊ ထို့နောက် သူတို့၏မိဘများနှင့် ညီ အစ်ကို မောင်နှမများက ညောင်ကန်အေးရိပ်သာ ၃-ထပ် ဆွမ်းစားကျောင်းကြီး တည်ဆောက်ရာတွင် အပေါ်ဆုံးထပ်ကို လှူဒါန်းကြပါသည်။

ထို့ကြောင့် ဦးမြင့်+ ဒေါ်သစ်သစ်လွင်မိသားစုနှင့် ညောင်ကန်အေးရိပ်သာ ရဟန်းရှင်လူများသည် ခင်မင်ရင်းနှီးကြ၏၊ ဆရာဒကာဖြစ်နေကြ၏၊ သူတို့ သည် မြန်မာနိုင်ငံသို့ မကြာခဏ ပြန်တတ်ကြရာ ဘုန်းကြီးထံ ပေးစရာစာရွက်

စာတမ်းစာအုပ်များကို ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့က သူတို့မှ တစ်ဆင့် လှူကြဲပေးကြ၏၊ ထိုစာနှင့် စာရွက်စာတမ်းများကို ကျောင်းအမ ဒေါ်သစ်သစ်လွင်က ဘုန်းကြီးထံ မကြာမကြာ ပို့ပေးပါသည်၊ ယနေ့လည်း ဒေါ်သစ်သစ်လွင်မှတစ်ဆင့် ညောင်ကန်အေးရိပ်သာမှ စာများ ရောက်လာပြန်သည်၊ ဆောက်လုပ်ဆဲ ဆွမ်းစားကျောင်းကြီး၏ ပြီးစီးသော အခြေအနေကိုလည်း ဓာတ်ပုံရိုက်၍ ပို့လိုက်ပါသည်၊ ဝမ်းမြောက်နမော် သာဓုခေါ်ပါသည်။

ဘုန်းကြီးသည် နေ့လယ် ကျောင်းတက် စာသင် အဆင်ပြေပါ၏၊ ဤနေ့၌ အင်္ဂလန်ရာသီဥတုသည် မိုးအုံ့လိုက်၊ လေတိုက်လိုက် ဖြစ်နေ၏၊ မိုးသေးမိုးမွှားလေးများလည်း ကျပါကုန်၏၊ ထို့ကြောင့် ကျောင်းသွား ကျောင်းပြန် အေးလှပါသည်၊ မိုးရေခံခြုံလွှာကိုပင် ခြုံသွားရပါသည်၊ သြော်-အင်္ဂလန်-အင်္ဂလန်-အလွန်အေးသော အင်္ဂလန်နိုင်ငံပါတကား။

## လန်ဒန်၌ ဟောကြားသော မဟာစည်ဝိပဿနာအခြေခံတရား

ဘုန်းကြီးသည် ၁၃–၃–၈၂၊ သောကြာနေ့၌လည်း စာရေးစာကျက်ပါ၏၊ ဘုန်းကြီးသည် ၁၄–၃–၈၂ စနေနေ့၌လည်း လန်ဒန်မြို့၊ချစ်ဇစ်ခ်နယ် ဒေါ်စန်းရီအိမ်၌ ဆွမ်းဘုဉ်းပေးရ၏၊ ဆွမ်းဒါနမှာ လွန်ခဲ့သော၈–နှစ်က ကွယ်လွန်ခဲ့သော ခင်ပွန်းဖြစ်သူ ဦးမြတ်စောအား ရည်စူး၍ ဒေါ်စန်းရီမိသားစုက ဆက်ကပ်သော ဆွမ်းဒါနဖြစ်၏။

ထိုဆွမ်းဒါနပွဲသို့ ဒေါ်စန်းရီက အထူး ဖိတ်မံထားသော ဦးစိန်ထွန်းအောင်+ ဒေါ်လှလှ၊ ဦးခင်+ဒေါ်အေးမြခင်၊ ဒေါ်ဂျယ်နီဘအို၊ ဒေါ်ချာလီနှင့် ဒေါ်စန်းရီ၏ သမီးများ လာရောက်ကြ၏၊ ဦးစိန်ထွန်းအောင်+ ဒေါ်လှလှတို့က ဘုန်းကြီးအား အသွားအပြန်ကားဖြင့် ပို့ဆောင် ဒါနပြုပါသည်။

ဆွမ်းနှင့်ဟင်းတွေကလည်း အလွန်များ၍ ဘုဉ်းပေးသည့် ဘုန်းကြီးက တစ်ပါးတည်း ဖြစ်နေသဖြင့် အကုန်မစားနိုင်ခဲ့ပါ၊ အစစအရာရာ အဆင်ပြေအောင် စီစဉ် ချက်ပြုတ် ဆက်ကပ်သော ဆွမ်းဒါန ဖြစ်ပါသည်၊ အားလုံး

ဆွမ်းကိစ္စ ပြီးသောအခါ ဘုန်းကြီးက တရားဟောပါသည်။

တရားဟောခါနီး၌ "ဘုရားတပည့်တော် ပရိသတ်အားလုံး၏ ကိုယ်စား လျှောက်ထားပါတယ်ဘုရား၊ ဒီနေ့ တရားနာလာသူများဟာ ဝိပဿနာတရားကို အထူး လိုလားကြပါသဖြင့် ဝိပဿနာတရားကို ဟောကြား ချီးမြှင့်တော်မူပါ ဘုရား"ဟု ဒကာကြီး ဦးစိန်ထွန်းအောင်က လျှောက်ထားပါသည်။

## ဦးမြတ်စောအား ရည်စူးလျက် ဆက်ကပ်သော ဒေါ်စန်းရီ၏ ဆွမ်းဒါန

ဒီနေ့ ၁၉၉၂-ခု၊ မတ်လ၁၄-ရက်၊ စနေနေ့ဖြစ်တယ်၊ လန်ဒန်မြို့၌ လွန်ခဲ့ တဲ့ ၈-နှစ်က ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်သော ဒကာကြီးဦးမြတ်စော အား ရည်စူးပြီး ဒေါ်စန်းရီ မိသားစုများက မြတ်စွာဘုရားအား လည်းကောင်း၊ ဘုန်းကြီးအားလည်းကောင်း၊ ဆွမ်းခဲဖွယ် ချိုချဉ်ရသာအဖြာဖြာတို့ကို ဆက်ကပ် လှူဒါန်းပါတယ်။

နောက်ပြီးတော့ ကွယ်လွန်သူဦးမြတ်စောနှင့် ခင်မင်ရင်းနှီးကြတဲ့ သာသနာ ပြုဖက် မိတ်ဆွေများကို ဖိတ်မန္တကပြုပြီး စားဖွယ်သောက်ဖွယ်များကိုလဲ ကျွေးမွေး ဒါနပြုကြတယ်၊ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလများကိုလဲ အသစ်ထပ်မံပြီး ဆောက်တည် ကျင့်သုံးကြတယ်၊ ပရိတ်တရားကိုလဲ နာကြား ကြတယ်၊ ယခု အနုမောဒနာနှင့် ဝိပဿနာတရားကိုလဲ နာကြားကြတယ်။

လွန်ခဲ့သည့် ၈-နှစ်က ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်သူ ဦးမြတ်စော ဟာ ယခု ကျန်ရစ်သူ ဇနီးဒေါ်စန်းရီမိသားစုနှင့် မိတ်ဆွေများ စုပေါင်းပြီး ပြုလုပ်ကြတဲ့ ဒါန သီလ ဓမ္မသဝနကုသိုလ်များရဲ့ အဖို့ဘာဂကို နတ်တို့၏ မျက်စိ၊နတ်တို့၏ နားဖြင့် မြင်နိုင် ကြားနိုင်သဖြင့် ဝမ်းမြောက်နမော် သာဓု ခေါ်လျက် ရရှိထိုက်သော နတ်စည်းစိမ် ချမ်းသာအသစ်များကိုလဲ ရရှိ ခံစား ရပါစေ၊ တပည့်တော်တို့လဲ နိဗ္ဗာန်ရောက်ရပါလို၏လို့ ဆုတောင်းပြီး ပြုလုပ် ကြတယ်။

## ဒုလ္လဘပုဂ္ဂိုလ်၂-မျိုး

လောက၌ ရနိုင်ခဲတဲ့ ပုဂ္ဂိုလ်၂-မျိုး ရှိတယ်၊ ၁။ ရှေးဦးစွာ ကျေးဇူးပြုတဲ့

ပုဗ္ဗကာရီပုဂ္ဂိုလ်ကိုလဲ ရနိုင်ခဲ့တယ်၊ ၂။ သူပြုဖူးတဲ့ ကျေးဇူးဂုဏ်ကို ပြန်လည်သိတတ် ပေးဆပ်တတ်တဲ့ ကတညုတ ကတဝေ ဒီပုဂ္ဂိုလ်ကိုလဲ ရနိုင်ခဲ့ပါတယ်။

အဲဒီ၂–မျိုးထဲမှာ ဒကာကြီး ဦးမြတ်စောဟာ အင်္ဂလန်နိုင်ငံတွင် ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားအောင် ရှေးဦးစွာ ကျေးဇူးပြုခဲ့တဲ့ ပုဗ္ဗကာရီ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ဦးမြတ်စောနှင့်အတူ ဇနီးဒေါ်စန်းရီလဲ ပါတယ်၊ ယခု တရားနာလာကြတဲ့ ဦးစိန်ထွန်းအောင်+ ဒေါ်လှလှ၊ ဦးခင်+ ဒေါ်အေးမြခင်၊ ဒေါ်ဂျယ်နီဘအို၊ ဒေါ်ချာလီနှင့် ဒေါ်အုန်းမြင့်အေးတို့ဆိုတာတွေဟာလဲပဲ ဒီအင်္ဂလန်နိုင်ငံ ဗုဒ္ဓဘာသာ တရားတော် တည်တံ့ထွန်းကားအောင် ဆောင်ရွက်ခဲ့ကြတဲ့ သမိုင်းဦး ကျေးဇူးရှင်များ ဖြစ်တယ်လို့ ဘုန်းကြီး ကြားသိရပါတယ်။

အထူးအားဖြင့် ကွယ်လွန်သူ ဦးမြတ်စောနှင့် ယခုလက်ရှိ ဇနီးဒေါ်စန်းရီတို့ဟာ ဒီအင်္ဂလန်နိုင်ငံမှာ ၁၉၇၁–ခု၊ ၇၂–ခု ခုနှစ်လောက်ကတည်းက စပြီး ကမ္မဋ္ဌာန်းဌာနကြီးတစ်ခုကို တည်ထောင်ခဲ့တယ်၊ မိမိတို့ ကမ္မဋ္ဌာန်းဌာနတွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအစရှိတဲ့ ဆရာတော်များကို ပင့်ဖိတ်ပြီး ယောဂီများအား တရားဟောတရားပြ ဓမ္မဒါနပြုခဲ့ကြတယ်၊ ထိုကမ္မဋ္ဌာနာစရိယဆရာတော်များနှင့် ယောဂီများအားလဲ ကိုယ်တိုင် ဦးစီး ချက်ပြုတ်၍ ဆွမ်းများကို ဆက်ကပ် ကျွေးမွေးပြုစုခဲ့ကြတယ်။

ဒီတော့ ဒီကွယ်လွန်သူ ဒကာကြီး ဦးမြတ်စောဟာ ဒီအင်္ဂလန်နိုင်ငံတွင် ဝိပဿနာကမ္မဋ္ဌာန်း ဌာနကြီးတစ်ခု တည်ထောင်ပြီး ၁၄–နှစ်လောက်ကြာအောင် ပင် သာသနာပြုခဲ့တဲ့ သမိုင်းဦး ကျေးဇူးရှင်ကြီးပဲလို့ ဂုဏ်ပြု လေးစားထိုက်ပါတယ်။

သူ ကွယ်လွန်တဲ့အခါ ဒေါ်စန်းရီတစ်ယောက်တည်း အဲဒီရိပ်သာဌာနကြီးကို မထိန်းနိုင်တဲ့အတွက် ဘိုးဘွားရိပ်သာ ပြုလုပ်မည့်သူထံကို ပြန်လည်ရောင်းချခဲ့ရတယ်၊ ဒေါ်စန်းရီက ဒီရိပ်သာဌာနကြီးကို ပြန်ရောင်းတာကိုပင် ဈေးပိုရတဲ့ စီးပွားရေးသမားများထံ မရောင်းချဘဲ ဈေးနည်းသော်လဲ အများချမ်းသာရေး၊ ဘိုးဘွားရိပ်သာတည်ထောင်မည့်သူကိုသာ ဦးစားပေး ရောင်းချခဲ့တယ်၊ ဒါဟာ ဒကာကြီးဦးမြတ်စောရဲ့ ဆန္ဒနှင့်လဲ ကိုက်ညီရန် ဒေါ်စန်းရီက အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်တဲ့ ကောင်းမှုပဲ၊ အဲဒါတွေကိုသတိရပြီး အခုသူ့ကို ကျေးဇူးဆပ် ဂုဏ်ပြုတဲ့အနေနဲ့ ကုသိုလ်ပြုကြတယ်၊ သူ့ဂုဏ်ကျေးဇူး

များကို ထုတ်ဖော် ပြောဆိုကြတယ်၊ အမှုပေးဝေကြတယ်၊ ဒီလို ပြုလုပ်သူများဟာလဲ သူပြုဖူးသော ဂုဏ်ကျေးဇူးကို ပြန်လည် သိတတ်၊ ပေးဆပ်တတ်တဲ့ ကတညုတ တဝေဒီ ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။

## ဝိပဿနာအခြေခံတရား

ဒီမှာ ပြောသင့်တာများကို ပြောပြီးတော့ စောစောက တောင်းပန်ထားတဲ့ ဝိပဿနာအခြေခံတရားကို ဟောပါမယ်၊ ဘုန်းကြီးက ဤသို့ နိဒါန်းပျိုးပြီး မဟာစည်ဝိပဿနာ အခြေခံတရားကို ဟောပါသည်။

## မဟာစည်ဝိပဿနာ အခြေခံရှုနည်း

၁။ ရတနာသုံးပါး၊ ဦးထိပ်ထား၊ ဝပ်တွားပြီးပါရင်။
၂။ လူ့ရှင်သီလ၊ ကိုယ်စီငှ၊ တည်ကြပြီးပါရင်။
၃။ သစ်ပင်တောရပ်၊ ဆိတ်ငြိမ်ကပ်၊ သူမြတ်ယောဂီရှင်။
၄။ ဘယ်ခြေတွင်းထား၊ ညာခြေအား၊ ပြင်ကားခွေလျက် တင်ပလ္လင်။
၅။ မညပ်မဖိ၊ ချောင်ချောင်ချိ၊ ထိုင်ဘိ ယောဂီရှင်။
၆။ ဘယ်လက်ဝါးလှန်၊ အောက်ကခံ၊ ညာလှန်လက်ကို ထက်တင်။
၇။ မျက်စိမှိတ်လေ၊ ခေါင်းတည့်နေ၊ ငြိမ်စေကိုယ်စိတ်ပင်။
၈။ ဖောင်းတာပိန်တာ၊ ဝမ်းဗိုက်မှာ၊ မှတ်ပါသတိယှဉ်။
၉။ ကြားနံ့ စားတိ၊ စိတ်ကူးရှိ၊ မှတ်သိရှေးနည်းပင်။
၁၀။ ဖောင်းပိန်နိုင်ရင်၊ ထိုင်ထိယှဉ်၊ လေးအင် ရှုမှတ်စဉ်။
၁၁။ မြင်ရင်မြင်တယ်၊ မှတ်ရမယ်၊ ပျောက်ကွယ် ဖောင်းပိန်ဝင်။
၁၂။ ထိုင်တယ်မှတ်ရင်၊ ထိုင်ရုပ်သွင်၊ ထိုင်စဉ်ဉာဏ်သက်ဝင်။
၁၃။ ထိတယ်မှတ်ရင်၊ တင်ကြမ်းပြင်၊ ထိုင်စဉ်ဉာဏ်သက်ဝင်။
၁၄။ ဖောင်းပိန်ထိုင်ထိ၊ ပေါ်တိုင်းသိ၊ မှတ်သိရှေးနည်းပင်။
၁၅။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်ဝင်။

## မဟာစည်ဝိပဿနာ အခြေခံတရားတော်ဆောင်ပုဒ်

၁။ ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း။
၂။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း။

၃။ ဘယ်အကျိုးငှာ၊ ထိုခန္ဓာ၊ ဘယ်ခါရှုရပါသနည်း။
၄။ မခွဲဖို့ရာ၊ ဖြစ်စဲမှာ၊ မှန်စွာရှုရပါသတည်း။
၅။ ဖြစ်ခိုက်မရှု၊ ရုပ်နာမ်စု၊ ခွဲမှုဝင်ရောက်သည်။
၆။ မြဲတယ် ကောင်းတယ်၊ ငါကောင်နှယ်၊ တစ်ကယ်ထင်တတ်သည်။
၇။ ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ ခွဲမှုကင်းပျောက်သည်။
၈။ မမြဲဆင်းရဲ၊ သဘောပဲ၊ ဉာဏ်ထဲရှင်းတော့သည်။
၉။ ခွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက်နိဗ္ဗာန်ပြည်။
၁၀။ ဝိပဿနာရှုနည်း၊ မှုသေစည်း၊ သိမ်းဆည်းထားရမည်။

## ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာ

၁။ ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။
၂။ ငါ၊ ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။
၃။ ရုပ်,ဝေ,သညာ၊ သင်္ခါရာ၊ ဝိညာဉ်ငါးတန်။

## အနိစ္စ-အနိစ္စလက္ခဏာ- အနိစ္စာနုပဿနာ

၁။ ဒွါရနှင့်အာရုံဆုံတိုင်း ဖြစ်ပေါ်ပျောက်ပျက်နေတဲ့ ခန္ဓာငါးပါးက အနိစ္စတရား။
၂။ ဖြစ်ပေါ်ပြီးနောက်၊ ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ။
၃။ ရှုမှတ်ဆဲတွင် ပေါ်ပြီးပျောက်သွားတာကို တွေ့ရ၍ မမြဲ-လို့ သိတာက အနိစ္စာနုပဿနာဉာဏ်။
၄။ အနိစ္စမြင်ရင် ဒုက္ခထင်သည်၊ ဒုက္ခထင်တော့ အနတ္တမြင်သည်၊ အနတ္တမြင် နိဗ္ဗာန်ခွင်၊ ပြေးဝင် ဆိုက်ရောက်သည်။
၅။ နိဗ္ဗာန်မြင်က၊ အပါယ်မှ၊ လုံးဝလွတ်တော့သည်။

## လန်ဒန်ရောက်လာသောစာများ

ဤနေ့ကား ၁၃၅၃-ခု၊ တပေါင်းလဆန်း ၁၃-ရက်နေ့ဖြစ်၏၊ အမေရိကန်နိုင်ငံရောက် ဦးလှကြိုင်ထံမှ ပို့လိုက်သော ဘုန်းကြီးတရားစာအုပ်အတွက် အင်္ဂလိပ်ဘာသာပြန်နိဒါန်းကို ရရှိပါသည်၊ ညောင်ကန်အေးရိပ်သာ မေတ္တာအေးကျောင်းဒကာမကြီး ဒေါ်ခင်ခင်စိမ်သားစုနှင့် ကေမ္ဘာဦးမောင်ထံသို့ သာသနာ

ရေးစာများကို ပို့လိုက်ပါသည်။

မြန်မာနိုင်ငံမဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတိုက်စိုးထံမှ ကြေးနန်းတစ်စောင် ရောက်လာပြန်၏၊ မဟာစည်ဓမ္မဒူတအဖွဲ့အတွက် အမေရိကန်နိုင်ငံမှ ပို့ထားသော လန်ဒန် အမေရိကန်လေယာဉ်လက်မှတ်များကို ရန်ကုန်မဟာစည်သို့ အမြန် ပေးပို့ပါ၊ ထိုလေယာဉ်လက်မှတ်ကိုပြ၍ အမေရိကန်ဗီဇာကို ယူရပါမည်ဟု ပါရှိပါသည်။

ထို့ကြောင့် ဘုန်းကြီးသည် ဂေါပကလူကြီး ဦးစိန်ထွန်းအောင်အား ထိုကြေးနန်းကိုပေး၍ လိုအပ်သည်များကို ဆောင်ရွက်ရန် ပြောလိုက်ပါသည်။

## ဖိနပ်လှူရကျိုး

ဤနေ့ဤကျောင်း၏ဆွမ်းအမ ဒေါ်ခင်မျိုးသန့်က ဘုန်းကြီးအား အင်္ဂလန်စီးဖိနပ်တစ်ရန်ကို ဝယ်ယူလှူဒါန်းပါသည်၊ ဖိနပ်ဈေးကလည်း မသေးလှပါ၊ ပေါင်၄၀-ပေးရပါသတဲ့၊ မြန်မာငွေနှင့်တွက်ကြည့်က ထောင်ဂဏန်း ရှိနေ၏၊ "ယာဉ်ကိုလှူလျှင်၊ ချမ်းသာရင်၊ သူပင်ကျိုးရမြဲ"ဟု မြတ်စွာဘုရား ဟောပါ၏၊ ထို့ကြောင့် ဖိနပ်အလှူရှင်သည် ကိုယ်စိတ်ချမ်းသာသောအကျိုးကို ရရှိပါမည်ဟု အနုမောဒနာတရားကို ဟောရ၏၊ ထို့နောက် "ဣဒံမေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ ဟပည့်တော်၏ ဤကောင်းမှုသည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေ"ဟုလည်း ရေစက်ချပေးလိုက်ပါသည်။

## ညောင်ကန်အေးမှစာ

ဘုန်းကြီးသည် ဤနေ့ပင် မြန်မာနိုင်ငံ ညောင်ကန်အေး သာသနာ့ရိပ်သာမှ စာတစ်စောင်ကို ဖတ်ရှုပါသည်၊ ဤစာတစ်စောင်သည် ဘုန်းကြီး ပြည်ပဒ္ဓသမိုင်းပေးတာဝန်အရ ဗုဒ္ဓသာသနာပြုကိစ္စကို ဆောင်ရွက်နေစဉ် နောက်ပိုင်းတွင် ကျန်ရစ်သော ညောင်ကန်အေးရိပ်သာ တာဝန်ရှိ ရဟန်းရှင်လူများ၏ သာသနာရေးကိစ္စ ဆောင်ရွက်ပုံများကို အသေးစိတ် ဖော်ပြထားသော စာတစ်စောင်ဖြစ်ပါသည်။

## နှစ်ပတ်လည်စည်းဝေးပွဲ

တပည့်ယောဂီများ ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့၏ နှစ်ပတ်လည်

စည်းဝေးပွဲကို ၁၆–၂–၉၂နေ့က ကျင်းပကြပါသည်ဘုရား၊ တပို့တွဲလပြည့် ဩဝါဒပါတိမောက်အခါတော်နေ့ ထမနဲပွဲနှင့် ၂–ရက်သာကျွာသဖြင့် အတူ တွဲပြီး ကျင်းပကြပါသည်ဘုရား၊ တပည့်တော်တို့၏အစည်းအဝေးကို လူဟောင်း များသာမကဘဲ လူသစ်တွေလဲ အတော်များများ တက်ရောက်ကြပါသည်ဘုရား၊ အစည်းအဝေးတွင် မုန့်၊လဖက်ရည်အချိုဖြင့် ဧည့်ခံ၍ အပြန်တွင် ထမနဲ လက်ဆောင် ပေးလိုက်ကြပါသည်ဘုရား၊ ထမနဲ ၄–ပြည် ၆–အိုး ထိုးပါသည် ဘုရား၊ ပရိသတ်သစ် ၁၀၀–ခန့် ရှိပါသည်ဘုရား။

## မဟာစည်ဩဝါဒခံ ပူဇော်ပွဲတွင် မုန့်လုံးရေပေါ် စတုဒိသာဒါန

ယခုနှစ် မဟာစည်ဩဝါဒခံယူပူဇော်ပွဲတွင် ဘုရားတပည့်တော်များ ညောင် ကန်အေး သာသနာ့ရိပ်သာက မုန့်လုံးရေပေါ် စတုဒိသာ လှူဒါန်းပါသည်ဘုရား၊ ကောက်ညှင်း၂–တင်း ကုန်ပါသည်၊ တပည့်တော်တို့ မဏ္ဍပ်ကတော့ မဟာစည် မူလစံကျောင်းနောက်ဖက်၌ နေရာရပါသည်ဘုရား၊ ငွေ ၂၅၀၀–ကျပ် ကုန်ကျ သော်လည်း အများက ဝိုင်းဝန်းလှူဒါန်းကြသဖြင့် ရိပ်သာအဖွဲ့က မစိုက်ထုတ်ရ ပါဘုရား၊ ထိုအချိန်က ညောင်ကန်အေးတွင် ဧကမ္ဗာကုသိုလ်တော်အဖွဲ့က တရားဝင်၍ အားထုတ်နေချိန်နှင့် တိုက်ဆိုင်၍ မဟာစည်ဩဝါဒခံ ပူဇော်ပွဲ၏ ညစဉ်တရားပွဲကို ညောင်ကန်အေးရိပ်သာဝေယျာဝစ္စအဖွဲ့က တရားနာ ယောဂီ များအား ကားကြိုကားပို့ ဒါနပြုပေးပါသည်ဘုရား။

မဟာစည်ဩဝါဒခံယူပူဇော်ပွဲမှာ နှစ်တိုင်းထက် ပိုမိုစည်ကားပါ၏၊ ဆာ ဦးသွင် ရုပ်တုဖွင့်ပွဲကလဲ ပါသေး၏၊ သို့သော် သံဃာတော်များပိုင်း၌ ဟာ သည်ဟု ပြောကြပါသည်ဘုရား၊ ဆရာတော်ကလည်း နိုင်ငံခြားကြွနေ၊ ဖြူး ဦးနရပတိကလဲ ကျောင်းရေစက်ချပွဲနှင့် ဆုံနေ၍ အချိန်မီမရောက်၊ ဆရာတော် ဦးဇဋိလကလဲ လေဖြတ်နေသဖြင့် စီစဉ်မှု ဟာသွားသည်ဟု သိရပါသည်ဘုရား။

## သင်္ကြန်၁၅–ရက် စခန်းတရားအားထုတ်ပွဲ

ယခုနှစ် သင်္ကြန်၁၅–ရက်စခန်းမတိုင်မီ အလှူအတန်းများပါသည်၊ ဝေယျာ ဝစ္စ ဆောင်ရွက်သူများ အားနည်းနေပါသည်၊ ရှိနေသူများက အားစိုက်ဆောင် ရွက်နေကြပါသည်၊ မတ်လ၂၇–ရက်နေ့၌ အရှေ့ကြို့ကုန်း ၄–လမ်း၊ ဒန်အိုး

စက်ပိုင် ဦးဝင်းမြင့်+ဒေါ်တင်တင်မိသားစုတို့က ရဟန်း ၂၄–ပါး၊ ရှင်သာမဏေ ၁၂–ပါး၊သီလရှင် ၆–ပါးနှင့် ဧည့်ပရိသတ်၁၀၀၀–တစ်ထောင်ပါမည့် ရဟန်းခံ ရှင်ပြုအလှူပွဲ ရှိပါသည်ဘုရား၊ တရားစခန်းပွဲ ပြီးပါက အင်းစိန်ဆူးလေကားကြီးအသင်း မထသအဖွဲ့က ရဟန်းအပါး ၅၀–ဝတ်၍ တရားအားထုတ်ကြပါမည်၊ ဧည့် ၆၀၀–ခန့်ပါပါမည်တဲ့ ဘုရား၊ ယခင်နှစ်က ဝတ်ခဲ့သောဟိုးနိုးကားကြီးလိုင်းအဖွဲ့ကလဲ ရဟန်းခံရှင်ပြုပွဲ ပြုလုပ်ကြပါဦးမည် ဘုရား။

## သုံးထပ်ဆွမ်းစားကျောင်း

သမ္မာအာဇီဝ သုံးထပ်ဆွမ်းစားကျောင်းကြီး၏ ဆောက်လုပ်ပြီးစီးမှု အခြေအနေမှာ အပေါ်ဆုံးထပ် ခင်းပြီးပါပြီ၊ မျက်နှာကျက် ကျောက်ပြားကပ်ရန် ဖရိန်ရိုက်ပြီးပါပြီ၊ သုံးထပ်လုံး အတွင်းအပြင်အချောကိုင်နေပါသည်၊ အနောက်ဘက်လှေကားကို တပ်ဆင်နေဆဲပါ၊ အရှေ့ဘက်က လှေကားကို အချိန်မရသဖြင့် တရားအားထုတ်ပွဲပြီးမှ တပ်ဆင်နိုင်ပါမည်ဘုရား၊ ဝရန်တာကို အထူးအသားပေးပြီး ပြုလုပ်ထားပါသည်၊ အထက်ထပ်ဝရန်တာမှာ ပေ၈၁–ရှည်၍ အောက်ထပ်ဝရန်တာမှာ ပေ၈၂–ပေ ရှည်ပါသည်၊ အမြင့်က ၄၃–လက်မ မြင့်ပါသည်၊ အထက်ထပ် အောက်ထပ်များ၌ ယိုးဒယားပန်းပွင့် ၇၂–ပွင့် ရှိပါသည်၊ တစ်ပွင့်နှင့်တစ်ပွင့်ကြားတွင် ၄–လက်မခြားထားပါသည်၊ ပန်းပွင့်တစ်ပွင့်၏ အကျယ်မှာ ၁၈–လက်မကျော်ပါသည်၊ တန်ဖိုးအားဖြင့် ၁–ပေအကျယ်တွင် ပစ္စည်းဖိုးရော၊ လက်ခပါ ၇၀၀–ကျပ် ကုန်ပါမည်ဘုရား၊ သံပန်းဆရာမှာ ဦးသန်းမြင့် ဖြစ်ပါသည်ဘုရား။

ဘုရားခန်းကိုတော့ တရားအားထုတ်ပွဲပြီးမှ ဆက်လက် ပြုလုပ်ပါမည်၊ ဘိလပ်မြေအခိုးသေရန် ပလာစတာ ကိုင်ထားပါသည်၊ နောက်ခံပန်းချီနှင့် ပဥ္စဝဂ္ဂီများအား တရားဦးဟောပုံ ပြုလုပ်ပါမည်၊ လက်ခမှာအပြီးအငြိမ်း ၃၀၀၀၀–ကျပ် ပေးရပါသည်၊ ယခု စရန်တစ်သောင်းကျပ် ပေးထားပါသည်ဘုရား၊ ဘုရားခန်းပြီးရန်အတွက် နှစ်လ အချိန်ပေးရပါမည်ဘုရား၊ ပန်းရံ၊ ပန်းချီ၊ ပန်းပုဆရာများမှာ မောင်မျိုးဟန် ဖြစ်ပါ၏ဘုရား၊ အရှင်ဘုရား အလယ်တစ်ခေါက် ရောက်လာပါက ပြီးနေမည် ထင်ပါသည်ဘုရား။

## အထွေထွေကိစ္စများ

ယနေ့ ၁၀–၃–၉၂နေ့မှာပဲ ဦးထွန်းဦး၊ ဦးကျော်စိန်နှင့် ဦးလှအောင်တို့က ရိပ်သာယောဂီများအား ဩဝါဒပေးရန် မဟာစည်ဩဝါဒါစရိယ ဆရာတော်ကြီးများထံ သွားရောက် စာဆက်ကပ်ကြပါမည်၊ တပည့်တော်နှင့် ဦးထွန်းအေးတို့က ဆရာတော် နိုင်ငံခြား ရောက်နေ၍ ဘွဲ့တံဆိပ်ခံယူပွဲသို့ မတက်ရောက်နိုင်ကြောင်း စာကို သာသနာရေးဦးစီးဌာနသို့ သွားရောက်ပေးပို့ပါမည်၊ ရိပ်သာအတွက် ဘိလပ်မြေနှင့် အုတ်များ ဝယ်ပါမည်၊ ဆန်လဲ ဝယ်ပါမည်ဘုရား၊ မယ်တော်ကြီးလည်း ကျန်းမာပါသည် ဘုရား၊ ဆရာတော် ကျန်းမာချမ်းသာစွာ သာသနာပြုနိုင်ပါစေ၊ တင်ငွေ– ညောင်ကန်အေးရိပ်သာ၊ မြန်မာနိုင်ငံ–ဟု ဖြစ်သည်၊

## လန်ဒန်တွင် ကျန်းမာရေး သာသနာရေးနှင့် ကုသိုလ်ရေးများ

ဤနေ့ကား ၁၃၅၃–ခုနှစ်၊ တပေါင်းလဆန်း ၁၄–ရက်၊ (၁၇–၃–၉၂) အင်္ဂါနေ့ဖြစ်၏၊ အင်္ဂလန်၏ နွေဦးရာသီကာလသည် မိုးအုံ့လေတိုက်၊ မိုးတစ်ဖြိုက်ဖြိုက်နှင့် အေးလိုက်သည့်ဖြစ်ခြင်းကြောင့် အပြင်ထွက်က အအေးမမိရန် သတိထားရပါ၏။

### ကျန်းမာရေး

ဘုန်းကြီးသည် ဦးပညာသီဟနှင့်အတူ ရပ်ကွက်ဆေးခန်းတွင် မေးခိုင်ရောဂါ ကာကွယ်ဆေးကို ထိုးရ၏၊ ဆေးထိုးချိန်မှာ မွန်းလွဲ ၁–နာရီဖြစ်ပါသည်၊ သူတို့နိုင်ငံတွင် ရောက်လာသော နိုင်ငံခြားသားဘုန်းကြီးအား ဤမေးခိုင် ကာကွယ်ဆေးကို သုံးကြိမ်ထိုးပေး၏၊ ဤအကြိမ်မှာ နောက်ဆုံးအကြိမ် ဖြစ်၏၊ ၅–နှစ်အတွင်း မေးခိုင်ပိုး မဝင်နိုင်ကြောင်း အာမခံသည်ဟု ဆရာမကြီးက ပြောလိုက်ပါသည်၊ ဘုန်းကြီးသည် ဤနေ့၌လည်း စာရေးစာကျက်ပါ၏၊ ဒကာကြီး ဦးလှကြိုင်ထံသို့ သာသနာရေးစာကိုလည်း ရေးပို့ပါ၏။

### သာသနာရေး

ဘုန်းကြီးသည် ၁၈–၃–၉၂ ဗုဒ္ဓဟူးနေ့၌ ဒကာကြီးဦးလှကြိုင်နှင့် ဒကာကြီး ဦးတိုက်စိုးတို့ထံ မဟာစည်မေ့ဒူတအဖွဲ့အတွက် ရန်ကုန်လန်ဒန်နှင့် လန်ဒန် အမေရိကန် လေယာဉ်လက်မှတ်များကို ပေးပို့ပေးရန် ကျောင်းဂေါပကအဖွဲ့အား ပြောကြားထားပါကြောင်း စာရေး၏၊ ညောင်ကန်အေးရိပ်သာ ဦးတင်ငွေထံသို့လည်း စာပြန်၏။

## ကုသိုလ်ရေးများ

ဘုန်းကြီးသည် ၁၉-၃-၉၂ ကြာသပတေးနေ့၌ လန်ဒန်မြို့ အီလင်နယ်-ဒေါ်ညွှန့်ရီအိမ်၌ ဆွမ်းဘုဉ်းပေးရပါသည်၊ ထိုဆွမ်းဒါနပွဲတွင် ဘာမင်ဂန်ဆရာတော်က သီလပေးပြီး တရားအနည်းငယ်ဟော၏၊ ထို့နောက် ဂူဘာဟင်မတန် မြောင်းမြဆရာတော်က အနုမောဒနာတရားကို ဟောကြားပါသည်၊ ထို့နောက် ဘုန်းကြီးက ရေစက်ချပေးရပါ၏။

ဘုန်းကြီးသည် ဤနေ့၌လည်း ကျောင်းတက် စာကျက်၏၊ နယူးမော်ဒန် ဦးကျော်ဆွေတင့်ထံသို့ ဘဝဖြစ်စဉ်နှင့် မြတ်ဒေသနာဆောင်ပုဒ်လင်္ကာများကို ဓမ္မဒါနပေးပို့လိုက်၏၊ ညနေပိုင်းတွင် ဘုန်းကြီးနှင့်အတူ နေသော ဦးပညာသီဟသည် အိန္ဒိယနှင့် သီဟိုဠ်နိုင်ငံများမှ ဘုရားဖူး၍ ပြန်ကြွလာပါ၏၊ ယူအက်စ်အေဦးနန္ဒာစရိယထံမှလည်း စာလာပါ၏။

၂၀-၃-၉၂ သောကြာနေ့၌ လန်ဒန်မြို့လယ် သိန်းမြစ်အနီး၌ နေသော ဦးလေးမြင့်+ဒေါ်ခင်ဝင်းမြင့်တို့က ကျောင်းကို လာ၍ ဆွမ်းကပ်ကြပါ၏၊ ဆွမ်းဒကာ ဆွမ်းအမများ ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစွာ သာသနာပြုနိုင်ပါစေဟု မေတ္တာပို့ရပါသည်၊ ဘုန်းကြီးသည် ဤနေ့၌ မြန်မာနိုင်ငံ ညောင်ကန်အေးရိပ်သာ မောင်တင်ထွန်းထံမှ မတ်လထုတ် ရတနာမွန်စာစောင် ၂-အုပ်ကိုလည်း လက်ခံရရှိပါသည်။

ဘုန်းကြီးသည် ဤနေ့ညနေပိုင်းတွင် ဦးပညာသီဟနှင့် ဒေါ်အုန်းမြင့်အေးအိမ်သို့ လမ်းလျှောက်ကြွ၍ ပရိတ်တရား ချီးမြှင့်ကြပါ၏။

၂၁-၃-၉၂ စနေနေ့၌ ယူအက်စ်အေဦးလှကြိုင်ထံမှ အင်္ဂလိပ်ဘာသာပြန်ဘုန်းကြီး၏အတ္ထုပတ္တိနှင့် ယူအက်စ်အေ မဟာစည်ဓမ္မဒူတတရားပွဲအစီအစဉ် စာစောင်ကို ရရှိပါသည်။

၂၂-၃-၉၂ တနင်္ဂနွေနေ့၌ ဦးစိန်ထွန်းအောင်+ဒေါ်လှလှတို့၏မြေး မောင်အေးထွန်း ကင်ပွန်းတပ် နာမည်ပေးမင်္ဂလာ ဆွမ်းဒါနပွဲ ကျင်းပပါသည်၊ မြန်မာလူမျိုးရော၊ အင်္ဂလိပ်လူမျိုးပါ ပရိသတ်စုံ လာကြပါသည်၊ ထိုကင်ပွန်းတပ်မင်္ဂလာပွဲတွင် ဘာမင်ဂန်ဆရာတော်က အင်္ဂလိပ်ဘာသာဖြင့် အနုမောဒနာတရားကို ဟောပါ၏၊ ဦးပညာသီဟက မြန်မာဘာသာဖြင့် မင်္ဂလာတရားတော်ကို ဟောပါ၏၊ ဘုန်းကြီးက မေတ္တာတရားကို ဟောကြားပြီးနောက် ပရိသတ်များနှင့်အတူ မောင်အေးထွန်းနှင့်တကွ မိသားစုမိတ်ဆွေများအား သံပြိုင်ရွတ်ဆို၍

မေတ္တာပို့ပေးပါသည်၊ ထို့နောက် ရေစက်ချပေး၏။

၂၃–၃–၈၂ တနင်္လာနေ့၌ ဘုန်းကြီးသည် "အမြတ်ဆုံးတရားတော်" စာမူကို မူချောရေးသားပြီးပါ၏၊ ကျောင်းတက်စာကျက်ပါ၏၊ မြန်မာနိုင်ငံသို့ပေးရန် စာများကိုလည်း ရေးပါ၏၊ နယူးမော်ဒန် ဦးကျော်ဆွေတင့်ထံ အချိန်ရှိခိုက် လုံ့လစိုက်တရားတော်–စာမူကို ဓမ္မဒါန ပေးပို့ပါ၏၊ ယနေ့မိုးရွာနေပါသည်။

၂၄–၃–၈၂ အင်္ဂါနေ့၌ ဘုန်းကြီးသည် စာရွက်စာတမ်းများကို ရှင်းလင်း၍ ဖိုင်တွဲရပါသည်၊ ကျောင်းတက်စာကျက်၏၊ မြန်မာနိုင်ငံ မုံရွာ–ဒေါ်တောကြီး ရန်ကုန်ဒေါ်ကြင်ထွေး၊ ညောင်ကန်အေးမောင်တင်ထွန်းတို့ထံ ဘဝဖြစ်စဉ်နှင့် မြတ်ဒေသနာ ဆောင်ပုဒ်လင်္ကာများကို ဓမ္မဒါနအဖြစ် ပေးပို့ပါ၏၊ ညောင်ကန် အေးသို့ ပုံနှိပ်ဖြန့်ချိရန် အမြတ်ဆုံးတရားတော်စာမူကိုလည်း ပေးပို့ပါ၏။

## ရီအင်ထရီ ဗီဇာကိစ္စ

၂၅–၃–၈၂ဗုဒ္ဓဟူးနေ့၌ ဘုန်းကြီးသည် ဒေါက်တာခင်ညို၊ ဒေးဗစ်တို့နှင့် အတူ လန်ဒန်မြို့၊ ဗြိတိန်အင်ထရီဗီဇာရုံးသို့ ဘုန်းကြီး ပတ်စ်ပို့အင်ထရီဇာ ရယူရန် သွားကြ၏၊ ရီအင်ထရီဗီဇာဟူသည် အင်္ဂလန်၌ နေသောနိုင်ငံခြားသား သည် တခြားနိုင်ငံတစ်ခုခုသို့ ကိစ္စတစ်ခုဖြင့် ထွက်ခွာသွားပြီးနောက် ပြန်လည် ဝင်ခွင့်ရရန် ခွင့်ပြုချက်ဗီဇာဖြစ်ပါ၏။

ဘုန်းကြီးသည် မြန်မာပြည်က လာစဉ်က ရီအင်ထရီဗီဇာကို မရခဲ့ပါ၊ ဗစ်ဇစ်ဗီဇာဖြင့်သာ လာခဲ့ပါသည်၊ ဘုန်းကြီးသည် မဟာစည်ဓမ္မဒူတအဖွဲ့ ရောက်လာသောအခါ ယူရပ်နှင့်အမေရိကသို့ လိုက်ပါရန် အစီအစဉ်ရှိပါသည်၊ ထို့ကြောင့် ဘုန်းကြီး၏ပတ်စ်ပို့၌ ရီအင်ထရီဗီဇာ လိုအပ်နေပါ၏၊ ထို့ကြောင့် ဤဌာနသို့ လာရပါသည်။

သက်ဆိုင်ရာ ဤဌာန၌ ထိုကိစ္စကို တင်ပြရာ ကြေငြာချက်တစ်စောင်ကို ထုတ်ပေးလိုက်ပါသည်၊ယခုအခါ ရီအင်ထရီဗီဇာကို ရပ်သိမ်းထားပါပြီ၊ ဤ အင်္ဂလန်နိုင်ငံ၌ ၆–လမျှသာ နေခွင့်ရသော နိုင်ငံခြားသားသည် တခြားနိုင်ငံ သို့ သွားလိုပါက ရီအင်ထရီဗီဇာကို ထုတ်မပေးတော့ပါ၊ မိမိ ရောက်ရာနိုင်ငံ မှပင် ဗြိတိန်သံရုံး၌ ပြည်ဝင်ခွင့်ဗီဇာကို လျှောက်ထား၍ ဝင်လာခဲ့ရပါမည်၊ မရက ဝင်ခွင့်မရှိပါ။

အင်္ဂလန်နိုင်ငံ၌ ၆–လထက်ကျော်လွန်၍ နေခွင့်ရထားသော နိုင်ငံခြားသား၏ ပတ်စ်ပို့တွင် ရီအင်ထရီဗီဇာ ရယူရန် မလိုတော့ပါ၊ အလိုအလျောက်ဝင်ခွင့်ရပါသည်၊ အကြောင်းစုံသိလိုပါက ဗြိတိန်ပတ်စ်ပို့ဌာနရုံးကြီးသို့ ဖုန်းဆက်မေးနိုင်ပါသည်ဟု ဖတ်ရှုရပါသည်။

ဘုန်းကြီးသည် ထိုရီအင်ထရီဗီဇာရုံးဌာနမှ ဂျာမနီသံရုံးနှင့် ပြင်သစ်သံရုံးများသို့ သွားရောက်၍ ဗီဇာလျှောက်ထားကြည့်ကြသေး၏၊ မိမိ၏ ပတ်စ်ပို့တွင် ဗြိတိန်ရော မြန်မာပြည်ပါ ဗီဇာသက်တမ်း အနည်းဆုံး ၃–လ ကျော် ရှိနေမှ ဗီဇာပေးပါ၏၊ ဘုန်းကြီး၏ပတ်စ်ပို့တွင် မြန်မာပြည်ဗီဇာ သက်တမ်းတိုးကိစ္စမပြီးသေးပါ၊ မြန်မာနိုင်ငံသို့ ပြန်လည်လျှောက်ထားဆဲ ဖြစ်ပါ၏၊ ထို့ကြောင့် ဘုန်းကြီးတို့သည် ထိုသံရုံးများ၏ ဗီဇာလျှောက်လွှာ ပုံစံကိုသာ တောင်းယူ၍ ပြန်ခဲ့ကြပါသည်၊ ကားအလှူရှင် ဒေါက်တာခင်ညို+ဒေါက်တာမိမိစိန် မိသားစုတို့သည် ကျန်းမာချမ်းသာကြပါစေ၊ အစစအရာရာ အဆင်ပြေကြပါစေ၊ သာသနာပြုနိုင်ကြပါစေ။

## ဓမ္မဒါနများ

ဤနေ့၌လည်း ဘုန်းကြီးသည် ယူအက်စ်အေ–ဦးလှကြိုင်ထံမှ စာကိုဖတ်ရသေး၏၊ မဟာစည်ဓမ္မဒူတကိစ္စပင်ဖြစ်ပါသည်၊ ဘုန်းကြီးသည် ဆွမ်းအလှူရှင်များဖြစ်ကြသော ဦးဝင်းဝင်းနှင့်ပက်–တို့ထံသို့လည်းကောင်း၊ ဒေါက်တာဝင်းစိန် မိသားစုထံသို့လည်းကောင်း၊ ဘဝဖြစ်စဉ်နှင့် မြတ်ဒေသနာဆောင်ပုဒ်လင်္ကာများစာအုပ်ကို ဓမ္မဒါနအဖြစ် ပေးပို့ပါသည်၊ ဘုန်းကြီးသည် ၂၆–၃–၉၂ ကြာသပတေးနေ့၌လည်း မြန်မာနိုင်ငံ မဟာစည် အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြုသင်တန်းကျောင်းသို့ အင်္ဂလန်နိုင်ငံကျောင်းသုံး ဂျေဗီအက်စ်အီးအိုလယ်ဘယ်လ် ပြဋ္ဌာန်းအင်္ဂလိပ်စာအုပ်ကို ပေးပို့လှူဒါန်းပါသည်။ စာအုပ်တန်ဖိုးမှာ၇–ပေါင်ပေး၍ စာပို့ခမှာ၁၀–ပေါင်နှင့်၄၉–ပဲနိပေးရပါသည်။

ဘုန်းကြီးသည် ဤနေ့၌ ယူအက်စ်အေဦးလှကြိုင်ထံသို့ မြန်မာနိုင်ငံသို့ မဟာစည်ဓမ္မဒူတအတွက် အမေရိကန်မှ ပို့ထားသော လန်ဒန်အမေရိကန် အသွားအပြန် လေယာဉ်လက်မှတ်များကို ပို့လိုက်ပါပြီဟု စာရေး၏။ ကျောင်းတက် စာကျက်၏။

## မွေးနေ့ဒါန မင်္ဂလာတရား

ဤနေ့ည၇–နာရီအချိန်၌ ဘိဘိစိဦးဖေသန်း၊ ဒေါ်မြင့်မြင့်နှင့် သမီး သွယ်သွယ်နှောင်းတို့သည် ကျောင်းသို့ရောက်လာကြ၏၊ သူတို့သည် သမီး သွယ်သွယ်နှောင်း၏ ၂၈–နှစ်ပြည့်မွေးနေ့အတွက် မုန့်ဟင်းခါးဆွမ်းလာပို့ကြ၏၊ နက်ဖြန်နံနက်အရုဏ်ဆွမ်းဘုဉ်းပေးရန် ဖြစ်၏၊ ဘုန်းကြီးက "ဒါနဥ မင်္ဂလာ" တရားကို ဟောကြားပေးလိုက်၏။

ဒါနဆိုတာ လှူအပ်သောဝတ္ထုဒါနနှင့် ပေးလှူကြောင်း စေတနာဒါနဟူ၍ နှစ်မျိုးရှိပါတယ်၊ ဒါနရှင်ဟာ ပုဂ္ဂိုလ်ကို ကြည်ညိုသောအခါ၌ဖြစ်စေ၊ မေတ္တာ ကရုဏာသက်ရောက်၍ ကောင်းကျိုးလိုလားသောအခါ၌ ဖြစ်စေ၊ ပစ္စည်းအပေါ် တွယ်တာမှုလောဘ တဏှာကို ဖြတ်တောက်နိုင်တယ်။

စဏ္ဍပဇ္ဇောတမင်းကြီးက ဘုရားရှင်ကို ပင့်ရန် ကစ္စာယနလုလင်ကို စေလွှတ်ခဲ့ရာ ကစ္စာယနလုလင်ဟာ နောက်ပါ ၇–ယောက်နှင့်အတူ ဘုရားမြတ်ထံ ရောက်သွားပါတယ်၊ သူတို့ဟာ ဘုရားမြတ်ရဲ့တရားတော်ကို နာကြား ရှုမြင်ရသဖြင့် အားလုံးရဟန္တာဖြစ်သွားကြပါတယ်၊ ဒါနဲ့ မြတ်ဘုရားထံတွင် ရဟန်း

ပြုကြတယ်၊ ရဟန်းဖြစ်ပြီးနောက် အရှင်ကစ္စာယနမထေရ်က မြတ်စွာဘုရားအား စဏ္ဍပဇ္ဇောတမင်းကြီးက ပင့်ရန် စေလွှတ်၍ လာခဲ့ရကြောင်း လျှောက်ထားရာ မြတ်ဗုဒ္ဓက "သင်သွားရင်လဲ မင်းကြီးက ကြည်ညိုပါလိမ့်မယ်"လို့ မိန့်ကြားပြီး ကစ္စာယနမထေရ်ကိုပင် ပြန်လည်စေလွှတ်တော်မူပါတယ်။

ဒါကြောင့် ကစ္စာယနထေရ်ဟာ နောက်ပါရဟန္တာရဟန်း ၇-ပါး နှင့်အတူ ကောင်းကင်ခရီးဖြင့် ကြွခဲ့ရာ လမ်းခရီးအကြား၌ ကေနပဋ္ဋ-ခေါ်တဲ့ နိဂုံးကြီးကို ရောက်တော်မူပြီး ဆင်းသက်ခဲ့ကြပါတယ်။

အဲဒီနိဂုံး၌ သူဌေး၂-ဦးတွင် သမီးတစ်ယောက်စီ ရှိကြတယ်တဲ့၊ တစ်ယောက်သောသူဌေးသမီးဟာ ပစ္စည်းဥစ္စာ ပျက်စီးလို့ ဆင်းရဲပြီး အထိန်းသည်ကို မှီနေရတယ်၊ ဒါပေမယ့် သူက ရှပ်အဆင်းသိပ်လှပြီး ဆံပင်လဲ အလွန်ကောင်းတယ်၊ ကျန်သူဌေးသမီးတစ်ယောက်မှာ ပစ္စည်းဥစ္စာကြွယ်ဝသော်လဲ ဆံပင်မရှိဘူးတဲ့၊ ဒါကြောင့် ဆံပင်မရှိသောသူဌေးသမီးက ဆံပင်ရှိ၍ ကောင်းသော အမျိုးသမီးထံ မိမိအား ဆံပင်ကိုရောင်းရန် တစ်ရာမှစပြီး တစ်ထောင်အထိ ဈေးတက်ပေးသော်လည်း မရခဲ့ပါဘူးတဲ့။

ကစ္စာယနမထေရ် အမှူးရှိတဲ့ ရဟန်းတော်များဟာ အဲဒီနိဂုံးတွင် ဆွမ်းခံလှည့်လည်ကြရာ အဲဒီ ဆံပင်ကောင်းသောအမျိုးသမီးက ဖူးမြင်ရပြီးသော်"အရှင်မြတ်များမှာ ဆွမ်းလဲ မရကြသေးပါလား၊ ငါ့မှာလဲ လှူစရာမရှိဖြစ်နေတယ်" လို့ စိတ်မကောင်းဖြစ်နေရှာတယ်၊ ဒါကြောင့် သူမဟာ မိမိထံ သူငယ်ချင်း သူဌေးသမီးတစ်ယောက်ကဆံပင်ဝယ်ဖူးကြောင်းကို သတိရပြီး ဆံပင် ရောင်းရငွေဖြင့် ဆွမ်းကျွေးရန် အကြံဖြင့် မထေရ်များအား အိမ်တွင်ပင့်ပြီး သီတင်းသုံးစေပါတယ်။

ဒီနောက် သူမဟာ အိမ်ခန်းတွင်း ဝင်ပြီး မိမိ အလွန်စုံမက်တန်ဖိုးထားတဲ့ ဆံပင်များကို မတွယ်တာတော့ဘဲ ဖြတ်တောက်လိုက်ပါတယ်၊ ဘေးကကြည့်နေသူ အထိန်းတော်ကြီးက သူ့ကိုယ်စား ဆံပင်ကို နမြောပြီး ရင်ဘတ်ကို လက်ဖြင့်ဖိကာ မျက်ရည်မဆည်နိုင်ရှာပါဘူးတဲ့၊ ထို့နောက် သူမဟာ ရဟန်းတော်များ မမြင်အောင် ခေါင်းကိုဖုံးအုပ်လျက် အပြင်သို့ ဆံပင်ရောင်းရန် ထွက်ခဲ့တယ်၊ ယခင်က ဆံပင်လိုချင်သော သူဌေးသမီးထံ သွားပြီး ရောင်းရာ အဲဒီ သူဌေး

သမီးက ဈေးနှိမ်ပြီး ၈–ကျပ်သာ ပေးလိုက်ပါသတဲ့၊ ဆံပင်ရောင်းခဲ့သူ အမျိုးသမီးဟာ ရောင်းရသမျှ ငွေဖြင့် ဝယ်ယူလာသော ဆွမ်းများကို ယူလာပြီး တစ်ပါးလျှင် တစ်ကျပ်တန်ဆွမ်းများကို သပိတ်ထဲ လောင်းလှူပြီး အခန်းတွင်း ဝင်ခဲ့တယ်၊ ရှင်ကစ္စာယနထေရ်က ဤအကြောင်းကိုသိတာနဲ့ ဆွမ်းအလှူရှင် အမျိုးသမီးကို မေးရာ ဆွမ်းအမအမျိုးသမီးကလဲ မနေသာတော့ဘဲ ဖွင့်ဟ လျှောက်ထားရင်း ရဟန်းတော်များအား ရှိခိုးဦးချလိုက်ပါတယ်။

အဲဒီအခါတွင် အံ့သြစရာ ဆွမ်းအမအမျိုးသမီးရဲ့ခေါင်းတွင် ဆံပင်များဟာ ပင်ကိုယ်အတိုင်းပင် ပြန်လည်ပေါက်လာတာကို တွေ့မြင်ကြရတယ်၊ ဒါဟာ ဒါနကုသိုလ်ရဲ့ ဒိဋ္ဌဓမ္မအကျိုးပေးပါပဲ၊ ကစ္စာယနမထေရ်အမှူးရှိတဲ့ ရဟန်းတော်များကာ ဆွမ်းကိုခံယူကြပြီး ကောင်းကင်ခရီးဖြင့် စဏ္ဍပဇ္ဇောတမင်းကြီး၏ ဥယျာဉ်တော်သို့ ကြွခါ ဆွမ်းဘုဉ်းပေးတော်မူကြပါတယ်၊ ဥယျာဉ် စောင့်ရဲ့ သတင်းပေးချက်အရ စဏ္ဍပဇ္ဇောတမင်းကြီးလဲ ရောက်လာပါတယ်၊ မထေရ်မြတ်ကလဲ မင်းကြီးအား "မြတ်စွာဘုရားရှင် ကြွတော်မူမလာဘဲ မိမိကိုယ်သာ စေလွှတ်တော်မူလိုက်ကြောင်း"ကို မိန့်ကြားတော်မူပါတယ်၊ ဒီနောက် မင်းကြီးက "အရှင်ဘုရားများဟာ ဒီနေ့အဖို့ရာ ဘယ်အရပ်မှာ ဆွမ်းဘုဉ်းပေး တော်မူကြပါသလဲဘုရား"လို့ လျှောက်ထားတယ်၊ မထေရ်မြတ်က ဆွမ်းအမ အမျိုးသမီးလေးရဲ့ ပြုနိုင်ခဲတာကို ပြုလုပ်ခဲ့ပုံကို မိန့်ကြားတော်မူပါတယ်၊ မင်းကြီးဟာ အဲဒီနေ့မှာပင် ဆွမ်းအလှူရှင် အမျိုးသမီးလေးကို ဆောင်ယူပြီး မိဖုရားအရာကို တင်မြှောက်တော်မူပါတယ်။

## နိဂုံးဆုတောင်း

ယခုသွယ်သွယ်နှောင်းကတော့ ဆံပင်ဖြတ်တောက် ရောင်းရလောက်အောင် လဲ မဆင်းရဲပါဘူး၊ မိဖများကလဲ မွေးနေ့လှူဒါန်းနိုင်အောင် ချီးမြှောက် ပေး ကမ်းကြတာပဲ၊ အထူးအားဖြင့် ဒီဒါနကြောင့် ကပည့်တော်များဟာ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ရောက်ရပါလို၏–လို့ဆုတောင်းကြရမယ်၊ နိဗ္ဗာန်မရောက်မီ ဘဝများတွင်လည်း ဒီဒါနကုသိုလ်စေတနာက ကောင်းကျိုး ချမ်းသာတွေကိုချည်း ပေးမှာပါပဲ၊ အားလုံးပင် သက်ရှည်ကျန်းမာ ဘေးကင်းကွာ၊ သာသနာပြုနိုင်ကြပါစေ။ (သာဓု–သာဓု–သာဓု) ဤသို့ ဘုန်းကြီးက တရား ဟောလိုက်ပါသည်။

## အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ပြန်ရဦးမည်တဲ့

ဤနေ့ကား ၁၃၅၃-ခု၊ တပေါင်းလပြည့်ကျော်(၉)ရက်၊ (၂၇-၃-၉၂) သောကြာနေ့ဖြစ်၏။

## ဓမ္မဒါန

ဘုန်းကြီးသည် နံနက်ပိုင်း၌ သီဟိုဠ်ကျောင်းသို့ လမ်းလျှောက်သွား၍ အင်္ဂလိပ်စကားပြော လေ့ကျင့်ပါသည်၊ လေ့ကျင့်ဟူသည် ဆရာနှင့် သင်ကြားခြင်း မဟုတ်ပေ၊ အချင်းချင်း စကားပြောခြင်းသာ ဖြစ်၏။

ဘုန်းကြီးသည် မြန်မာနိုင်ငံ ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဒုတိယဥက္ကဋ္ဌ-ဦးထွန်းဦးနှင့် စေတနာရှင်ယောဂီ ဦးမောင်မောင်ဘထံမှ စာများကို ဖတ်ရပါ၏၊ စေတနာရှင် ယောဂီ၏စာတွင် ရန်ကုန်မဟာစည် သာသနာ့ရိပ်သာကြီး၌ ကျင်းပပူဇော်သော မဟာစည်သာသနာ့ရိပ်သာဘွဲ့ရ ဆရာတော်များ၏ပူဇော်ပွဲအထိမ်းအမှတ်စာအုပ်တွင် ပါဝင်သောဘုန်းကြီး၏အတ္ထုပ္ပတ္တိ အကျဉ်းများကို ဖြတ်တောက် ပူးတွဲ ပေးပို့လိုက်သည်ကိုလည်း ဖတ်ရ၏။

ဒုတိယဥက္ကဋ္ဌဦးထွန်းဦး၏စာတွင် ဘုန်းကြီး၏ "မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့"မိတ္တူနှင့် ၁၈-၃-၉၂နှင့် ၁၉-၃-၉၂နေ့များတွင် ရန်ကုန်ကမ္ဘာအေးကုန်းမြေ၌ ကျင်းပသော ဘွဲ့တံဆိပ်ရဆရာတော်များ ဆွမ်းဆန်စိမ်းလောင်းလှူပွဲဝယ် ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့က "အချိန်ရှိခိုက်၊ လုံ့လစိုက်တရားစာအုပ်"အုပ်ရေ ၈၀၀-ကျော်ကို ဓမ္မဒါနလောင်းလှူကြောင်းကိုလည်း ဖတ်ရ၏၊ ထို အချိန်ရှိခိုက် လုံ့လစိုက်တရားစာအုပ်၁၀-အုပ်ကိုလည်း ရရှိပါသည်။

## လန်ဒန်မြန်မာကျောင်း ဂေါပကအဖွဲ့ အစည်းအဝေး

၂၈-၃-၉၂ စနေနေ့၌ ဘုန်းကြီးသည် ညောင်ကန်အေးသာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးထွန်းဦးထံ ပြန်ကြားစာရေး၏၊ ထိုစာတွင် ဓမ္မဒါနပြုကြတာကို သာဓုခေါ်ကြောင်းနှင့် ထို "အချိန်ရှိခိုက်၊ လုံ့လစိုက်"တရားစာအုပ်တွင် တွေ့ရသော အမှားများကို ပြင်ဖတ်ရန် ပြင်ဆင်ချက်စာကိုပါ ရေးပေးလိုက်ပါသည်။

ဤနေ့ကျောင်း၌ ဩဝါဒါစရိယ ဘာမင်ဂန်ဆရာတော်နှင့် ဂေါပကလူကြီးများ အစည်းအဝေးပြုလုပ်ကြ၍၊ မဟာစည်ဓမ္မဒူတအဖွဲ့ ဆရာတော်များ ကြွလာမည်၊ ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ၃-ပါးလုံးကို ဆွမ်းဆက်ကပ်လိုပါက ရက်နည်းသောကြောင့်လည်းကောင်း အများလှူဒါန်းဆက်ကပ်ခွင့် ရစေလိုသောကြောင့်လည်းကောင်း၊ အိမ်သို့မပင့်ဘဲ ကျောင်းသို့သာ လာ၍ စုပေါင်းဆွမ်းဆက်ကပ်ကြရပါမည်၊ ကျောင်း၌ နေရာကျဉ်းသောကြောင့် တရား အားထုတ်မည့်ယောဂီကို အမျိုးသမီးရော၊ အမျိုးသားပါပေါင်း ၁၅-ယောက်သာ ညအိပ်-နေ့နေ လက်ခံမည်၊ တရားဟောပွဲ ကြေငြာချက်စာစောင် ထုတ်ဝေမည်ဟု ဆုံးဖြတ်ကြကြောင်းကို သိရပါသည်။

## ရန်ကုန်သို့ပြန်ကြွ ဝါဆိုမည်

အမေရိကန်ရောက် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးလှကြိုင်ထံမှ စာကို ဖတ်ရ၍။ ထိုစာမှာ ဤသို့ ဖြစ်ပါသည်။

ဗြိတိန်မြန်မာဗုဒ္ဓဘာသာ ဘဏ္ဍာတော်ထိန်းအဖွဲ့၊ လန်ဒန်မြို့

ဓမ္မမိတ်ဆွေများအား စာရေးသားအပ်ပါသည်၊ အဖွဲ့မှ ပင့်ဆိုချက်အရ ညောင်ကန်အေးဆရာတော်အရှင်ဣန္ဒက လန်ဒန်မြို့သို့ ၁၉၉၁-ခုနှစ်၊ ဩဂုတ်လ၊ ၁-ရက်နေ့မှာ ကြွရောက်သာသနာပြုနေရာ ယခုဆိုလျှင် ၈-လကျော် ၉-လတွင်းသို့ ရောက်လာပြီဖြစ်ပါသည်၊ ရန်ကုန်မြို့ညောင်ကန်အေး သာသနာ့ရိပ်သာတွင် နာယကဆရာတော် လဲလှယ်ရွေးချယ်ရန်ကိစ္စပေါ်သည်က တစ်ကြောင်း၊ မဟာစည်ရိပ်သာများ နာယကသံဃာ အစည်းအဝေး၌ နိုင်ငံခြားသာသနာပြုကိစ္စများ မူချဆွေးနွေးရန်များလည်း ရှိနေသဖြင့် တစ်ကြောင်း၊ မဟာစည်ဓမ္မဒူတအဖွဲ့နှင့်အတူ ယခုနှစ် ဝါဆိုအမီ ရန်ကုန်သို့ ပြန်ကြွပါရန် ညောင်ကန်အေး ဆရာတော်အား ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့မှ ပင့်ထားပါကြောင်း သိစေအပ်ပါသည်၊ လန်ဒန်၌ လိုအပ်၍ ဆရာတော်အား ပြန်လည်ပင့်လိုခဲ့သော် ဆရာတော် ဝါကျွတ်သောအခါ ပြန်ကြွနိုင်ရန် စီစဉ်ပေးပါမည်ဖြစ်ကြောင်း။

(ဦးလှကြိုင်)

ဒုတိယဥက္ကဋ္ဌ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

## အမြွတ်ဆုံးပန်း

၂၉-၃-၉၂ တနင်္ဂနွေနေ့၌ ဦးရွှေထွန်းကျော်+ဒေါ်စန်းစန်းဝင်းတို့က ကျောင်းတွင် အရဏ်မုန့်ဟင်းခါးဆွမ်း ဆက်ကပ်ကြ၏၊ ထိုပွဲတွင် ဩဝါဒါစရိယဘာမင်ဂန်ဆရာတော်က တရားဟောကြား၍ ဘုန်းကြီးက ရေစက်ချပေးပါသည်။

နံနက်၁၁-နာရီအချိန်၌ ကျောင်းတွင်ပင် ဒေါက်တာလေးမောင် မိသားစုများလာကြ၍ ဆွမ်းဆက်ကပ်ကြပါသည်၊ ဘုန်းကြီးက"အမြွတ်ဆုံးပန်း ဆင်မြန်းကြပါတရားတော်"ကိုဟောကြားပေး၏။

ဒေါက်တာရာပြည့်ကလည်း ကွယ်လွန်သူဦးအောင်ခိုင်အား ရည်စူး၍ ဘုန်းကြီးအား နဝကမ္မလှူဒါန်း၏၊ ဘုန်းကြီးက ရေစက်ချအမျှဝေပေးပါ၏၊ ဘုန်းကြီးသည် ဘုန်းကြီး၏ မြန်မာပတ်စ်ပို့ဗီဇာ သက်တမ်းတိုးကိစ္စ အချိန်မီရအောင် သက်ဆိုင်ရာသို့ တင်ပြပေးရန် သောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့သို့ ဖုန်းဆက်ပြောပါ၏၊ အင်္ဂလန်နိုင်ငံ၌ ဤနေ့ နေထွက်ချိန် ပြောင်းသဖြင့် အင်္ဂလန်စံတော်ချိန် ညဥ့်၁၂-နာရီတွင် နောက်သို့ ၁-နာရီ ပြန်ဆုတ်ကြရမည်တဲ့။

## သာသနာရေးစာ

၃၁-၃-၉၂တနင်္လာနေ့၌ မြန်မာနိုင်ငံ သောင်ကန်အေးရိပ်သာ ဂုဏ်ထူးဆောင် အမှုဆောင် ဘောက်ထော်ဦးဖေတင်ထံမှ စာလာ၏၊ သူသည် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ စွန်းလွန်းရိပ်သာ အရှင်အာဒိစ္စဝံသကျောင်းတိုက်နှင့် သောင်ကန်အေးသာသနာ့ရိပ်သာများတွင် ပါဝင်ဆောင်ရွက်ကြောင်းနှင့် ဆရာတော် ကျန်းမာချမ်းသာစွာ သာသနာပြုနိုင်ရန် ဆုတောင်း မေတ္တာပို့သပါကြောင်းများကို ဖတ်ရ၏၊ ဘုန်းကြီးသည် ဤနေ့၌ မိုးတစ်ဖွဲဖွဲ ရွာနေချိန်တွင် ကျောင်းတက် ကျောင်းပြန်ရပါ၏၊ လန်ဒန်ဗုဒ္ဓသာသနာပြု ဆောင်းပါးများကိုလည်း ဆက်လက်ရေးသားရပါ၏၊ လန်ဒန်၌ တစ်ပတ်ကြော် အေးရပြန်ပါ၏။

၁-၄-၉၂အင်္ဂါနေ့၌ ဘုန်းကြီးသည် ကျောင်းတက် စာကျက်၏၊ ဘုန်းကြီး၏ အင်္ဂလိပ်ဘာသာပြန် အချိန်ရှိခိုက် လုံ့လစိုက်တရားနှင့် မဟာစည်ဝိပဿနာအခြေခံတရားစာမူကို စာတစ်အုပ် ပြုလုပ်၍ အုပ်ရေ ၂၀၀-ရိုက်နှိပ် ဓမ္မဒါန

ပြုရန် ဦးပေသလ၏ကပ္ပိယအား န၀ကမ္မပေါင်ငွေ၁၅၀–ကို လွှဲအပ် ညွှန်ကြား ရပါသည်။

## မြန်မာရှိရာ မြန်မာလာ၏

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ အတ္တလန်တိတ်ဟော်တယ်တွင် အလုပ်လုပ် နေကြသော မြန်မာဦးစိုးဝင်းတင်၊ ဦးခင်ဇော်မြင့်၊ မမိမိသက်၊ မမေမေသွင်၊ မခင်အေးဝင်းတို့သည် ကျောင်းကို လာကြ၏၊ သူတို့သည် မြန်မာဘုရား ဆင်းတုတော်နှင့် မြန်မာဘုန်းကြီးအား–အားရဝမ်းသာ ဖူးမြော်ကြည်ညိုကြ ပါ၏၊ မြန်မာစကားပြော၍ မြန်မာတရားကိုလည်းနာကြားကြပါ၏။

ဘုန်းကြီးက သူတို့အား တရားစကားပြော၍ တရားစာအုပ်စာတမ်းများကို လက်ဆောင်ပေးလိုက်ပါသည်။

## မြန်မာလွမ်း ပူဇော

၁။ ဝေးမြေရပ်ခြား–စီးပွားလာရှာ၊
သူတို့စိတ်ကား–ပြန်သွားမြန်မာ၊
မြန်မာကျောင်းရောက်–ဝမ်းမြောက်ဝမ်းသာ၊
မြတ်သုံးပါး–ဝပ်တွားမြတ်ပူဇော။
၂။ မြန်မာဘုရား–ဖူးငြားကြည်သာ၊
မြန်မာရဟန်း–ရှင်လန်းပူဇော၊
မြန်မာစကား–ပြောကြားခါခါ၊
ဝေးရပ်က–လွမ်းရ ပြည်မြန်မာ။

## အင်္ဂလန်၌ မြန်မာမိသားစု ဆွမ်းဒါန

ဤနေ့ကား၁၃၅၃–ခု၊တပေါင်းလပြည့်ကျော်၁၄–ရက်(၁–၄–၉၂) ဗုဒ္ဓဟူး နေ့ဖြစ်၏၊ ဆရာမ ဘာဘရာက ဘုန်းကြီးအား အင်္ဂလိပ်စာသင်ပေး၏။

၂–၄–၉၂ ကြာသပတေးနေ့၌ ရန်ကုန်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အတွင်း ရေးမှူးဦးတိုက်စိုးထံမှ တယ်လီဖုန်းလာ၏၊ ပေးပို့လိုက်သော လေယာဉ်လက်မှတ် အားလုံးကို လက်ခံရရှိပါသည်၊ သို့သော် မဟာစည်ဓမ္မဒူတအဖွဲ့အတွက် ပတ်စ်ပို့ များကိုတော့ မရရှိသေးပါ၊ ရရှိရန် ဆက်လက်ဆောင်ရွက်နေပါသည် ဘုရား၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးပွဲကို ကျင်းပ ပြီးပါပြီ၊

အမှုဆောင်များကိုရွေးချယ်ရာတွင် ယခင်နှစ်အတိုင်းပင် ဆက်လက်၍ ရွေးချယ်ကြပါသည်ဘုရား–ဟုသိရပါသည်။

ဘုန်းကြီးသည် ဤနေ့၌ပင် ယူအက်စ်ရောက်ဦးလှကြိုင်ထံသို့ ရန်ကုန်မှဖုန်းသတင်းကို စာရေးပို့လိုက်ပါသည်၊ ဤနေ့ညနေပိုင်း၌ လီဗာပူးလ် မဟာစည်ဓမ္မဖဲလိုးရှစ်ပ်ရိပ်သာ ဆရာတော်ဦးပညာဒီပ ကြွလာတော်မူ၏၊ ဒေါက်တာဝင်းမောင်+ဒေါ်ညိုညိုမိသားစုဆွမ်းဒါနပွဲနှင့် ဘီဘီစီမြန်မာမိသားစု ဆွမ်းဒါနပွဲများအတွက် ကြိုတင်ကြွလာခြင်းဖြစ်၏။

၁၃၅၃–ခု၊နှောင်းတန်ခူးလဆန်း၁–ရက်(၃–၄–၉၂)သောကြာနေ့၌ ဘုန်းကြီးသည် ကျောင်း၏နယူးစ်လက်တားများကို ဓမ္မဒါနဖြန့်ချိရန် ချုပ်လုပ်ပါ၏။

## သရဏဂုံလေးပါးတရားတော်

၄–၄–၉၂ စနေနေ့၌ ဒေါက်တာဝင်းမောင်+ဒေါ်ညိုညိုတို့က ကျောင်းကိုလာ၍ နေ့ဆွမ်းဆက်ကပ်ကြပါ၏၊ ဖိတ်ကြားထားသော ပရိသတ်များလည်းလာရောက်ကြပါသည်၊ ထိုဆွမ်းကပ်ပွဲ၌ ဩဝါဒါစရိယ ဘာမင်ဂန်ဆရာတော်က မြန်မာနိုင်ငံမုံရွာလယ်တီဆရာတော်ဘုရားကြီး၏ "ဘုရား–တရား–သံဃာ–ကံ ဟူ၍ သရဏဂုံလေးပါးရှိကြောင်း"ကို ဟောတော်မူပါသည်။

"၁။ မြတ်စွာဘုရားရှင်က ဆေးဆရာဝန်ကြီး၊

၂။ တပည့်သံဃာတော်များက လက်ထောက်ဆရာဝန်များ၊

၃။ ရောဂါပျောက်ဆေးက တရားတော်၊

၄။ ဆေးသုံးစွဲမှီဝဲမှုက ကုသိုလ်ကံတရားနှင့်တူတယ်–လို့ မိန့်တော်မူပါတယ်။

ဒါကြောင့် လူနာနှင့်တူတဲ့ ပုထုဇဉ်သတ္တဝါတွေဟာ အဲဒီ သရဏဂုံလေးမျိုးကို ယုံကြည် အားထား လိုက်နာ ကျင့်သုံးကြမှသာလျှင် ကိလေသာရောဂါများပျောက်ကင်းပြီး မျက်မှောက်ဘဝတွင်လဲ စိတ်ချမ်းသာကြမယ်၊ ဆင်းရဲကင်းရာနိဗ္ဗာန်ချမ်းသာကိုလဲမျက်မှောက်ပြုနိုင်ကြပါမယ်"ဟူ၍ တရားဟောတော်မူပါသည်။

## ညချမ်းခါ ပရိတ်တရားနာ

၄–၄–၉၂ စနေနေ့ ညနေပိုင်းတွင် ဘုန်းကြီးသည် ဆရာတော်ဦးပညာဒီပ၊ ဦးပညာသီဟတို့နှင့်အတူ ဒေါ်အုန်းမြင့်အေးတို့ အိမ်၌ ပရိတ်တရား ရွတ်ဖွား

ချီးမြှင့်ကြပါသည်၊ ထိုပရိတ်တရားပွဲအပြီးတွင် ဆရာတော် ဦးပညာဒီပက ဝိပဿနာတရားကို ဟောကြားတော်မူပါ၏။

## ဘီဘီစီ–မြန်မာမိသားစု ဆွမ်းဒါန

၅–၄–၈၂ တနင်္ဂနွေနေ့၌ ဩဝါဒါစရိယ ဘာမင်ဂန်ဆရာတော်၊ လီဗာပူး ဘီးလင်းချ်ကျောင်းဆရာတော်နှင့် ဘုန်းကြီးတို့သည် အင်္ဂလန်နိုင်ငံ လန်ဒန် ဘီဘီစီ–မြန်မာပိုင်း အသံလွှင့် အစီအစဉ်ဌာနရုံးကြီးသို့ ဆွမ်းစားကြွကြရ၏၊ ဘီဘီစီမြန်မာမိသားစုတို့၏ ဆွမ်းဒါနပွဲဖြစ်၏။

ဘုန်းကြီးတို့အား ကားဖြင့် ပင့်ဆောင်ပါသည်၊ဦးခင်က ဆွမ်းကပ်နိုင်ရန် အတွက် ကျောင်းက ဆွမ်းစား–စားပွဲကြီးကို ကားဖြင့် တင်သွား၏၊ နေရာခင်း ကော်ဇောများကိုလည်း ယူသွားပါသည်၊ နနက်၁၀–နာရီတွင် ဘုန်းကြီးတို့သည် ထိုဘီဘီစီ–မြန်မာမိသားစုများ၏ ဘီဘီစီဌာနရုံးကြီး ၄–ထပ်သို့ ရောက်သွား ကြ၏၊ မကြာမီ ဂူဘာဟင်မတန် တိသရဏ...... ဝိဟာရ မြောင်းမြဆရာတော် ကြီးလည်း ရောက်လာတော်မူ၏။

## မေတ္တာသုတ် ပရိတ်တော်သံ

“ဆရာတော်များ ဒီဖက်က သီးသန့်အသံသွင်းခန်းမသို့ ကြွတော်မူကြပါ ဘုရား၊ ဆရာတော်များ၏ မေတ္တာသုတ် ပရိတ်တော်သံများကို အသံသွင်း ခွင့်ပြု တော်မူကြပါဘုရား”ဟု အခမ်းအနားမှူးဦးနေဝင်းက လျှောက်ထား၏၊ ထို့ကြောင့် ဘုန်းကြီးတို့သည် ထိုအသံဖမ်းခန်းမကြီးအတွင်းသို့ ကြွကြ၍ မတ်တပ်စားပွဲဝိုင်း ထိုင်ခုံများတွင် ဝိုင်းထိုင်ကြ၏၊ မေတ္တာသုတ်၊ ရတနာသုံးပါး ဂုဏ်ကော်ဖွင့်များနှင့် ယန္ဒုန္နိမိတ္တံ၃–ဂါထာကို ညီညာစွာ ရွတ်ဖတ် ချီးမြှောက် ကြပါသည်။

## အပြည့်အလျှံ ဆွမ်းပွဲကြီး

“ဆရာတော်များ–ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပါပြီဘုရား၊ ဟိုဖက်ခန်းမ ကြီးသို့ ကြွတော်မူကြပါဘုရား”ဟု ဒကာကြီးဦးခင်က လာပင့်၏၊ ထို့ကြောင့် ဘုန်းကြီးတို့သည် ကျယ်ဝန်းခမ်းနားလှသော ခန်းမကြီးအတွင်းရှိ အထူးပြင် ဆင်ထားသော ဆွမ်းပွဲဝိုင်းကြီးကို ဝိုင်း၍ ထိုင်ကြပါသည်။

ဆွမ်းလှူဒါန်းသော ပရိသတ်မှာ ၅၀–ကျော်ခန့်ရှိကုန်၏။ ဘီဘီစီမြန်မာ

မိသားစုအားလုံးသည် တစ်အိမ်လျှင် ဆွမ်းနှင့် ဟင်းများတစ်ခွက်စီ ယူခဲ့ကြ၍ စုပေါင်းဆက်ကပ်ကြပါသည်၊ ဆွမ်းများ ဟင်းများမှာ စားပွဲကြီး အပြည့်အလျှံ အပြင် ဘေး၌ ဘန်းများဖြင့်ပင် ထည့်၍ ဆက်ကပ်ကြရသေး၏။

ဆွမ်းဒကာ ဆွမ်းအမများက သူ့ဟင်းကိုဘုဉ်းပေးပါ၊ ငါ့ဟင်းကို ဘုဉ်းပေးပါဖြင့် အလုအယက်ပင် သူ့ထက်ငါ ဝမ်းသာအားရ ဆက်ကပ်လှူဒါန်းကြပါသည်၊ "ဒီဆွမ်းကပ်ပွဲဟာ ပထမအကြိမ် ဆွမ်းကပ်ပွဲပါဘုရား"ဟု ဦးဖေသန်းကလည်း လျှောက်ထားပါ၏၊ဤဆွမ်းကပ်ပွဲအစီအစဉ်ကို ရုပ်မြင်သံကြားလည်း အထူးရိုက်ကူးကြ၏၊ ဆလိုက်မီးများ ထိုး၍ ကင်မရာကြီးများဖြင့် ဓာတ်ပုံများကိုလည်း အထူးရိုက်ကူးကြပါသည်။

## ဩဝါဒ အနုမောဒနာတရားပွဲ

ထိုဆွမ်းစားပွဲ မွန်းလွဲ၁၂–နာရီ၌ ထိုခန်းမကြီးအတွင်း၌ပင် ဩဝါဒ အနုမောဒနာတရားပွဲကို ကျင်းပကြပါ၏၊ ဦးနေဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါ၏။

၁။ ပရိသတ်များက ဩကာသဖြင့် ကန်တော့ကြ၍ ဂူဘာ ဟင်မတန် မြောင်းမြဆရာတော်က သီလချီးမြှင့်တော်မူပါ၏။

၂။ ထိုနောက် ဘုန်းကြီးက ဗုဒ္ဓနည်းကျ ဘဝနေနည်း အပ္ပမာဒတရားကို ဟောကြားပါ၏။

၃။ ထို့နောက် ဘာမင်ဂန်ဆရာတော်က သရဏဂုံ၄–ပါးတရားကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြားပါသည်။

၄။ ထို့နောက် လီဗာပူးလ်ဘီးလင်းချ်မဟာစည်ရိပ်သာဆရာတော်က ရေစက်ချ ချီးမြှင့်တော်မူပါသည်။

## အလှူဒါနများ

ထိုဆွမ်းဒါနပွဲ၌ ဘီဘီစီမြန်မာမိသားစုများက ဆရာတော်များ၏ နဝကမ္မအား ဝတ္ထုငွေများကိုလည်း လှူကြသေး၏၊ ခရီးဝေးမှ ကြွလာရသော ဆရာတော်များကိုမူ ခရီးစရိတ်ကိုပါ လှူကြပါ၏။

ဒေါ်ကြည်ကြည်မေက ဖရောင်းတိုင်ထုပ်များကို လှူဒါန်း၏၊ ဦးအောင်မြင့်ထွန်း၊ သမီးမေချိုထွန်းတို့ကလည်း သီးသန့်နဝကမ္မလှူကြသေး၏၊ ဦးဗလ

ဇေယျမိသားစုတို့ကလည်း သီးသန့်နဝကမ္မလှူကြသေး၏၊ဦ.တင်အောင်လွင်အား ရည်စူး၍ ဒေါ်တင်ထားဆွေကလည်း နဝကမ္မလှူသေး၏၊ ဘုန်းကြီးတို့သည် မွန်းလွဲ ၁–နာရီခွဲအချိန်၌ ဦးခင်၏ကားဖြင့် ကျောင်းသို့ပြန်ခဲ့ကြပါ၏။

## မာကျူရီတယ်လီဖုန်းအလှူ

"ဒီနေ့ ကျောင်းအတွက် ငွေကုန်ကျစရိတ်သက်သာတဲ့ မာကျူရီတယ်လီဖုန်း အသစ်တလုံးကို ဝယ်ယူခဲ့ပါတယ်ဘုရား၊ မဟာစည်ဓမ္မဒူတဆရာတော်များကြွလာရင်လဲ လိုအပ်သလို အသုံးပြုနိုင်ရန်နှင့် ကျောင်းရှိဆရာတော်များလဲ အဝေးပြော အသုံးပြုနိုင်ရန်ဖြစ်ပါတယ် ဘုရား"ဟု ဒကာကြီးဦးစိန်ထွန်းအောင်က လျှောက်ထားပါသည်။

"ဟန်ကျလိုက်လေ ဒကာကြီး၊ ဘုန်းကြီးလဲ ဘုန်းကြီး၏မယ်တော်ကြီး ဒေါ်ပွဲဟန် အမည်ဖြင့် အဲဒီတယ်လီဖုန်းကို လှူဒါန်းချင်ပါတယ်၊ လှူဒါန်းပါရစေ၊ ပြီးတော့ ယခုတိုးချဲ့ပြုပြင်နေတဲ့ ကျောင်းဆောင်တွက်လဲ တတ်စွမ်းသမျှ ပေါင်ငွေ–၁၀၀ လောက်လှူချင်ပါတယ်" ဟုဘုန်းကြီးကပြန်ပြောသည်။

"မှန်ပါ ကောင်းပါတယ်ဘုရား၊ သာဓု–သာဓု–သာဓုပါဘုရား၊ တယ်လီဖုန်းဖိုးကတော့ ပေါင်၉၅–ပေါင်ခန့်ပါပဲဘုရား"ဒကာကြီး ဦးစိန်ထွန်းအောင်က လျှောက်ထားပါသည်၊ ထို့ကြောင့် ဘုန်းကြီးက ဒကာကြီးအား နဝကမ္မပေါင် ၁၉၅–ပေါင်ကို ယူစေပါသည်။

## နှစ်ပတ်လည်စာအုပ်ကြီးနှင့် ဂုဏ်ပြုတေးထပ်ကဗျာများ

၆–၄–၉၂ တနင်္လာနေ့၌ မြန်မာနိုင်ငံ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ၁၉၉၀–၉၁ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာ–စာအုပ်ကြီးနှင့် မဟာစည်သာသနာ့ရိပ်သာဘွဲ့ရဆရာတော်များအား အထက်မင်းလှဆရာတော် အရှင်ဇဋိလပဏ္ဍိတ–ကဂုဏ်ပြုပူဇော်ထားသော ၈၀–ပေါ် တေးထပ်ကဗျာများကို စာတိုက်မှ ရရှိပါ၏၊တစ်ဝကြီး ဖတ်ရှု သာဓု ခေါ်ရပါသည်။

## ဓမ္မဒါနနှင့်သက်တမ်းတိုးကိစ္စ

ဤနေ့ ဂေါပကလူကြီး ဦးစိန်ထွန်းအောင်က ၁၈–ပြားတန် အလုံး ၁၀၀ ကို ပေးပို့သွား၏၊ဘုန်းကြီးနှင့် ဦးပညာသီဟတို့က စပရင်းအပွမာဒစာစောင်များ

ကို ချုပ်လုပ်၍ ခေါင်းကပ်ကြပါ၏၊ နေ့လယ်ပိုင်းတွင် ဘီးလင်းချ်မဟာစည် ရိပ်သာဆရာတော် ဦးပညာဒီပသည် ပြန်ကြွပါ၏၊ ဘုန်းကြီးက ဘုန်းကြီး၏ မြန်မာပတ်စ်ပို့သက်တမ်း တိုးကိစ္စကို အချိန်မီရအောင် ဆောင်ရွက်ပေးပါဟု မြန်မာနိုင်ငံ ညောင်ကန်အေးရိပ်သာသို့ ဖုန်းဆက်ပေးပါရန် မှာကြားလိုက်ပါသည်၊ဘုန်းကြီးသည် ညောင်ကန်အေးရိပ်သာသို့ ဦးတင်ငွေထံသို့လည်း စာပြန်လိုက်၏။

ဤနေ့ဆရာမ ဘာဘရာ လာ၍ သူ့ထံတွင် ဘုန်းကြီးက ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သြဝါဒပါတိမောက်တရား အင်္ဂလိပ်ဘာသာ ပြန်စာကို သင်ယူပါသည်၊ ၇-၄-၉၂ အင်္ဂါနေ့၌ ဘုန်းကြီးသည် လန်ဒန်ဗုဒ္ဓ သာသနာပြုမှတ်တမ်း ၂၃-ရက်မှ ၂၇-ရက်အထိကို ညောင်ကန်အေးရိပ်သာ သို့ ပို့ပေးပါသည်၊ မဟာစည်ရိပ်သာဒကာကြီးဦးတိုက်စိုးထံသို့လည်း စာအုပ် နှင့်စာများကို လက်ခံရရှိကြောင်းကို စာပြန်ကြားပါသည်၊ တရားစာစောင် များကို စာတိုက်ပုံးတွင် ထည့်၍ ဖြန့်လိုက်ပါသည်။

လီဗာပူးလ် မဟာစည်ရိပ်သာဆရာတော်ထံမှ အရှင်ဘုရား၏ မြန်မာ ပတ်စ်ပို့ဗီဇာ သက်တမ်းတိုးကိစ္စကို ညောင်ကန်အေးရိပ်သာသို့ ဖုန်းဆက်ပြီး ပါပြီ ဟု ဖုန်းလာပါသည်၊ ဘုန်းကြီးသည် လန်ဒန်ဗုဒ္ဓသာသနာပြုမှတ်တမ်း များကို ဆက်လက်ရေးသားရာ အမှတ် ၃၃-အထိ ပြီးသွားပါပြီ၊ ၈-၄-၉၂ နေ့ ၌ဘုန်းကြီးသည် သီရိလင်္ကာနိုင်ငံ ကန္ဒီဆရာတော်၊ ထိုင်းနိုင်ငံ ဦးမြင့်+ဒေါ် သစ်သစ်လွင်ထံသို့လည်းကောင်း၊ မြန်မာနိုင်ငံ မဟာစည်သာသနာ့ရိပ်သာ၊ ညောင်ကန်အေးရိပ်သာ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ မောင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ချုပ်ဦးကျော်လွင် ဒေါ်မြင့်မြင့်တင်၊ ဒေါ်ကြင်ထွေး၊ မုံရွာဒေါ်တောကြီးနှင့် ဦးသိန်းဖေတို့ထံသို့ လည်းကောင်း အပ္ပမာဒတရားစာစောင်ကို ပေးပို့ပါ၏၊၂၃-မှ၂၈အထိ လန်ဒန် ဗုဒ္ဓသာသနာပြုမှတ်တမ်းများကိုလည်း ပေးပို့ပါသည်။

## လေးနိုင်ငံဆုံ၍ ရဟန်းခံကြပုံ

ဤနေ့ကား ၈–၄–၆၂ ဗုဒ္ဓဟူးနေ့ ဖြစ်၍ မွန်းလွဲ ၁၂–နာရီခွဲအချိန်၌ ဘုန်းကြီးသည် ဘာမင်ဂန်ဆရာတော်ကြီးနှင့်အတူ လန်ဒန်မှ ထွက်ခဲ့ကြ၏၊ ညနေ ၃–နာရီအချိန်တွင် ဘာမင်ဂန်သို့ ရောက်ကြ၏၊ ညနေ၅–နာရီအချိန်တွင် ထိုကျောင်းရှိ ဘင်္ဂလားဒေ့ရှ်အမျိုးသားဦးဓမ္မတိလောကနှင့်အတူ ဘာမင်ဂန်ရေကန်ကို တစ်ပတ်–ပတ်၍ လမ်းလျှောက်ကြ၏၊ ည ၇–နာရီအချိန်တွင် ထိုကျောင်းသံဃာတော်များနှင့်အတူ ဘုရားဝတ်တက်ကြ၏၊ ၉–၄–၆၂ နံနက် ၇–နာရီအချိန်တွင်လည်း ထိုကျောင်း၌ပင် ဘုရားဝတ်တက်ကြ၏၊ ထိုနောက် အရုဏ်ဆွမ်းဘုဉ်းပေးကြရ၏၊ နံနက်၁၁–နာရီအချိန်တွင် ဆွမ်းစားကျောင်းအုပ် ဒေါက်တာမာမာလွင်က ငါးသလောက်ပေါင်းဖြင့် ဆွမ်းဆက်ကပ်ပါသည်။

### ဘာမင်ဂန်ကျောင်း ဘုရားရှိခိုး ပဏာမ

ဘုရား ရှိခိုး ဝပ်ချပုံ

၁။ ယေ စ ဗုဒ္ဓါ အတီတာ စ၊ ယေ စ ဗုဒ္ဓါ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေဗုဒ္ဓါ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။
နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

တရား ရှိခိုး ဝပ်ချပုံ

၂။ ယေ စ ဓမ္မာ အတီတာ စ၊ ယေ စ ဓမ္မာ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေ ဓမ္မာ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။
နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သံဃာ ရှိခိုး ဝပ်ချပုံ

၃။ ယေ စ သံဃာ အတီတာ စ၊ ယေ စ သံဃာ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေသံဃာ၊ ယေ စ သံဃာ အနာဂတာ။
နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန ၊ ဟောတု မေ ဇယမင်္ဂလံ။

## အနားယူလျက် စာကျက်၏

၁၀-၄-၈၂ သောကြာနေ့၌ အရှင်ဓမ္မတိလောက-က ဘုန်းကြီးအား စတော့ကင်းအင်္ဂလိပ်ရှိ ဖတ်စာအုပ်တစ်အုပ်ကို ပေး၏၊ ဖတ်လည်းဖတ်ပြ၏၊ ဘုန်းကြီးသည် ထိုစာအုပ်ဖြင့် အင်္ဂလိပ်စာလေ့ကျင့်၏၊ ဤနေ့ ကြက်သားဟင်းဖြင့် ဆွမ်းဘုဉ်းပေးရ၏ ။

၁၁-၄-၈၂ စနေနေ့၌ ဘုန်းကြီးသည် ဘုရားဝတ်တက် လမ်းလျှောက် ထွက်၏။ စာကျက်စာရေး၊ စာကြည့်သေး၏၊ နံနက်ခင်းတွင် ငါးကြင်းသား ဟင်းဖြင့် ခံတွင်းတွေ့စွာ ဆွမ်းဘုဉ်းပေးရပါ၏၊ ညနေ ၆-နာရီ၌ ဦးပညာ သီဟသည် ဘာမင်ဂန်သို့ ရောက်လာပါ၏၊ ညောင်ကန်အေးယောဂီ ဒေါ်တင် မြင့်မြင့်နှင့် ဘဏ္ဍာရေးမှူး ဦးတင်ငွေတို့ထံမှစာများလည်း ပါလာကုန်၏။

## ဘီးလင်းချ် မဟာစည် ရိပ်သာဝယ် ရဟန်းခံကြတယ်

၁၂-၄-၈၂ တနင်္ဂနွေနေ့(မြန်မာသင်္ကြန်အကြိုနေ့) နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးချိန်ဝယ် ဘာမင်ဂန်ဆရာတော်၊ ဘုန်းကြီး၊ ဦးပညာသီဟနှင့် ဦးဓမ္မတိလောကတို့သည် ဘာမင်ဂန်မှ ထွက်ခဲ့ကြ၏၊ ရာသီဥတုမှာ မိုးအုံ့လိုက်၊ နေထွက်လိုက်ဖြစ်နေ၏၊ နံနက်၉-နာရီ ၄၅မိနစ်တွင် ဘီးလင်းချ် မဟာစည် ရိပ်သာသို့ ရောက်ကြ၏၊ထိုကျောင်း၌ ဂျာမနီနှင့် ပြင်သစ်မှ ရဟန်းခံရန် လာကြသူများသည် ရှင်သာမဏေ ပြုထားနှင့်ပြီး ဖြစ်ကြ၏၊ နံနက် ၁၀-

နာရီအချိန်၌ ရဟန်းလောင်းရှင်သာမဏေ၃–ပါးတို့အား ရဟန်းပြုပေးကြ၏။

**ရဟန်းပြုပေးကြသောဆရာများမှာ–**

၁။ ဂူဘာဟင်မတန်မြောင်းမြဆရာတော်၊

၂။ ဘာမင်ဂန်ဆရာတော်၊

၃။ လန်ဒန်ဗုဒ္ဓဘာသာမြန်မာကျောင်းဘုန်းကြီး၊

၄။ လန်ဒန်ဗုဒ္ဓဘာသာမြန်မာကျောင်း ကမ္မဋ္ဌာနာစရိယ ဦးပညာသီဟ၊

၅။ ဘာမင်ဂန်ကျောင်းအရှင်ဓမ္မတိလောကနှင့်

၆၊ ဘီးလင်းချ်မဟာစည်ရိပ်သာဆရာတော်တို့ ၆–ပါးဖြစ်ကုန်၏။

**ရဟန်းအဖြစ် ခံယူကြသူများမှာ–**

၁။ ဦးသောဘန (ဦးဇော်လွင်–ဂျာမဏီ)

၂။ ဦးကုန္တိယ (ဦးအောင်–ပြင်သစ်)

၃။ ဦးတိက္ခဉာဏ(ဦးထူးခင်–ဂျာမဏီ)–တို့သုံးပါးဖြစ်ကုန်၏

**ရှင်သာမဏေပြုကြသူများမှာ–**

၁။ ရှင်ကုသလ (မောင်ဒဏ္ဍာ–ဂျာမဏီ)

၂၊ ရှင်ဂေါပက (မောင်စည်သူ–ဂျာမဏီ)–တို့နှစ်ပါးဖြစ်ကြကုန်၏။

## ဆွမ်းဒါန

နံနက်၁၁–နာရီ၌ အလှူရှင်များက သံဃာတော်များနှင့် ပရိသတ်များအား မလေးရှားအစားအစာများနှင့် ဆက်ကပ်ကျွေးမွေးပါကုန်၏၊ မလေးရှား အစားအစာဆိုတော့ တရုတ်စာ၊ ထိုင်းစာ၊ မြန်မာအစာများနှင့် နီးစပ်သဖြင့် ဘုဉ်းပေး၍ ကောင်းပါသည်၊ တစ်ပြောင်းတစ်လွဲမို့ အရသာထူးကဲသည် ဟုလည်း ဆိုနိုင်မည် ထင်ပါသည်။

## အနုမောဒနာ တရားပွဲ

၁။ မွန်းလွဲ၁၂–နာရီအချိန်၌ ဘီးလင်းချ်မဟာစည်ရိပ်သာဆရာတော်က ပရိသတ်များအား သီလပေးချီးမြှောက်တော်မူပါ၏။

၂။ ထို့နောက် ဂူဘာဟင်မတန်မြောင်းမြဆရာတော်က စတုပါရိသုဒ္ဓိသီလ တရားကို ဟောကြားတော်မူပါ၏။

၃။ ထို့နောက် ဘာမင်ဂန်ဆရာတော်ဘုရားက သီလ–သမာဓိ–ပညာ

သိက္ခာသုံးပါး အကျင့်တရားကို လက်တွေ့ကျင့်သုံးမှ ဗုဒ္ဓဘာသာ ပီသ အကျိုးရှိကြောင်းကို ဟောကြားတော်မူ၏။

၄။ ထို့နောက် ဘီးလင်းချ် မဟာစည် ဓမ္မဖဲလိုးရှစ်ဆရာတော်ဘုရားက ဗုဒ္ဓဘာသာမိဖများသည် ဘယ်နိုင်ငံမှာနေနေ မိမိတို့၏ သားသမီးများ အား

၁။ ဗုဒ္ဓဘာသာအငွေ့ဓာတ် ၂။ အတွေ့ဓာတ် ၃။ အသိဓာတ်များကိုပေး ကြရမည်ဟု ဟောတော်မူ၏၊ ထို့နောက် အလှူရှင်များက သံဃာတော်များအား လှူဘွယ်ပစ္စည်းများကို ဆက်ကပ်ကြပါသည်၊ ဤရှင်ပြုရဟန်းခံပွဲမှာ ထူးကဲ သည်ဟုဆိုရပါမည်၊ ရှင်လောင်း၊ ရဟန်းလောင်းများသည် မြန်မာလူမျိုးများ ဖြစ်ကုန်၏၊ သူတို့၏နေရပ်များမှာ ဂျာမနီနှင့် ပြင်သစ်နိုင်ငံများ ဖြစ်ကုန်၏၊ သူတို့ရဟန်းပြုရာဒေသမှာ အင်္ဂလန်နိုင်ငံ ဖြစ်ပါ၏၊ ဤလေးနိုင်ငံဆုံ၍ ရဟန်း ပြုကြပုံ၊ ရှင်ပြုကြပုံမှာ ကြုံတောင့်ကြုံခဲ ဒုလ္လဘပွဲဟု ဆိုရပါမည်။

## ဘိက္ခုနီခေတ်ကို ပြန်လည် ဆန်းသစ်လိုသူ

ထိုရှင်ပြုရဟန်းခံပွဲသို့လာသူ မြန်မာစကားတတ်သော ဒေါ်ဥမ္မာခင်နှင့် တွေ့ဆုံ စကားပြောရ၏၊ သူမသည် ဤနေ့ပင် အသက် ၅၀–ပြည့်သောနေ့ ဟုသိရ၏၊ ဒေါ်ဥမ္မာခင်သည် ဂျာမနီအမျိုးသမီးဖြစ်၏၊ မြန်မာနိုင်ငံ ရန်ကုန် မြို့၌ ဘီ–အေဘွဲ့ကို ရခဲ့၏၊ မန္တလေးမြို့တွင် အမ်–အေဘွဲ့ကို ရခဲ့၏၊ ဂျာမဏီ နိုင်ငံတွင် ပီအိတ်ချ်ဒီ ဒေါက်တာဘွဲ့ကို ရခဲ့၏၊ ဒေါ်ဥမ္မာခင် က လျှောက်ထား၏၊ မျက်မှောက်ခေတ် အမျိုးသမီးများသည် ဘိက္ခုနီရဟန်းအဖြစ်သို့ ရသင့်ကြ၏၊ တိဘက်နှင့် တရုတ်ပြည်တွင် ယခုအခါ အမျိုးသမီးရဟန်းဘိက္ခုနီများ ရှိနေ ကြပါသည်၊ ထိုဘိက္ခုနီများထံတွင် ကမ္မဝါ ဖတ်ခဲ့ပြီးနောက် ယခု ထေရဝါဒ ရဟန်းဘိက္ခုများထံတွင် ထပ်မံ၍ ရဟန်း ပြုပါက ဘိက္ခုနီမဖြစ်နိုင်ဘူးလားဟု မေးလျှောက်၏။

သူမသည် မြန်မာနိုင်ငံ၌ ထင်ရှားသော ဆရာတော်ကြီးများအားလည်း လျှောက်ထား တင်ပြခဲ့ဖူးပါသည်၊ ထိုဆရာတော်ကြီးများက ယခုအခါ ဘိက္ခုနီ သာသနာမှာ အဆက်ပြတ်နေပြီ၊ ထေရဝါဒ ၅–နိုင်ငံမှအပ အခြားနိုင်ငံများ၌

ရှိနေသည်ဆိုသော ဘိက္ခုနီများသည် အမှန်တကယ် အစဉ်မပြတ် တည်ရှိခဲ့သော ဘိက္ခုနီများဟု ယူဆနိုင်ရန် ခက်ခဲသည်ဟု မိန့်တော်မူကြပါသည်ဟုလည်း လျှောက်ထား၏။

ထို့ကြောင့် ဘုန်းကြီးက ဘုန်းကြီးတို့သည် မြန်မာနိုင်ငံရှိ ထင်ရှားသော ဆရာတော်ကြီးများ၏ ဩဝါဒအတိုင်းပင် ထင်မြင်ယူဆပါသည်ဟု ပြောရ၏၊ သူမက တကယ်လို့များ ယခု ဆရာတော်များက ဘိက္ခုနီပြုပေးနိုင်မည်ဆိုလျှင် သူမကိုယ်တိုင် ဘိက္ခုနီပြုလိုပါသည်၊ ထိုကဲ့သို့ ဘိက္ခုနီသာ ပြုပေးနိုင်ပါလျှင် မြန်မာနိုင်ငံ စစ်ကိုင်းတောင်ရိုးနှင့် ရန်ကုန် ဒေါ်ဉာဏစာရီကျောင်း၊ မော်လမြိုင် ခေမာရာမစာသင်တိုက်စသည်၌ ရှိကြသော သီလရှင်များသည် ဤနိုင်ငံသို့ ခြေလျင်လာရမည်ဆိုလျှင်ပင် လာကြမည်ထင်ကြောင်းကိုလည်း လျှောက်ပါသည်။

ဖြစ်နိုင်သည် မဖြစ်နိုင်သည်တော့ ထားပါတော့၊ သူမ၏ဆန္ဒမွန်ကို ချီးကျူးဖွယ် ကောင်းပါ၏၊ သီလရှင်ဝတ်ဖြင့်လဲ ဗုဒ္ဓသာသနာ ပြုနိုင်ပါသည်ဟု နားချသေးသော်လည်း သူမတော့ ဘိက္ခုနီပြုလိုမှုကို ဖွဲလျှော့ချင်သေးဟန် မတူပါပေ။

## အပြန်ခရီး

ဘုန်းကြီးတို့သည် ထိုနေ့ညနေ၌ပင် လီဗာပူးလ်၊ ဘီးလင်းချ် မဟာစည် ရိပ်သာကျောင်းမှ ထွက်ခဲ့ကြပါ၏၊ မိုးရွာနေပါပြီ၊ ဘုန်းကြီးတို့အားလုံး ဘာမင်ဂန်၌ ညအိပ် ကျိန်းစက်ကြပါသည်။

၁၃၅၃–ခု၊ နှောင်းတန်ခူးလဆန်း ၁၁–ရက် (၁၃–၄–၉၂) သင်္ကြန်အကျနေ့ (တနင်္လာ) နံနက်၈–နာရီအချိန်၌ ဘာမင်ဂန်ဆရာတော်၊ ဘုန်းကြီးနှင့် ဦးပညာသီဟတို့သည် ဘာမင်ဂန်မှ ထွက်ခဲ့ကြပါသည်၊ နံနက် ၁၀–နာရီအချိန်၌ လန်ဒန်ဗုဒ္ဓဘာသာမြန်မာကျောင်းကို ပြန်ရောက်ကြပါသည်၊ ကျောင်း၌ မြန်မာနိုင်ငံ ညောင်ကန်အေးရိပ်သာမှ ပို့လိုက်သော ဧပြီလထုတ် ရတနာမွန် စာစောင်၂–အုပ်နှင့် အောင်ခြင်းရှစ်ပါးပုံပြတရား စာအုပ်၂–အုပ်ကိုလည်း တွေ့ရ၏၊ အောင်ခြင်းရှစ်ပါးစာအုပ်မှာ ဘုန်းကြီးပြုစုသောစာအုပ်ဖြစ်၍ ဤ လထုတ် ရတနာမွန်စာစောင်တွင် ဘုန်းကြီး၏လန်ဒန်ဗုဒ္ဓသာသနာပြုမှတ်တမ်း(၁)

ဆောင်းပါးကို စတင်၍ ဖတ်ရှုရပါသည်၊ ခမ္မပီတိ ဖြစ်ရပါ၏။

ထို့ပြင် အရှင်ပေသလ စီစဉ် ဆောင်ရွက်ပေးသော ဘုန်းကြီး၏ အချိန်ရှိခိုက် လုံ့လစိုက်တရားနှင့် မဟာစည် ဝိပဿနာအခြေခံတရားတော် အင်္ဂလိပ်ဘာသာပြန် စာအုပ်ရေ ၂၀၀–မှာ ပုံနှိပ်စက်မှ ရနေသည်ကိုလည်း တွေ့ရပါ၏၊ ထိုဘုန်းကြီး၏ မြန်မာတရားစာမူတွင် နိဒါန်းကို ဦးလှကြိုင်က အင်္ဂလိပ်ဘာသာပြန်ဆိုပေးပါ၏၊ အချိန်ရှိခိုက် လုံ့လစိုက်တရားကို ဦးခင်က အင်္ဂလိပ်ဘာသာပြန်ဆိုပေးပါ၏၊ မဟာစည်ဝိပဿနာအခြေခံတရားကို မြန်မာနိုင်ငံ ဦးဇမောင်က အင်္ဂလိပ်ဘာသာပြန်ဆိုထားပါ၏၊ ကွန်ပျူတာစာလုံးများကို ဦးပေသလက ရိုက်နှိပ်ပေး၏။

## သကြၤန်ယောဂီတစ်

ဤနေ့ ဘုန်းကြီးသည် သင်္ကန်းလျှော်ခြင်း၊ အခန်းရှင်းခြင်း၊ နယူးစ်လက်တာများကို ထပ်မံ ချုပ်လုပ်ခြင်းများကို ပြုလုပ်ရပါသည်၊ ဤနေ့မြန်မာသင်္ကြန်အကျနေ့တွင် ဒေါက်တာအောင်သူက အမှတ်တရပင် ကျောင်းကိုလာ၍ တရားရှုမှတ်ပါသည်၊ သူကား လန်ဒန်သင်္ကြန်ယောဂီပါတည်း၊ ဤနေ့ကဲ့သို့ သင်္ကြန်အကျနေ့ဆိုပါက မြန်မာနိုင်ငံ မဟာစည်ရိပ်သာများတွင် ယောဂီများသည် ရာနှင့် ထောင်နှင့်ချီ၍ များပြားသောနေ့ဖြစ်ပါသည်။

## လန်ဒန်မှာ နှစ်သစ်မင်္ဂလာပွဲများ

ဤနေ့ကား ၁၃၅၃–ခု၊ နှောင်းတန်ခူးလဆန်း ၁၂–ရက် (၁၄–၄–၉၂) သင်္ကြန်အကြတ်–အင်္ဂါနေ့ ဖြစ်၏။

### ဂုဏ်ပြုပူဇော်ပွဲနှင့် ဓမ္မဒါန

ဘုန်းကြီးသည် မြန်မာနိုင်ငံ ညောင်ကန်အေးရိပ်သာ မောင်တင်ထွန်းစာနှင့် ဦးတင်ငွေထံမှ စာကိုရရှိ၏၊ ဤ၌ ဦးတင်ငွေထံမှ စာကို ဖော်ပြပါမည်။

ဆက်ကပ်ရန်– ကျေးဇူးရှင် ညောင်ကန်အေး ဆရာတော်ဘုရား၊
လန်ဒန်မြို့၊ အင်္ဂလန်နိုင်ငံ၊

နေ့စွဲ ၇–၄–၉၂။

တပည့်တော် တင်ငွေ လေးမြတ်စွာ စာရေး လျှောက်ထားပါသည်ဘုရား၊ ဗီဇာကိစ္စအတွက် ယနေ့ရေးသောစာသည် တတိယစာ ဖြစ်ပါသည်ဘုရား၊ ဆရာတော်၏ဗီဇာအတွက် လျှောက်လွှာကို ၆–၃–၉၂နေ့တွင် လန်ဒန်မြန်မာသံရုံးမှ မြန်မာနိုင်ငံ ပြည်ထဲရေးသို့ ပို့ထားပြီး ဖြစ်ကြောင်းနှင့် သင်္ကြန်ပြီးမှ ဘုတ်ထိုင်မည်ဟု သိရပါသည်၊ ဘုတ်ထိုင်ပြီး၍ သိရလျှင်သိရခြင်း ဆရာတော်ထံ စာရေးပါမည်ဘုရား။

ဤနေ့သည် မဟာစည် သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ သင်္ကြန်ခါ ဝိပဿနာ ၁၅–ရက်စခန်း၊ တရားအားထုတ်ပွဲ ၆–ရက်မြောက်သောနေ့ ဖြစ်ပါသည်ဘုရား၊ ယနေ့ တရား အားထုတ်ဆဲ ယောဂီများမှာ ရဟန်း ၁၀–ပါး၊ သာမဏေ ၁၂–ပါး၊ အမျိုးသား ၁၃–ဦး၊ သီလရှင် ၁၃–ပါး၊ အမျိုးသမီး ယောဂီ ၈၁–ယောက် ရှိကြပါသည်ဘုရား၊ ဤစာရင်းမှာ ၇–၄–၉၂ နေ့ဆွမ်းစားချိန် ယောဂီစာရင်းပါဘုရား။

အင်းစိန်မြို့နယ်၊ ဘွဲ့တံဆိပ်ရ ဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲအကြောင်းကို လျှောက်ထားပါဦးမည်ဘုရား၊ တပည့်တော်များ ရန်ကုန်၊ အင်းစိန်မြို့နယ်မှ ဘွဲ့တံဆိပ်ရ ဆရာတော် ၃-ပါး ရှိပါသည်ဘုရား။

၁။ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်၊ ညောင်ကန်အေး မဟာစည်ရိပ်သာ ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တ ဣန္ဒက-က မဟာဓမ္မကထိက ဗဟုဇန ဟိတဓရဘွဲ့ရပါသည်ဘုရား။

၂။ အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်၊ ဇေယျသိဒ္ဓိကျောင်း ဘဒ္ဒန္တ ကုမာရ-က မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်ရပါသည်ဘုရား။

၃။ အင်းစိန်မြို့နယ်၊ ဟံသာဝတီကမ္မဋ္ဌာန်းတိုက် ဘဒ္ဒန္တ ဝဏ္ဏစာရ-က ဈူဋ္ဌကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ် ရပါသည်ဘုရား။

ထိုဆရာတော် ၃-ပါး ဂုဏ်ပြုပူဇော်ပွဲနှင့် အင်းစိန်မြို့နယ်၊ စာအောင်သံဃာတော်များ အောင်လက်မှတ် ဆက်ကပ်ပွဲကို တစ်ပြိုင်တည်း ကျင်းပပါသည်ဘုရား၊ ထိုပွဲသို့ ဆရာတော်၏ကိုယ်စား တပည့်တော်များ ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့က တက်ရောက်ကြပါသည်ဘုရား၊ ဆရာတော်၏ ဘွဲ့မှာ အင်းစိန်မြို့နယ်တွင် အမြင့်ဆုံး ဖြစ်၍ မြို့နယ် ရဟန်း ရှင်လူများက ဆရာတော်၏အကြောင်းကို သိလိုကြပါသည်ဘုရား၊ ထို့ကြောင့် တပည့်တော်များ ဝေယျာဝစ္စအဖွဲ့က ဆရာတော်၏ဘဝဖြစ်စဉ်နှင့် မြတ်ဒေသနာ ဆောင်ပုဒ်လင်္ကာများကို အချိန်အမြန်ဆုံး အုပ်ရေ၃၀၀-မိတ္တူကူး၍ ဓမ္မဒါနအဖြစ် ဝေငှ လှူဒါန်းကြပါသည်ဘုရား။

ထို့ပြင် ဆရာတော်နှင့်အတူ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသော ဆရာတော် ၂-ပါး၊ သံဃာနာယကအဖွဲ့ဝင် ၂-ပါး၊ ဗဟိုဝန်ဆောင်၁-ပါး၊ တိုင်း သံဃာ့ဝန်ဆောင် ၂-ပါးတို့အား တစ်ပါးလျှင် ၂၀ဂို/-ဖိုး တန်သော ဆရာတော်၊ ရေးသည့် တရားစာအုပ်များကို လှူဒါန်းကြပါသည်ဘုရား၊ အင်းစိန်မြို့နယ် အတွင်း စာအောင်သံဃာတော်များ၏ ကျောင်းထိုင်ဆရာတော်တစ်ပါးလျှင် ၁၀ဂို/-ဖိုးတန်သော တရားစာအုပ်များကို လှူဒါန်းကြပါသည်ဘုရား၊ စာအောင်ရှင်ရဟန်းနှင့် သီလရှင်အပါး ၄၀တို့အား တစ်ပါးလျှင် ၄၂/-တန်ဖိုးရှိသော တရားစာအုပ်များကို လှူဒါန်းကြပါသည်ဘုရား၊

ဆုနှင်းသဘင်ကျင်းပရေး ကော်မတီလူကြီးများ (မ-ဝ-တ)နှင့်(ခ-ဝ-တ)

လူကြီးများအား အချိန်ရှိခိုက် လုံ့လစိုက် တရားစာအုပ် ၂၅–အုပ်နှင့် ဘဝဖြစ်စဉ်၊ မြတ်ဒေသနာဆောင်ပုဒ် လက်ာများ ၂၅–အုပ်တို့ကို ဓမ္မဒါနပြုကြပါ သည်ဘုရား၊ ဥည့်ပရိသတ်များအား ဘဝဖြစ်စဉ်နှင့် မြတ်ဒေသနာဆောင်ပုဒ် လက်ာများ စာအုပ်များကို ဓမ္မဒါနပြုကြပါသည်ဘုရား။ ထိုဂုဏ်ပြုပူဇော်ပွဲ မှ ဆရာတော်အား ဆက်ကပ်သော အလှူပစ္စည်းများမှာ သင်္ကန်းဒွိစုံ၊ ဖျော်ရည် ၈–ပုလင်း၊ ငွေသား ၅၀၀၀ိ/– ဖြစ်ပါသည်ဘုရား။

တင်ငွေ

ဆရာတော် ကျန်းမာချမ်းသာစွာ သာသနာပြုနိုင်ပါစေ။
ညောင်ကန်အေးရိပ်သာ၊ ရန်ကုန်၊ မြန်မာနိုင်ငံ။

ဘုန်းကြီးသည် ဤနေ့တွင် ဘုန်းကြီး၏ အချိန်ရှိခိုက်လုံ့လစိုက် အင်္ဂလိပ် ဘာသာပြန်စာအုပ်များကို မြန်မာနိုင်ငံ မဟာစည် သာသနာ့ရိပ်သာ ညောင် ကန်အေးသာသနာ့ရိပ်သာ၊ ညောင်ကန်အေးကွင်းကျောင်းရိပ်သာ၊ မုံရွာ ဒေါ် တောကြီး၊ အင်းစိန်တင်တင်မြင့်နှင့် အမေရိကန်ဦးလှကြိုင်တို့ထံ ဓမ္မဒါန ပေးပို့ လှူဒါန်းပါသည်။

ဤနေ့ညနေပိုင်း၌ ဆွစ်ဇာလန်နိုင်ငံ တပည့်မ မိမိအောင်သွင်က ဘုန်းကြီး အား တရားချီးမြှင့်ကြွပါရန် ဖုန်းဆက်၍ ပင့်ပါသည်၊ ဘုန်းကြီးက မြန်မာ ပတ်စ်ပို့ ဗီဇာသက်တမ်းတိုး ကိစ္စပြီးပါက ကြွလာရန် ရက်ချိန်းပေး ဖုန်းပြန် ဆက်ပါမည်ဟု ပြောလိုက်ပါသည်။

၁၃၅၃–ခု၊ နှောင်းတန်ခူးလဆန်း ၁၃–ရက် (၁၅–၄–၉၂) သင်္ကြန်အတက် ဗုဒ္ဓဟူးနေ့၌ လန်ဒန် မြန်မာကျောင်းတွင် ဒေါက်တာ ကိုကို၊ ဒေါ်မော်လီတို့က အရဏ်မုန့်ဟင်းခါးဆွမ်းကို ဆက်ကပ်ကြပါသည်၊ ထိုဆွမ်းဒါနမှာ ၉–၄–၉၂ နေ့က မြန်မာနိုင်ငံ၊ မိုးကုတ်မြို့တွင် ကွယ်လွန်ခဲ့သော မောင်စိန်ဝင်းအား ရည်စူး၍ ဆက်ကပ်သော ဆွမ်းဒါနဖြစ်၏၊ အလှူရှင်များက ကျောင်း သံဃာ များအား နဝကမ္မကိုလည်း လှူဒါန်းကြပါသေးသည်၊ ဘုန်းကြီးက အနိစ္စာဝတ သင်္ခါရာဂါထာကို မြန်မာလို ရှင်းပြလျက် "ဖြစ်ပျက်ဆုံးလျှင် နိဗ္ဗာန်ဝင်တရား" အမည်ပေး၍ ဟောကြားပါ၏။

## ဖြစ်–ပျက်ဆုံးလျှင် နိဗ္ဗာန်ဝင်တရားဆောင်ပုဒ်

၁။ ကံစိတ်ဥတု၊ အာဟာရဟု၊ ရင်းပြုကြောင်းလေးထွေ။
၂။ ထိုကြောင့် ဖြစ်လာ၊ သင်္ခါရာ၊ နှစ်ဖြာ ရုပ်နာမ်တွေ။
၃။ ဖြစ်ပေါ်လာက၊ ပျက်ကြရ၊ မုချ မမြဲပေ။
၄။ ဖြစ်ပျက် ရှေ့လျှော၊ မမြဲသော၊ သဘောရှိကြပေ။
၅။ ဖြစ်ပေါ်ပြီးနောက်၊ ချက်ချင်းဖောက်၊ ချုပ်ပျောက်ကြရပေ။
၆။ ဖြစ်ပျက် နာမ်ရုပ်၊ ပြီးပြတ်ချုပ်၊ မုချ ချမ်းသာပေ။

အတ္ထုပ္ပတ္တိ အင်္ဂလိပ်ဘာသာပြန်စာမူများကို မြန်မာနိုင်ငံဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ချုပ်နှင့် ညောင်ကန်အေး သာသနာ့ရိပ်သာသို့ ပေးပို့၏၊ ညောင်ကန်အေးရိပ်သာသို့ မှတ်တမ်းတင် ဓာတ်ပုံ ၂၆–ပုံကိုလည်း ပေးပို့၏။

## မြန်မာနှစ်ဆန်း ၁–ရက် ဆွမ်းဒါန

ဤနေ့ကား ၁၃၅၄–ခု၊ဦးတန်ခူးလဆန်း ၁၄–ရက်(၁၆–၄–၉၂)၊ မြန်မာနှစ်ဆန်း ၁–ရက် ကြာသပတေးနေ့ ဖြစ်၏၊ ဘုန်းကြီးနှင့် ဦးပညာသာမိတို့သည် လန်ဒန်မြို့၊ နယူးမော်ဒန်မြို့နယ်၊ မြန်မာသံရုံး၏ တတိယအတွင်းဝန် ဦးကျော်ဆွေတင့်၊ဒေါ်ဝင်းမိသားစုအိမ်၌ နေ့ဆွမ်းဘုဉ်းပေးကြရ၏။

"ဒီနေ့ ဦးကျော်ဆွေတင့်၊ ဒေါ်ဝင်းတို့ ကံကောင်းကြတယ်၊ ၁။ ဦးပညာသီဟ–က အိန္ဒိယ ဘုရားဖူးပြန် ဗောဓိညောင်ရွက် ဘုရား ဆင်းတုတော်တစ်ဆူကို ချီးမြှင့်တယ်၊ ၂။ ဘုန်းကြီးက "အချိန်ရှိခိုက်–လုံ့လစိုက်တရားနှင့် ဝိပဿနာ အခြေခံတရား အင်္ဂလိပ်ဘာသာပြန် စာအုပ်"ကို ချီးမြှင့်တယ်၊ ၃။ ယခု သံဃာတော်၂–ပါး အိမ်ကို ကြွလာတော်မူကြတယ်၊ ဒီနေ့ မြန်မာ နှစ်ဆန်း ၁–ရက် နေ့လဲ ဖြစ်တယ်၊ ဒီနေ့မှာပင် ဒကာကြီး–ဒကာမကြီးများရဲ့ ဆွမ်းဒါနပွဲတွင် ရတနာသုံးပါးလုံးကြွရောက်ချီးမြှောက်ကြတယ်၊ ဝမ်းသာစရာပါပဲ"ဟု ဘုန်းကြီး က ပြော၏။

"မှန်ပါ၊ အတိုင်းမသိ ဝမ်းသာလှပါတယ် ဘုရား"ဟု ဦးကျော်ဆွေတင့်နှင့် ဒေါ်ဝင်းတို့က လျှောက်ကြ၏၊ ဘုန်းကြီးနှင့် ဦးပညာသီဟတို့သည် ဆွမ်းဘုဉ်း ပေးပြီးသော် အိမ်အပေါ်ထပ်ရှိဘုရားခန်းတွင် ရုပ်ပွားဘုရားများကို အနေကဇာ တင်ပါ၍ ရွတ်ဖတ်ပူဇော်ကြ၏၊ ထို့နောက် ဘုန်းကြီးတို့၂–ပါးလုံးက တရား

ချီးမြှင့်ကြ၏၊ ဤနေ့လည်း မိုးအုံ့ လေတိုက်သောကြောင့် အေးနေ၏။

## မိဖကျေးဇူးဆပ် နှစ်သစ်မင်္ဂလာဆွမ်းဒါန

၁၇-၄-၈၂ သောကြာနေ့၌ ဘုန်းကြီးနှင့် ဦးပညာသီဟတို့သည် ဦးစိန်ထွန်းအောင်၊ဒေါ်လှလှတို့အိမ်၌ ဆွမ်းဘုဉ်းပေးကြရ၏၊ ဆွမ်းဒါနမှာ ကွယ်လွန်သူ မိခင်ဒေါ်စောမြအား ရည်စူးလျက် ကျေးဇူးဆပ်၍ နှစ်သစ် မင်္ဂလာအထိမ်းအမှတ်အဖြစ် ဆက်ကပ်လှူဒါန်းသော ဆွမ်းဒါနဖြစ်၏၊ ဘုန်းကြီးတို့သည် ဆွမ်းဒါနပွဲ၌ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်ပရိတ်တော်များကို ချီးမြှင့်ကြပြီးနောက် ၂-ပါးလုံးပင် တရားချီးမြှင့်ကြပါသည်။

## လိုရာဆန္ဒ ပြည့်ဝကြပါစေ

| | |
|---|---|
| နှစ်သစ်နှစ်ကူး | - ရက်ထူးမင်္ဂလာ၊ |
| မိဖကျေးဇူး | - အထူးဆပ်တာ၊ |
| ဆွမ်းကျွေးလှူပြား | - တရားတော်နာ၊ |
| အောင်နှင့်လှ | - ဆန္ဒပြည့်လိုရာ။ |

## ကပ္ပိယဦးခင်မောင်ကြီး ပြဿနာ

"ဆရာတော်တို့ကို မလျှောက်ထားလို့လဲ မဖြစ်တော့ဘူး၊ လျှောက်ထားပါရစေဘုရား၊ ကျောင်းကို မကြာမကြာလာပြီး ကပ္ပိယလုပ်တတ်တဲ့ ဦးခင်မောင်ကြီးဟာ စိတ်မကောင်းတာကိုတော့ အများက သိထားကြပါတယ်ဘုရား၊ သူဟာ အေးအေးမနေဘဲ ဟိုဟိုဒီဒီသို့ သူမကျေနပ်ချက်တွေကို စာရေးပို့နေပါတယ်၊ ယခင်က ရေးတဲ့စာတွေနှင့် မတူဘဲ ယခုစာတွေက ဆရာတော်တွေကို ဆဲတဲ့ စာတွေလဲ ပါနေပါတယ်ဘုရား"ဟု ဒကာကြီး ဦးစိန်ထွန်းအောင်က လျှောက်ထားပါတယ်။

"ဒီလူကတော့ ခက်ပါတယ်၊ ရူးတယ်ပြောရလဲခက်၊ကောင်းတယ် ပြောရလဲခက်ပါတယ်၊ သူ့ကို လက်ခံထားရတာဟာ အကျိုးထက် အပြစ်က များပါတယ်၊ သူ့အတွက် စားရ သောက်ရအောင် လက်ခံထားတာ ပြဿနာတွေရှုပ်လာတော့ ရှေ့လျှောက်ပြီး လက်မခံသင့်တော့ဘူး၊ တပည့်တော်တော့ သူလာရင်တံခါး မဖွင့်ပေးဘဲ နေချင်တယ်၊ ဆရာတော်ကော ဘယ်လို ဘယ်လို

သဘောရဲ့သလဲ”ဟု ဦးပညာသီဟက မေးပါ၏။

“သူ့အတွက်ရော အများအတွက်ပါ အကျိုးမများဘဲ အပြစ်သာ ပွား စေတယ်ဆိုရင် တပည့်တော်လဲ အရှင်ဘုရားရဲ့ဆုံးဖြတ်ချက်ကို သဘောတူပါ တယ်”ဟုသာ ဘုန်းကြီးက ပြောရ၏။ “တပည့်တော်များကလဲ ဒီလိုပဲ သဘောတူ ကြပါတယ်ဘုရား”ဟု ဦးစိန်ထွန်းအောင်နှင့် ဒေါ်လှလှတို့ကလည်း လျှောက်ထား ကြ၏။ ဩော်- သတ္တဝါတစ်ခု ကံတစ်ခုပေတကား။

## နှစ်သစ်သန့်ရှင်းရေး ကုသိုလ်

ဤနေ့ကျောင်းသို့ လူငယ်များလာကြ၍ နှစ်သစ်ဦး အထိမ်းအမှတ်အဖြစ် သန့်ရှင်းရေး ဝေယျာဝစ္စ ပြုလုပ်ကြ၏၊ ကောင်းမြတ်သော မြန်မာ့ရိုးရာအစဉ် အလာ တစ်ရပ် ဖြစ်၏။

## သာသနာပြု ကုသိုလ်ကဗျာ

ကျောင်းဝိုင်းသန့်ရှင်း ၊ ရောဂါကင်း၍၊
ခပင်း ကျန်းမာ ၊ စိတ်ချမ်းသာ၏၊
သာသနာပြု ၊ မြတ်ကောင်းမှုသည်၊
ပေါင်းစု ကုသိုလ်ပွားသတည်း။

## လန်ဒန်မြန်မာကျောင်း နှစ်သစ်မင်္ဂလာပွဲ

ဤနေ့ကား ၁၃၅၄–ခု၊ ဦးတန်ခူးလပြည့်ကျော် ၁–ရက်(၁၈–၄–၉၂) စနေနေ့ ဖြစ်၏၊ ဤနေ့၌ အင်္ဂလန်ရောက် မြန်မာများသည် ကျောင်းသို့လာ၍ စုပေါင်း ဆွမ်းကပ်တရားနာကြ၏၊ အင်္ဂလန်ရောက် မြန်မာများသည် သင်္ကြန်နှင့် အနီးဆုံး ရုံးပိတ်ရက်ဖြစ်သော ဤနေ့၌ ကျောင်းတွင် စုပေါင်း၍ နှစ်သစ် သင်္ကြန်ပွဲကို ပြုလုပ်ကြခြင်း ဖြစ်၏၊ လူ ပရိသတ်များသည် ၁၀၀–ကျော်ခန့် ရှိကုန်၏၊ ဆွမ်းတွေ ဟင်းတွေကလည်း ခွက် ၁၀၀–နီးပါးပင် များကုန်၏။

၁။ ဤနေ့ နှစ်သစ်မင်္ဂလာ ကုသိုလ်ပွဲ၌ ဘုန်းကြီးက သီလပေးပြီးနောက် နှစ်သစ်မင်္ဂလာ တရားကို ဟောပါ၏။

၂။ အင်္ဂလန်ရောက် မြန်မာများက သက်ကြီး ပူဇော်ပွဲကို ကျင်းပကြပါသည်၊ ပရိသတ်ထဲမှ အသက်ကြီးသူဒေါ်စန္ဒာခိုင်က ရတနာသုံးပါး၊ သက်ကြီး

ဝါကြီးများအား ပူဇော်ကန်တော့ကြရသောကြောင့် ဘုန်းကံကြီး၍ အသက်ရှည် ကြပါစေ၊ လိုအပ်သော ဆန္ဒနှင့် တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ၊ နိဗ္ဗာန်အမြန်ရောက်ကြပါစေဟု ဆုပေး၏။

၃။ ဒေါ်အုန်းမြင့်အေးက အင်္ဂလန်မှာလာနေကြတဲ့ မြန်မာတွေဟာ မိမိတို့ သားသမီး မြေးများကို မြန်မာစကားတတ်အောင် သင်ကြားပြောဆို လေ့ကျင့်ပေးကြရမယ်၊ မြန်မာ့ယဉ်ကျေးမှုများကို စောင့်ထိန်း ထုတ်ဖော် ပေးကြရမယ်၊ မြန်မာတို့ယုံကြည်အားကိုးတဲ့ ရတနာသုံးပါးကို အလေး အနက် ယုံကြည်ဆည်းကပ်တတ်အောင် လေ့လာကျင့်ပွားကြရမယ်" ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောဆို ဆုံးမပါသည်။

## နှစ်သစ် မင်္ဂလာဆောင်ပုဒ်

၁။ နှစ်ဟောင်း ကုန်ပျက်၊ နှစ်သစ်ဆက်၊ တိုးတက်မင်္ဂလာ ဖြစ်ပါစေ။

၂။ အကုသိုလ်များ၊ ရှောင်ဖယ်ရှား၊ ပွားများ ကုသိုလ်တွေ။

## မဟာစည် ဓမ္မဒူတအရေး ဆွေးနွေးကြ၏

ဤနေ့ကား ၁၉–၄–၉၂ တနင်္ဂနွေနေ့ ဖြစ်၏၊ ဘုန်းကြီးသည် ဒေါက်တာ သိန်းမြင့်၊ဒေါ်ဆူလေးမြင့်တို့အိမ်တွင် ဆွမ်းဘုဉ်းပေးရ၏၊ မြန်မာချက်၊ မလေးရှား ချက်များကို ချက်၍ ဆက်ကပ်သော ဆွမ်းများ ဟင်းများ ဖြစ်၍ ကောင်းလှပါ၏၊ ထိုဒါနပွဲတွင် ဘာမင်ဂန်ဆရာတော်က အင်္ဂလိပ်ဘာသာဖြင့် အနုမောဒနာ တရားကို ဟောပြသည်၊ ဦးပညာသီဟ က ရေစက်ချပေးပါသည်၊ထိုအိမ်၌ ဆွမ်းစား တရားဟောကိစ္စများပြီးသောအခါ ဘာမင်ဂန် ဆရာတော်ရယ်၊ ဘုန်းကြီး ရယ်၊ ဦးစိန်ထွန်းအောင်ရယ် သုံးဦးသားပေါင်း၍ သီးသန့်အခန်းတွင်း၌ မဟာစည် ဓမ္မဒူတအဖွဲ့ဝင် ပင့်ဆောင်ရေး လေယာဉ်လက်မှတ်ကိစ္စကို ဆွေး နွေးကြပါ၏၊ ပင့်စာကိုလည်း ပို့ထားပြီးပြီ ၊လေယာဉ်လက်မှတ်အားလုံးကိုလည်း ပို့ထားပြီပြီ၊ မြန်မာပြည်က ပတ်စ်ပို့ ဗီဇာ ရသောအခါ ထွက်လာရုံသာ ရှိ တော့သည်၊ ဗြိတိန်ဘားမား ဗုဒ္ဓဘာသာ ဂေါပကအဖွဲ့ဘက်က တာဝန်ကျေ နေပါသည်၊ သို့သော် ပို့ထားသောလေယာဉ်လက်မှတ်မှာ အဲရိုဖလုပ် လေယာဉ် လက်မှတ်ဖြစ်၍ ထိုလေယာဉ်က မြန်မာ့နိုင်ငံတွင် တစ်လလျှင် တစ်ကြိမ်သာ ကျ၍ စီစဉ်ထားသော ရက်ချိန်းများ ပျက်ကုန်နိုင်သည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာသနာ

နုဂ္ဂဟအဖွဲ့ချုပ်က ထိုအဲရိုဖလုပ်လေယာဉ်လက်မှတ်ကို ငွေပြန်ထုတ်ယူ၍ အသုံးမပြုဘဲ နောက်ထပ် ရက်မှန် ထွက်သော ထိုင်း- အဲယားဝေးစသော လေယာဉ်လက်မှတ်များကိုသာ ဝယ်ယူ၍ ထပ်မံ ပို့စေချင်သည်၊ အလုပ်များမည်၊ ငွေပိုကုန်မည်၊ အဲဒါဘယ်လိုလုပ်ကြမည်လဲ-ဟု ဆွေးနွေးကြပါသည်၊ နောက်ဆုံးတွင် ဤကိစ္စကို အဓိက တာဝန်ယူဆောင်ရွက်နေသော အမေရိကန်ရောက် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် ဦးလှကြိုင်နှင့် ဖုန်းဆက် ဆွေးနွေး၍ ဆုံးဖြတ်ချက်ချမည်ဟု ဆုံးဖြတ်ကြပါသည်၊ ဘုန်းကြီးတို့သည် ညနေ ၆-နာရီ၃၀မိနစ်အချိန်တွင် ကျောင်းပြန်ရောက်ကြ၏၊ ဘုန်းကြီးနှင့် ဦးစိန်ထွန်းအောင်တို့သည် အမေရိကန်ရောက် ဦးလှကြိုင်ထံသို့ ထိုမဟာစည် ဓမ္မဒူတအဖွဲ့ ပင့်ဆောင်ရေး လေယာဉ်လက်မှတ်ကိစ္စကို အကျေအလည် ဖုန်းဆက်ဆွေးနွေး ကြပါသည်။

ဦးလှကြိုင်၏ ပြန်ကြားချက်မှာ တစ်နှစ်ကြိုတင်စီစဉ်ထားသော မဟာစည် ဓမ္မဒူတအဖွဲ့ ခရီးစဉ် ရက်ချိန်းများ ပျက်ကုန်ပါက မဟာစည် နာမည်ပျက်ပါလိမ့်မည်၊ ရက်ချိန်းအတိုင်းလည်း ကြွနိုင်ရန်နှင့် ကုန်ကျစရိတ်လည်း သက်သာရန် ဘင်္ဂလားဒေ့ရှ်လေကြောင်း ဘီမန်းလက်မှတ်ကို နောက်ထပ်ပို့စေချင်ပါသည်ဟု ဖြစ်ပါသည်၊ ထိုအခါ ဘုန်းကြီးက "ရန်ကုန်ကို အင်္ဂါနေ့တွင် ဖုန်းဆက် မေးကြည့်ပါမည်၊ မြန်မာပတ်စ်ပို့ ဗီဇာ ရရှိပြီးပါက ဘီမန်း လက်မှတ် ဝယ်ပို့သင့်ပါသည်"ဟု ဆွေးနွေး၍ ထိုအကြံပြုချက်အတိုင်း ဆုံးဖြတ်ကြပါသည်။

## ဒကာကြီးဦးပွင့်ကောင်းနှင့် ဆွေးနွေးခြင်း

မြန်မာနိုင်ငံ၊ရန်ကုန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒကာကြီး ဦးပွင့်ကောင်းသည် စင်ကာပူနိုင်ငံတွင် ကျန်းမာရေးစစ်ဆေးခံ၍ သမီး မပွင့်သီဂီရှိရာ ဤလန်ဒန်သို့ ရောက်နေပါသည်၊ ဒကာကြီးဦးပွင့်ကောင်းက သူ့သမီးရှိရာ အင်္ဂလန်အနောက်မြောက်ပိုင်း လီဗာပူးလ်အနီးရှိ အုန်းစတတ်ဆေးရုံကြီး အရာရှိဆောင်တွင် တည်းခိုပါသည်၊ ဤညနေပိုင်း၈-နာရီအချိန်တွင် ဒကာကြီးက ဘုန်းကြီးထံ ဖုန်းဆက်လျှောက်ထားပါသည်။

"တပည့်တော်-ဒကာပွင့်ကောင်းပါဘုရား၊ ဆရာတော်နှင့်ဦးလှကြိုင်တို့ တိုင်ပင် ညှိနှိုင်း၍ စီစဉ်နေသော မဟာစည်ဓမ္မဒူတအဖွဲ့ ပင့်ဆောင်ရေးကိစ္စနှင့်ပတ်သက်၍ တပည့်တော်အနေနဲ့ ဂေါပကလူကြီး ဒေါက်တာဝင်းမောင်

နှင့်လည်း ဆွေးနွေးပြီးပါပြီ၊ ဂေါပကလူကြီးဒေါက်တာဦးစိန်ထွန်းအောင်နှင့် လည်း ဆွေးနွေးပြီးပါပြီ ဘုရား။

ဒီကပေးပို့ထားတဲ့ အဲရိုဖလုပ်လေယာဉ်လက်မှတ်နှင့်ဆိုက ကုန်ကျစရိတ် သက်သာသော်လဲ ကြွရောက်မည့်ဆရာတော်များအတွက် မချမ်းသာလှပါ၊ ရက်ချိန်းတွေလဲ လွဲကုန်ပါမည်၊ တစ်လမှတစ်ကြိမ်သာ မြန်မာနိုင်ငံကို ဆင်း ပါသည်ဘုရား၊ ဘီမန်းလေယာဉ်လက်မှတ်ကို ထပ်မံဝယ်ပို့ပြန်ရင်လဲ့ တယ် မကောင်းလှပါဘူး၊ အကောင်းဆုံးကတော့ ထိုင်း–အဲယားဝေး ဒါမှမဟုတ် စင်ကာပူ အဲယားဝေး လေယာဉ်လက်မှတ်ကို ဝယ်ပို့ပါက အားလုံး အဆင်ပြေ ပါမည်ဘုရား” လျှောက်ထားပါသည်။

“ဒကာကြီး–ဒကာကြီးရဲ့စေတနာကောင်းနှင့် စီမံချက်ဟာ အလွန်ကောင်း ပါတယ်၊ ဒါပေမယ့် အဲဒီလေယာဉ်လက်မှတ်များက အလွန်ဈေးကြီးတဲ့အတွက် ပင့်သူများဘက်က ဝန်လေးမည်ထင်ပါတယ်၊ ပြီးတော့ မြန်မာပတ်စ်ပို့နှင့် ဗီဇာများကလဲ မရရှိသေးဘူး၊ အဲဒီကိစ္စကို ဒကာကြီးနှင့် ဦးလှကြိုင်တို့ ထပ်မံ ဆွေးနွေးပြီး ဆုံးဖြတ်ကြပါ” ဟုဘုန်းကြီးက ပြန်ပြောပါသည်။

“မှန်ပါ၊ ဒီကိစ္စကို ဦးလှကြိုင်အား အကုန်လုံးလွဲထားပြီးသားပါ၊ တပည့် တော်က ကျန်းမာရေးအစစ်ဆေးခံရန် လာခဲ့တာပါ၊ ယခုဟာက ဆွမ်းခံရင်း ငှက်သင့်ဆိုတာလို တပည့်တော် လန်ဒန်ရောက်ချိန်တွင် ဝင်တိုးလို့ ကြားဖြတ် ဝင်ပြီး စီစဉ်လျှောက်ထားရတာပါ၊ ဦးလှကြိုင်ဆောင်ရွက်တဲ့အတိုင်း သဘော တူပြီးပါ၊ တပည့်တော်က တာဝန်ရှိသူမှန်သော်လဲ ဒီကိစ္စ အစအဆုံးသိမှာက ဦးလှကြိုင်မှသိမှာပဲ ဘုရား၊ ဆရာတော်မိန့်တဲ့အတိုင်း ဦးလှကြိုင်နှင့် ထပ်မံ ဆွေးနွေးပါဦးမည် ဘုရား”

“ဒကာကြီးရဲ့–ကျန်းမာရေးအခြေအနေက ဘယ်လိုနေလဲ၊ သက်သာရဲ့ လား” ဟု ဘုန်းကြီးက မေးပါသည်။

“မှန်ပါ၊ စင်ကာပူတွင် စစ်ဆေးကြည့်တော့ အများထင်ကြတဲ့ နှလုံးရောဂါ ဆိုတာက ဘာမှ စိုးရိမ်စရာမရှိပါတဲ့ဘုရား၊ အနားယူလိုက်ရင် ပျောက်သွားမှာ တဲ့ဘုရား၊ ယခုတပည့်တော်မှာ ခါးနာနေတယ်ဘုရား၊ တပည့်တော်များ ရောက် တဲ့ အရပ်မှာလဲ အင်္ဂလန်ရာသီဥတုက ဖေါက်ပြန်လာပြန်လို့ အလွန်အေးနေကြ ပါတယ်၊ ဟိုဟိုဒီဒီလဲ သိပ်မသွားနိုင်ကြသေးပါဘုရား၊ ဆရာတော်ထံ တပည့်

တော် သီးသန့်တစ်ခေါက် လာလိုသော်လည်း ကျန်းမာရေးအခြေအနေအရ မလာနိုင်သေးပါဘုရား၊ တပည့်တော်က အတင်းလာရန် စီမံတော့ တပည့်တော်၏ဇနီးသားသမီးများက တားနေကြတယ်ဘုရား၊ ပြန်ခါနီး လန်ဒန် လာရင်းမှ သာ ဆရာတော်ထံ လာရပါတော့မည်ဘုရား၊ အကယ်၍ ဆရာတော်ကြွရောက် ချီးမြှင့်နိုင်ပါက တပည့်တော်များက ဆွမ်းဘုဉ်းပေးကြွရန် ပင့်ပါတယ်ဘုရား" ဟုလျှောက်ထားပါသည်။

"ကောင်းပါပြီ ဒကာကြီး၊ ဘုန်းကြီးလာနိုင်ပါတယ်၊ ကားလာကြိုဖို့က တော့ အတော်တာဝန်ကြီးလွန်းပါတယ်၊ လန်ဒန်နှင့် လီဗာပူးလ်မိုင် ၂၀၀- ကျော် ဝေးမည် ထင်ပါတယ်၊ အဲဒီတော့ ဘုန်းကြီးအား ကပ္ပိယလမ်းပြ တစ် ယောက်ကိုသာ စီစဉ်ပေးပါ၊ သာသနာရေးများကိုလဲ ဆွေးနွေးရတာပေါ့"ဟု ဘုန်းကြီးက ပြန်ပြောလိုက်ပါသည်။

## ငွေရတုနှင့်နှစ်သစ်မင်္ဂလာဆွမ်းဒါန

၂၀-၄-၉၂ တနင်္ဂနွေနေ့၌ ဘုန်းကြီးနှင့်ဦးပညာသီဟတို့သည် ဒေါက်တာ အေးနိုင်+ဒေါ်သန်းသန်းချိုတို့အိမ်တွင် ဆွမ်းဘုဉ်းပေးကြရပါသည်။ ဆွမ်း ဒါနပွဲမှာ မိခင်ဒေါ်မြနှစ်-အသက်ရှည်ကျန်းမာစေရန်၊ ရည်သန်သော ဆွမ်းဒါန လည်းဖြစ်၏၊ ဒေါက်တာအေးနိုင်+ဒေါ်သန်းသန်းချိုတို့၏ အိမ်ထောင်သက် ၂၅-နှစ်မြောက် မင်္ဂလာဆွမ်းဒါနလည်းဖြစ်၏၊ မြန်မာနှစ်သစ်ကူး ဆွမ်းဒါန လည်းဖြစ်၏၊ သုံးမင်္ဂလာဆွမ်းဒါန-ဟုဆိုရမည်၊ ဤဆွမ်းဒါနပွဲတွင်လည်း ဆွမ်း ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာအဖြာဖြာတို့မှာ စုံလင်လှပါကုန်၏၊ ဖိတ် ကြားထားသော ပရိသတ်များလည်း မနည်းလှပါကုန်၊ တဖွဲဖွဲ ရောက်လာပါ ကုန်၏။

## လူ့ကျင့်ဝတ်တရား

ထိုဆွမ်းဒါနပွဲတွင် ကမ္မဋ္ဌာနာစရိယဦးပညာသီဟ က" လူ့ကျင့်ဝတ်တရား" ကိုဟောပါသည်။

## လင်ကျင့်ဝတ်တရား

"မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊

ငါးအင် လင့်ကျင့်ရာ”နှင့်အညီ ခင်ပွန်းယောကျ်ားများဖက်က ကျင့်ရမည်၊ သို့မှသာ အိမ်ထောင်ရေးသာယာမည်။

## မယားကျင့်ဝတ်

“အိမ်တွင်းမှု လုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ အိမ်သူကျင့်အပ်စွာ”နှင့်အညီ ဇနီးမယားဖက်ကလဲ ကျင့်ရမည်၊ သို့မှသာ အိမ်ထောင်ရေးသာယာမည်။

ဦးပညာသီဟက သိင်္ဂါလောဝါဒသုတ်လာ ဤကျင့်ဝတ်တရားများကိုလည်း ရှင်းပြ ဟောကြားပါသည်၊ ဝိသာခါအမျိုးသမီးအား သူ့ဖခင်ကြီးက မှာကြားသော ကျင့်ဝတ် ၁၀–ပါးနှင့် နကုလပိတာနှင့် နကုလမာတာတို့၏ ဘုရားတိုင် သစ္စာထားစကားများကိုလည်း ရှင်းပြဟောကြားပါသည်။

၁။ ဇနီးနတ်သမီးနှင့် သူသေလင် ၂။ ခင်ပွန်းနတ်သားနှင့် သူသေမယား၊ ၃။ သူသေမယားနှင့် သူသေလင်၊ ၄။ လင်နတ်သားနှင့် မယားနတ်သမီးစုံတွဲ ၄–မျိုးကိုလည်း ရှင်းပြဟောကြားပါသည်။

## သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင်တရား

ဘုန်းကြီးက“သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင်တရား”ကို ဟောပါ၏၊ ဤဗုဒ္ဓသာသနာတော်တွင်း လူဖြစ်ကြသူများဟာ ကိလေသာမကင်းသေး၍ အိမ်ထောင်ရက်သားပြုနေကြရသော်လည်း မအိုခင်၊ မနာခင်၊ မသေခင်တွင် ဒေါသမပွား၊ အမုန်းမပွားဘဲ မေတ္တာကရုဏာမုဒိတာ တရားများ လက်ကိုင်ထားကြရမည်။

လူ့ဘဝတစ်ခဏ နေကြရစဉ်တွင် သီလပျက်ပြားနိုင်တဲ့ မတရား အသက်မွေးခြင်းများကို ရှောင်ကြဉ်ပြီး သမ္မာအာဇီဝကျကျ တရားသဖြင့် အသက်မွေး နေထိုင်ကြရပေမည်၊ မျက်မှောက်ချမ်းသာ လောကီသာကြည့်ပြီး မတရား အသက်မွေး နေထိုင်ကြလျှင် အနေချောင်က အသေကြပ်မည်၊ သတိပဋ္ဌာန်တရားကို လက်ကိုင်ထားလျက် အနေတတ်ကြမှသာလျှင် အသေ မြတ်ကြပါမည်။

လောကထဲတွင်နေကြရ၍ လောကီသားများဖြစ်ကြသဖြင့် တိုင်းပြည်မှန်က စစ်ရှိရမည်၊ သစ်ပင်မှန်က အမြစ်ရှိရမည်၊ လူမှန်က အချစ်ရှိရမည် ဆိုတဲ့

လောကီဆင်ခြေစကားကို ပြောကြားပြီး တစ်ချစ်တည်း ချစ်နေကြရုံနဲ့လဲ ဆင်းရဲ မငြိမ်းနိုင်ကြသေးဘူးနော်၊ စစ်ကိုလဲ ရပ်မှ ငြိမ်းချမ်းမည်၊ အမြစ်ကိုလဲ ဖြတ်မှ ရှင်းလင်းမည်၊ အချစ်ကိုလဲ သတ်မှ ချမ်းသာမည်၊ ဒါကြောင့် ယခု မဟာစည်သြဝါဒါစရိယ ချမ်းမြအောင်စည်ဆရာတော်ဘုရားက ဒီလို ဆောင်ပုဒ်စီထားပါသည်။

## နိဗ္ဗာန်ရောက်နိုင်သည်

၁။ တိုင်းပြည်မှန်လျှင် စစ်ရှိရမည်။
သစ်ပင်မှန်လျှင် အမြစ်ရှိရမည်။
လူမှန်လျှင် အချစ်ရှိရမည်။
စစ်မရပ်တော့လဲ ရန်ဘယာစည်သည်။
အမြစ်မဖြတ်တော့လဲ ပြန်ကာစည်သည်။
အချစ်မသတ်တော့လဲ သံသရာရှည်သည်။
စစ်ရပ်၊ အမြစ်ဖြတ်၊ အချစ်သတ်ဖို့၊
အစစ် ပရမတ်သိမှ နိဗ္ဗာန်ရောက်နိုင်သည်။

ပြီးတော့ အချစ်ရှိနေပြန်ရင်လဲ အမုန်းကပါလာမြဲပဲ၊ ချစ်နေမုန်းနေကြရင်လဲ သံသရာထဲမှာ ဆင်းရဲကြာမယ်၊ ဒီအကြောင်းနှင့်ပတ်သက်ပြီး မုံရွာ ကံပြားကြီး ဆရာတော် ဦးသီဟက ဒီလိုဆောင်ပုဒ်စီထားပါတယ်။

## အချစ် အမုန်း အလွတ်ရုန်းပါ

၂။ ချစ်တယ် ချစ်တယ်–လို့ သူတို့က ဆိုကြလေတယ်၊
မုန်းတယ် မုန်းတယ်–လို့ သူတို့က ဆိုကြလေတယ်၊
ဘယ်ဟာကိုလဲ ချစ်ကြတာလဲ၊ ဘယ်ဟာကိုလဲ မုန်းကြတာလဲ၊
ချစ်သမျှကိုတော့ လောဘလို့ ခေါ်ဆိုတယ်၊
မုန်းသမျှကိုတော့ ဒေါသလို့ ခေါ်ဆိုတယ်၊
အချစ် အမုန်း အလွတ်ရုန်းကြမှ၊ အဆုံးနိဗ္ဗာန်နယ်၊
အမတခေမာနယ် နိဗ္ဗာန်နန်းကို တက်လှမ်းရန်၊ မောင်ကြံရွယ်၊
တက်လှမ်းရန် မယ်ကြံရွယ်။

အဲဒီအချစ် အမုန်းများပါဝင်တဲ့ သံယောဇဉ် ၁၀-ပါးတရားများကို ဖြတ်နိုင်ကြရမယ်၊ သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင်ကြမယ်၊ အိမ်ထောင်သက်၂၅-နှစ်တောင်ကြာလာမှဖြင့် သံယောဇဉ်ဖြတ်ပြီး နိဗ္ဗာန်ဝင်ဖို့ကိုလဲ စဉ်းစား ဆင်ခြင်ကြရမယ်၊ ကဲ-သံယောဇဉ်ဖြတ်ပြီး နိဗ္ဗာန်ဝင်ကြမယ်ဆိုရင် သတိပဋ္ဌာန် ဝိပဿနာတရားကို တဖြေးဖြေးကျင့်ပွားအားထုတ်ကြရမယ်" ဟုဟောကြားပါသည်။

## သံယောဇဉ်နှင့်နွားခြံ ဥပမာ

၁။ နွားခြံကြီးနဲ့ ၃၁-ဘုံ၊ နွားခြံတိုင်များ-ငါးပါးကာမဂုဏ်။
ပုထုဇဉ်များ- ခြံနွားတူကုန်၊ ကြိုးသံယော- မြက်တောနိဗ္ဗာန်ဘုံ။

## သံယောဇဉ်ဖြတ်လျှင်နိဗ္ဗာန်ဝင်

၂။ ကြိုးကိုဖြတ်ကြ-တိုင်မှမြန်ခွာ၊
ခြံမှခုန်ထွက်-စားကျက်နိဗ္ဗာ၊
လွတ်လပ်ငြိမ်းချမ်း-စခန်းလွန်သာ၊
ရောက်လိုက-ဖြတ်ကြ သံယောဇနာ။

## သံယောဇဉ် ၁၀-ပါး

၁။ အာရုံငါး၀၊ တပ်စွဲက၊ ကာမသံယောဇဉ်။
၂။ သုံးပါးဘ၀၊ တပ်စွဲက၊ ဘ၀သံယောဇဉ်။
၃။ အမျက်ဒေါသ၊ စိတ်ဆိုးက၊ ပဋိဃသံယောဇဉ်။
၄။ ကိုယ်သာတော်လှ၊ ထင်မှတ်က၊ မာနသံယောဇဉ်။
၅။ ရုပ်နာမ်ကိုပဲ၊ ငါကောင်စွဲ၊ ယူလွဲဒိဋ္ဌိပင်။
၆။ ကိုယ့်လို သူများ၊ ကောင်းစားမည်မှ၊ ဝန်တိုက၊ မစ္ဆရိယသံယောဇဉ်။
၇။ ကိုယ့်ထက်သာကို၊ မနာလို၊ ခေါ်ဆိုဣဿပင်။
၈။ သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊
ယုံကြည်ဆုံးဖြတ်၊ ယူဆမှတ်၊ သီလဗ္ဗတပင်။
၉။ တရားမှန်တွင်၊ မယုံချင်၍၊ ဆင်ခြင်နှိုင်းညှိ၊ ဝေဖန်ကြည့်၊ ဝိစိကိစ္ဆာ
သံယောဇဉ်။
၁၀။ သစ္စာလေးတန်၊ပြောင်းပြန်ထင်ကာ၊ မသိတာ၊ အဝိဇ္ဇာသံယောဇဉ်။

၁၁။ ဝင်ဆင်းရဲမှ၊ မလွတ်ရအောင်၊ ချည်နှောင်တတ်စွာ၊ ဤဆယ်ဖြာ၊ အဘိဓမ္မာသံယောဇဉ်။

## သံယောဇဉ်ဖြတ်ရန် သတိပဋ္ဌာန်တရား

၁။ သွားလျှင်သွားဟု-မှတ်ရှုသိပါ။
၂။ ရပ်လျှင်ရပ်ဟု-မှတ်ပြုသိပါ။
၃။ ထိုင်လျှင်ထိုင်ဟု-မှတ်ရှုသိပါ။
၄။ လှဲလျှင်လှဲ-မှတ်စွဲသိစမ်းပါ။
ကိုယ်တည်တိုင်း-မဆိုင်းသိစမ်းပါ။

## ထိုင်လျက်ရှုမှတ်နည်း

၁။ တင်ပျဉ်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်အောင်ထား။
၂။ မလှုပ်ဣန္ဒြေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေ မလွင့်ပါး။
၃။ မျက်စိမှိတ်ကာ၊ ခေါင်းတည့်ပါ၊ ဝမ်းမှာ စိတ်ကိုထား။
၄။ ဖောင်းတာပိန်တာ၊ စိတ်စိုက်ကာ၊ မှတ်ပါယောဂီများ။
၅။ ပေါ်ရာပေါ်ရာ၊ စူးစိုက်ကာ၊ မှတ်ပါယောဂီများ။
၆။ ရှုမှတ်ရင်းပင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်သွား။

## လီဗာပူးလ်ကားဂိတ်ဝယ် ယောင်လယ်လယ်

"ဆရာတော်ဘုရား၊ ဆရာတော် တပည့်တော်များဆီကို ကြွရန် ဒေါ်ညိုညိုက စီစဉ်ပေးပါလိမ့်မယ်ဘုရား"ဟု ညနေ ၄–နာရီတွင် ဒကာကြီး ဦးပွင့်ကောင်းက ဖုန်းဆက်ပါသည်။

ဤနေ့ကား ၁၃၅၄–ခု၊ဦးတန်ခူးပြည့်ကျော် ၄–ရက်(၂၁–၄–၉၂) အင်္ဂါနေ့ ဖြစ်ပါသည်၊ ရာသီဥတုမှာ နေရောင်လင်းဖြာ သာယာနေပါ၏၊ ဘုန်းကြီးသည် ညပိုင်းက လီဗာပူးလ်ကို သွားရန်စီစဉ်ထား၏၊ ထိုကိစ္စကို ဤနေ့ ဒေါ်ညိုညို က စီစဉ်ပေးပါမည်။

### လန်ဒန်အဝေးပြေးကားဂိတ်ဝယ်

နေ့ဆွမ်းပြီးချိန်တွင် ဒေါ်လှလှ၊ဒေါ်ညိုညိုတို့နှင့် သမီးဇင်မာတို့က ဘုန်းကြီး အား ကားဖြင့် လာပင့်ကြ၏။

"ဆရာတော်၊ ဘာနဲ့ကြွချင်ပါသလဲ ဘုရား"ဟုဒေါ်ညိုညိုကမေးပါ၏။

"ဘုန်းကြီးကတော့ ဘာနဲ့သွားရ သွားရ အဆင်ပြေတာနဲ့ သွားပါမည် ဒကာမကြီး"ဟုပြောပါသည်။

"ဒီကနေ့ဆိုရင် ဂိုးဒါးစ် ဂရင်းစတေရှင်နှင့် နီးပါတယ် ဘုရား၊ အဲဒီမှာ ကုတ်ချ် ကားကြီးဂိတ် ရှိပါတယ်၊ အဲဒီမှာ ကားလက်မှတ်ဝယ်ရင် ကားနဲ့ကြွပါ၊ မရရင် မီးရထားဖြင့် စီစဉ်ပေးပါမည် ဘုရား" ဒေါ်လှလှက လျှောက်ထား ပါသည်။

ကားကြီး ဂိတ်ရောက်သော် ဒေါ်ညိုညိုနှင့်ဇင်မာတို့က ကားလက်မှတ်ဝယ်၍ လှူကြသည်၊ အဆင်ပြေပါ၏၊ ကားလက်မှတ်မှာ အသွားအပြန် ကားလက်မှတ် ဖြစ်၏၊ ဤနေ့ သွားရမည့်အချိန်မှာ ညနေ ၄-နာရီဖြစ်ပါသည်။

"ဘုန်းကြီးကို ကားဂိတ်တွင် လာကြိုရန်လဲ ဖုန်းဆက်လိုက်ဦးနော်"ဟု ဘုန်းကြီးက ဒေါ်ညိုညိုအား မှာလိုက်ပါသေးသည်။

အချိန်မှာ မွန်းလွဲ ၁-နာရီအချိန် ဖြစ်၏၊ အလွန်စောနေပါသည်၊ ထို့ကြောင့် ဘုန်းကြီးသည် ကားဂိတ်ရှိ ထိုင်ခုံ၌ ထိုင်၍ အင်္ဂလိပ်စာ ကျက်နေ၏၊ ဘုန်းကြီး၏ အနားသို့ လာရောက်ထိုင်သော အင်္ဂလိပ်ကြီးတစ်ယောက်အား မိတ်ဖွဲ့၍ ဝိပဿနာ အလုပ်ပေးတရားကို ဟော၏၊ သူက စိတ်ပါဝင်စားစွာ နားထောင်၏၊ ဘုန်းကြီးသည် အင်္ဂလိပ်စကားကို ကြိုးစား၍ ပြောပါသည်၊ ဘုန်းကြီးသည် ထို့နောက် လမ်းလျှောက်ပရိတ်ရွတ်ရင်းပင် အချိန်သည် ညနေ ၄-နာရီရှိပါပြီ။

## အိုင်လွတ်ကင်းဖော်မိုင်ဖရင့်

ဘုန်းကြီးသည် ဘုန်းကြီး၏ ကားလက်မှတ်တွင်ပါသော အမှတ်၅၄၀-နံပါတ် ကားကြီး အဆိုက်တွင် လက်မှတ်ကို ပြ၍ ကားပေါ်တက်ထိုင်ပါ၏၊ ညနေ ၄-နာရီ ၃၀-မိနစ် အချိန်တွင် ဘုန်းကြီးတို့၏ကားကြီး ထွက်ပါ၏၊ ကားကြီးပေါ်တွင်လူ ၅၀-ကျော်ခန့်ပါရှိကုန်၏၊ ကားကြီးသည် တစ်ရွာထွက် တစ်မြို့ဝင်ဖြင့် မော်တာဝေးလမ်းမကြီးအတိုင်း မောင်းလာခဲ့ရာ ည ၈-နာရီ အချိန်၌ လန်ဒန်မှ မိုင်၂၀၀ကျော်ဝေးသော လီဗာပူးလ်သို့ ရောက်ပါသည်။

ဘုန်းကြီးသည် လာကြိုမည့် ဒေါက်တာမျိုးမင်းနှင့် မပွင့်သီဂိတို့ကို ရှာကြည့်၏၊ မတွေ့ရပါ၊ ကြိုသူများ နောက်ကျနေသည် ထင်၏၊ကားဂိတ်တွင် လူရှင်းသွားသည့်အထိ စောင့်ကြည့်ပါ၏၊မတွေ့ရပါ၊ ကားဂိတ် ပလက်ဖောင်းတွင် ရပ်ထားသော ကားများအတွင်းသို့ ချောင်းကြည့်၏၊ မြန်မာနှင့်တူသူကိုပင် မတွေ့ရပါ၊ ခက်ပြီ၊အချိန်ကလည်း ည ၉-နာရီ၊အင်္ဂလိပ်စကားကလဲ လည်လည်ဝယ်ဝယ် မပြောတတ်၊ ဤလီဗာပူးလ်မြို့နှင့် ဘုန်းကြီးသွားမည့် ဘီးလင်းချ် မဟာစည်ရိပ်သာကျောင်းကလည်း မိုင် ၃၀-ကျော်ဝေးပါသေး၏။

ထိုအချိန်တွင် "သင် ဘယ်သူ့ကိုရှာနေတာလဲ"ဟူသော အင်္ဂလိပ်စကား

သံကို မမြော်လင့်ဘဲ ကြားလိုက်ရပါသည်၊ အသံလာရာသို့ ကြည့်လိုက်သော အခါ ကလေး ၂–ယောက်လက်ဆွဲ၍ ရပ်နေသော အင်္ဂလိပ်အမျိုးသမီး တစ်ယောက်ကို တွေ့ရပါ၏။

“ အိုင် လွတ်ကင်းဖော် မိုင် ဖရင့်၊ ငါ့သူငယ်ချင်းကို ငါရှာနေတယ်”ဟု ဘုန်းကြီးက တတ်သမျှ အင်္ဂလိပ်စကားဖြင့် ပြန်ပြောလိုက်၏၊ ထို့နောက် ဘုန်းကြီးက မိမိ သွားမည့် နေရပ်လိပ်စာကို ထုတ်ပြလိုက်၏။

“သင် ဖုန်းခေါ်မည်လား” ဟု သူမကမေးပါသည်။

“ယက်စ် ပလိစ် အိုင် နိုးမန်းနီး ”ဟု ဘုန်းကြီးက ပြန်ပြော၏။

“ကိစ္စမရှိပါဘူး၊ ငါပေးမယ်”ဆိုကာ သူမက လမ်းဘေးရှိ ဖုန်းတွင် ပိုက်ဆံ အကြွေစေ့ကို ထည့်၍ ဖုန်းနံပါတ်ကို လှည့်၏၊ ပြီးတော့ ဘုန်းကြီးအား ဖုန်းကို ပေး၏။

“ဆရာတော် ဦးပညာဒီပလား၊ တပည့်တော် ဣန္ဒကပါ၊ လီဗာပူးလ် ကားဂိတ်ကို ရောက်နေပါတယ်၊ ကြိုသူများကို မတွေ့ရပါ၊ ခက်နေပါတယ်” ဟု ဘုန်းကြီးက လျှောက်ထားလိုက်၏။

“ဟုတ်တယ်၊ စောစောက မီးရထားနဲ့တင်ပို့လိုက်မယ်လို့ ပြောလို့ ရထားဘူတာရုံကို သွားကြိုနေတယ်၊ ခုနင်ကမှ လန်ဒန်က ကားနဲ့ ကြွသွားပြီလို့ ဖုန်းလာဘယ်၊ မသွားတတ်ရင် ငြိမ်ငြိမ်နေပါ၊ အရှင်ဘုရားကို ဘူတာမှာ မတွေ့ရင် သူတို့ ကားဂိတ်ကို လာပါလိမ့်မယ်၊ အရှင်ဘုရား ဘူတာကိုရင်လဲ သွားပါလား၊ သိတ်မဝေးဘူးထင်တယ်”ဟု ဆရာတော်ဦးပညာဒီပက ပြောပါသည်။

“လွဲနေရင် ဘယ့်နှယ်လုပ်မလဲ”ဟု ဘုန်းကြီးက ပြန်ပြော၏။

“မလွဲပါဘူး၊ ဘူတာကိုသာ သွားလိုက်ပါ”ဟု ဆရာတော်ဦးပညာဒီပက ပြန်ပြောပါသည်။

ထိုအခါ ဖုန်းက အချိန်စေ့၍ ရပ်သွားပါ၏၊ ထို့ကြောင့် ဘုန်းကြီးက ထို အင်္ဂလိပ်အမျိုးသမီးအား “ကင်း ယူ ဟဲလ်မီ အိုင်ဂိုး ဝင်းတူးသယ် စတေရှင်း” ဟု ပြော၏၊ ထိုအခါ ထိုအမျိုးသမီးက ဘုန်းကြီးအား ရှေ့တည့်တည့်သွား၊ ဘယ်ကွေ့၊ ညာကွေ့–စသည်ဖြင့် ပြောပြနေပါ၏။

ထိုအခါ ဘုန်းကြီးက“အိုင် ဒုန့်နိုး, အိုင်ကင်နော့ဂိုး”ဟု ပြန်ပြော၏။

**ထိုအခါ** အင်္ဂလိပ်အမျိုးသမီးက အငှားကားတစ်စီးကို ငှား၍ သူမရော၊ သူမ၏ကလေးများပါ ကားပေါ်တွင် လိုက်ခဲ့ပြီး ဘူတာကို လိုက်ပို့ပါသည်၊ ဘူတာရောက်သော် ကလေးများရော၊ အထုပ်တွေကိုပါ ကားပေါ်တွင် ထား ခဲ့ပြီးနောက် ဘုန်းကြီးအား ဘူတာရုံတွင်းလိုက်ပို့၍ နေရာအနှံ့ပင် ကြိုဆိုသူကို ရှာပေးပါသည်၊ မတွေ့ရသည့်အဆုံးတွင် ဘုန်းကြီးအား စောင့်ဆိုင်းခန်း၌ ထားခဲ့၍ သူမက ထွက်သွားပါသည်၊ ဘုန်းကြီးသည် ထိုင်ခုံတွင်ထိုင်၍ စောင့် ကြည့်နေရပါသည်။

ဘုန်းကြီးသည် ဟိုကြည့်သည်ငေးဖြင့် အတော်ကြာအောင် စောင့်နေစဉ် ည ၁၀–နာရီခန့်တွင် မပွင့်သီဂီနှင့် ဒေါက်တာမစိုးလွင်တို့ကို တွေ့ရပါ၏။

“ဒေါက်တာမျိုးမင်းနှင့် သူ့သူငယ်ချင်းတစ်ယောက်တို့ ဆရာတော်ကို ဘူတာသွားပြီး ကြိုကြတယ်၊ မတွေ့ခဲ့လို့ အိမ်ပြန်သွားပြီး အဖေနှင့် တပည့် တော်တို့က ဒီလီဗာပူးလ်က ဒေါက်တာခင်ဇော်တို့ဆေးတိုက်မှာ အဖေရဲ့ သွား ပြုပြင်ရန် နေခဲ့ကြတယ်၊ ယခုစိတ်မချလို့ ဆရာတော်ကို လာကြိုကြ တယ်ဘုရား” ဟု မပွင့်သီဂီက လျှောက်ထားပါသည်။

နောက်မှသိရသည်မှာ ဒကာမကြီးဒေါ်လှလှနှင့်ဒေါ်ညိုညိုတို့က ဒေါ်သန်း သန်းချိုတို့အိမ်တွင် သာသနာရေးကိစ္စများကို ဆွေးနွေးနေကြရင်း အချိန်လွန် မှ ဆရာတော်ကားဖြင့် ကြွသွားကြောင်းကို သတိရပြီး ဒေါက်တာမျိုးမင်းတို့ အိမ်ကို ဖုန်းဆက်ကြသည်တဲ့၊ ထိုအချိန်တွင် ဒေါက်တာမျိုးမင်းတို့ကလည်း ဘုန်းကြီးအား ကြိုရန် ဘူတာကို ထွက်သွားကြပြီတဲ့၊ အလွဲလွဲ အချော်ချော် ဖြစ်ကုန်ကြ၏။

ကူညီသူနှင့် တွေ့ပေ၍သာ တော်ပါသေး၏၊ ဘုန်းကြီးသည် ဒေါက်တာ မစိုးလွင်၊ မပွင့်သီဂီတို့၏ကားဖြင့် ဒေါက်တာခင်ဇော်ဝင်း အိမ်ကို ဝင်ကြ၏၊ ထိုအိမ်တွင် ဒကာကြီးဦးပွင့်ကောင်း+ဒေါ်ခင်နွဲ့ရီတို့နှင့် တွေ့ကြ၏၊ ဝမ်းသာ အားရ စကားပြောကြ၏။

ထိုအိမ်မှတစ်ဖန် ဒေါက်တာတင်ဝင်းအောင်တို့အိမ်ကို ဝင်ပြီး စကားပြော ကြသေး၏၊ ထို့နောက် ည၁၁–နာရီအချိန်တွင် ဆရာတော်ဦးပညာဒီပ သီတင်း သုံးသော ဘီးလင်းချ် မဟာစည်ရိပ်သာကျောင်းကို ရောက်ကြ၏၊ ဘုန်းကြီးက ထိုကျောင်းတွင် ညကျိန်းစက်ကျန်ခဲ့ပါသည်၊ ဒကာကြီး ဦးပွင့်ကောင်းတို့ကား အန်းစတတ်ကို ပြန်သွားကြလေ၏။

## ယက်စ်ပဲလ်စ်နှင့် နိုးသိုင်းကျူး

နေ့ကား ၂၂–၄–၈၂ ဗုဒ္ဓဟူးနေ့ဖြစ်၏၊ နံနက် ၈–နာရီ၌ ဒေါက်တာမျိုးမင်းက ကျောင်းကိုလာ၍ ဘုန်းကြီးကို ကားဖြင့် ပင့်သွားပါသည်၊ ဘုန်းကြီးသည် ဆရာတော်ဦးပညာဒီပအား နှုတ်ဆက်၍ မောင်မျိုးမင်းနောက်ကို လိုက်ခဲ့ပါသည်။

## ကားထဲတွင် ဓမ္မသဘင်

မောင်မျိုးမင်းက ကတ္တရာလမ်း ကောင်းကောင်းဝယ် ရှုခင်းလှလှ မြင်ကွင်းသစ်များကို ဖြတ်ကျော်လျက် ကားမောင်းနေပါသည်၊ ဘုန်းကြီးက သူ့အား တရားစကားပြောရင်း လိုက်ပါခဲ့ပါသည်။

"မောင်မျိုးမင်းရေ–ကားကိုတော့ သတိထားမောင်းနော်၊ မင်းတို့လဲ အားကြမယ် မထင်ဘူး၊ ဒါကြောင့် ဘုန်းကြီးက ကားစီးရင်း တရားစကား ပြောခဲ့မယ်၊ လောကတွင် ဗုဒ္ဓဘာသာလူဖြစ်ရတာ ကံကောင်းတယ်၊ ဗုဒ္ဓဘာသာလူက ဘုရား၊တရား၊သံဃာ ရတနာသုံးပါးကို အလေးအနက်သိအောင် လေ့လာပြီး ကြည်ညိုကိုးကွယ်တတ်ရမယ်၊ ဗုဒ္ဓနည်းကျ ဘဝနေနည်းကို သိထားပြီး လက်တွေ့ကျင့်သုံးနေထိုင်တတ်ကြရမယ်။

မိမိတို့ရင်တွင်းမှာ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ရန်သူကြီးများ ဝင်ရောက်ပြီး မနှိပ်စက်နိုင်အောင် ဒါန–သီလ–ဘာဝနာဆိုတဲ့ မိတ်ဆွေကောင်းများနှင့် ပေါင်းပြီး ခုခံချေမှုန်းကြရမယ်။

ဘုရားဖက်တော့ အသက်ရှည်တယ်၊ တရားဖက်တော့ အမျက်ပြေ စိတ်ချမ်းသာတယ်၊ သံဃာဖက်တော့ အခက်ဝေ ကြီးပွားတိုးတက်မယ်၊ လောဘကို နိုင်ရင် ငတ်မွတ်ဘေး ကင်းမယ်၊ ဒေါသကို နိုင်ရင် စစ်မက်ဘေး ကင်းမယ်၊ မောဟကို နိုင်ရင် ရောဂါဘေးလဲ ကင်းပြီး အသိဉာဏ် တိုးတက်ရင့်သန်မယ်။

ဒါကြောင့် အဲဒီ လောဘ၊ဒေါသ၊မောဟများကို နိုင်အောင် ဒါန–သီလ–ဘာဝနာတရားများကို ထိထိမိမိ ကျင့်သုံးကြရမယ်၊ အနိစ္စ–ဒုက္ခ–အနတ္တ တရားများကို အမြဲလက်ကိုင် ကျင့်သုံးကြရမယ်၊ အဲဒီသုံးမျိုးကို အသေအချာ သိရင် လောကဓံအပေါင်းနှင့်တွေ့လို့လဲ ဘဝမမေ့ဘူး၊ မပျက်စီးဘူး၊ လောကဓံ အဆိုးနှင့် တွေ့လို့လဲ စိတ်ဓာတ်မကျဘူး၊ မပျက်စီးနိုင်ဘူး၊ တရားသိမြင် နိဗ္ဗာန်ကို ဝင်နိုင်တယ်။

ဤသို့လျှင် ဘုန်းကြီးက တရားဟောရင်း လိုက်ပါလာခဲ့၏၊ နာရီဝက်ခန့် ကားမောင်းမိသော် မောင်မျိုးမင်း+မပွင့်သီဂီတို့နေထိုင်သော အုန်းစတက်ရွာ ဆေးရုံကြီးအနီး အရာရှိတိုက်အိမ်သို့ ရောက်ကြပါသည်။

## သာသနာရေးကို ဆွေးနွေးကြတယ်

“တပည့်တော်တော့ ပြည်ပခရီး ထွက်ခဲ့တာ ကျန်းမာရေး ကောင်းလာတယ် ဘုရား၊ ရန်ကုန်မဟာစည်ရိပ်သာတွင် ဒီနှစ်အတွက် နာယက ၁၂–ပါးကို အဖက်ဖက်က ဆင်ခြင်သုံးသပ်လျက် အများသဘောကျပင် ရွေးချယ်ထားပြီး ပါပြီဘုရား၊ အဲဒီ၁၂–ပါးစာရင်းကို ဆရာတော် ရပြီးပြီမို့လားဘုရား၊ ရှေ့နှစ် ရှေ့နှစ်တွေတွင်လဲ ဒီလိုပဲ ရွေးချယ်ကြပါမယ်ဘုရား။

“ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဂေါပကလူကြီးများကလဲ အားပေး အိုမင်း ရင့်ရော်ကုန်ပြီဘုရား၊ နောက်တက်လာမယ့် ဂေါပကလူကြီးများအား သံဃာတော်များဘက်က တောင့်တောင့်တင်းတင်း ဦးဆောင်ပြီး သာသနာပြုသွားနိုင်အောင် စီစဉ်ထားကြပါတယ်ဘုရား”စသည်ဖြင့် ဒကာကြီး ဦးပွင့်ကောင်းက ဘုန်းကြီးအား သာသနာရေးစကားများကို အလေးအနက်ထား၍ လျှောက်ထားပါသည်။

## အုန်းစတက်ဝယ်–ရှမ်းထမင်းချဉ် ဆွမ်းဘုဉ်းပေးရတယ်

မောင်မျိုးမင်းကား ဆေးရုံကို ဆက်လက်၍ အလုပ်သွားရပါ၏၊ မပွင့်သီဂီက ဘုန်းကြီးအား အင်္ဂလန်ဖြစ် မုန့်မျိုးစုံ၊ ကြက်သွန်ကြော်၊ အာလူးကြော်၊ ငါး

ကြော်၊ မြေပဲလှော်စသည်တို့ဖြင့် အချို၊ အဖန်များကို ဆက်ကပ်ပါ၏။

"ယခု လာကြတာကတော့ တပည့်တော်ရယ်၊ ဒကာမကြီးရယ်၊ မောင်တင်စိုးရယ် သုံးယောက် လာကြတယ်ဘုရား၊ မောင်တင်စိုးကတော့ သူ့သူငယ်ချင်းများနှင့် ဘာမင်ဂန်ကို အလည်လိုက်သွားတယ်ဘုရာ့"ဟု ဒကာကြီး ဦးပွင့်ကောင်းက လျှောက်ထားပါသည်။

နံနက် ၁၀–နာရီ၃၀မိနစ်အချိန်တွင် ဦးပွင့်ကောင်း+ဒေါ်ခင်နွဲ့ရီ၊ ဒေါက်တာမျိုးမင်း+ မပွင့်သီဂီတို့က ဘုန်းကြီးအား ရှမ်းထမင်းချဉ်ဆွမ်းကို ဟင်းခါးဟင်းချို၊ အာလူးကြော်၊ သရက်သီးဆီစိမ်၊ ကြက်သွန်ကြော် စသည်ဖြင့် တပြောင်းတလွဲ ဆက်ကပ်ကြပါ၏၊ ဘုဉ်းပေး၍ မျှတကောင်းမွန်ပါ၏။

သူတို့က ဘုန်းကြီးအား နဝကမ္မများကိုလည်း လှူကြသေး၏၊ ဘုန်းကြီးက သူတို့မိသားစုအား မင်္ဂလသုတ်၊ မေတ္တာသုတ်ပရိတ်တရားများကို ရွတ်ဖတ်ချီးမြှင့်၏၊ ထို့နောက် ရေစက်ချပေးပါသည်၊ မွန်းလွဲ ၁–နာရီအချိန်၌ ဒေါက်တာမျိုးမင်းက ဘုန်းကြီးအား ကားဖြင့် ကျောင်းပြန်၍ ပို့ပါသည်။

## ဘီးလင်းချ် မဟာစည်ရိပ်သာ ညတရားပွဲ

ဆရာတော်ဦးပညာဒီပ၏မြန်မာနိုင်ငံ မွေးရပ်ဇာတိမှာ မွန်ပြည်နယ်၊ဘီးလင်းမြို့နယ်၊ နင်းပုလဲရွာဖြစ်၏၊ ယခု ဆရာတော် သီတင်းသုံးသောရွာမှာလည်း ဘီးလင်းချ်ဖြစ်နေ၏၊ ဤမျှဝေးကွာသော မြန်မာနိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့တွင် နာမည်ချင်း လာ၍တူနေသည်မှာ အံ့သြဖွယ်ကောင်းပါ၏၊ ဆရာတော်၏ ပုဗ္ဗေစ ကတ ပုညတာစက်–ပေလောဟု တွေးတောဖွယ် ရှိပါသည်။

ဤမဟာစည် ဓမ္မဖဲလိုးရှစ် ဘီးလင်းချ်ကျောင်းရိပ်သာတွင် ည၈–နာရီမှ ၉–နာရီအထိ နိုင်ငံခြားသားယောဂီများ လာရောက်၍ တရားထိုင် ရှုမှတ်ကြပါသည်၊ ယနေ့ည ယောဂီ ၇–ယောက်ရှိပါ၏။

ည၉–နာရီ၌ ဆရာတော်ဦးပညာဒီပက ဘုန်းကြီးအား ထိုယောဂီများအား တရားဟောရန် တိုက်တွန်းပါ၏၊ ဘုန်းကြီးက အရကျက်မှတ်ထားသော မဟာစည် ဝိပဿနာ အလုပ်ပေး တရားအကျဉ်းချုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ဟော၏၊ ထို့နောက် သတိပဋ္ဌာန်တရား အားထုတ်ရကျိုး ခုနစ်မျိုး စသည်တို့ကို မြန်မာဘာသာဖြင့် ဟော၏၊ ထိုမြန်မာဘာသာတရားကိုမူ ဒေါက်တာဝင်း

အောင်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးပါသည်၊ သွားရင်းဟန်လွှဲ ညတရားပွဲ ဟောရသည်မှာ ဝမ်းသာဖွယ် ကောင်းပါသည်။

## အိုင်ဝမ့်တူဒူး ကပ္ပိယနှင့် ဘုန်းကြီး

၂၃-၄-၈၂ ကြာသပတေးနေ့နံနက် ဘုရားရှိခိုးတရားမှတ်ပြီးသော် ဘုန်းကြီးသည် ဆရာတော် ဦးပညာဒီပနှင့်အတူ အရုဏ်ဆွမ်း ဘုဉ်းပေးကြပ့ါသည်၊ အမေရိကန်ယောဂီ အင်ဒရူးက အချိုပွဲများကို ဆက်ကပ်ပါ၏။

"အရှင်ဘုရား ကျောင်းမှာ ဒီယောဂီကပ္ပိယရှိနေတာ အဆင်ပြေတယ်နော်၊ မြန်မာပြည်က ကပ္ပိယတစ်ယောက်ရရန်လဲ ခေါ်ထားတယ်လို့ ကြားရတယ်"ဟု ဘုန်းကြီးက ပြော၏။

"ဟုတ်တယ်၊ မြန်မာပြည်က ကပ္ပိယတစ်ယောက်ကို ခေါ်ထားတယ်၊ မြန်မာသံရုံးက ထောက်ခံချက်နှင့် ခေါ်ရမည်ဆိုလို့ ယခုမြန်မာသံရုံးတွင် ထောက်ခံချက် တောင်းထားရတယ်၊ ဟောဒီ အင်ဒရူးဟာ ဒီကျောင်းမှာ ၃-လလောက် တရားအားထုတ်ပြီးနောက် ဂူဘာဟင်မတန်တွင် ၁-လခန့် ရဟန်းဝတ်နေသေးတယ်၊ ဒီကျောင်းမှာ ကပ္ပိယ အခက်အခဲ ရှိနေတယ်ဆိုတာလဲ သိရော၊ သူက "အိုင်ဝမ့်တူဒူး ကပ္ပိယ၊ အိုင် ဝမ့်တူဒူး ကပ္ပိယ၊ ငါ ကပ္ပိယ လုပ်ချင်တယ်၊ ငါ ကပ္ပိယလုပ်ချင်တယ်လို့ ဟိုကျောင်းကနေ ဖုန်းဆက်ပြီး လူထွက်လာတယ်၊ အခု ကပ္ပိယလုပ်တယ်"ဟု ဦးပညာဒီပက ရှင်းပြ၏၊ အတော်အလိုက်သိသော ယောဂီပါပေ။

ဘုန်းကြီးသည် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးသော် ယောဂီအင်ဒရူးအားခေါ်၍ လမ်းလျှောက်ထွက်ကြ၏၊ ကျောင်းနှင့်မလှမ်းမကမ်းရှိ မြက်ခင်းပြင်တောစပ် ကန်သင်းရိုးအနီး သစ်ပင်အောက်တွင် အချင်းချင်း ဓာတ်ပုံရိုက်ကြ၏၊ တတ်သမျှ မှတ်သမျှ အင်္ဂလိပ်စကားကိုလည်း ပြောကြ၏။

## ယက်စ်ပလိစ်နှင့် နိုး သိုင်းကျူး

ဘုန်းကြီးသည် ဤကျောင်း၌ပင် နေ့ဆွမ်းဘုဉ်းပေး၏၊ ဆရာတော် ဦးပညာဒီပနှင့် သာသနာရေး ဆွေးနွေး၏၊ ညနေ ၄-နာရီအချိန်တွင် ဒေါက်တာမျိုးမင်း မပွင့်သီဂီနှင့် ဂျာမနီနိုင်ငံ၌နေသူ ဒေါက်တာတင်ဝင်းတို့က ဘုန်းကြီးအား ဘီးလင်းချ်ကျောင်းမှ လီဗာပူးလ်မြို့ အဝေးပြေးကားဂိတ်သို့ ကားဖြင့် လိုက်

ပို့ကြ၏၊ မိုးတဖွဲဖွဲ ရွာနေပါသည်။

ညနေ ၆–နာရီ၌ ကုတ်ချံခေါ်သော အဝေးပြေး ကားကြီးသည် လီဗာပူးလ်မှ ထွက်ခဲ့ပါသည်၊ ဘုန်းကြီးသည် ကားပေါ်တွင် ဘုန်းကြီး၏ မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ထိုင်ခဲ့ကြသော အင်္ဂလိပ်အမျိုးသမီးများနှင့် မိတ်ဖွဲ့၍ စကားပြော ခဲ့ပါ၏၊ လမ်းတစ်ဝက်ခန့် ရောက်သောအခါ ထိုအမျိုးသမီးများက ငှက်ပျော သီးများကို စားကြ၏၊ သူမတို့က ဘုန်းကြီးအားလည်း ငှက်ပျောသီးကို ပေး ကြ၏။

"နိုး–သိုင်းကျူး၊ မစားပါဘူး၊ ကျေးဇူးတင်ပါတယ်"ဟု ဘုန်းကြီးက ပြောလိုက်၏။

နောက်တစ်ဖန် သူမတို့သည် ကိတ်မုန့်နှင့် ကော်ဖီကို စားသောက်ကြပြန်၏၊ ဘုန်းကြီးအားလည်း ပေးကြပြန်၏။

"နိုး– သိုင်းကျူး၊ မစားပါဘူး၊ ကျေးဇူးတင်ပါတယ်"ဟု ဘုန်းကြီးက ပြုံး၍ ပြောပါ၏။

နောက်တစ်ဖန် သူမတို့သည် လိမ္မော်အဖျော်ရည်ဗူးများတွင် စုတ်တန်ဖြင့် ထိုး၍ သောက်ကြပြန်၏၊ သူမတို့က ဘုန်းကြီးအား ပေးကြပြန်၏။

"ယက်စ်၊ ပလိစ်၊ အေး သောက်မယ်၊ ကျေးဇူးပြုပါ"ဟု ဘုန်းကြီးက ပြောပြောဆိုဆို လက်လှမ်း၍ အကပ်ခံလိုက်ပါသည်၊ ထို့နောက် ဘုန်းကြီးက သူမတို့အား "သင်တို့ ဗုဒ္ဓဘာသာတွေလား၊ တရားအားထုတ်ခြင်းကို စိတ် ဝင်စားသလား" စသည်ဖြင့် မေးမြန်းပါသည်၊ သူမတို့က "ငါတို့ ဗုဒ္ဓဘာသာတွေ မဟုတ်ကြဘူး၊ တရားအားထုတ်မှုကို စိတ်မဝင်စားကြဘူး၊ ကျေးဇူးတင်ပါတယ်" ဟု ပြောကြပါသည်။

ဘာမင်ဂန်မြို့ကို လွန်သော် သူမတို့က "သင်က ဘာလဲ၊ တရားဟောတတ် သလား"ဟု ဘုန်းကြီးအား မေးမြန်းကြသည်။

"ငါဟာ ဗုဒ္ဓဘာသာရဟန်းတစ်ပါး ဖြစ်ပါတယ်၊ ငါဟာ တရားဟော ဆရာ တစ်ယောက်ဖြစ်တယ်"စသည်ဖြင့် ဘုန်းကြီးက ပြော၏၊ ဝိပဿနာ တရား အားထုတ်နည်းကို အကျဉ်းချုပ်အားဖြင့် ပြောပြပါသည်။

ထို့နောက် သူမတို့က "ဘာကြောင့် တရားအားထုတ်ရပါသလဲ"ဟု မေး ကြပြန်ပါသည်၊ ဘုန်းကြီးက ပါလာသော အင်္ဂလိပ်ဘာသာပြန် ဝိပဿနာတရား

အားထုတ်နည်းစာအုပ်ကို ထုတ်ပြ၏၊ တရားအားထုတ်လျှင် ရနိုင်သော သတိပဋ္ဌာန် အကျိုး ခုနစ်မျိုးပါသော စာမျက်နှာကို လက်ထောက်ပြ၏၊ သူမတို့က ဖတ်ရှုပြီး "ကျေးဇူးတင်ပါတယ်"ဟု ပြောကြပါသည်။

ဘုန်းကြီးက ကျောင်းလိပ်စာကို ပေး၍ "ငါတို့ကျောင်းကို လာနိုင်ပါတယ်၊ ငါတို့ကျောင်းတွင် အင်္ဂလိပ်စကားကို လည်လည်ဝယ်ဝယ် ပြောနိုင်တဲ့ ရဟန်းတော်တွေ ရှိပါတယ်"လို့ ပြောခဲ့၏၊ ဘုန်းကြီးသည် ည ၉–နာရီ ၄၅–မိနစ်အချိန်၌ လန်ဒန်ဂိုးလ်ဒါးစ်ဂရင်းဘူတာကားဂိတ်ကို ရောက်ပါသည်၊ ဒေါက်တာဝင်းမောင်နှင့် ဒေါ်ညိုညိုတို့က ကြိုဆို၍ ကားဖြင့် ဘုန်းကြီးအား ကျောင်းသို့ ပို့ပေးကြပါသည်။

## မဟာစည်ဓမ္မဒူတအဖွဲ့ ရောက်တော့မည်

ဘုန်းကြီးသည် ၂၄–၄–၉၂ သောကြာနေ့၌ မြန်မာနိုင်ငံ၊ ညောင်ကန်အေး ကွင်းကျောင်းရိပ်သာဆရာတော် ဦးပညာဝံသထံ စာပေး၏၊ ၂၅–၄–၉၂ စနေနေ့၌ ဦးပညာသီဟ၊ ဦးပေသလတို့နှင့် ယောဂီမိုက်ကယ်လ်တို့သည် ကျောင်းဥယျာဉ်ကို သန့်ရှင်းကြ၏၊ ဘုန်းကြီးက မှတ်တမ်းတင် ဓာတ်ပုံရိုက်ပါသည်၊ ယနေ့ ထူးထူးခြားခြား သွားများ နာကုန်၏၊ ဆေး စားရ၏၊ ၂၆–၄–၉၂ တနင်္ဂနွေနေ့တွင် ဘုန်းကြီးနှင့် ဦးပညာသီဟတို့သည် ဒေါက်တာ စိုးမြတ်ရင်၊ ဒေါက်တာ မေစန်းကြည်တို့အိမ်၌ ဆွမ်းဘုဉ်းပေးကြရ၏၊ သူတို့ အိမ်ထောင်သက် ၁၃–နှစ်မြောက်ဆွမ်းဒါန ဖြစ်၏၊ ၂–ပါးလုံး တရားဟောကြပါသည်၊ မဟာစည်ဓမ္မဒူတဆရာတော်များ ရောက်လာပါက ဂျာမနီ မြန်မာသံ အမတ်ကြီး ဦးဝင်းမောင်က ပင့်လိုကြောင်း လျှောက်ထားကြ၏၊ ရောက်လာလျှင် အကြောင်းကြားပါမည်ဟု ပြောခဲ့ရ၏၊ ၂၇–၄–၉၂ခုနေ့၌ ရန်ကုန် ဦးသိန်းဖေ ထံမှစာကို ဖတ်ရ၏၊ ၂၈–၄–၉၂နှင့် ၂၉–၄–၉၂နေ့များတွင် မှတ်တမ်းများကို ဆက်လက်ရေးသားရ၏၊ ၃၀–၄–၉၂နေ့၌ ဘီးလင်းချ်မဟာစည်ရိပ်သာ ကျောင်းမှ အင်ဒရူးထံမှ တရားစာအုပ်များကို လက်ခံရရှိ၏။

ဆရာတော်ဘုရား၊ မဟာစည်ဓမ္မဒူတအဖွဲ့သည် မေလ၁၃–ရက်တွင် ရန်ကုန်မှ ထွက်၍ ၁၄–ရက်တွင် လန်ဒန် ရောက်ကြပါမည်၊ အဲရိုဖလုပ် လေယာဉ်ဖြင့် ကြွလာကြပါမည်၊ ပတ်စ်ပို့ ဗီဇာအားလုံး အဆင်သင့် ဖြစ်နေပါပြီဘုရား"ဟု ဒကာကြီး ဦးပွင့်ကောင်းထံမှ ဖုန်းဆက် လျှောက်ထားပါသည်။

## မဟာစည်ဓမ္မဒူတအဖွဲ့ ကြွလာပါပြီ

ဤနေ့ကား ၁၉၇၂-ခုနှစ်၊ မေလ ၁၄-ရက်နေ့ ဖြစ်၏၊ အင်္ဂလန်နိုင်ငံ လန်ဒန်ဗုဒ္ဓဘာသာမြန်မာကျောင်း ရဟန်းရှင်လူများသည် ဖရဏာပီတိ ဂွမ်းဆီထိပမာ ကိုယ်ရော စိတ်ပါ လန်းဖြာဝမ်းသာနေကြပါသည်၊ အကြောင်းကား ယနေ့နံနက်ပိုင်းတွင် "မဟာစည်ဓမ္မဒူတအဖွဲ့"သည် အင်္ဂလန်နိုင်ငံသို့ ဆိုက်ရောက်လာကြမည် ဖြစ်သောကြောင့်တည်း။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးနောက် ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများ နာယကအဖွဲ့ကြီး ဖွဲ့စည်းပြီးချိန်တွင် ပြတ်လပ်လျက်ရှိသော မဟာစည် ဓမ္မဒူတခရီးကို မဟာစည် ဌာနချုပ်အနေနဲ့ ပြန်လည် ကြွချီနိုင်ရန် ကြိုးပမ်းသော မဟာစည်ရိပ်သာများ နာယကအဖွဲ့နှင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်တို့၏ ပထမခြေလှမ်း အောင်မြင်ချက်ပင် ဖြစ်ပါ၏။

လန်ဒန် ဗုဒ္ဓဘာသာကျောင်း ထရပ်စတီးလူကြီးများသည် ကားကိုယ်စီဖြင့် ဟီးသရိုး လေဆိပ်သို့ သွားရောက်ကြိုဆိုကြ၏၊ ဘုန်းကြီးသည်လည်း ဒကာ-

ဒကာမများနှင့်အတူ လိုက်ပါ ကြိုဆိုရပါ၏၊ အချို့ ပုဂ္ဂိုလ်တို့က ဆွမ်းကပ်ရန် ပြင်ဆင်လျက် ရှိ၏၊ အချို့လည်း ဆွမ်းဝတ်ကိုယ်စီဖြင့် ကျောင်းကို လာနေကြပါ၏၊ ထိုနေ့နံနက်၁၁–နာရီ ၃၀–မိနစ်အချိန်တွင် မဟာစည် ဓမ္မဒူတအဖွဲ့သည် ဟီးသရိုး လေဆိပ်စစ်ဆေးရေးဂိတ်မှ ထွက်လာကြ၏။

မဟာစည်ရိပ်သာများ နာယကအဖွဲ့ဥက္ကဋ္ဌ ပုသိမ်သဒ္ဓမ္မသီတဝူဆရာတော်ဘုရားကြီး၊ မဟာစည်အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာသာသနာပြုမဟာဂန္ထာရုံ သင်တန်းကျောင်း အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ချမ်းမြေ့ဆရာတော်ဘုရား၊ မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ဥက္ကဋ္ဌ ပြန်ကပြေးဆရာတော် ဦးဇဋိလ၊ မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ကုသိုလ်ဖြစ် ဆေးကုသရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်၊ ပုသိမ်ဆရာတော်ဘုရားကြီး၏ကပ္ပိယ ဦးမာတင်၊ ချမ်းမြေ့ကပ္ပိယ ဦးကြည်ဝင်းတို့အား ဘုန်းကြီးတို့က လိုက်လံပို့ဆောင်ကြ ကြိုဆိုကြပါ၏။

မဟာစည်ဓမ္မဒူတအဖွဲ့သည် ခရီးပမ်း၍ နွမ်းနယ်နေကြသော်လည်း လန်ဒန်ဗုဒ္ဓဘာသာအဖွဲ့ ကြိုဆိုသူရဟန်းရှင်လူများကို တွေ့လိုက်ရသောအခါ ကိုယ်စိတ်နှစ်ဖြာ လန်းဖြာ၍ ဝမ်းသာတော်မူနေကြပါ၏၊ မြန်မာစံတော်ချိန် ညနေ ၅–နာရီခန့်၊ လန်ဒန်စံတော်ချိန် နံနက် ၁၁–နာရီအချိန်၌ လန်ဒန်ဗုဒ္ဓဘာသာကျောင်းတွင် ကျောင်းရှိသံဃာတော်များနှင့် မဟာစည် ဓမ္မဒူတအဖွဲ့ သံဃာတော်များအား ဒကာ–ဒကာမများက တပျော်တပါး ဆွမ်းကပ်ကြလေသည်။

## ဥရောပဓမ္မဒူတခရီး

မေလ ၁၅–ရက်နေ့တွင် ဘုန်းကြီးနှင့် ဦးပညာသီဟတို့က ခရီးစရိတ်ဒါနပြုကြ၍ ဒေါက်တာခင်ညိုက ယာဉ်မောင်းကုသိုလ်ယူကာ မဟာစည် ဓမ္မဒူတအဖွဲ့အား လန်ဒန်မြို့တွင်း လေ့လာရေးခရီးကို လိုက်ပို့ကြပါသည်၊ လန်ဒန်မြို့လယ်က ကမ္ဘာတစ်ခွင်တွင် ထင်ပေါ်ကျော်ကြားလှသော ဘစ်ဘင်နာရီစင်ကြီး၊ ပါလီမန်၊ လွှတ်တော်၊ ကုန်တိုက်ကြီးနှင့် လန်ဒန်မြို့ကို ရစ်ခွေ၍ မြွေလိမ်မြွေကောက်သဖွယ် ဖြတ်စီးနေသည့် အလွန်လှပသော သိန်းမြစ် စသည်တို့သို့လည်း ရောက်ကြပါ၏၊ အနောက်တိုင်းသား အင်္ဂလိပ်လူမျိုးများ ကိုယ်တိုင်ထေရဝါဒ ဗုဒ္ဓဘာသာရဟန်းဝတ်ဖြင့် တောရကျောင်းရိပ်သာ တည်ထောင်၍ သာသနာပြု နေကြသော အမရဝတီရိပ်သာသို့လည်း ရောက်ကြ၏၊ အမရဝတီ

ရိပ်သာ ဆရာတော် အရှင်သုမေဓာနှင့် သာသနာရေး ဆွေးနွေးခဲ့ကြ၏။

ထိုကျောင်းတိုက်မှာပင် ဒေါက်တာ ခင်ညိုညိုတို့ ချက်ပြုတ်ယူလာသော ဆွမ်းများကို အမရဝတီသံဃာတော်များနှင့်အတူ နေ့ဆွမ်းဘုဉ်း ပေးကြရ၏၊ သမိုင်းဝင် ဝမ်းမြောက်ဖွယ် ရာသက်ပန်အမှတ်ရဖွယ် ဖြစ်ပါ၏၊ ညနေ ၃–နာရီခန့်တွင် လန်ဒန်မြန်မာကျောင်းသို့ ပြန်ရောက်ကြ၏၊ ညနေ ၄–နာရီ အချိန်တွင် လန်ဒန်ဗုဒ္ဓဘာသာမြန်မာကျောင်း၌ ချမ်းမြေ့ဆရာတော် ဘုရားက မြန်မာဗုဒ္ဓဘာသာများနှင့် အနောက်တိုင်းသား ဗုဒ္ဓဘာသာများအား အင်္ဂလိပ် ဘာသာဖြင့် တရားဟောကြားတော်မူ၏။

မေလ ၁၆–ရက်နေ့တွင် တန်ခူးလကွယ် ဥပုသ်နေ့နှင့် ကြုံ၍ ဘုန်းကြီးက လန်ဒန်မြန်မာကျောင်းတွင် ဥပုသ်ပြုကြ၏၊ ညနေပိုင်းတွင် ချမ်းမြေ့ဆရာ အရှင် ဇနကာဘိဝံသ၊ ဆရာတော် ဦးဇဋိလ၊ ဒေါက်တာကျော်မြင့်၊ ဦးကြည်ဝင်း တို့က နယ်သာလန်နှင့် ဂျာမနီနိုင်ငံများသို့ တရားဟော တရားပြ ကြွသွားကြ၏။

## ဘာမင်ဂန်တွင် ကမ္ဘာအေးဘုရား အုတ်မြစ်ချပွဲ

မေလ ၂၄–ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂန်မြို့၌ အင်္ဂလန်ရောက် မြန်မာရဟန်းတော်များ လူဒကာ ဒကာမများနှင့် အနောက်တိုင်း ဗုဒ္ဓဘာသာ များက ကမ္ဘာအေးဘုရားတည်ရန် အုတ်မြစ်ချပွဲကိုကျင်းပကြပါ၏၊ ထိုအုတ်မြစ် ချပွဲတွင် အသားရောင်မျိုးစုံ၊ လူမျိုးစုံတို့သည် ဘုရား၊တရား၊သံဃာ ရတနာ သုံးပါးကို ယုံကြည်အားထားသော သဒ္ဓါတူ ဆန္ဒတူစိတ်ထားဖြင့် အားပါးတရ လှူကြ တန်းကြ၏၊ ငါးပါးသီလ ဆောက်တည်ကြ၏။

ဘုရားအမှူးရှိသော သံဃာတော်များ လူပရိသတ်များအား ဆွမ်းဆက်ကပ် ကြပါ၏၊ နိုင်ငံစုံ ဗုဒ္ဓဘာသာရဟန်းတော်များက မေတ္တာသုတ် ပရိတ်တော်၊ ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်တော်များကို သံပြိုင်ညီညာ ရွတ်ဖတ်တော်မူကြ၏၊ ဗုဒ္ဓနှင့်စပ်သော ဂုဏ်တော်ဖွင့်စကားများ ဝမ်းမြောက်စကားများကို ဟောကြား ၏၊ မဟာစည်သြဝါဒါစရိယ ပုသိမ် သဒ္ဓမ္မသိတဂူဆရာတော် ဘုရားကြီး ဘဒ္ဒန္တ အာစိဏ္ဏကလည်း အနုမောဒနာတရားကို ဟောကြား၏၊ ဘာမင်ဂန် ဆရာတော်က ဘာသာပြန်ပေး၏၊ ထို့နောက် နိုင်ငံစုံ ဗုဒ္ဓဘာသာ ရဟန်းတော်

များနှင့် လူပရိသတ်များက အုတ်မြစ်ချကြ၏၊ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုဖြင့် အခမ်းအနားကို ရုပ်သိမ်း၏။

မေလ ၂၈–ရက်နေ့တွင် မဟာစည် ဓမ္မဒူတအဖွဲ့ ချမ်းမြေ့ဆရာတော်နှင့် ဦးဇဋိလတို့သည် နယ်သာလန်၊ ဂျာမနီ တရားစခန်းများမှ ပြန်ရောက်လာကြ၏၊ မေလ၂၂–ရက်နေ့တွင် ဘုန်းကြီးနှင့် ဦးပညာသီဟတို့က မဟာစည် ဓမ္မဒူတအဖွဲ့ အား လန်ဒန်လေ့လာရေးခရီးကို ဆက်လက် လိုက်ပို့ကြ၏၊ ဗုဒ္ဓပဒီပ ထိုင်း ဘုရားကျောင်းကိုလည်း ရောက်ကြ၏၊ လန်ဒန် ဗုဒ္ဓဘာသာ သီဟိုဠ်ကျောင်း ကိုလည်း ရောက်ကြ၏၊ ကျူးဂါးဒင်းကိုလည်း ရောက်ကြ၏၊ နန်းတော်ဟောင်း ပြတိုက်ကိုလည်း ရောက်ကြ၏။။

မေလ ၃၀–ရက်နေ့၌ လန်ဒန် မြန်မာကျောင်းတွင် မဟာစည် ဩဝါဒါ စရိယ ပုသိမ်ဆရာတော်ဘုရားကြီးနှင့် ဦးဇဋိလတို့က တရားဟောကြ၏။

## ဗုဒ္ဓနေ့ပူဇော်ပွဲ

မေလ ၃၁–ရက်နေ့၌ လန်ဒန်မြို့ အီလင်ဟောလ်တွင် ကဆုန်လပြည့် ဗုဒ္ဓနေ့ပူဇော်ပွဲ ကျင်းပ၏၊ ဘာမင်ဂန်ဆရာတော် ဒေါက်တာရေဝတ၏ အစီ အစဉ်ဖြင့် မဟာစည် ဓမ္မဒူတအဖွဲ့နှင့် ဘုန်းကြီးတို့သည် ထိုဗုဒ္ဓနေ့ ပူဇော်ပွဲ ကြီးကို တက်ရောက်ကြသည်၊ လန်ဒန်ရှိ ဗုဒ္ဓဘာသာရဟန်းတော်များလည်း တက်ရောက်ကြ၏၊ ပရိသတ်ရှစ်ထောင်ခန့် ရှိမည်ထင်၏၊ ထိုပွဲသို့ လန်ဒန်ရှိ နိုင်ငံခြားသံရုံးအရာရှိများ ဗုဒ္ဓဘာသာအဖွဲ့အစည်းများလည်း တက်ရောက်ကြ၏။

ဗုဒ္ဓဘာသာ ရဟန်းရှင်လူခေါင်းဆောင်များသည် တစ်ဦးပြီးတစ်ဦး စင်မြင့် တက်၍ ဗုဒ္ဓနေ့အကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ပြောဟောကြ၏၊ ကြိုကြား ကြိုကြားတွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော ဖျော်ဖြေရေး (ဆို–တီး–က) များကိုလည်း တစ်မျိုးပြီးတစ်မျိုး ကပြ ပူဇော်ကြ၏။

ညနေ ၄–နာရီအချိန်တွင် မဟာစည်ဓမ္မဒူတအဖွဲ့သည် ထိုဗုဒ္ဓနေ့ ပူဇော်ပွဲမှ ပြန်ခဲ့ကြ၏၊ ချမ်းမြေ့ဆရာတော်နှင့် ဘုန်းကြီးက ကင်းစ်ဗယ်ရီ သီဟိုဠ်ကျောင်း ကို သွားကြ၏၊ ထိုကျောင်း၌ ချမ်းမြေ့ဆရာတော်ဘုရားက အင်္ဂလိပ်ဘာသာဖြင့် ဝိပဿနာတရားကို ဟောကြားတော်မူ၏၊ ထို့နောက် မြန်မာကျောင်းကို ပြန် ခဲ့ကြ၏။

## အမေရိကန်သို့

ဇွန်လ၁–ရက်နေ့တွင် ချမ်းမြေ့ဆရာတော်ဘုရားနှင့် ဦးဇဋိလတို့က ဒေါက်တာကျော်မြင့်တို့ ဦးကြည်ဝင်းတို့နှင့်အတူ အမေရိကန်သို့ ကြွသွားတော်မူကြ၏။

## မဟာစည်သြဝါဒါစရိယ၏ အင်္ဂလန်ဓမ္မဒူတခရီး

မဟာစည်သြဝါဒါစရိယ ပုသိမ် သဒ္ဓမ္မသီတဂူဆရာတော်ဘုရားကြီးက လန်ဒန်မြန်မာကျောင်း၊ လီဗာပူးလ် မဟာစည်ဓမ္မဖဲလိုးရှစ်နှင့် အင်္ဂလန်မြောက်ပိုင်း စကော့တလန်တို့တွင် တရားဟောပြတော်မူ၏၊ လီဗာပူးလ်နှင့် စကော့တလန်သို့ ဦးပညာသီဟသည်လည်း လိုက်ပါသွားပါ၏၊ ဘုန်းကြီးကတော့ ဂျာမနီ၊ နယ်သာလန်နှင့် အမေရိကန်သို့ လိုက်ပါရန် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရေး၊ နိုင်ငံနာမည်ဖြည့်ရေးနှင့် ဗီဇာရရေးတို့ကို ကြိုးစားနေရ၏၊ မြန်မာနိုင်ငံသို့ သက်တမ်းတိုးရန် ပို့ထားသော နိုင်ငံကူးလက်မှတ်လည်း ပြန်မရောက်သေး၊ ရောက်ပြန်တော့လည်း အမေရိကန်ဗီဇာက မရပြန်သဖြင့် အလွဲလွဲအချော်ချော် ဖြစ်နေ၏။

မဟာစည်ဓမ္မဒူတအဖွဲ့ အမေရိကန်နိုင်ငံမှ အပြန်တွင် ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် ၁၀–ရက်စခန်း ဝိပဿနာတရားအားထုတ်ပွဲကိုသာ မျှော်လင့်ရင်း အင်္ဂလန်တွင် တရားဟောပြနေရ၏၊ ထိုပွဲတွင် မဟာစည်သြဝါဒါစရိယ ဆရာတော်ကြီးနှင့်ဘုန်းကြီးတို့ပါ လိုက်ပါနိုင်ရန် စီမံနေရပါ၏၊

## ဆွစ်ဇာလန်နိုင်ငံ ဓမ္မဒူတခရီး

### အင်္ဂလန်မှဆွစ်ဇာလန်သို့

တစ်ကိုးကိုးနှစ်–တွက်စစ်ခွေ့ဖွန်၊
နှစ်ဆယ့်လေးရက်–ထွက်ခဲ့အင်္ဂလန်၊
သန့်ရှင်းလှပ–ရောက်ရ ဆွစ်ဇာလန်၊
ပို့ကြိုရေး–လှူပေးသဒ္ဓါမှန်။

### ဟီးသရိုးလေဆိပ်ဝယ်

ဤနေ့သည် ၁၉၉၂–ခုနှစ်၊ ဇွန်လ၂၄–ရက်နေ့ ဖြစ်၏၊ နံနက်၉–နာရီအချိန်၌ ဘုန်းကြီးသည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ဗြိတိန်မြန်မာဗုဒ္ဓဘာသာကျောင်းမှ ထွက်ခဲ့ပါသည်၊ ဒေါက်တာခင်ညိုနှင့် ဒေါက်တာမိမိစိန်တို့က ဘုန်းကြီးအားကားဖြင့် လေဆိပ်ကို လိုက်ပို့ကြ၏။


အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၏ လူနေရပ်ကွက်မြို့နယ်များ၌ တွေ့ရသောအိမ်များမှာ ပုံစံတူကုန်၏၊ အုတ်ကျွတ်မိုး တစ်ထပ်တိုက်များ၏ ခေါင်မိုးများတွင် ခေါင်းတိုင်များ စိုက်ထူထားကုန်၏၊ အိမ်ရှေ့လမ်းဘေးများတွင် ညီညာသော လူသွားလမ်း ပလက်ဖောင်းတို့ကိုလည်း တွေ့ရ၏၊ အချို့အိမ်များ၏ မျက်နှာစာတွင် လှပသော ပန်းခြံလေးများကိုလည်း တွေ့ရ၏။

ညက်ညောသော ကတ္တရာလမ်းပေါ်တွင် အင်္ဂလန်လုပ် ကားကြီးကားငယ်များက သွားလာနေကြကုန်၏၊ ထူးထူးခြားခြား နှစ်ထပ်ဘတ်စ်ကားကြီးများသည် မှတ်တိုင်များတွင် ရပ်၍ ရပ်၍ လူများကို အတင်အချလုပ်လျက် ပြေးဆွဲနေကြကုန်၏။



▲ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ဦးစိုးထွန်းအောင်၊ ဒေါ်ရင်ရင် မိသားစုတို့အား ညောင်ကန်အေး ဆရာတော် တရားဟောကြားစဉ်

## ဆွစ်ဇာလန်နိုင်ငံ ဓမ္မဒူတခရီး မှတ်တမ်းပုံများ



ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့နှင့် ကီလိုမီတာ ၈၀–ခန့်ဝေးသော တောင်ပေါ်ရေကန်အနီး ညောင်ကန်အေးဆရာတော်နှင့် တပည့် မိမိအောင်သွင်၊ သမီး အိဖူးသစ်တို့ အမှတ်တရ ▲



ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့ ဦးပေ၊ ဇနီး မစွပေမိသားစုနှင့် မိတ်ဆွေများက ညောင်ကန်အေး ဆရာတော်အား ဆွမ်းကပ်နေကြပုံ ◄

ပန်းချီ ဘဂ်ထွန်းထွန်း






ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံးချုပ်ကြီးအတွင်း ညောင်ကန်အေးဆရာတော်နှင့်
ဂျီနီဗာဝိဟာရ ဆရာတော်တို့ အမှတ်တရ ▲

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာရေကန်ကြီးအတွင်း
ရေပန်းအနီး ညောင်ကန်အေးဆရာတော် ▼


ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့
အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာအခြေခံ ဂျီနီဗာဝိဟာရ၌
▼ အရှင်ဓမ္မိကနှင့် ညောင်ကန်အေးဆရာတော်





ဆွစ်ဇာလန်နိုင်ငံ ဗွီယဲရဲတိုက်တံတားကြီးအနီး တောင်ခြေ
နှင့်ရေကန်အကြားလမ်းမဝယ်
ညောင်ကန်အေးဆရာတော်



ဆွစ်ဇာလန်နိုင်ငံ ဖြူးလ်မြို့ တောင်ထိပ်ရဲတိုက်ကြီး
အဝင်ဈေးဝယ် ဂျီနီဗာဆရာတော်နှင့် ညောင်ကန်အေး
ဆရာတော်

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာဗုဒ္ဓဘာသာကျောင်းတွင် ညောင်ကန်အေးဆရာတော်အား
မဖြူဖြူဝင်းနှင့် လာအိုအမျိုးသမီးတို့ ဖူးမြော်ကြပုံ






ဦးကျော်ဇံလှ၊ ဒေါ်သဇင်ခင်မိသားစုတို့နှင့် ညောင်ကန်အေးဆရာတော်တို့
ပရိတ်တရားဟောကြားအပြီးတွင် အမှတ်တရ

ဆွစ်ဇာလန်နိုင်ငံ လော်ဆန်းမြို့
ဠျန်မတ်နှင့် မိမိအောင်သွင်မိသားစုတို့၏
ဆွမ်းဒါနပွဲအမှတ်တရ



မြို့နယ်တိုင်း၏မြို့လယ်များ၌မူ မြင့်မား၍ အထပ်များသော တိုက်တာကြီးများနှင့် ဈေးကြီးဈေးငယ်အသွယ်သွယ်တို့ကိုလည်း တွေ့ရပါ၏၊ လူများကားများသည် လမ်းဆုံးမီးပွိုင့်ရောက်တိုင်း မီးစိမ်းနီဝါများကို ကြည့်၍ ရပ်တန့်ကွေ့ဝိုက်လျက် သွားလာနေကြကုန်၏၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို လေးလေးစားစား အရေးထား၍ သွားလာနေကြ၏။

မြေပေါ်မြေအောက်ရထားလမ်းများနှင့် ဆုံရာတွင် မိုးပျံတံတား နှစ်ထပ်လမ်းကြီးများဖြင့် သွားကြရသဖြင့် အခက်အခဲမရှိကြပါ၊ ဘ–တစ်ပြန် ကျားတစ်ပြန်ဆိုသကဲ့သို့ အောက်ကဖြတ်သွား အထက်ကဖြတ်သွားသဖြင့် ကိုယ့်လမ်းနှင့် ကိုယ် သွားနေကြပါ၏။

ဆောင်းဦးရာသီ၊ ဆောင်းရာသီနှင့် နွေရာသီများတွင် အမြဲတမ်း မှုန်မှိုင်းအေးမြ၍ နေတတ်သောအင်္ဂလန်ရာသီဥတုသည် ယခုလို ပွင့်လင်းနွေရာသီ၌မူ ပူပူနွေးနွေး နေရောင်လေးများကို တွေ့ရသည်မှာ ကျက်သရေရှိလှပါ၏၊ လူအများသည် ဤပွင့်လင်းစရာသီမှာ ရွှင်လန်းဝမ်းသာစွာဖြင့် ခရီးသွားလာနေကြကုန်၏။

နံနက်၁၀–နာရီအချိန်၌ ဘုန်းကြီးသည် အင်္ဂလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဟီးသရိုးလေဆိပ်ကြီးကို ရောက်ပါ၏၊ ဒေါက်တာခင်ညိုက ကားကိုအထပ်ပေါင်းများစွာရှိသော လေဆိပ်ကြီးပေါ်တွင် ကွေ့ကာဝိုက်ကာ တက်ခဲ့ပါ၏၊ အပေါ်ဆုံးထပ် ကားပတ်ခ်တွင် ကားကိုရပ်၏။

"ဆရာတော်ဘုရား ဒီလေဆိပ်အခန်းများတွင်း မဝင်မီ ဒီကားပေါ်မှာပဲ ဆွမ်းဘုဉ်းပေးမှ အဆင်ပြေမယ်ဘုရား"ဟု ဒေါက်တာမိမိစိန်က လျှောက်ထား၏။

"ကောင်းတယ် ကောင်းတယ်၊ ဟောဒီမှာ ဦးစိန်ထွန်းအောင် ဒေါ်လှလှတို့က လှူလိုက်သော ခေါက်ဆွဲကြော်ဆွမ်းတွေ ပါလာတယ် ဒေါက်တာမိမိစိန်က ပြင်ဆင်ပြီး ဆက်ကပ်ပါ"ဟု ဘုန်းကြီးက ပြော၏။

ထိုကြောင့် ဒေါက်တာခင်ညိုနှင့်ဒေါက်တာမိမိစိန်တို့က ထိုခေါက်ဆွဲကြော်ကိုလည်း ဆက်ကပ်ကြ၏၊ သူတို့ယူလာသော ကော်ဖီနှင့် မုန့်များကိုလည်း ဆက်ကပ်ကြ၏၊ ခရီးသွားရင်း ကားတွင်းမှာ ဆွမ်းစားရသည်မှာ တစ်မျိုးကောင်း၏၊ စိတ်အာရုံမထွေပြားဘဲ ရှိတာနှင့် ရောင့်ရဲဝမ်းသာ စားရပါ၏၊ စိတ်ဝင်စားဖွယ်ရာ အတွေ့အအကြုံတစ်ခုဖြစ်၏။

## လူနှင့် ဓား အတူ ယူမသွားရ

နံနက် ၁၁–နာရီအချိန်၌ ဘုန်းကြီးသည် ဒေါက်တာ ခင်ညို၊ ဒေါက်တာ မိမိစိန်တို့နှင့်အတူ လေဆိပ်ခန်းမကြီးထဲသို့ ဝင်ခဲ့ကြ၏၊ နိုင်ငံကူး လက်မှတ်နှင့် လေယာဉ်လက်မှတ်များ သက်ဆိုင်ရာတွင် ပြ၍ အတည်ပြုချက်ယူရ၏၊ လူနှင့် ပစ္စည်းများကိုလည်း စစ်ဆေးခံရ၏၊

ဒေါက်တာခင်ညိုနှင့် ဒေါက်တာမိမိစိန်တို့က လိုက်ပို့သူများ နေရစ်ရမည့် ဌာနတွင် နေရစ်ကြ၏၊ ဘုန်းကြီးသည် သူတို့အား နှုတ်ဆက်၍ ခရီးသည်များ စောင့်ဆိုင်းခန်းသို့ ဝင်ခဲ့ပါသည်။

ဘုန်းကြီးသည် အင်္ဂလန်နိုင်ငံမှ ထွက်ရန်နှင့် ဆွစ်ဇာလန်နိုင်ငံ ဝင်ရန် ပုံစံကတ်ပြားကို တာဝန်ခံအရာရှိက ဘုန်းကြီးအား ပေး၏။

"အိတ်စ်ကျူးမီး၊ အိုင်ဒုန့်နိုးသက်ထ်၊ ကင်န်ယူဟဲလ်မီ၊ ခွင့်ပြုပါ၊ ဒါကို ငါမသိဘူး၊ သင် ငါ့ကို ကူညီနိုင်မလား"ဟု ဘုန်းကြီးက တတ်သမျှအင်္ဂလိပ် စကားဖြင့် ပြော၏၊ ထိုအခါ တာဝန်ခံအရာရှိက ပြုံးလျက် ဘုန်းကြီး၏ ပုံစံ ကတ်ပြားကို ယူ၍ နိုင်ငံကူးလက်မှတ်ကို ကြည့်ပြီး လိုအပ်သည်များကို ပုံစံ ကတ်တွင် ဘုန်းကြီးအတွက် ရေးသွင်းပေးပါသည်။

ထို့နောက် ဘုန်းကြီး၏လက်တွင် ပါလာသော လက်ဆွဲအိတ်၊ သပိတ်နှင့် လွယ်အိတ်များကို ဖွင့်၍ စစ်ဆေးပြန်၏၊ သပိတ်တွင်းက သင်ဓုန်းဓားကို ထုတ်၍ ကိုင်ပြီး တာဝန်ခံအရာရှိက "သင်ဓုန်းဓားကို သင်နှင့်အတူ ယူမသွား ရပါ၊ စက္ကူအိတ်ဖြင့် ထုပ်၍ အပ်ခဲ့ပါ၊ ဂျီနီဗာလေဆိပ်တွင် ရွေးယူပါ"ဟု အင်္ဂလိပ်လို ပြောပါ၏။

ဘုန်းကြီးက "ဒါဟာ ရဟန်းအသုံးအဆောင်ပဲ၊ ဘာမျှ ပြဿနာ မဖြစ် နိုင်ပါ၊ လူနှင့်အတူ ယူသွားချင်တယ်"ဟု ပြော၏။

ထိုအခါ တာဝန်ခံအရာရှိက ဘုန်းကြီးအား အင်္ဂလိပ်စကား လည်လည် ဝယ်ဝယ် မပြောတတ်သည်ကို သိ၍ သင်ဓုန်းဓားကို လက်တစ်ဖက်ဖြင့် ကိုင်လျက် သူ၏ လည်ပင်းကို လှီးဖြတ်မည့် ပုံစံမျိုး ရွယ်ပြ၏၊ အဓိပ္ပာယ်က လေယာဉ်ပေါ်တွင် သင်ဓုန်းဓားပါလာသူက လေယာဉ်မောင်းသူအား ထို သင်ဓုန်းဓားဖြင့် ပြ၍ လေယာဉ်ပြန်ပေးဆွဲနိုင်ကြောင်းပင် ဖြစ်လေသည်။

ထို့ကြောင့် ဘုန်းကြီးသည် သူပြောသည့်အတိုင်း သင်ဓုန်းဓားကို ဂျီနီဗာ ရောက်မှ ယူရန် အပ်နှံခဲ့ရ၏။

## ဂျိနီဗာ ဗုဒ္ဓဘာသာကျောင်းဝယ်

ထိုနောက် ဘုန်းကြီးသည် စောင့်ဆိုင်းခန်းထဲသို့ ဝင်ခဲ့၏၊ မွန်းလွဲ ၁၂း၃၀ နာရီအချိန်၌ ဘုန်းကြီးသည် ဂိတ်နံပါတ်၁၇–မှ ထွက်၍ လေယာဉ်ပေါ် တက်ရ၏၊ ဗြိတိသျှအဲးယားဝေး လေယာဉ်ကြီးသည် ခရီးသည်များအား တင်ဆောင်၍ ကွင်းလယ်ခေါင်တွင် ရပ်ကာနေ့နေသည်မှာ၂–နာရီခန့်ကြာပါ၏၊ညနေ၃–နာရီ အချိန်၌ လေယာဉ်ကြီးသည် အင်္ဂလန်မှ ထွက်ခဲ့၏။

ညနေ ၄–နာရီအချိန်၌ ဘုန်းကြီးသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျိနီဗာမြို့လေဆိပ်သို့ ဆိုက်ရောက်ပါ၏၊ လေဆိပ်တွင် ဒေါ်ယဉ်ယဉ်အောင်နှင့် သား မောင်သူမိုးအောင်တို့က လာကြိုကြ၏၊ တူမ–မိမိအောင်သွင်နှင့် သမီးလေး အိဖူးသစ်တို့ကလည်း ဘုန်းကြီးအား ကြိုဆိုနေကြပါ၏။

မောင်သူမိုးအောင်က ဘုန်းကြီးထံမှ ရွေးရန် လက်မှတ်ကို ယူသွားပြီး သင်ပုန်းတေးကို ရွေးယူခဲ့ပါ၏၊ ထို့နောက် ဘုန်းကြီးသည် လာကြိုသူများနှင့်အတူ ဂျိနီဗာမြို့ ဦးစိုးထွန်းအောင် ဒေါ်ယဉ်ယဉ်အောင်အိမ်သို့ ရောက်ကြပါသည်၊ တိုက်အိမ်ကြီးမှာ အထပ်ပေါင်းများစွာ ရှိသော တိုက်အိမ်ကြီး ဖြစ်၏။

ဘုန်းကြီးသည် တိုက်အိမ်၌ ခေတ္တနား၏၊ သူတို့မိသားစုနှင့် စကားပြောကြ၏၊ သူတို့က ဖျော်ရည် ကပ်ကြ၏၊ ထို့နောက် ဘုန်းကြီးသည် ဦးစိုးထွန်းအောင်တို့ ပို့လိုက်သော မှန်လုံကားဖြင့် ဂျိနီဗာမြို့၊ ဗုဒ္ဓဘာသာအခြေခံ ဘုန်းကြီးကျောင်းကို သွားကြ၏၊ ထိုကျောင်းကို ရောက်ချိန်မှာ ည ၇း၃၀ နာရီဖြစ်၏၊ ထိုကျောင်းမှာ ဂျိနီဗာမြို့အလယ်ရှိ အထပ်ပေါင်း များစွာ ရှိသော တိုက်ခန်းကြီး၏ အောက်ထပ်အခန်း နံပါတ်၃–ပင် ဖြစ်၏၊ ထိုအခန်းနံပါတ် ၃–ကို ဂျိနီဗာရောက် မြန်မာဗုဒ္ဓဘာသာများနှင့် သီရိလင်္ကာများက ဗုဒ္ဓဘာသာအဖွဲ့ ဖွဲ့စည်း၍ စုပေါင်း ကောင်းမှုငွေဖြင့် ငှားရမ်းထားကြ၏၊ ထိုအခန်းနံပါတ်–၃ကို "ဂျိနီဗာဗုဒ္ဓဘာသာ ဖောင်ဒေးရှင်း ဝိဟာရ"ဟု အင်္ဂလိပ် ဘာသာဖြင့် ဆိုင်းဘုတ်တင်ထားကြ၏။

ထိုကျောင်းထိုင်ဘုန်းကြီးမှာ သီရိလင်္ကာအမျိုးသား ရဟန်းတော် သက်တော် ၃၄–နှစ် ရှိ၊ ဝါတော် ၁၅–ဝါရသော အရှင်ဓမ္မိက (အမ်အေ) ဖြစ်၏၊ အရှင် ဓမ္မိကသည် အင်္ဂလိပ်ဘာသာ ပြင်သစ်ဘာသာ၊ ပါဠိဘာသာနှင့် သီဟိုဠ် ဘာသာ စကားများကိုလည်း ပြောနိုင်၏၊ ယခုသူသည် ပညာရေး ဒေါက်တာဘွဲ့ ရရန် ကြိုးစားနေသူ ဖြစ်၏၊ အရှင်ဓမ္မိကက ဖော်ရွေစွာ လက်ခံ စကားပြော၍

သူနေသော အခန်းခုတင်တွင် ဘုန်းကြီးအား နေရာ ချပေးပါ၏၊ အခန်းတွင် ရေချိုးခန်းနှင့် မီးဖိုခန်း၊ အိပ်ခန်းတို့သာ ပါရှိကုန်၏၊ အိပ်ခန်းတွင် ညဦး၌ အိပ်၍ နေ့တွင် ထိုင်လျက် ဧည့်ခံသော ဧည့်ခန်း ဖြစ်၏၊ ထိုဧည့်ခန်း၊ အိပ်ခန်း၊ ခေါင်းရင်း၌ ဗုဒ္ဓရုပ်ပွားတော် ရှိ၏။

အရှင်ဓမ္မိကသည် ဘုန်းကြီး အာဂန္တုအသစ်တစ်ပါး ရောက်လာ၍ တစ်ခန်းတည်းသော အိပ်ခန်းတွင် ဘုန်းကြီးအား ခုတင်ပေါ်တွင် ကျိန်းစေ၍ သူကတော့ ပက်လက်ကုလားထိုင်ကို ခုတင်အဖြစ် ခင်း၍ ကျိန်းစက်ပါ၏၊ နံနက်လင်းသော် ထိုင်ခုံကို ခေါက်သိမ်းထားပါ၏။

ဤနေ့ကား ၁၉၉၂–ခုနှစ်၊ ဇွန်လ ၂၅–ရက်နေ့ ဖြစ်၏၊ နေရာကား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၊ ဂျီနီဗာ ဗုဒ္ဓဘာသာအခြေခံဘုန်းကြီးကျောင်း ဖြစ်၏၊ ဤဗုဒ္ဓဘာသာကျောင်း ရပ်တည်နိုင်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံရောက် မြန်မာ ဗုဒ္ဓဘာသာများနှင့် သီရိလင်္ကာဗုဒ္ဓဘာသာများက စုပေါင်း အလှူငွေများကို အိမ်လခအဖြစ် လစဉ် ထောင်နှင့်ချီ၍ ပေးထားကြရ၏၊ ဤကျောင်းဘုန်းကြီး၏ နေ့စဉ် ဆွမ်းကိစ္စကိုလည်း ယင်းဗုဒ္ဓဘာသာအဖွဲ့ဝင်များနှင့် စေတနာရှင်များက စုပေါင်းလှူဒါန်းကြရ၏၊ အဘယ်ကြောင့်ဆိုသော် ဆွစ်ဇာလန်ရောက် ဗုဒ္ဓဘာသာများနှင့် ဗုဒ္ဓဘာသာကို စိတ်ဝင်စားသူများအား ဗုဒ္ဓဘာသာယဉ်ကျေးမှု အသိတရားတို့ကို ဟောကြား ဖြည့်စွမ်းပေးနိုင်ရန် ဖြစ်ပေသည်။

မှန်ပါသည်၊ ဆွစ်ဇာလန်ရောက် မြန်မာ ဗုဒ္ဓဘာသာများနှင့် စိတ်ဝင်စားသူများသည် ယခုအခါ ကျောင်းကို လာရောက်၍ ဘုရားရှိခိုးခြင်း ဥပုသ်စောင့်တရားနာကြား ကျင့်ပွားခြင်း၊ ဒါန ပြုခြင်းများကို ဗုဒ္ဓဘာသာ ရဟန်းတော်၏ မျက်မှောက်တွင် ဝမ်းမြောက်ကြည်သာ ပြုလုပ်ခွင့်ရကြလေသည်။

ဆွစ်ဇာလန်နိုင်ငံ၌ ဤဗုဒ္ဓဘာသာကျောင်းရှိခြင်းကြောင့် ဆွစ်ဇာလန်နိုင်ငံတွင် ဗုဒ္ဓဘာသနာတော် တည်တံ့ ပြန့်ပွားပေဦးတော့မည်။

ဘုန်းကြီးနှင့် ကျောင်းထိုင်အရှင်ဓမ္မိကတို့သည် နံနက်စောစောထ၍ ပါဠိဘာသာဖြင့် ကိုယ်စီကိုယ်င ဘုရား ရှိခိုးကြ၏၊ တရား ကျင့်ပွားကြပါ၏၊

ဤနေ့အတွက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းအလှူရှင်မှာ သီရိလင်္ကာအမျိုးသား **မစ္စတာ သောမရတန** နှင့် **မစ်ဆက်စ် သောမရတန** တို့ ဖြစ်ကြ၏၊

သူတို့က အရုဏ်ဆွမ်းတွင် စမူဆာ၊ ဘရာကြော်၊ စားတော်ပဲပြုတ်၊ နံပြားနှင့်လက်ဖက်ရည်၊ ကော်ဖီများကို ဆက်ကပ်ကြပါသည်၊ နေ့ဆွမ်းတွင် မြန်မာ

အစားအစာနှင့် နီးစပ်သော ပဲဟင်းချို၊ အာလူးကြော်၊ ကြက်သားဟင်း၊ ငါးဟင်း၊ အသီးအရွက်ဟင်းများနှင့် ဆွမ်းကို ဆက်ကပ်ကြပါသည်၊ ဘုန်းကြီးသည် သီဟိုဠ်အစားအစာကို စားနေကျ ဖြစ်၍ ဘုဉ်းပေးနိုင်ပါ၏၊ သပ္ပာယမှုတပါ၏။

## သန့်ရှင်းသပ်ယပ်သော ဂျီနီဗာ

အရှင်ခမ္မိကသည် ဘုန်းကြီးအား အရုဏ်ဆွမ်းပြီးချိန်တွင် တစ်ကြိမ်၊ နေ့ဆွမ်းပြီး တစ်ကြိမ် ကားဖြင့် ၂–ကြိမ်ပင် ဂျီနီဗာမြို့အလှကို လိုက်ပြပါ၏။

ဘုန်းကြီးတို့နေသော ဗုဒ္ဓဘာသာကျောင်းသည် မြို့လယ်ခေါင်ဖြစ်၍ အရှင်ခမ္မိကကျောင်း၏ဝန်းကျင် ၂–မိုင်ပတ်လည်မျှကိုသာ ခြေလျင်လိုက်ပြပါ၏။

ဂျီနီဗာသည် သပ်ရပ်၏၊ သန့်ရှင်း၏၊ လမ်းနှင့် တိုက်တာ အိမ်ခြေများ တည်ထားပုံသည် စနစ်ကျ၏၊ အထပ်၃၀–ကျော်တိုက်ကြီးများကိုလည်း တွေ့ရ၏၊ ဂျီနီဗာ၏ ရုပ်မြင်သံကြားအသံလွှင့်ဌာနသည် အထပ်၅၀–ခန့် မြင့်မား၏။

ဂျီနီဗာမြို့လယ်ကို ဖြတ်စီးသော မြစ်ငယ်၏ ကမ်းနား၌ စိမ်းစို မြင့်မားသော သဘာဝသစ်ပင်ကြီးများ လွှမ်းခြုံထားသော ကတ္တရာလမ်းဘေးက မြင့်မားခံ့ညားသော ဂျီနီဗာတက္ကသိုလ်၏ အလှမှာ ကျက်သရေရှိလှပါပေသည်။

လမ်းသွားလမ်းလာများကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာလေးစားကြ၏၊ နံနက်ဝေလီဝေလင်းတွင် ဂျီနီဗာမြို့ မြူနီစပယ်က လမ်းများကို သန့်ရှင်းနေကြသည်၊ သူတို့ လမ်းသန့်ရှင်းပုံက ကားကြီးတစ်စင်းဖြင့် ရှေ့က ရေဖြန်းသွား၏၊ နောက်က ကားကြီးတစ်စင်းက တံမြက်လှဲ၊ ဖုန်သုတ်သွား၏၊ တံမြက်စည်းလှဲ၊ ဖုန်သုတ်ပုံက မော်တော်ကားကြီးတွင် တပ်ဆင်ထားသော တံမြက်စည်းများ၊ အဝတ်များက စက်ဖြင့် လှည့်၍ သုတ်သွားခြင်း ဖြစ်၏။

ဥတုက အေးမြ၍ ကတ္တရာလမ်းနှင့် မြက်ခင်းမျှသာ ရှိသော ဂျီနီဗာမြေပြင်သည် ဖုန်ကိုလည်း မတွေ့မြင်ရပါ၊ ထိုတွင် လမ်းကို ရေဆေးပြီး တံမြက်လှဲ ဖုန်သုတ်ပေးသောကြောင့် ပို၍သန့်ရှင်း၊ ပို၍လှပ၊ ပို၍သစ်လွင်နေသောဂျီနီဗာ ဖြစ်၏။

ဆိုကြပါစို့၊ အကယ်၍များ တစ်စုံတစ်ယောက်သောသူသည် အနောက်တိုင်းက အင်္ဂလန်သည် နတ်ပြည်နှင့် တူ၏၊ လှ၏၊ ချမ်းသာ၏၊ သန့်ရှင်း၏ဟူ၍

ဆိုပါလျှင် ဆွစ်ဇာလန်သည် ဖြဟ္မာပြည်နှင့် တူ၏၊ လှ၏၊ ချမ်းသာ၏၊ သန့်ရှင်း၏၊ ရှုချင့်စဖွယ်ဖြစ်၏ဟူ၍ ဆိုသင့်ပေသည်။

ဤနေ့ မွန်းလွဲ၂-နာရီအချိန်တွင် မြန်မာမဖြူဖြူဝင်းနှင့် လာအို ဗုဒ္ဓဘာသာ အမျိုးသမီးငယ်တစ်ယောက်တို့က ဘုန်းကြီးအား လာရောက်တွေ့ဆုံဖူးမြော်ကြပါ၏။

ဤနေ့ညပိုင်းတွင် အရှင်ဓမ္မိက၏ တပည့်သိရီလင်္ကာများက ကျောင်းကို လာ၍ ဘုရားရှိခိုးကြ၏၊ ဘုန်းကြီးက သူတို့အား ပါဠိဘာသာဖြင့် ငါးပါးသီလ ပေးရ၏၊ အင်္ဂလိပ်ဘာသာဖြင့် အလွတ်ကျက်မှတ်ထားသော ဝိပဿနာအလုပ် ပေးတရားကို ဟောပြပါ၏၊ ဝမ်းမြောက်ကြည်နူးဖွယ်ပင် ဖြစ်၏။

## ဂျီနီဗာ၌ တွေ့သော လာအိုနှင့် မြန်မာ

၂၆-၆-၉၂

'ဆရာတော်ဘုရား၊ ဟောဒီလာအိုဗုဒ္ဓဘာသာအမျိုးသမီးလေးက ဆရာတော်အား ကူကူးနာရီနှင့် ကျောင်းတော်အချက်ပေးခေါင်းလောင်းငယ်ကို လှူချင်ပါသတဲ့ဘုရား'ဟု မဖြူဖြူဝင်းက ဗုဒ္ဓဘာသာလာအိုသူနှင့်အတူ ဘုန်းကြီးထံ ရောက်လာ၍ လျှောက်ထားပါသည်။

လာအိုနှင့် မြန်မာသည် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည်ဟု ဆိုရသော်လည်း လာအိုအမျိုးသားတို့နှင့် မြန်မာအမျိုးသားတို့သည် အချင်းချင်းတွေ့ဆုံရန် မလွယ်ကူပါ၊ ဂျီနီဗာတွင် အလုပ်ချင်းတူ၍ တွေ့ဆုံကြသော မဖြူဖြူဝင်းနှင့် လာအိုအမျိုးသမီးတို့ ခင်မင်ကြ၏။

သူတို့ချင်း ခင်မင်ရုံမျှနှင့်လည်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို လာရောက်ရန်လည်း မလွယ်ကူပါ၊ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်သူချင်း တူသောကြောင့်သာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို ရောက်လာကြ၏။

ဂျီနီဗာ၌ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ရှိသောကြောင့် မြန်မာပြည်ကလာသော ဗုဒ္ဓဘာသာဘုန်းကြီးနှင့် လာအိုကလာသော ဗုဒ္ဓဘာသာ အမျိုးသမီးတို့သည် တွေ့ဆုံကြ၏၊ သူမအတွက် သမဏာနဉ္စ ဒဿနကုသိုလ်လည်း ရ၏၊ ပူဇာစ ပူဇနေယျာနံ ကုသိုလ်မင်္ဂလာကိုလည်း ရပါ၏၊ ယခု ဒါနဉ္စ ကုသိုလ်မင်္ဂလာနှင့် ဓမ္မသဝနကုသိုလ်မင်္ဂလာကိုလည်း ရပြန်ပါ၏၊ ကွင်းဆက် အားဖြင့် ဂါရဝမင်္ဂလာ၊ နိဝါတ မင်္ဂလာစသော မင်္ဂလာများကိုလည်း ရရှိပေဦးမည် အမှန်ပင်။

ဘုန်းကြီးက သူလှူသောပစ္စည်းကို အကပ်ခံ၍ မဖြူဖြူဝင်း၏ဘာသာပြန် ပေးမှုဖြင့် အနုမောဒနာတရားအနည်းငယ်ကို ဟော၏၊ ပါဠိဘာသာဖြင့် "ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု"ဟု ရေစက်ချဆုတောင်းပေးပါ၏၊ သူမတို့နှင့် ပတ်သက်၍ ဘုန်းကြီးသည်လည်း ခမ္မဒါနကုသိုလ်ရလိုက်ပါ၏။

## နှစ်နိုင်ငံနယ်စပ်က ပရိတ်တရားပွဲ

၁၉၉၂–ခု၊ ဇွန်လ ၂၆–ရက်နေ့ညနေ ၃–နာရီအချိန်တွင် ဘုန်းကြီးသည် ဦးကျော်စံလှ+ဒေါ်သဇင်ခင်တို့ ပင့်ဆောင်သောကားဖြင့် လိုက်ခဲ့ရ၏၊ အကြောင်းမှာ သူတို့အိမ်တွင် ပရိတ်ရွတ်ရန်ဖြစ်၏။

သူတို့အိမ်မှာ ဆွစ်ဇာလန်နှင့် ပြင်သစ်နိုင်ငံနယ်စပ်၌ ရှိ၏၊ အမှန်စင်စစ်သော် သူတို့အိမ်သည် နှစ်နိုင်ငံနယ်စပ်ဆိုသော်လည်း ပြင်သစ်နိုင်ငံပိုင်နက်တွင် ရှိ၏၊ ဦးကျော်စံလှသည် နယ်စပ်ရှိ ပြင်သစ်နိုင်ငံတွင် နေ၍ ဆွစ်ဇာလန်နိုင်ငံ၌ အလုပ်လုပ်ပါသည်၊ နေ့စဉ်ပင် ပြင်သစ်နိုင်ငံမှ ဆွစ်ဇာလန်နိုင်ငံသို့လာ၍ ရုံးတက်ရ၏။

"ဒကာကြီး၊ ပြင်သစ်မှ ဆွစ်ဇာလန်ကို နေ့တိုင်းရုံးလာတက်တော့နိုင်ငံကူးလက်မှတ်တွင် အဝင်အထွက်တံဆိပ်တုံးရာတွေ အများကြီးဖြစ်ပြီး မကြာမကြာ မလဲလှယ်ရဘူးလား"ဟု ဘုန်းကြီးက မေး၏။

"ဒီလိုမဟုတ်ပါဘူးဘုရား၊ တပည့်တော်ရဲ့ အလုပ်ဌာနထောက်ခံ ချက်ဖြင့် တပည့်တော်ကားနှင့် ကားပေါ်ပါလာသူကို နေ့စဉ်ပင် ဆွစ်ဇာလန်နှင့် ပြင်သစ်ကို ဘယ်နှစ်ကြိမ်ကူးကူး ခွင့်ပြုတယ်ဘုရား၊ နှစ်နိုင်ငံ ဂိတ်စောင့်များက ကားနံပါတ်ကို မြင်တာနှင့် တစ်ပြိုင်နက် စစ်ဆေးခြင်းမရှိဘဲ လက်ပြပြီး လွှတ်လိုက်တာပဲဘုရား" ဟု ဦးကျော်စံလှက ပြောပါ၏။

"ဘုန်းကြီး၏ နိုင်ငံကူးလက်မှတ်ကိုရော အဝင်အထွက်တံဆိပ်တုံးတွေ ထုဦးမှာလား ဒကာကြီးရဲ့"ဟု ဘုန်းကြီးက မေးပြန်၏။

"တံဆိပ်တုံး မထုစေရပါဘူးဘုရား၊ လိုအပ်မှ နိုင်ငံကူးလက်မှတ်ကလေးပဲ ယူကြည့်မှာပါ၊ နိုင်ငံကူးလက်မှတ်မပါသူကို ကားပေါ်တင်လာရင်တော့ ပြဿနာ တက်နိုင်တယ်ဘုရား"ဟု ဦးကျော်စံလှက လျှောက်ထားရှင်းပြပါ၏။

ဘုန်းကြီးသည် ဦးကျော်စံလှ မောင်းသောကားဖြင့် လိုက်ခဲ့ရာ နှစ်နိုင်ငံ နယ်စပ် ဂိတ်ဝင်ဂိတ်ထွက်များတွင်လည်း အစစ်အဆေးမရှိဘဲ ညနေ၃း၂၀

နာရီအချိန်၌ ပြင်သစ်နိုင်ငံရှိ ဦးကျော်စံလှတို့အိမ်ကို ရောက်ပါ၏၊ ဘုန်းကြီးနှင့် အတူ မဖြူဖြူဝင်းလည်း လိုက်ပါခဲ့၏။

တိုက်ကြီး၏အပေါ်ထပ် ခမ်းနားသော အခန်းကြီးတွင် ဦးကျော်စံလှနှင့် ဒေါ်သဇင်ခင်တို့က ဘုန်းကြီးအား အဖျော်ရည်များကိုလည်း ဆက်ကပ်ပါ၏၊ နဝကမ္မဆွစ်ဇာလန်အလှူငွေများကိုလည်း လှူဒါန်းကြပါ၏။

ဘုန်းကြီးက သူတို့မိသားစုအား ငါးပါးသီလပေး၏၊ ထို့နောက် အန္တရာယ်ကင်း မေတ္တာသုတ်၊ ဝဋ္ဋသုတ်၊ ပရိတ်တရားများကိုလည်း ရွတ်ဖတ်ချီးမြှင့်ပါ၏၊ ထို့နောက် သတိပဋ္ဌာန်အလုပ်ပေးတရားကိုလည်း ဟောကြား၍ လက်တွေ့ရှုမှတ်စေပါသည်၊ ဘုန်းကြီးသည် အန္တရာယ်ကင်းပရိတ်တရားနှင့် သတိပဋ္ဌာန် ဝိပဿနာတရားများကို ဟောကြားပြီးနောက် ဦးကျော်စံလှ လိုက်ပို့သောကားဖြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ဗုဒ္ဓဘာသာကျောင်းကို ပြန်ခဲ့ပါ၏။

## နာရီခေါင်းလောင်းဒါန အနုမောဒနာ

ဤနေ့ကား ၁၉၉၂–ခုနှစ်' ဇွန်လ၂၇–ရက်ဖြစ်၏၊ ဘုန်းကြီးသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း၌ အရှင်ဓမ္မိကနှင့်အတူ အရုဏ်ဆွမ်းစားကြ၏၊ နံနက်၈–နာရီအချိန်၌ မဖြူဖြူဝင်း က ဘုန်းကြီးအား ဆွစ်ဇာလန်နိုင်ငံဖြစ်နာရီတစ်လုံးကို လာလှူပါ၏၊ ကျောင်း တက်အချက်ပေး ခေါင်းလောင်းတစ်လုံးကိုလည်း လှူဒါန်းပါ၏၊ အနွေးထည်ကိုလည်း လှူဒါန်းပါ၏။

"ဇနေတိ သဒ်သံ ပါကဲ–အဘိဓမ္မာကျမ်းဂန်ပါဠိအရ အချိန်သိရန် နာရီနှင့် ခေါင်းလောင်းကို လှူသူဟာ အရာရာတိုင်း အချိန်မှန်ကို သိမြင်ပြီး နိုးကြားရှေ့ဆောင်သူ ဖြစ်နိုင်ပါတယ်၊ ဖြစ်ရာဘဝတွင် အရွယ်သုံးပါးလုံးတွင် လိုရာအသုံးအဆောင်များကို ရနိုင်ပြီး လိုရာကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်အောင်မြင်နိုင်သူ ဖြစ်နိုင်ပါတယ်၊ ယခု မိမိလှူလိုက်သော နာရီကို ကြည့်ပြီး ဆရာတော်ဟာ သာသနာရေးကိစ္စများကို အချိန်မှန် ဆောင်ရွက်နိုင်လိမ့်မယ်၊ သာသနာရေးကိစ္စများကို ချောမောချမ်းသာစွာ ဆောင်ရွက်နိုင်လိမ့်မယ်လို့ အာရုံပြုပြီး ဝမ်းသာရမယ်" ဤသို့လျှင် ဘုန်းကြီးက နာရီအနုမောဒနာတရားကို ဟောပေးပါ၏။

## ဆွမ်းဒါန လေယာဉ်လက်မှတ်အလှူပွဲ

နံနက်၁၁–နာရီအချိန်၌ ဘုန်းကြီးနှင့် အရှင်ဓမ္မိကတို့သည် ဂျိနီဗာမြို့ ဦးစိုးထွန်းအောင်+ဒေါ်ယဉ်ယဉ်အောင်မိသားစုတို့နေအိမ်၌ နေ့ဆွမ်းကို ဘုဉ်းပေးကြရ၏၊ သူတို့မိသားစုက မြန်မာချက် ချက်ထားသော ကြက်သားဟင်း၊ ဝက်သားဟင်း၊ ပဲပြားနှင့် ကြာဇံကြော်၊ ငံပြာရည်ချက်၊ ငပိကြော်၊ တို့စရာဟင်းများဖြင့် ဆက်ကပ်ကြ၏၊ သစ်သီးစုံ၊ မုန့်မျိုးစုံနှင့် လက်ဖက်ရည်၊ ကာဖီ၊ ရေခဲမုန့်များကိုလည်း ဆက်ကပ်ပါ၏။

သူတို့၏တိုက်ခန်းနံရံအနီး၌ စိမ်းစိုသော ရွက်လှပန်းပင်ကိုလည်း စိုက်ပျိုးထား၏၊ ဘုန်းကြီးတို့သည် သူတို့ပြင်ဆင် ဆက်ကပ်သော မတ်တပ်စားပွဲခုံများတွင် ထိုင်၍ ဘုဉ်းပေးကြရ၏၊ သူတို့က ရုပ်မြင်သံကြားကိုလည်း ရိုက်၍ မှတ်တမ်းတင်ပါ၏၊ ဤဆွမ်းဒါနတရားပွဲတွင် ဦးဖေတို့ဇနီးမောင်နှံနှင့် ဂျွန်မာ့ခ်နှင့် မိမိအောင်သွင်တို့လည်း တရားနာလာကြ၏၊ အိမ်ရှင်ဦးစိုးထွန်းအောင်+ဒေါ်ယဉ်ယဉ်အောင်နှင့် သားများဖြစ်ကြသောမောင်သူမိုးအောင်၊ မောင်နန္ဒဖြိုးအောင်၊ မောင်ကျော်စွာအောင်တို့လည်း ပါဝင်တရားနာကြ၏။

ဤဆွစ်ဇာလန်နိုင်ငံသို့ ဘုန်းကြီးကြွလာနိုင်သည်မှာ ဦးစိုးထွန်းအောင်+ ဒေါ်ယဉ်ယဉ်အောင်နှင့် ဂျွန်မော့ခ်+မမီမီအောင်သွင်တို့က ပင့်လျှောက်သောကြောင့် ကြွလာနိုင်ခြင်း ဖြစ်ပေသည်။

မိမိအောင်သွင်သည် ဦးစိုးထွန်းအောင်+ဒေါ်ယဉ်ယဉ်အောင်တို့၏ တူမဖြစ်၏၊ မိမိမိအောင်သွင်၏ မိဖများဖြစ်ကြသော ဗိုလ်မှူးအောင်သွင်+ဒေါ်ဥမ္မာသင်းတို့ သည် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၌ နေကြ၍ ဘုန်းကြီးအား ကိုးကွယ်ကြ၏၊ ဘုန်းကြီး၏ဒကာရင်း၊ဒါယိကာမရင်းများ ဖြစ်ကြ၏၊ မဟာ စည်ယောဂီ၊ ဩောင်ကန်အေးယောဂီများ ဖြစ်ကြ၏၊ ကျောင်းဒကာ၊ ကျောင်းအမ များ ဖြစ်ကြ၏။

## ဗုဒ္ဓနည်းကျ ဘဝနေနည်းတရား

ဤဆွမ်းဒါနတွင် ဦးစိုးထွန်းအောင်+ဒေါ်ယဉ်ယဉ်အောင် မိသားစုနှင့်အတူ ဂျွန်မော့ခ်+မီမီအောင်သွင်တို့က အင်္ဂလန်နှင့်ဆွစ်ဇာလန် အသွားအပြန်လေယာဉ် လက်မှတ်ကုန်ကျစရိတ် နဝကမ္မများကိုလည်း လှူကြ၏။

ဤဆွမ်းဒါနလေယာဉ်လက်မှတ်အလှူပွဲ၌ ဘုန်းကြီးက ဗုဒ္ဓနည်းကျ ဘဝ နေနည်းတရားကို ဟောကြား၏၊ ဗုဒ္ဓနည်းကျဘဝနေနည်းတရားဆိုတာ ဗုဒ္ဓ မြတ်စွာဘုရားရှင် နောက်ဆုံးဟောကြားတော်မူခဲ့သော 'အပ္ပမာဒေန သမ္ပာ ဒေထ' သတိတရား လက်ကိုင်ထားနေကြဆိုတဲ့ ဩဝါဒတရားတော်ပါပဲ။

အဲဒီဗုဒ္ဓဓမ္မနှင့်အညီ ရှေးမြန်မာ ပညာရှင်သူတော်စင်များက ဟောဒီမြန်မာ စကားပြေ အပြုတေ ဆုံးမစကားတို့ကို မိန့်ကြားတော်မူခဲ့ကြပါတယ်။

### ဘဝနေနည်း ဆုံးမဝါဒ

၁။ အားထားကိုးကွယ်ရမှာက ဘုရား၊တရား၊သံဃာ။

၂။ ရန်သူကြီးအစစ်က လောဘ၊ဒေါသ၊ မောဟ။

၃။ မိတ်ဆွေအစစ်က–ဒါန၊သီလ၊ ဘာဝနာ။

၄။ လက်ကိုင်ကျင့်သုံးမှုမှာက အနိစ္စ၊ ဒုက္ခ၊ အနတ္တတဲ့။

### ရရှိနိုင်သော ကောင်းကျိုးများ

၁။ ဘုရားဖက်လျှင် အသက်ရှည်တယ်။

၂။ တရားဖက်လျှင် အမျက်ပြေ စိတ်ချမ်းသာတယ်။

၃။ သံဃာဖက်လျှင် အခက်ဝေ ကြီးပွားတိုးတက်တယ်။

၄။ လောဘရန်သူကို နိုင်လိုပါက ဒါနမိတ်ဆွေကောင်းနဲ့ပေါင်းပြီး အနိုင် တိုက်ထုတ်ရမယ်။

၅။ ဒေါသရန်သူကို နိုင်လိုပါက သီလ၊ မေတ္တာမိတ်ဆွေကောင်းနဲ့ပေါင်းပြီး အနိုင် တိုက်ထုတ်ရမယ်။

၆။ မောဟရန်သူကို နိုင်လိုပါက ဝိပဿနာမိတ်ဆွေကောင်းနဲ့ပေါင်းပြီး အနိုင် တိုက်ထုတ်ရမယ်။

၇။ လောဘကိုနိုင်လျှင် အငတ်ဘေးက ကင်းဝေးမယ်၊ ပြိတ္တာဘေးကလဲ ကင်းဝေးလိမ့်မယ်။

၈။ ဒေါသရန်သူကို နိုင်လျှင် စစ်မက်ဘေးက ကင်းဝေးမယ်၊ ငရဲဘေး ကလဲ ကင်းဝေးလိမ့်မယ်။

၉။ မောဟရန်သူကို နိုင်လျှင် ရောဂါဘေးက ကင်းဝေးမယ်၊ တိရစ္ဆာန်ဘေး ကလဲ ကင်းဝေးလိမ့်မယ်။

၁၀။ လောဘ၊ ဒေါသ၊ မောဟရန်သူများကို ဒါန၊ သီလ၊ ဘာဝနာ မိတ်ဆွေ ကောင်းများနှင့် ပေါင်းပြီး အနိုင်တိုက်နိုင်ပါက လူချမ်းသာ၊ နတ်ချမ်း သာ၊ နိဗ္ဗာန်ချမ်းသာများကို ရရှိပါလိမ့်မယ်။

၁၁။ သတိပဋ္ဌာန်ဝိပဿနာအကျင့်တရားကို ကျင့်ပွားရ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဉာဏ်များကို သိမြင်လျက် အမြဲလက်ကိုင်ထားနိုင်ပါစေ၊ လူ့လောကတွင် လောကဓံအကောင်းအဆိုးများကို သည်းခံကျော်လွှားနိုင်ရမယ်၊ အနေ တတ်၍ အသေမြတ်မယ်၊ ဘဝနေနည်း တတ်မယ်၊ ဘဝလွတ်မြောက် ရာ နိဗ္ဗာန်ထိ ဝင်စံနိုင်မယ်။

ဤသို့လျှင် ဘုန်းကြီးက ဗုဒ္ဓနည်းကျ ဘဝနေနည်းတရားကို ဟောကြားပါ သည်၊ ဘုန်းကြီးက တရားဟောရေစက်ချပြီးသောအခါ အရှင်ဓမ္မိက ကတော့ တရားနာပရိသတ်များအား အဋ္ဌရဃ်ကင်း ဂါထာများကို ရွတ်ပွားပြီးလျှင် တစ်ယောက်ပြီးတစ်ယောက် လက်ကောက်ဝတ်များတွင် ပရိတ်ချည်များကို ဝတ်ဆင်ချီးမြှောက်ပေးနေပါသည်၊ ဘုန်းကြီးနှင့် အရှင်ဓမ္မိကတို့သည် ထိုအိမ် တွင် အိမ်ရှင်မိသားစုများနှင့်အတူ အမျိုး၊ ဘာသာ၊ သာသနာအကြောင်းများကို အားရပါးရ ပြောကြားကြပါသည်။

## ဂျိနီဗာလေ့လာရေးခရီး

၁၉၉၂–ခုနှစ်၊ ဇွန်လ၂၇–ရက်နေ့၊ ညနေ ၄–နာရီအချိန်၌ ဦးစိုးထွန်းအောင်နှင့် အရှင်ဓမ္မိကတို့က ဘုန်းကြီးအား ဂျိနီဗာမြို့ကို လှည့်လည်ပြသကြ၏၊ ဘုန်းကြီးတို့သည် ဦးစွာပထမ ကမ္ဘာ့နိုင်ငံပေါင်းချုပ် ကုလသမဂ္ဂ အဆောက်အအုံကြီးကို ရောက်ကြပါ၏၊ ထိုကုလသမဂ္ဂမြေနေရာသည် ဧကပေါင်း ၃၀–ခန့် ကျယ်ဝန်းမည် ထင်ပါ၏၊ ထိုရုံးအဆောက်အအုံကြီးသည်လည်း အလွန်ကြီးမား၏၊ ပန်းပင်ပေါင်းစုံများကို လှပစွာ စိုက်ပျိုးထားသော ဥယျာဉ်မြေကြီး၏ အလယ်ဗဟိုတွင် ၁၀–ဧကခန့်ကျယ်ဝန်းကြီးမားသော ရုံးအဆောက်အအုံကြီးကို တည်ဆောက်ထားပုံမှာ အံ့သြကုန်နိုင်ဖွယ်ဟု ဆိုရမည် ဖြစ်၏၊ မြေပြင်မှ ထိုကုလသမဂ္ဂအဆောက်အအုံကြီးကို ဓာတ်ပုံရိုက်မည်ဆိုပါက ငုံမိခြုံမိအောင် ဘယ်နည်းနှင့်မျှ ရိုက်ယူ၍ မရနိုင်ပါပေ။

ကောင်းကင်မှ လေယာဉ်ပျံဖြင့် ပျံဝဲ၍ ရိုက်မှသာ ရနိုင်ပေမည်၊ ဦးစိုးထွန်းအောင် ရပ်မြင်သံကြား ရိုက်ကူးသည်ကိုပင် အမောတကော ရိုက်ကူးရပါ၏၊ ဘုန်းကြီးတို့သည် ဂျိနီဗာမြို့တွင် အကြီးမားဆုံး၊ ထိုကုလသမဂ္ဂရုံးကြီးနှင့် ဥယျာဉ်ခြံဝိုင်းကြီးကို ခြေလျင်ကြည့်နေပါက တစ်နေကုန်ကြည့်၍ပင် ပြီးနိုင်မည်မထင်ပါ၊ ကားဖြင့် လှည့်ပတ်မောင်းနှင်၍ ဆင်းသင့်သောနေရာများတွင် ကားရပ်၍ ဆင်းလျက်ကြည့်ရှုကြရ၏၊ ဓာတ်ပုံများကိုလည်း ရိုက်ကြပါ၏၊ ဤဂျိနီဗာမြို့ရှိ ကုလသမဂ္ဂရုံးကြီးကို ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကပင် တည်ဆောက်ခဲ့ကြ၏၊ ထို့နောက်တွင်မူ ခေတ်အဆက်ဆက်၌ ခေတ်မီ တိုးတက်အောင် အကြိမ်ကြိမ် ပြုပြင်မွမ်းမံထားကြ၏၊ ဤရုံးကြီး၌ ကမ္ဘာလုံးဆိုင်ရာ ကွန်ဖရင့်ကြီးများကို မကြာခဏကျင်းပခဲ့ကြ၏။

ထို့နောက် ဘုန်းကြီးတို့သည် ဂျိနီဗာမြို့၊ ရေကန်ကြီးကို သွားရောက် ကြည့်ရှုကြ၏၊ ဤဂျိနီဗာရေကန်ကြီးသည် ၄၅–မိုင်ရှည်လျား၍ ဆွစ်ဇာလန်နိုင်ငံတွင် အကြီးဆုံးနှင့် အလှဆုံး ဖြစ်၏၊ ဂျိနီဗာရေကန်ကြီး၏ ဝန်းကျင်ကမ်းပါးတစ်လျှောက်တွင် ကြီးမားကျယ်ပြန့်သော ကတ္တရာလမ်းကြီးများက ရစ်ပတ်ထားကုန်၏၊ ထိုလမ်းများ၏ ဘေးဖက်များတွင် လှပဖြူဖွေးသော ကျောက်တိုက်၊ ကျောက်အိမ်များကိုလည်း တွေ့ကြရ၏၊ ရေကန်ကြီးအတွင်း၌ဝယ် သင်္ဘောများနှင့် လှေများစွာကိုလည်း တွေ့မြင်ရ၏၊ နိုင်ငံခြားသားတို့သည် ဂျိနီဗာရေကန်ကြီး

၏ အလှကို သွားလာကြည့်ရှု ငေးမောနေကြ၏၊ ကန်ပတ်လမ်းကြီးတစ်လျှောက်ရှိ စားသောက်ဆိုင်များတွင်လည်း ပျော်ရွှင်စွာ စားသောက်နေကြ၏၊ ရေကန်ကြီး၏ အဝေးဆီတွင် အဆင့်ဆင့် မြင့်မားစွာ တည်ရှိသော တောင်ပြာကြီးများကိုလည်း တွေ့မြင်နေကြရ၏။

"ဆရာတော်–အဲဒီအဝေးဆီက တောင်ပြာမြင့်မြင့်ကြီးက ပြင်သစ်နိုင်ငံကပိုင်ဆိုင်တဲ့ ဘက်လက်တောင်ဖြစ်ပါတယ်ဘုရား" ဦးစိုးထွန်းအောင်က ဗီဒီယိုကင်မရာ ရိုက်ရင်းကပင် လျှောက်ထားပါ၏၊ "ယခုတွေ့မြင်နေရတဲ့ ရှည်လျားလှပတဲ့ တံတားကြီးကတော့ 'တံတားဖြူ' လို့ခေါ်တယ်ဘုရား" ဟူ၍လည်း ပြောပြလျှောက်ထားပါ၏။

ဂျီနီဗာမြို့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာရေကန်ကြီး၏ အနောက်တောင်ထောင့် ရန်းမြစ်ပေါ် တည်ရှိ၏၊ ဥရောပတိုက်အလယ်၌ တည်ရှိ၍ လှပသော ရှုမျှော်ခင်းများ ရှိသော မြို့ဖြစ်၏၊ ဂျီနီဗာ၏နေဝင်ချိန်များ၌ မြို့၏ အရှေ့တောင်ဖက် မိုင် ၄၀ အကွာ၌ရှိသော ဆီးနှင်းများ ဖုံးအုပ်နေသည့် ဗလန်းတောင်ထိပ်သည် ဝင်လုဆဲနေရောင်တွင် ရှုမောဖွယ်ရာ လှပနေပါ၏၊ ဂျီနီဗာမြို့သည် တောင်ပတ်လည် ဝန်းရံလျက်ရှိရာ ဒယ်အိုးကြီးထဲတွင် တည်ထားသောမြို့နှင့် တူနေပါ၏။

မြန်မာ့စွယ်စုံကျမ်း အတွဲ–၃၊ စာမျက်နှာ ၃၃ ၌ ဂျီနီဗာ၏ သမိုင်းကို ဤသို့တွေ့ရ၏၊ 'ရောမအာဏာရှင် ဂျူးလီယက်ဆီဇာ လက်ထက်မှစ၍ ဤမြို့တည်ထောင်ခဲ့ရာ ဥရောပအလယ်ခေတ်ကုန်လုနီးနီးလောက်တွင် ဂျီနီဗာ မြို့သားများသည် သူတို့ကို အုပ်စိုးနေသော ခရစ်ယန်ဘုန်းကြီးနှင့်ဆဗွိုင်ဘုရင်ကို တော်လှန်လိုက်ကြပြီးနောက် သမ္မတနိုင်ငံ တည်ထောင်ကြသည်။

၁၆၈၂–ခုနှစ်တွင်လည်း အလစ်ဝင်၍ တိုက်သော ဆဗွိုင်မင်း စစ်တပ်များကို တွန်းလှန်ပစ်လိုက်သည်၊ ဘာသာရေးအပြောင်းအလွဲခေတ်တွင် ဂျီနီဗာမြို့သည် ပရိုတက်စတင့်ဂိုဏ်းကို ထောက်ခံသောမြို့ ဖြစ်၏၊ ပရိုတက်စတင့် ခေါင်းဆောင်ကြီး ကယ်လဗင်၏ဌာနချုပ်ရှိသော နေရာဖြစ်၏၊ နပိုလီယံဘုရင် စစ်ရှုံးပြီးနောက် ဂျီနီဗာမြို့သည် ၁၈၁၅–ခုနှစ်တွင် ဆွစ်ဇာလန်ပြည်ထောင်စုနှင့် ပူးပေါင်းလိုက်လေသည်။

ပြင်သစ်တော်လှန်ရေး စာရေးဆရာကြီး ရူးဆိုး မွေးဖွားရာဖြစ်သည့်အပြင် ပြင်သစ်ပညာရှိကြီး ဗော်လ်တဲယားသည်လည်း ဤဂျီနီဗာမြို့တွင် အတော်

ကြာကြာ နေထိုင်ခဲ့ဖူး၏၊' ဤသည်မှာ မြန်မာ့စွယ်စုံကျမ်းလာ ဂျိနီဗာမြို့ အကြောင်း ဖြစ်ပါသည်၊ ဘုန်းကြီးတို့သည် ည၆–နာရီအချိန်၌ ဂျိနီဗာဗုဒ္ဓဘာသာ ကျောင်းကို ပြန်ရောက်ကြ၏၊ ဦးစိုးထွန်းအောင်သည် ဘုန်းကြီးတို့အား နှုတ်ဆက်၍ ပြန်သွားပါ၏။

## ဆွမ်းဒါန ဝိပဿနာတရားပွဲ

ဤနေ့ကား ၁၉၉၂–ခု၊ ဇွန်လ၂၈–ရက်နေ့ ဖြစ်၏၊ နေရာကား ဆွစ်ဇာလန်နိုင်ငံ ဂျိနီဗာမြို့ မစ္စတာဦးဖေနှင့် မစ်ဆက်စ်ဖေတို့၏ ၆–ထပ်တိုက်အိမ်ကြီး၏ ၄–ထပ်ခန်းမကြီး ဖြစ်၏၊ မစ္စတာဖေမိသားစုများက ဘုန်းကြီးအား နေ့ဆွမ်း ဆက်ကပ်ကြ၏၊ ဦးဖေမှာ အင်္ဂလန်နိုင်ငံဒေါ်စမ်းရီ၏ မောင်ဖြစ်၏၊ ဒေါ်စမ်းရီ၏ သတင်းပေးချက်အရ ညောင်ကန်အေးဆရာတော် ဆွစ်ဇာလန်ကို ကြွလာကြောင်း သိရ၍ ဘုန်းကြီးအား ပင့်ဖိတ်ဆွမ်းကပ်ခြင်း ဖြစ်၏။

ဝက်သားဟင်း၊ ကြက်သားဟင်း၊ အစိမ်းကြော်၊ ကန်စွန်းရွက်ချဉ်ရည်၊ ဆိတ်သားဟင်း၊ ငရုတ်သီးငါးပိကြော်တို့စရာများနှင့် အမည်မသိသော ဟင်းမျိုးစုံ တို့လည်း ပါကုန်၏၊ ဆွမ်းများကလည်း အုန်းဆွမ်း၊ ဒန်ပေါက်ဆွမ်းနှင့် ရိုးရိုးဆွမ်းတို့ ဖြစ်ကုန်၏၊ ဆွမ်းများ၊ ဟင်းများမှာ မတ်တတ်စားပွဲကြီးနှင့် အပြည့်ဖြစ်၏၊ ဤမျှလောက် ဆွမ်းတွေ၊ ဟင်းတွေများပြားနေရခြင်းမှာဦးဖေ၏ တစ်အိမ်တည်းမှ ချက်ပြုတ်သော ဆွမ်းများ၊ ဟင်းများအပြင် ဆွမ်း ဒါနတရားပွဲသို့ လာရောက်ကြသော ဦးကျော်စံလှ၊ ဒေါ်သဇင်ခင်မိသားစုနှင့် ဓမ္မမိတ်ဆွေ ဗုဒ္ဓဘာသာ သီရိလင်္ကာမိသားစုများကလည်း မိမိတို့အိမ်တွင် ချက်ပြုတ်ခဲ့သော ဆွမ်းများ၊ ဟင်းများကိုပါယူလာ၍ ဆက်ကပ်ကြသောကြောင့်ဖြစ်၏၊ သံဟ ပုညကာရီ အတူတကွ ကောင်းမှုကုသိုလ်ကို စုပေါင်း ပြုလုပ်ကြခြင်းဖြစ်၏။

ဘုန်းကြီးက ဆွမ်းမစားမီ၌ ဝိပဿနာအခြေခံတရားကို ဟောကြား၍ ဆွမ်းစားပြီးသော် အန္တရာယ်ကင်း ပရိတ်တရားများကိုလည်း ရွတ်ဖတ်ချီးမြှင့်၏၊ အနက်အဓိပ္ပာယ်ကိုလည်း ဟောပြပါ၏၊ ထိုနေ့ဆွမ်းပြီးနောက် မွန်းလွဲ၁နာရီ

၃၀မိနစ်အချိန်၌ ဘုန်းကြီးသည် ဂျွန်မာ့ခ်နှင့် မိမိအောင်သွင်တို့ လိုက်ပို့သော ကားဖြင့် ဆွစ်ဇာလန်နိုင်ငံ တောင်ပေါ်ဒေသများကို ရောက်ပါ၏။

လမ်းခရီးသည် မြန်မာနိုင်ငံ၊ ရှမ်းပြည်တောင်ပိုင်းဒေသကို သွားရသည်နှင့် တူ၏၊ ဘုန်းကြီးသည် ပဲစိမ်းငုံခင်းများနှင့် ဂျုံခင်းများကိုလည်း တွေ့ရ၏၊ မျက်စိတစ်ဆုံး ကျယ်ဝန်းများပြားသော စပျစ်စိုက်ခင်းများကိုလည်း တွေ့ရ၏၊ တောင်ဆင်းတောင်တက်ခရီးကို ဂျွန်မာ့ခ်က ကျွမ်းကျင်စွာ ကားမောင်း၍ပြပါ၏။

လမ်းတွင် နိုင်ငံခြားသားများကိုလည်း တွေ့ရပါ၏၊ ရေတံခွန်များကိုလည်း တွေ့ရ၏၊ နာရီလုပ်ငန်းများကို အသေးစိတ်လုပ်ကိုင်နေကြသော တောရွာနေသူ ဆွစ်လူမျိုးများကိုလည်း တွေ့ရ၏၊ တည်းခိုရိပ်သာ၊ ဟော်တယ်များ၊ စားသောက်ဆိုင်များတွင် နိုင်ငံခြားသားများသည် စားသောက်ပျော်ရွှင်နေကြ၏၊ ဘုန်းကြီးတို့သည် ညနေ ၆–နာရီအချိန်တွင် ဂျီနီဗာ ဗုဒ္ဓဘာသာကျောင်းကို ပြန်ရောက်ကြ၏။

## လိုဆန်း(Lausanne)ဆွမ်းဒါနပွဲနှင့် လေ့လာရေးခရီး

ဤနေ့ကား ၁၉၉၂–ခုနှစ်၊ ဇွန်လ၂၉ရက်နေ့ဖြစ်၏၊ ဘုန်းကြီးသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၊ ဗုဒ္ဓဘာသာကျောင်း၌ အရှင်ဓမ္မိကနှင့်အတူ အရုဏ်ဆွမ်းကို ဘုဉ်းပေးရ၏၊ နံနက်၇–နာရီအချိန်၌ ဘုန်းကြီးသည် အရှင် ဓမ္မိကနှင့်အတူ ဂျွန်မာ့ခ်(John Marc) မောင်းနှင်သောကားဖြင့် ဂျီနီဗာမှ (Geneva) လိုဆန်း(Lausanne)သို့ ခရီးထွက်ခဲ့၏၊ မိမိအောင်သွင်နှင့် သမီးလေးအိဖူးသစ်တို့မှာ မနေ့ညနေကပင် သူတို့နေရာ လိုဆန်းမြို့ကို ပြန်သွားနှင့်ကြ၏၊ ဘုန်းကြီးအား နေ့ဆွမ်းကပ်ရန် ဖြစ်၏။

ဘုန်းကြီးသည် ဆွစ်ဇာလန်နိုင်ငံကို ဆွစ်ဇာလန်လုပ် ကမ္ဘာကျော် နာရီကြီးငယ်များနှင့် ပတ်သက်၍ ငယ်စဉ်ကပင် ကြားသိခဲ့ဖူး၏၊ ရောက်လိမ့်မည်ဟု မမြော်မှန်းခဲ့ပါ၊ ယခုတော့ တပည့်ဖြစ်သူ မိမိအောင်သွင်က တာဝန်ယူပင့်ဖိတ်၍ ရောက်နေရပေပြီ။

ဆွစ်ဇာလန်နိုင်ငံသည် ဥရောပတိုက်အလယ်ဗဟိုတွင် တောင်များ ပတ်လည်ဝိုင်းလျက် တည်ရှိသောသမ္မတနိုင်ငံဖြစ်၏၊ ဂျာမနီ၊ ပြင်သစ်၊ ဩစတြီး

ယား၊ အီတလီ စသောနိုင်ငံကြီးများသည် ဆွစ်ဇာလန်နိုင်ငံကို လေးဖက်လေးတန်မှ ဝန်းရံလျက်ရှိကြ၏၊ ဆွစ်ဇာလန်နိုင်ငံသည် စက်ဝိုင်းခြမ်းပုံသဏ္ဍာန်ရှိ၏၊ တိုင်းပြည်၏ ၃–ပုံ ၂–ပုံမှ အဲလ်ပ်စ်(ALPS)တောင်ကုန်း ဒေသဖြစ်၏၊ ကျန်၃–ပုံ၁–ပုံမှာ မြေဩဇာကောင်းသော မြေနိမ့်လွင်ပြင်ဖြစ်သည်၊ ထိုလွင်ပြင်များသည် ကွန်စတန်(CONSTANCE)နှင့် ဂျီနီဗာရေကန်ကြီးနှစ်ခုတို့၏ အကြားဝွင် တည်ရှိ၏။

အဓိကရမြစ်ကြီးများမှာ ရန်းမြစ်(RHONE RIVER)၊ အားမြစ် (ARR RIVER)၊ ရိုင်းမြစ်(RHEIN RIVER)နှင့် တီချီးနိုးမြစ်(TICINO RIVER) တို့ဖြစ်ကုန်၏၊ ရာသီဥတုမှာ ရာသီလိုက်၍ ခြားနား၏၊ မြင့်သော နေရာတို့၌ နှစ်ပတ်လည်ဆီးနှင်းတို့ဖြင့် ဖုံးအုပ်လျက်ရှိ၍ နိမ့်ရှိုင်းရာ တောင်ကြားများ၌ ကား ပူနွေးသည်၊ ဆွစ်ဇာလန်နိုင်ငံသားများသည် ရေတံခွန်များ၊ တောင်ကျ ရေများကို ယူ၍ ရေအားလျှပ်စစ်ဖြင့် စက်မှုလုပ်ငန်းကို လုပ်နိုင်ကြ၏။

ဆွစ်ဇာလန်နိုင်ငံ၏ ထွက်ကုန်များမှာ ပိုးထည်၊ ချည်ထည်၊ ကျောက်မျက် ရတနာ၊ နာရီ၊ ချောကလက်နှင့် ဒိန်ခဲများ ဖြစ်ကုန်၏၊ စပျစ်သီးကို ချက်သော ဝိုင်အရက်များလည်း ရှိကုန်၏၊ အလယ်ပိုင်းတောင်တန်းကို မော်တော်ကားလမ်း၊ မီးရထားလမ်းများဖြင့် ဖြတ်ကျော်ရာ၌ စိန်ဂေါတတ်(St. Gothard)နှင့် ဆင်ပလွန်(SIMPLON) စသော ထင်ရှားသည့် ဥမင်လိုဏ်ခေါင်းမှာ ၁၂– မိုင်ရှည်၍ ကမ္ဘာပေါ်တွင် အရှည်လျားဆုံးသော ဥမင်လိုဏ်ခေါင်းကြီးဖြစ်၏၊ ထိုလိုဏ်ခေါင်းအတွင်းရှိ လမ်းများဖြင့် အီတလီမှ မီးရထားများသည် ဆွစ်ဇာ လန်သို့ ဖြတ်သန်းသွားကြရ၏။

ဆွစ်ဇာလန်နိုင်ငံ၌ ပြင်သစ်၊ အီတလီ၊ ဂျာမန်နှင့် အင်္ဂလိပ်စကားများကို ပြောဆိုကြ၏၊ ဆွစ်ဇာလန်နိုင်ငံအတွင်း၌ တက္ကသိုလ်ပေါင်း ၇–ခုရှိကုန်၏၊ ဆွစ်ဇာလန်နိုင်ငံ၏ မြို့တော်မှာ ဗန်း(BERN)မြို့ဖြစ်၏၊ အခြားမြို့ကြီးများ မှာ ဇူးရစ်(ZURICH)၊ဗားလ(BAL)၊ ဂျီနီဗာ(GENEVA)၊ လိုဆန်း(LAU-SANNE)၊ ဖရီဗူး(FRIBOURG)နှင့် နျူရှားတဲ(NEU CHATEL) မြို့များ ဖြစ်ကုန်၏၊ ဤ၌ဖော်ပြသော ဆွစ်ဇာလန်နိုင်ငံအကြောင်းမှာမြန်မာ စွယ်စုံကျမ်း၊ အတွဲ ၄၊ စာမျက်နှာ ၃၀၅၊၃၀၆၊၃၀၇တို့မှ ကောက်နုတ်ချက်များ ဖြစ်ကုန်၏။

ဘုန်းကြီးယခုသွားနေသော မြို့မှာ လိုဆန်းမြို့(LAUSANNE) ဖြစ်၏၊ လမ်းခရီးတွင် စိမ်းစိုပြာမှိုင်းသော တောတောင်များကို တွေ့ရ၏၊ ကတ္တရာလမ်း

များမှာ ချောညက်ပါသည်၊ နိုင်ငံခြားခရီးသည်အချို့ကိုလည်း တွေ့ရ၏၊ နံနက် ၉း၃၀ အချိန်၌ လိုဆန်းကို ရောက်ပါ၏၊ လိုဆန်းမြို့သည်လည်း တောင်ပတ်လည်ဝိုင်းနေသော ချိုင့်ဝှမ်းမြေလွင်ပြင်တွင် လှချင်တိုင်း လှပနေပါသည်။

မြင့်မားသောတိုက်တာကြီးများနှင့် စက်ရုံအလုပ်ရုံ၊ ကုန်တိုက်ကြီးများ၊ ဈေးများဖြင့် ပြည့်စုံသော မြို့တစ်မြို့ဖြစ်ပါသည်၊ နံနက်၁၀–နာရီအချိန်၌ ဘုန်းကြီးတို့သည် ဌါန်မော့ခ်နှင့် မိမိအောင်သွင်၊သမီးလေးအိဖူးသစ်တို့အိမ်ကို ရောက်ကြပါ၏၊ နံနက်၁၁–နာရီအချိန်တွင် ဌါန်မော့ခ်နှင့် မိမိအောင်သွင်၊ အိဖူးသစ်နှင့် အဘိုးအဘွားများဖြစ်ကြသောMr နှင့် Mrs Rastorferတို့က ဘုန်းကြီးနှင့် အရှင်ခမ္မိကတို့အား မြန်မာချက်၊ ဆွစ်ဇာလန်ချက် ဟင်းမျိုးစုံများဖြင့် မွန်မြတ်သော ဆွမ်းတို့ကို ဆက်ကပ်ကြပါ၏။

ဆွမ်းကိစ္စပြီးသော် ဘုန်းကြီးနှင့် အရှင်ခမ္မိကတို့က မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ဖတ်ဟောကြားကြပါ၏၊ ထို့နောက် ဘုန်းကြီးက ဆွမ်းအနုမောဒနာတရားကို ဟောကြား၏၊ မိမိအောင်သွင်က ဘာသာပြန်ပေးရ၏။

**ဆွမ်းကိုလှူလျှင်–**

၁။ အသက်ကိုလှူရာရောက်၍ အသက်ရှည်ခြင်းအကျိုးကို ရ၏။

၂။ အဆင်းကိုလှူရာရောက်၍ အဆင်းလှခြင်းအကျိုးကိုလည်း ရ၏။

၃။ ခွန်အားကို လှူရာရောက်၍ ခွန်အားကောင်းခြင်းအကျိုးကိုလည်း ရ၏။

၄။ အသိဉာဏ်ပညာကို လှူရာရောက်၍ အသိဉာဏ်ပညာကြီးခြင်း အကျိုးကိုလည်း ရ၏။

၅။ ကိုယ်စိတ်ချမ်းသာကို လှူရာရောက်၍ ကိုယ်စိတ်ချမ်းသာခြင်း အကျိုးကိုလည်းရ၏။

အခုပွဲယ်ကတော့ ဆွမ်းစားရမှသာ ဘုန်းကြီးတို့ဟာ အသက်ရှည်တယ်၊ ရုပ်အဆင်းကြည်လင်တယ်၊ အားရှိတယ်၊ အသိဉာဏ်ဖြစ်တယ်၊ ကိုယ်စိတ်ချမ်းသာတယ်၊ ဒါကြောင့် ဆွမ်းအလှူရှင်မှာလဲ အသက်ရှည်၊ အဆင်းလှ၊အားကောင်း၊ ဉာဏ်ကောင်း၊ ကိုယ် စိတ်ချမ်းသာခြင်း အကျိုးငါးမျိုးကို ရနိုင်ကြတာဖြစ်တယ်။

နောက်ပြီးတော့ အင်္ဂလန်နှင့် ဆွစ်ဇာလန်အသွားအပြန်ယာဉ်လှူဒါန်းခြင်း၊ လေ့လာရေးခရီးအတွက် မော်တော်ကားဖြင့် မောင်းပို့ခြင်း ဆိုတဲ့ ယာဉ်အလှူကို ဌါန်မော့ခ်နှင့် မိမိအောင်သွင်တို့က လှူကြတယ်၊ 'ယာနဒေါ သုခဒေါ ဟောတိ'တဲ့၊ ယာဉ်ကိုလှူလျှင် ချမ်းသာကို လှူတာပဲ၊ ဒါကြောင့် အလှူရှင်များမှာ ချမ်းသာ

အမျိုးမျိုးကို ရကြမယ်လို့ ဝမ်းသာကြပါ၊ ဤသို့လျှင် ဘုန်းကြီးက ဆွမ်းအနုမောဒနာတရားတို့ကို ဟောပေးရ၏၊ အမျှဝေပေးရ၏၊ နေ့ဆွမ်းကိစ္စပြီးသောအခါ ဝူန်မာ့ခ်နှင့် မိမိအောင်သွင်တို့က ဘုန်းကြီးနှင့် အရှင်ဓမ္မိကတို့အား လိုဆန်းမြို့ကိုလည်း ကားဖြင့် မောင်း၍ပြသ၏၊ ကုန်တိုက်များနှင့် ဈေးများကိုလည်း ပြသကြ၏။

ထို့နောက်မိုင်ပေါင်း ၅၀ခန့်ဝေးသော ကြည့်ရှုဖွယ်ရာ မြို့ရွာတောတောင် စက်ရုံများကိုလည်း လိုက်လံပြသပါ၏၊ နွား မွေးမြူရေးဌာနများနှင့် ဒိန်ခဲ၊ ချိစ် ထုတ်လုပ်သော စက်ရုံများကိုလည်း ကြည့်ရှုကြရ၏၊ တောင်ကုန်းလေးပေါ်တွင် တည်ဆောက်ထားသော (Gruy`eres)ဂွိယဲ ခေါ်သော ရဲတိုက်ကြီးကိုလည်း ကြည့်ရှုရ၏၊ သူတို့၏အသံထွက်ပုံမှာ အင်္ဂလိပ်အသံထွက်ပုံနှင့် မတူပါ၊ ထိုရဲတိုက်တောင်ကုန်းပေါ်မှ ပတ်ဝန်းကျင်ကိုကြည့်သော် တောတောင်လမ်းပန်းအလှများကို တွေ့ရ၏၊ ရဲတိုက်တောင်ကုန်းပေါ်သို့ တက်ရာ လမ်းတစ်ဖက်တစ်ချက်တွင် ဆွစ်ဇာလန်အလှကုန်မျိုးစုံ ရောင်းသော ဈေးတန်းများ ရှိကုန်၏၊ စားသောက်ဆိုင်များကိုလည်း တွေ့ရ၏၊ ဈေးတန်းနှင့် တောင်တက်လမ်းမှာ အလွန်လှ၏။

ဈေးဆိုင်များတွင် နာရီများ၊ ခေါင်းလောင်းငယ်ဆည်းလည်းများ၊ အဝတ်အထည်များကို တွေ့ရ၏၊ ပို့စ်ကတ်ဓာတ်ပုံများကိုလည်း တွေ့ရ၏၊ လေ့လာကြည့်ရှုသူများ၊ နိုင်ငံခြားသားများကိုလည်း တွေ့ရ၏။

ဗီရာဒုစ် ဒိရှီလွန်(Viadue-de-chilon)အမည်ရှိသော ၁-မိုင်ခန့် ရှည်လျားသည့် တောင်ပေါ်တောင်ထိပ်တံတားကြီးကိုလည်း တွေ့မြင်ရ၏၊ ရှိယောင်(Chillon) မြို့နယ် မွန်ထရို(Montreux) ရဲတိုက်ကိုလည်း တွေ့မြင်ရ၏၊ ဗဲဗေ့(Vevex)မြို့ရှိ ချောကလက်စက်ရုံနှင့် ရှက်ဘရီ(Chablais)မြို့ စပျစ်ဝိုင်စက်ရုံကိုလည်း တွေ့ရ၏

အထူးအားဖြင့် အလွန်ရှည်လျားသော ရေကန်ကြီးနှင့် မျဉ်းပြိုင် တောင်တန်းများ၏ တောင်ခါးပန်းများတွင် လေ့ကားထစ်စိုက်ခင်းများနှင့် မြို့ရွာတိုက်အိမ်များမှာ အလွန်လှပကုန်၏၊ ည၇-နာရီအချိန်တွင် ဂျီနီဗာမြို့ကို ပြန်ရောက်ကြ၏၊ အရှင်ဓမ္မိက ကသ်ုူ၏ကျောင်း၌နှုတ်ဆက်၍ နေရစ်၏၊ ဘုန်းကြီးက ဦးစိုးထွန်းအောင်+ဒေါ်ယဉ်ယဉ်အောင်တို့နေအိမ်တွင် သူတို့မိသားစုအား ည၌


နက်သည်အထိ ဗုဒ္ဓဘာသာရေးနှင့်သာသနာရေးဆွေးနွေး တရားတို့ကို ဟော ကြားပြီးနောက် ထိုအိမ်မှာပင် ကျိန်းစက်ရပါ၏။

## ဆုတောင်းမေတ္တာ

ဘုန်းကြီးသည် နက်ဖြန်ခါတွင် ဆွစ်ဇာလန်မှပြင်သစ်သို့ ဓမ္မဒူတခရီးဆက် ရမည်ဖြစ်၏၊ ဆွစ်ဇာလန်နိုင်ငံဓမ္မဒူတခရီး ကြွနိုင်ရေးအတွက် တာဝန်ယူလှူဒါန်း ကြသူ ဦးစိုးထွန်းအောင်+ဒေါ်ယဉ်ယဉ်အောင်မိသားစု၊ ဂျွန်မာခ်နှင့် မိမိအောင်သွင် မိသားစုတို့အားလည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံတွင်ရောက်ရှိ တည်းခိုခွင့်ပြု သော ဗုဒ္ဓဘာသာအခြေခံကျောင်း အရှင်ဓမ္မိကနှင့် ဆွမ်းဆက်ကပ် လှူဒါန်းကြသူ မစ္စတာဖေ မိသားစုနှင့် ဦးကျော်စံလှ+ဒေါ်သဇင်ခင်မိသားစုနှင့် သီရိလင်္ကာဗုဒ္ဓ ဘာသာ မိသားစုများအားလည်းကောင်း ကျန်းမာချမ်းသာစွာ သာသနာပြုနိုင်ကြ ပါစေ-ဟု ဆုတောင်းမေတ္တာပို့ရပါသည်။



ပြစ်သစ်နိုင်ငံ ပါရီမြို့ ဘူတာကြီး




# ပြင်သစ်နိုင်ငံ
ဓမ္မဒူတခရီး
မှတ်တမ်းများ

ပြင်သစ်နိုင်ငံ သကျမုနိကမ္မဋ္ဌာန်းဌာန၌
မဟာစည်ဓမ္မဒူတအဖွဲ့ ဆရာတော်များက
နှုတ်ဆက်တရား ဟောကြားကြပုံ

ပြင်သစ်နိုင်ငံ သကျမုနိ ကမ္မဋ္ဌာန်းဌာနဝယ်
ညောင်ကန်အေးဆရာတော်






ပြင်သစ်နိုင်ငံ သက္ကျမုနိကမ္မဋ္ဌာန်းဌာန စခန်းသိမ်းပွဲ၌
မဟာစည်ဓမ္မဒူတ ဆရာတော်များ နှုတ်ဆက် ဩဝါဒ ဟောကြားပုံ



ပြင်သစ်နိုင်ငံ သက္ကျမုနိကမ္မဋ္ဌာန်းဌာန၌ မစ္စတာလီ ရဟန်းခံပွဲ



ပြင်သစ်နိုင်ငံ
သက္ကျမုနိကမ္မဋ္ဌာန်းဌာန၌ (ဝဲမှယာ)
ဦးမာတင်၊
ညောင်ကန်အေးဆရာတော်နှင့်
ဆရာတော်ဦးဇဋိလ

ပြင်သစ်နိုင်ငံ
သက္ကျမုနိကမ္မဋ္ဌာန်းဌာန
ယောဂီများ
ညောင်ကန်အေး ဆရာတော်၏
တရား နာကြားနေကြပုံ ▶







ပန်းချီ တင်ထွန်းထွန်း


▲ ပြင်သစ်နိုင်ငံ ပါရီမြို့လယ် တရုတ်စားသောက်ဆိုင်
ဟိုတယ်ပိုင်ရှင် ဗီယက်နမ်မိသားစုတို့၏ ဆွမ်းဒါနပွဲ

ပြင်သစ်နိုင်ငံ သက္ကျမုနိကမ္မဋ္ဌာန်းဌာန အနီး
တောသစ်ပင်များနှင့် ညောင်ကန်အေးဆရာတော် ▶






ပြင်သစ်နိုင်ငံ မောင်းတိန်းဘလူးမြို့ နပိုလီယံ နန်းစံခဲ့သော နန်းတော်ဟောင်းပြတိုက်
(ဝဲမှယာ) Dr.ကျော်မြင့်၊ ဦးမာတင်၊ ဆရာတော် ဦးဇဋိလ၊ ဦးပညာသီဟ၊ မစ္စတာလီ၊
ညောင်ကန်အေး ဆရာတော်▲ ▼သကျမုနိကမ္မဋ္ဌာန်းဌာနၥ္ဌ မစ္စတာလီအား ရှင်ပြုပေးပုံ



▼ ပြင်သစ်နိုင်ငံ သကျမုနိကမ္မဋ္ဌာန်းဌာန သီလရှင်ဝတ်ပွဲ



## ပြင်သစ်နိုင်ငံ ဓမ္မဒူတခရီး

### ဆွစ်ဇာလန်မှ ပြင်သစ်သို့

ဇွန်သုံးဆယ်ရက်–မြန်းထွက်ခဲ့တယ်၊
ဆွစ်ဇာလန်ပြီး–ခရီးရှေ့ဝယ်၊
ပြင်သစ်ပြည်ရောက်–ဝမ်းမြောက်သွယ်သွယ်၊
ယောဂီများ–တရားကျင့်ကြတယ်။

နေ့ကား ၁၉၉၂–ခုနှစ်၊ ဇွန်လ၃၀–ရက်နေ့ဖြစ်၏၊ နံနက်၅–နာရီ အချိန်၌ ဦးစိုးထွန်းအောင်+ဒေါ်ယဉ်ယဉ်အောင်မိသားစုတို့က ဘုန်းကြီးအား မုန့်ဟင်းခါးဆွမ်းကို ဆက်ကပ်ကြပါ၏၊ အသုံးပြုရန် ၁၂–မျိုးရှိသော မောင်းချဓားကိုလည်း လှူဒါန်းကြ၏၊နံနက်၆–နာရီအချိန်၌ ဒကာကြီးဦးစိုးထွန်းအောင်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာဘူတာကြီးကို ကားဖြင့်လိုက်ပို့ပါ၏၊ ရထားလက်မှတ်ဝယ်လှူပြီးသော ဘုန်းကြီးအား ရထားပေါ်သို့ တင်ပေးပါ၏၊ နံနက်၆း၂၅နာရီအချိန်၌ ရထားထွက်ပါ၏၊ရထားထွက်မှပင် ဦးစိုးထွန်းအောင်က ပြန်သွားပါသည်၊နေရောင်လင်းဖြာ၍ ရာသီဥတုသာယာနေပါ၏၊ မကြာမီပင် လက်ယာဘက်ဘေး၌ မြန်မာနိုင်ငံ ရှမ်းပြည်တောင်ပိုင်းမှ အင်းလေးကန်တမျှ ကြီးမားကျယ်ပြန့်သော ရေကန်ကြီးကို တွေ့မြင်ရပါသည်။

### "မဲဆီး" တဲ့

နီယွန်ဘူတာရောက်ခါနီးတွင် ရထားလက်မှတ်စစ်က လက်မှတ်များကို စစ်ဆေး၏၊ ဘုန်းကြီး၏လက်မှတ်ကို ယူစစ်ဆေးပြီးနောက်"မဲဆီး" ကျေးဇူးတင်ပါတယ် ပြင်သစ်ဘာသာဖြင့် ပြောဆိုသွား၏၊ လမ်းဘေးဝဲယာတွင် စိမ်းမြသော ဂျုံခင်း၊ စပျစ်ခင်းများကိုလည်း တွေ့မြင်ရ၏၊ ရန်ကုန်မြို့ဦးဝိစာရတိုက်တန်းများနှင့် တူသော အိမ်ခြေတိုက်တန်းများကိုလည်း တွေ့မြင်ရ၏၊ ၆း၁၅ နာရီ

အချိန်၌ မီးရထားသည် နိယွန်ဘူတာတွင် ခေတ္တရပ်၍ ဆက်လက်သွား၏၊ လမ်း၏လက်ဝဲဘက်တွင် စိမ်းလန်းကြည်လင် မြက်ခင်းပြင်နှင့် မြင့်မြင့်မားမား ကောင်ပြာတန်းများကိုလည်း တွေ့မြင်ရ၏၊ စိမ်းပြာပြာဂျုံခင်းများ၏အလယ် တွင် ခပ်ကျဲကျဲဆောက်လုပ်ထားသော လယ်လုပ်သား တိုက်အိမ်များကိုလည်း တွေ့မြင်ရပါ၏။

## တစ်နာရီလျှင် ၁၀၀နှုန်းတဲ့

ဤဆွစ်ဇာလန်မှ ပြင်သစ်သို့ ခုတ်မောင်းနေသော မီးရထား၏အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ၁၀၀နှုန်းမြန်သည်တဲ့၊ သို့သော် ရထားလမ်း တည် ဆောက်ပုံကလည်း ကောင်း၊ ရထားကလည်း ကောင်းသဖြင့် ရထားသွားပုံက ညက်ညောပါ၏၊ ဤရထားသည် ကြားဘူတာကလေးများ၌ မရပ်ပါ၊ ဘူတာ ငယ်များ၏ဧရိယာတွင် ဖြည်းဖြည်းသာ မောင်း၍ ထိုဧရိယာမှ ကျော်လျှင် ပုံမှန်အတိုင်း အမြန်မောင်းပါ၏၊ နံနက်၆း၅၅နာရီအချိန်တွင် မိုရ်ဂဲစ်ဘူတာ တွင် ရထားခေတ္တရပ်၍ ဆက်လက်သွားပါ၏။

## လိုဆန်းတွင် ရထားပြောင်းစီး

နံနက်၇–နာရီအချိန်၌ လိုဆန်းဘူတာကို ရောက်ပါ၏၊ ထိုဘူတာတွင် မိမိအောင်သွင်က ဘုန်းကြီးအား ကြိုဆိုနေပါ၏၊ ထိုဘူတာတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့ကိုထွက်မည့် ရထားပေါ်သို့ ပြောင်းစီးရန် မိမိအောင်သွင်က စီစဉ်ပေး ပါ၏၊ သူက နေ့ဆွမ်းအဖြစ် လမ်းတွင်စားရန် ယိုသုပ်ပေါင်မုန့်နှင့် ပန်းသီး ဖျော်ရည်ဘူးများကိုလည်း လှူလိုက်ပါသေး၏၊ ဤရထားကမှ တကယ့်ကို ပြင်သစ်သွားမည့် ရထားဖြစ်၏၊ ရထားတစ်စီးလုံး အစစအရာရာ ကောင်းမွန်ပါ ၏၊ အဆင်းအတက် တွဲကူးတံခါးအားလုံးကို လူက ဆွဲဖွင့် ပြန်ပိတ်ရန် မလို ပါ၊ လူက တံခါးနားရောက်လျှင် တံခါးက အလိုလို ပွင့်သွား၏၊ လူနှင့်တံခါး တို့ ဝေးကွာသွားချိန်တွင် တံခါးများ အလိုလို ပိတ်သွား၏၊ ရထားကြီးမှာ အပြာရောင်ကြီး ဖြစ်၏၊ ဆိုဖာထိုင်ခုံများသည် အိစက်ညက်ညော၍ စိမ်းပြာ ရောင်များ တောက်ပနေ၏၊ ရထား၏မှန်ပြတင်းအားလုံးကို မှန်အသေတပ်ဆင် ထား၏၊ ရထားတွင်း၌ ပန်ကာမလိုပါ၊ လေအေးစက်များ တပ်ဆင်ထားကုန်၏။

ဘုန်းကြီးစီးသော တွဲနံပါတ်မှာ ၁၈–ဖြစ်၍ ခုံနံပါတ်မှာ ၂၂ ဖြစ်ပါသည်၊ ဘုန်းကြီးသည် ရထားခေါင်မိုး မျက်နှာကျက်ကို မော့ကြည့်၏၊ မျက်နှာကျက် အလယ်တည့်တည့်နှင့် ဘေးတစ်ဖက်တစ်ချက်တို့တွင် လှပသော မီးသီးများကို တပ်ဆင်ထားကုန်၏၊ မှန်လုံရထားကြီးဖြစ်၍ လေယာဉ်ပျံကဲ့သို့ ခရီးသည် များအတွက် လေဝင်လေထွက်ကိရိယာများကိုလည်း တပ်ဆင်ထားကုန်၏၊ ဘုန်းကြီးတို့ ရထားထွက်ခါနီးပါပြီ၊ ဘုန်းကြီးတပည့်မိမိအောင်သွင်က ဘုန်းကြီး အား ဝမ်းသာဝမ်းနည်း မျက်ရည်ဝဲ၍ နှုတ်ဆက်နေ၏၊ ဆရာဘုန်းကြီးနှင့် တွေ့ရသဖြင့် ဝမ်းသာ၍ ခွဲခွာနေရစ်ခဲ့ရ၍ ဝမ်းနည်းနေပုံရ၏၊ ပုဗ္ဗေစ ကတ ပုညတာစက်က ဤဆွစ်ဇာလန်တွင် ရှိနေခဲ့ပြီပဲ။

"အေး–အေး– ငါ့တပည့်နှင့်တကွ မိသားစုအားလုံး သက်ရှည်ကျန်းမာ၊ ဘေးကင်းကွာ၊ သာသနာပြုနိုင်ကြပါစေ၊ ဘုရားဖက်၍ ကျန်းမာ အသက်ရှည် ကြပါစေ၊ တရားဖက်၍ စိတ်ချမ်းသာ အမျက်ပြေကြပါစေ၊ သံဃာဖက်၍ အခက်ဝေကြီးပွား တိုးတက်ကြပါစေ၊ "ဤသို့လျှင် ဘုန်းကြီးက မေတ္တာရှေ့ရှု ဆုပေးခြင်းကို ပြုပါ၏၊ "ပေးတဲ့ဆုနှင့် ပြည့်စုံရပါလို၏ဘုရား"ဟု မိမိအောင် သွင်က ပြုံးရွှင်ကြည်လင်သော မျက်နှာဖြင့် ချိုသာစွာ ဆုတောင်းလိုက်ပါ၏၊ နံနက်၇း၃၀နာရီအချိန်၌ ရထားသည် ဆွစ်ဇာလန်နိုင်ငံ လိုဆန်းမြို့မှ ထွက်ခဲ့ပါ ၏၊ တပည့် မိမိအောင်သွင်သည် လက်အုပ်ချီလျက် ကျန်ခဲ့လေသည်၊ ရထား လမ်း ဝဲ–ယာတွင် စိမ်းစိုကြည်လင်မြက်ခင်းပြင်နှင့် စိမ်းစိုလန်းဆန်း သစ်ပင် တန်းတို့ကိုလည်း တွေ့မြင်ရ၏၊ တောင်ပြာနိမ့်မြင့်အဆင့်ဆင့်တို့ကိုလည်း တွေ့မြင်ရပါ၏၊ မြို့ရွာတိုက်တာအဖြာဖြာနှင့် စက်ရုံအလုပ်ရုံ အဖုံဖုံတို့ကိုလည်း တွေ့ရ၏၊ အိမ်ပုံစံမှာကတော့ အင်္ဂလန်က အိမ်ပုံစံများနှင့် တူပါကုန်၏၊ အုတ်ကျွတ်မိုး တိုက်အိမ်ခေါင်ထိပ်ဖျားတွင် ခေါင်းတိုင်ချွန်ချွန်လှလှများကို တွေ့မြင်ရပါသည်။

## တရုတ်နှင့် မြန်မာ ဗုဒ္ဓဘာသာချင်းတွေ့သည်

ဘုန်းကြီးထိုင်သော ရထားထိုင်ခုံအနီးတွင် တရုတ်အမျိုးသမီးတစ်ယောက်ကို တွေ့ရ၏၊ "သင် ဗုဒ္ဓဘာသာလား"ဟု ဘုန်းကြီးက အင်္ဂလိပ်ဘာသာဖြင့် မေး၏၊"မှန်ပါတယ်–ကျွန်ုပ် ဗုဒ္ဓဘာသာဖြစ်ပါတယ်"ဟု တရုတ်အမျိုးသမီးက ဆိုပါ၏ ။

ထိုတရုတ်အမျိုးသမီးက သူ၏လက်ဆွဲအိတ်အတွင်းမှ စာတစ်အုပ်ကိုထုတ်ယူ၍ ဗီယက်နမ်ရဟန်းဓာတ်ပုံကို ပြ၏၊ "ဒီရဟန်းကို သင်သိသလား" ဟု သူကမေး၏၊ "ဒါဟာ ဗီယက်နမ်လူမျိုး ရဟန်းတော်ရဲ့ ဓာတ်ပုံပဲ၊ ငါက ဗုဒ္ဓဘာသာ မြန်မာရဟန်းဖြစ်တယ်၊ သူ့ကို ငါမသိဘူး၊ကျေးဇူးတင်ပါတယ်"ဟု ဘုန်းကြီးက ပြန်ပြောပါ၏။

ထို့နောက် ဘုန်းကြီးက သူ့အား ဘုန်းကြီး၏ သတိပဋ္ဌာန် ကြွေးကြော်သံ တရားစာအုပ်ကို အင်္ဂလိပ်ဘာသာပြန်ဆိုထားသော The Message of **Satipatthana** သာယ် မက်ဆိတ်ချ်အော့ဖ်စတိပဋ္ဌာနစာအုပ်ကို လက်ဆောင်ပေးပါ၏၊ ဓမ္မဒါန ပြုပါ၏၊ ထိုအခါ သူမက ဝမ်းမြောက်ဝမ်းသာလက်ခံ၍ ကျေးဇူးတင်ပါတယ် ဟုပြောပါသည်၊ ဘုန်းကြီးတို့ စီးသော ရထားကြီးသည် တောင်များကိုလည်း ကျော်ဖြတ်၏၊ တောင်ခေါင်းတွင်းကိုလည်း ဝင်လျက် ဖောက်ထွက်ခဲ့၏။

## ပြင်သစ်ပြည်တွင်း ဝင်ခဲ့ပြီ

ရထားလက်မှတ်စစ်က ရထားလက်မှတ်ကိုလည်း စစ်ဆေး၏၊ နိုင်ငံကူးလက်မှတ်ကို ယူကြည့်ပြီး ဆွစ်ဇာလန်နိုင်ငံမှအထွက် တံဆိပ်တုံးနှင့် ပြင်သစ်နိုင်ငံဝင်တံဆိပ်တုံးကိုလည်း ရိုက်နှိပ်ပေးပါသည်၊ အချိန်မှာ နံနက် ၈း၂၀ နာရီအချိန်၌ ဖြစ်၏၊ ရထားသည် ဆွစ်ဇာလန်နိုင်ငံမှ ထွက်ခဲ့၍ ပြင်သစ်နိုင်ငံတွင်း ဝင်ခဲ့ပါသည်၊ ပြင်သစ်ပြည်တွင်းသို့ ဝင်လျှင်ဝင်ချင်းပင် ဝါဝါဝင်းဝင်း နေကြာခင်းများကို မြင်ရ၏၊ နေကြာပန်းသည် ဆီထွက်သီးနှံပင်များ ဖြစ်၏၊ပြင်သစ်ပြည်တွင် နေကြာဆီပါသော ဆွမ်းဟင်းများကို စားရပေတော့မည်။

နံနက်၉း၄၀နာရီအချိန်၌ ပြင်သစ်နိုင်ငံ၏ မြို့ကြီး တစ်မြို့ကို တွေ့ရပါပြီ၊ တိုက်တာ၊ အလုပ်ရုံ၊ ကုမ္ပဏီ၊ ဟော်တယ်စသော မြို့အင်္ဂါရပ်များနှင့် ပြည့်စုံလှပသော မြို့ကြီးပင် ဖြစ်၏၊ Dejon ဒီဂျွန်မြို့တဲ့။ နံနက် ၁၀း၄၅နာရီအချိန်တွင် ဘုန်းကြီးသည် မီမီအောင်သွင် လှူဒါန်းလိုက်သော ပန်းသီးဖျော်ရည်နှင့် စထရော်ဗဲရီယို သွပ်ထားသော ပေါင်မုန့်ကို နေ့ဆွမ်းအဖြစ် ဘုဉ်းပေးပါသည်၊ ပြင်သစ်တွင် နေ့ဆွမ်းမမီပါက ဤဆွမ်းသည် နေ့ဆွမ်းအပြီးဖြစ်၏၊ ကောင်းကင်တွင် နေရောင်ကို မမြင်ရပါ။

နံနက် ၁၁း၂၅နာရီအချိန်၌ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ ဂါးဒိုလီယွန်ဘူတာကြီးကို ဆိုက်ရောက်ပါ၏၊ ပြင်သစ်တွင် ကြိုတင်ရောက်နှင့်နေသော လန်ဒန်မြန်မာ ကျောင်း ဦးပညာသီဟနှင့် သကျမုနိကမ္မဋ္ဌာန်းဌာနဆရာ မစ္စတာလီထရွန် တို့ကလည်း ကြိုဆိုနေကြ၏၊ အင်္ဂလန်နိုင်ငံ လီဘာပူးလ် မဟာစည်မွေ့ဖဲလိုးရှစ်ပ် ကမ္မဋ္ဌာန်းဌာနတွင် ဒုလ္လဘရဟန်းပြုခဲ့စဉ်က သိက္ခမ်းခဲ့သော ဒုလ္လဘ ရဟန်း ငှူထွက်ဦးအောင်ကလည်း ကြိုဆိုနေပါ၏၊ ကြိုဆိုသူများနှင့်သာ မတွေ့ပါက ဘုန်းကြီးသည် ဘယ်အရပ်ကိုမျှ သွားတတ်မည်မဟုတ်ပါ။

သူတို့က ဘုန်းကြီးအား ကြိုဆို၍ ဘူတာကြီးအနီးက တရုတ်စားသောက် ဆိုင်သို့ ပင့်သွားကြ၏၊ ဆိုင်၏ဆိုင်းဘုတ်မှာ ဆားဖွိုင်းဟိုတယ်ဟု စာရေးထား ၏၊ ထိုတရုတ်စားသောက်ဆိုင်တွင် ဒကာကြီးဦးအောင်က စားသောက်ဖွယ်များ ကို မှာယူ၍ ဘုန်းကြီးနှင့် ဦးပညာသီဟတို့အား ဆွမ်းဆက်ကပ်ပါ၏၊ အစိမ်း ကြော်၊ တောက်တောက်ကြော်၊ ၁၂–မျိုးဟင်းချိုစသော တရုတ်အစားအစာများနှင့် ဘုန်းကြီးတို့မှာ ရင်းနှီးပြီးဖြစ်၍ ဆွမ်းဘုဉ်းပေးကောင်းပါ၏၊ ဆိုင်ရှင်တရုတ် များသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်နေကြသောကြောင့် သူတို့က ဘုန်းကြီးတို့အား ပရိတ်တရား ချီးမြှင့်ပေးပါဟု အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားကြ၏၊ ဘုန်းကြီးနှင့် ဦးပညာသာမိတို့က ဆိုင်အတွင်းခန်းကြွ၍ မေတ္တသုတ် ပရိတ် တရားကို ရွတ်ဖတ်ချီးမြှင့်ကြရသေး၏။

ဆိုင်ရှင်များက ဘုန်းကြီးတို့အား ကော်ပြန့်ကြော်နှင့် ဗီယက်နမ်ထိုးမုန့် များကို ဆက်ကပ်ကြသေး၏။

## သကျမုနိတောရ ကမ္ဘဋ္ဌာန်းဌာနသို့

ဆွမ်းကိစ္စပြီးသော် ဘုန်းကြီးတို့သည် မစ္စတာလီထရွန်ကားဖြင့် ပြင်သစ်နိုင်ငံ ပါရီမှ ကီလိုမီတာ ၁၀၀ကျော် ဝေးသော သကျမုနိကမ္ဘဋ္ဌာန်းဌာန တောရကျောင်းကို ထွက်ခဲ့ကြပါ၏၊ မွန်းလွဲ ၁၂း၃၀နာရီအချိန်တွင် ကားထွက်ခဲ့၍ မွန်းလွဲ ၁း၃၀နာရီအချိန်တွင် မြို့ပြင်လမ်းကျယ်ကြီးများတွင် ကားများစွာတို့က ရှေ့မသွားနိုင်ဘဲ တန်းစီလျက် ရပ်တန့်ပိတ်ဆို့နေကြ၏၊ မိနစ်၄၀ကြာမျှ ရပ်တန့်စောင့်ဆိုင်းကြသော်လည်း ဘယ်ကားတစ်စီးတစ်လေမျှ ရှေ့ကို မရွေ့ရှားနိုင်ပါ၊ ရနိုး–ရနိုးဖြင့် ရှေ့ကျော်တက်သော ကားများပင် စိတ်ဓာတ်ကျပြီး နောက်ပြန်လှည့်လာသော ကားများ ရင်ဆိုင်ထပ်ဆင့် ပိတ်ဆို့ကြသောကြောင့် ပို၍ပင် ပိတ်ဆို့ကုန်ပါ၏၊ ခက်ပြီ–ဤအတိုင်းနေ၍လည်း ကျောင်းကို ရောက်မည် မဟုတ်ပါ၊ ထို့ကြောင့် ဘုန်းကြီးတို့ကားသည် နောက်ပြန်ဆုတ်၍ ဘေးလမ်းချိုးကို ကွေ့မောင်းခဲ့ရ၏။

## စားသောက်ကုန် ပိုလျှံ၍ ဆန္ဒပြခြင်း

ဘုန်းကြီးတို့သည် မျှော်လင့်မထားသော နပိုလီယန်နေထိုင်ခဲ့ရာ ဖောင်တင်ဘိ FONTAINBLEမြို့ကိုပင် ရောက်သွားကြသေး၏၊ ထိုမြို့တွင်လည်း လမ်းမကြီးပေါ်၌ ကားများ ပိတ်ဆို့နေပြန်ပါသေး၏၊ ထို့ကြောင့် လမ်းလွှဲ၍ မောင်းခဲ့ရပြန်ပါသည်၊ အဘယ်ကြောင့် တစ်နိုင်ငံလုံးတွင် လမ်းများပေါ်၌ ကားများ ပိတ်ဆို့နေရသနည်း စုံစမ်းကြည့်ကြ၏၊ အကြောင်းကား ပြင်သစ်နိုင်ငံလယ်သမားတို့က အစိုးရကို မကျေနပ်၍ ဆန္ဒပြကြသည် ဟူ၏၊ မကျေနပ်ချက်ကား အဘယ်နည်း၊ ပြင်သစ်နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူတို့က နစ်စဉ်နွားနို့နှင့် ဂျုံများကို ထုတ်လုပ်ပေးနိုင်၏၊ နွားနို့နှင့် ဂျုံများသည် လိုအပ်သည်ထက်ပို၍ထွက်နေရာ ထွက်သမျှကုန်များကို အစိုးရက ဝယ်မယူနိုင်ဖြစ်ရ၏၊ ကမ္ဘာ့ဈေးကွက်တွင်လည်း၊ ရောင်းချင်တိုင်း ရောင်း၍ မရ၊ ကန့်သတ်ချက်ဖြင့်သာ ရောင်းချရ၏၊ ထို့ကြောင့် ဂျုံနှင့်နွားနို့များပိုလျှံနေပါသတဲ့၊ ထိုအခါ ပြင်သစ်နိုင်ငံအစိုးရက စိုက်ပျိုးရေးသမားများအား ထွက်ကုန်ကို လျှော့၍ထုတ်ရန်နှင့် လျှော့၍ ထုတ်ရသောကြောင့် နစ်နာသော ငွေကြေးကို အစိုးရကပေးသည်တဲ့၊ ထိုပေးငွေနည်း၍ မကျေနပ်သောကြောင့် ယခုလို စိုက်ပျိုးမွေးမြူရေးသမားတို့က လမ်းမကြီးတိုင်းကို ပိတ်ဆို့ဆန္ဒပြကြပါသတဲ့။

ထူးထူးခြားခြား ဆန္ဒပြပွဲဖြစ်၏၊ ကုန်ပစ္စည်းမလောက်၍ ဆန္ဒပြခြင်းမျိုး မဟုတ်ဘဲ ပိုလျှံနေ၍ ထွက်ကုန် လျှော့ပေါ်ထုတ်ရသောကြောင့် ရရှိသော နစ်နာကြေးငွေ နဲသဖြင့် ပြသောဆန္ဒပြပွဲတဲ့။ ထူးလဲထူးသော ဆန္ဒပြပွဲပေတကား၊ ဘုန်းကြီးတို့သည် တောကျကျ လမ်းသွယ်ကလေးများကို ရွေးချယ်မောင်းခဲ့ရာ ညနေ ၄–နာရီအချိန်၌ သကျမုနိကမ္မဋ္ဌာန်းဌာန တောရကျောင်းကို ရောက်ကြပါ၏၊ ထိုဌာနတွင် ရောက်နှင့်နေကြသော မဟာစည်သြဝါဒါစရိယ ပုသိမ်သဒ္ဓမ္မသီတဂူ ဆရာတော်ကြီး၊ မဟာစည်နာယက ဦးဇင်ိလ၊ ဒေါက်တာကျော်မြင့်၊ ဦးမာတင်တို့နှင့်လည်း တွေ့ရ၏။

## ဆိတ်ငြိမ်အေးမြ သကျမုနိကမ္မဋ္ဌာန်းဌာန

ဤသကျမုနိကမ္မဋ္ဌာန်းဌာနသည် ပြင်သစ်နိုင်ငံပါရီမြို့နှင့် ကီလိုမီတာ–၁၀၀ခန့် ဝေးကွာသော စိုက်ပျိုးခင်းကွင်းပြင်ကြီး၏အလယ်၊ တောင်ခြေတောစပ်ကလေး၌ တည်ရှိပါသည်၊ မြို့နှင့်မနီး ရွာနှင့်ဝေးကွာသော တောရ

ရိပ်သာကလေးဖြစ်ပါသည်၊ ဤရိပ်သာသည် တောင်ခြေ တောစပ်၌ တည်ရှိသောကြောင့် ဆိတ်ငြိမ်အေးမြ၏၊ စိုက်ပျိုးခင်းကွင်းပြင်ကြီး၏ အလယ်၌ ဖြစ်သောကြောင့် လေကောင်းလေသန့်ကို ရနေပါ၏၊ တောရရိပ်သာကျောင်းဖြစ်သော်လည်း ရေမီးနှင့် လမ်းပန်းကတော့ မညံ့ပါ၊ ကောင်းမွန်ပြည့်စုံပါ၏၊ မြို့နှင့်ရွာနှင့် ဝေးကွာသည်ဆိုသော်လည်း လိုအပ်သော စားသောက်ပစ္စည်းစသည်တို့ကို ကားဖြင့်သွား၍ ဝယ်ယူသော် လွယ်ကူချမ်းသာစွာ ရနိုင်ပါသည်။

ဤသကျမုနိကမ္မဋ္ဌာန်းဌာနသည် ဓမ္မာရုံ၊ ဆွမ်းချက်ကျောင်း၊ ဆွမ်းစားဆောင်၊ အမျိုးသားကမ္မဋ္ဌာန်းကျောင်းများနှင့် သံဃာဆောင်၊ ကမ္မဋ္ဌာနာစရိယ၊ နာယကကျောင်းဆောင်တို့ဖြင့် ပြည့်စုံသော ကမ္မဋ္ဌာန်းဌာန ဖြစ်၏၊ ဘုန်းကြီးတို့သည် ယောဂီအမျိုးသား၊ အမျိုးသမီးများ နေထိုင်ကြသော ရိပ်သာဌာနနှင့် မနီးမဝေး၌ ရှိသော ကမ္မဋ္ဌာနာစရိယ၊ နာယကဆရာတော် ကျောင်းဆောင်၌ နေကြ၏၊ ဘုန်းကြီးတို့ နေထိုင်ကြပုံမှာ–

၁။ မဟာစည်သြဝါဒါစရိယ ပုသိမ်သဒ္ဓမ္မ သီတဂူဆရာတော် ဘုရားကြီးက တစ်ခန်း၊

၂။ ဦးပညာသီဟနှင့် ဒေါက်တာကျော်မြင့်တို့က တစ်ခန်း၊

၃။ မဟာစည်နာယက ပျဉ်းမနားဆရာတော် အရှင်ဇဋိလနှင့် ဘုန်းကြီး (ညောင်ကန်အေးဆရာတော်အရှင်ကုန္တက)တို့က တစ်ခန်း၊

၄။ မစ္စတာလီထရွန်နှင့် ဦးမာတင်တို့က ရှက်ဖျင်တဲသီးသန့်ဖြင့် အသီးသီး နေထိုင်ကြ၏။

## ပြင်သစ်နိုင်ငံ မဟာစည် ဝိပဿနာတရားအားထုတ်ပွဲ

နေ့ကား ၁၉၉၂–ခု၊ ဇူလိုင် ၁–ရက်နေ့ ဖြစ်၏၊ နေရာကား ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် ကီလိုမီတာ ၁၀၀ခန့် ဝေးသော သကျမုနိကမ္မဋ္ဌာန်းဌာန တောရကျောင်း ဖြစ်၏၊ အချိန်မှာ နံနက် ၅–နာရီအချိန် ဖြစ်၏။

ဤသကျမုနိကမ္မဋ္ဌာန်းဌာန၌ မဟာစည် ဝိပဿနာတရားအားထုတ်ပွဲကို ကျင်းပကြပါသည်။

၁။ ဦးစွာပထမ နမောတဿ ဘုရားရှိခိုး ပါဠိဝါကျကို ပရိသတ်အားလုံးက ရွတ်ဆို၍ အခမ်းအနားကို ဖွင့်ကြပါသည်။

၂။ မဟာစည်သြဝါဒါစရိယ ပုသိမ်သဒ္ဓမ္မသီတဂူဆရာတော်ဘုရားကြီးထံတွင် ယောဂီပရိသတ်များက ရှစ်ပါးသီလကို ပါဠိဘာသာဖြင့် ခံယူဆောက်တည်ကြပါသည်။

၃။ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားကို ရွတ်ဖတ်ချီးမြှင့်တော်မူကြ၏။

၄။ မဟာစည်သြဝါဒါစရိယ ပုသိမ်သဒ္ဓမ္မသီတဂူဆရာတော်ဘုရားကြီးက ဒုလ္လဘတရား ငါးပါး သြဝါဒတရားကို မိန့်ကြားတော်မူပါသည်။

၅။ မဟာစည်သြဝါဒါစရိယ ပုသိမ်သဒ္ဓမ္မသီတဂူဆရာတော်ဘုရားကြီးက ဝိပဿနာအလုပ်ပေးတရားကို ဟောကြားတော်မူပါသည်။

၆။ မစ္ဆတာလီထရွန်က ဗီယက်နမ်ဘာသာ၊ ပြင်သစ်ဘာသာဖြင့် မိတ်ဆက်စကားကို ပြောကြားပါ၏။

၇။ ပရိသတ်အားလုံးက 'ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု' ၃–ကြိမ် ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြပါသည်။

ဤအခမ်းအနားၐ် ပုသိမ်သဒ္ဓမ္မသီတဂူဆရာတော်ဘုရားကြီး ပြောကြားသမျှသော မြန်မာစကားများကို ဒေါက်တာကျော်မြင့်က အင်္ဂလိပ်ဘာသာ ပြန်ဆိုပါသည်၊ လီထရွန်က ဗီယက်နမ်ဘာသာသို့ ပြန်ဆိုပေးပါ၏၊ ဘာသာပြန်ဆိုပုံမှာ တစ်ဝါကျချင်း ပြန်ဆိုကြပါ၏။

ဤပြင်သစ်နိုင်ငံ သကျမုနိ ကမ္မဋ္ဌာန်းဌာနၐ် ကျင်းပသော မဟာစည်ဝိပဿနာတရားအားထုတ်ပွဲတွင် ဝင်ရောက်တရားအားထုတ်ကြသူများမှာ ပြင်သစ်နိုင်ငံရောက် ဗီယက်နမ်ဗုဒ္ဓဘာသာနှင့် ပြင်သစ်လူမျိုး ဗုဒ္ဓဘာသာများဖြစ်ကြ၏၊ ထို့ကြောင့်ပင် ဒေါက်တာကျော်မြင့်၏ အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပြောကြားသမျှစကားများကို မစ္စတာလီထရွန်က ဗီယက်နမ်ဘာသာနှင့် ပြင်သစ်ဘာသာကို ပြန်ဆိုပေးရခြင်း ဖြစ်၏၊ ဤရိပ်သာကို ဦးဆောင်သူ မစ္စတာ လီထရွန်သည်ပင် ပြင်သစ်ရောက် ဗီယက်နမ်ဗုဒ္ဓဘာသာဖြစ်၏။

## ကမ္မဋ္ဌာန်းဆရာနှင့် ယောဂီ

ဤတရားစခန်းၐ် စတင်ဝင်ရောက်အားထုတ်သူယောဂီများမှာ ၂၄–ယောက်ရှိ၏၊ ထိုတွင် ဗီယက်နမ်က ၂၂–ယောက်ရှိ၍ ပြင်သစ်က ၂–ယောက်သာ ရှိပါ၏။

**အေအုပ်စု**

၁။ တရားစစ်ဆေးရာတွင် ပုသိမ်သဒ္ဓမ္မ သီတဂူ ဆရာတော်ကြီးက ယောဂီ ၈–ယောက်ကို တရားစစ်မေးမည်၊ ဆွေးနွေးပါမည်၊ ထိုအခါ ဒေါက်တာကျော်မြင့်က အင်္ဂလိပ်ဘာသာပြန်ဆို၍ မစ္စတာလီထရွန်က ဗီယက်နမ်နှင့် ပြင်သစ်ဘာသာ ပြန်ဆိုပေးပါမည်၊ ဤသည်ကို (အေ)အုပ်စုဟု သတ်မှတ်၏။

**ဘီအုပ်စု**

၂။ မဟာစည်နာယက ဦးဇဋိလက ယောဂီ ၈–ယောက်ကို တရားစစ်မေး ဆွေးနွေးတော်မူပါမည်၊ ဒေါက်တာကျော်မြင့်နှင့် လီထရွန်တို့က ဘာသာပြန်ကြပါမည်၊ ဤကား ဘီအုပ်စုဖြစ်ပါ၏။

**စီအုပ်စု**

ဘုန်းကြီး(ညောင်ကန်အေးဆရာတော်)က ယောဂီ ၈–ယောက်ကို တရားစစ်မေး ဆွေးနွေးပါမည်၊ ဦးပညာသီဟနှင့် ဆွစ်အမျိုးသား ယောဂီတစ်ဦး

က ဘာသာပြန်ကြပါမည်၊ ဤကား စီအုပ်စုဖြစ်ပါ၏။

ဤတရားအားထုတ်ပွဲအတွက် ဤသို့လျှင် ကမ္မဋ္ဌာန်းဆရာနှင့် ယောဂီများကို အုပ်စုခွဲဝေ၍ တရားစစ်မေးဆွေးနွေးညွှန်ကြားကြရန် စီမံသတ်မှတ်ကြပါ၏၊ ထို့နောက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းစားချိန်၊ တရားဟောကြားချိန်နှင့် တရားရှုမှတ်ချိန်များကိုလည်း စီမံသတ်မှတ်ကြပါ၏၊ သူတို့ဆီက ယောဂီဝတ်စုံမှာ အမျိုးသား၊ အမျိုးသမီးအားလုံးပင် အဖြူရောင်ဝတ်စုံများကို ဝတ်ဆင်ကြပါသည်။

## အတွေ့အကြုံရှိသော ယောဂီများ

ဤသကျမုနိကမ္မဋ္ဌာန်းဌာနရှိ ပြင်သစ်၊ ဗီယက်နမ်ယောဂီများသည် တရားအတွေ့အကြုံရရှိထားသော ယောဂီများ ဖြစ်ကြ၏၊ သူတို့၏ဆရာ မစ္စတာလီထရွန်ကလည်း တရားအတွေ့အကြုံရရှိထားပြီးဖြစ်၏၊ မဟာစည် ကမ္မဋ္ဌာနာစရိယချမ်းမြေ့ဆရာတော်သည် အခါအားလျော်စွာ ဤဌာနသို့ ကြွ၍ တရားဟောပြချီးမြှင့်ပါ၏၊ အင်္ဂလန်နိုင်ငံ ဘာမင်ဂန်ဆရာတော် ဦးရေဝတ ကလည်း ဤဌာနတွင် အခါအားလျော်စွာတရားဟောပြပေးပါ၏၊ အခြားသော ကမ္မဋ္ဌာနာစရိယဆရာတော်များကလည်း လာရောက်တရားဟောပြကြကြောင်း သိရ၏။

ထို့ကြောင့် သကျမုနိကမ္မဋ္ဌာန်းဌာနက ယောဂီများသည် ဘုန်းကြီးတို့ညွှန်ကြားပြသသော တရားကို ရိုသေစွာ နာကြား ကျင့်ပွားကြပါ၏၊ သဒ္ဓါ ဝီရိယ ထက်သန်ကြပါ၏၊ ဘုန်းကြီးတရားစစ်မေးရသော အုပ်စုထဲမှ အမျိုးသား ယောဂီတစ်ယောက်က ဤဌာနနှင့် မဝေးလှသော နေရာတွင် သူပိုင်သော ခြံမြေကျယ်ကျယ်ဝန်းဝန်း ရှိပါသည်၊ ရိပ်သာဌာနဖွင့်ချင်ပါသည်၊ မဟာစည် ဌာနချုပ်က အလှူခံပြီး တရားဌာနဖွင့်ပေးနိုင်ပါသလား ဟုပင် ဘုန်းကြီးအား လျှောက်ထားပါ၏၊ ဘုန်းကြီးက အကြောင်းညီညွတ်က ဖွင့်ပေးနိုင်ပါမည်၊ ကမ္မဋ္ဌာန်းဆရာလည်း ပို့ပေးနိုင်ပါမည်၊ အရေးကြီးတာကတော့ ဤဌာနက မစ္စတာလီထရွန်တို့ ဘာမင်ဂန်ဆရာတော်တို့နှင့် တိုင်ပင်ပါ၊ အားလုံးက သဘောတူ၍ အကြောင်းညီညွတ်ရင် မဟာစည်ဌာနချုပ်ကို စာတင်၍ လျှောက်ထားပါ၊ ယခုတော့ ယောဂီဟာ ၉–ရက်မျှသာ တရားအားထုတ်ချိန်ရ၍ စိတ်အာရုံ မထွေပြားပါနဲ့၊ တရားကိုသာ ကြိုးစားအားထုတ်ပါဦး ဟု ပြောရပါ၏။

မဟာစည်ဩဝါဒါစရိယ ပုသိမ်သဒ္ဓမ္မသိတဂူဆရာတော်ဘုရားကြီး၊ မဟာ

စည်နာယက အရှင်ဇဋိလ၊ လန်ဒန်မြန်မာကျောင်းအရှင်ပညာသီဟနှင့် လန်ဒန်မြန်မာကျောင်း နာယက ဘုန်းကြီးတို့က နေ့စဉ်တစ်လှည့်စီ ယောဂီများအား တရားဟောကြ၏၊ အရှင်ပညာသီဟ တရားဟောလှည့်တွင် အင်္ဂလိပ်ဘာသာဖြင့် ဟော၍ မစ္စတာလီထရွန်က ဗီယက်နမ်ဘာသာကို ပြန်ဆိုပေး၏၊ မဟာစည် သြဝါဒါစရိယဆရာတော်ကြီး၊ နာယက အရှင်ဇဋိလနှင့် ဘုန်းကြီးတို့ ဟောကြားသောအလှည့်တွင် ဒေါက်တာကျော်မြင့်နှင့် ဦးပညာသီဟတို့က အင်္ဂလိပ်ဘာသာပြန်ဆိုပေးကြ၍ မစ္စတာလီထရွန်ကတော့ အမြဲတမ်း ဗီယက်နမ်ဘာသာကို ပြန်ဆိုပေးရပါသည်၊ တရားစစ်ဆေးဆွေးနွေးရာတွင်လည်း ထိုနည်းအတိုင်းပင် ဆောင်ရွက်ကြရပါ၏၊ တရားကို မဟောမီကပင် စာမူ ပြုစုထား၍ ဘာသာပြန်များကိုလည်း ဆိုင်ရာဘာသာဖြင့် ရေးသားပြန်ဆိုထားကြ၏၊ ဟောသောအခါ အဆင်သင့် တစ်ပိုဒ်ချင်း ဖတ်၍ ဟောကြပါသည်။

## ပြင်သစ်နိုင်ငံက မဟာစည်ဝိပဿနာတရားစခန်းအောင်ပွဲ

ဤနေ့ကား ၁၃၅၄–ခု၊ ဝါဆိုလဆန်း ၆–ရက်နေ့ ဖြစ်၏၊ အချိန်မှာ ညနေ ၃–နာရီ ဖြစ်၏၊ နေရာမှာ ပြင်သစ်နိုင်ငံ၊ သကျမုနိကမ္မဋ္ဌာန်း ဌာန ဖြစ်၏၊ ဓမ္မာရုံကြီး ခေါင်းရင်းပိုင်း ဗုဒ္ဓရုပ်ပွားတော် ခြေတော်ရင်း သံဃာစင်၌ သံဃာတော်များက လူများဖက် လှည့်၍ သီတင်းသုံးတော်မူကြ၏၊ ဓမ္မာရုံတွင်း အောက်ခင်းကြမ်းပြင်ညီ၌ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ယောဂီများက စနစ်တကျ၊ အမျိုးသမီးနှင့် အမျိုးသားများသည် တစ်ပိုင်းစီ နေရာယူ ထိုင်နေကြ၏၊ ထိုဓမ္မာရုံအတွင်းရှိ ရဟန်းရှင်လူယောဂီများသည် ဤနေ့ မဟာစည်ဝိပဿနာတရားအားထုတ်စခန်းသိမ်းအောင်ပွဲကို ကျင်းပကြပါသည်။

၁။ ပရိသတ်အားလုံးက နမောတဿ ဘုရားရှိခိုးပါဠိကို ၃–ကြိမ် ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြ၏။

၂။ မဟာစည်သြဝါဒါစရိယ ဘဒ္ဒန္တအာစိဏ္ဏာမဟာထေရ်မြတ်ထံတွင် ပရိသတ်များက ရှစ်ပါးသီလ ခံယူကြ၏။

### မဟာစည်သြဝါဒါစရိယဆရာတော်ကြီး၏ သြဝါဒကထာ

၃။ မဟာစည်သြဝါဒါစရိယဆရာတော်ဘုရားကြီးက ဓမ္မစက္ကပဝတ္တန သုတ္တန်တရားကို ဟောကြား၍ သြဝါဒပေးတော်မူ၏။

တရားကျင့်ပွားသူ ရဟန်း–ရှင်–လူများဟာ ကာမဂုဏ်အာရုံများကို လိုက်စား ပျော်ပါးခြင်း–ကာမသုခလ္လိကာနုယောဂအစွန်းကိုလဲ ရှောင်ကြဉ်ကြရမယ်။

မဂ္ဂင်ရှစ်တန် အကျင့်မှန်မပါဘဲ မိမိကိုယ်ကို ပင်ပန်းဆင်းရဲရုံမျှ ကျင့်တဲ့ အတ္တကိလမထာနုယောဂအကျင့်ကိုလဲ ရှောင်ကြဉ်ကြရမယ်။

ထိုလျော့လွန်းသော လက်ယာစွန်းကာမသုခလ္လိကာ နုယောဂအကျင့်နှင့် တင်းလွန်းသော လက်ဝဲစွန်း အတ္တကိလ မထာနု ယောဂအကျင့်နှစ်မျိုးတို့မှ လွတ်ကင်း၍ မှန်ကန်ကောင်းမြတ်သော မလျော့လွန်း မတင်းလွန်းသည့် အလယ်လမ်း မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်တန် ကျင့်လမ်းမှန်များကို ကျင့်ပွား ကြရမယ်။

**မဂ္ဂင်ရှစ်ပါးဟူသည်**

မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါးဆိုတာ

၁။ မှန်စွာ မြင်ခြင်း–သမ္မာဒိဋ္ဌိ

၂။ မှန်စွာ ကြံခြင်း–သမ္မာသင်္ကပ္ပ

၃။ မှန်စွာ ပြောခြင်း–သမ္မာဝါစာ

၄။ မှန်စွာ ပြုခြင်း–သမ္မာကမ္မန္တ

၅။ မှန်စွာ အသက်မွေးခြင်း–သမ္မာအာဇီဝ

၆။ မှန်စွာ အားထုတ်ခြင်း–သမ္မာဝါယမ

၇။ မှန်စွာ အမှတ်ရခြင်း–သမ္မာသတိ

၈။ မှန်စွာ စူးစိုက်တည်ကြည်ခြင်း–သမ္မာသမာဓိ–တို့ ဖြစ်ကြတယ်။

ထို မဇ္ဈိမပဋိပဒါ–မဂ္ဂင်ရှစ်ပါး အကျင့်တရားတို့ကို ကျင့်ပွား အားထုတ်သူများဟာ

၁။ ဆင်းရဲအမှန် ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်ခြင်း၊

၂။ ဆင်းရဲကြောင်းအမှန် သမုဒယသစ္စာကို ပယ်ခြင်း၊

၃။ ဆင်းရဲချုပ်ကြောင်းအမှန် မဂ္ဂသစ္စာကို ကျင့်ပွားခြင်း၊

၄။ ဆင်းရဲချုပ်ငြိမ်းရာအမှန် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက် သိမြင်ခြင်း၊ သစ္စာ ၄–ပါးတို့ကို သိမြင်ဆိုက်ရောက်ကြမည် ဖြစ်ပါတယ်။

ယခု ယောဂီများ ကျင့်ပွားခဲ့ကြသော ထိုဓမ္မစက္ကပဝတ္တနသုတ္တန်လာ မဇ္ဈိမ ပဋိပဒါ အလယ်လမ်း အကျင့်တရားတို့ကို ဆက်လက်၍ ကျင့်ပွား

နေထိုင်ရန် ဩဝါဒ ပေးပါတယ်၊ ရဟန်းရှင်လူ ယောဂီ သူတော်စင်များဟာ ထိုမရှိုမပဋိပဒါ အကျင့်တရားတို့ကို ကျင့်ပွားအားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်လျက် မျက်မှောက် သိမြင်နိုင်ကြပါစေသတည်း။ (သာဓု-သာဓု-သာဓု)

**မဟာစည် နာယကဆရာတော် အရှင်ဣန္ဒက၏ နှုတ်ဆက် ဖိတ်ခေါ်စကား**

၄။ ထို့နောက် (လန်ဒန်မြန်မာကျောင်း နာယကဆရာတော် အရှင်ဣန္ဒက) ဘုန်းကြီးက "နှုတ်ဆက်ဖိတ်ခေါ်စကား"ကို ပြောကြားပါသည်၊ မြတ်စွာဗုဒ္ဓ ၄၅-နှစ်ပတ်လုံး ဟောကြားတော်မူခဲ့တဲ့ စကားတော်များ တရားတော်များကို သာသနာလို့ ခေါ်ပါတယ်၊ အဲဒီ သာသနာတော်ဟာ အတိုချုပ်လိုရင်းအားဖြင့် သီလ-သမာဓိ-ပညာ-ရယ်လို့ သုံးမျိုး ရှိပါတယ်။

၁။ အဲဒီ သီလ-သမာဓိ-ပညာသာသနာတော်ကို ပို့ချသင်ကြားတဲ့ အလုပ်ကို ပရိယတ္တိသာသနာလို့ ခေါ်ပါတယ်။

၂။ အဲဒီပရိယတ္တိသာသနာ နည်းလမ်းအတိုင်း သီလ-သမာဓိ-ပညာများကို ကျင့်ပွားအားထုတ်တဲ့အလုပ်ကို ပဋိပတ္တိသာသနာလို့ ခေါ်တယ်။

၃။ အဲဒီ ပရိယတ်နှင့်အညီ ကျင့်ပွားအားထုတ်တဲ့ ပဋိပတ်အလုပ်ကြောင့် ရရှိတဲ့ အသိဉာဏ်ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သိမြင်ခြင်းကို ပဋိဝေဒ သာသနာလို့ ခေါ်တယ်၊ ဘုန်းကြီးတို့နှင့် ဒကာ ဒကာမများဟာ အဲဒီ မြတ်ဗုဒ္ဓ၏ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာတော် ထိုသုံးရပ်ကို တည်တံ့ ပြန့်ပွား ဇွန်းကားအောင် ဆောင်ရွက်ကြရမည်။

အဲဒီလို သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြရာတွင် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများက ဘုရား ဟောကြားသော သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို သင်ကြားကျင့်ပွားခြင်း၊ ပရိယတ္တိအလုပ်နှင့် ပဋိပတ္တိအလုပ်တို့ကို ပြုလုပ်ရင်းပင် လူဒကာ၊ဒကာမများအားလဲ အဲဒီ သီလ၊သမာဓိ၊ ပညာ အကျင့်တရားများကို ဟောကြားပေးကြရမယ်၊ လူဒကာ၊ဒကာမများကလည်း သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ကို ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး၊ ၄-ပါးသော ပစ္စည်းများဖြင့် လှူဒါန်းထောက်ပံ့ရင်းပင် ရှင်ရဟန်းများက ဟောကြားသော သီလ၊ သမာဓိ၊ ပညာအကျင့်တရားများကို နာကြား ကျင့်ပွားအား

ထုတ်ကြရမယ်။

အဲဒီလိုရဟန်းဆရာများနှင့် လူ ဒကာ၊ဒကာမများဟာ သို့ညွတ်စွာ စုပေါင်းပြီး သာသနာပြုအလုပ်တို့ကို ပြုလုပ်ကြမယ်ဆိုရင် ဗုဒ္ဓမြတ်စွာ၏ သီလ၊ သမာဓိ၊ ပညာသုံးရပ်သော သာသနာတော်ဟာ ကမ္ဘာသူ ကမ္ဘာသား ရဟန်းရှင်လူအများ၏ သန္တာန်တွင် တည်တံ့ ပြန့်ပွားထွန်းကားလာကြမယ်၊ အဲဒီလို ကမ္ဘာသူကမ္ဘာသားများသည် မြတ်ဗုဒ္ဓ၏ သီလ၊ သမာဓိ ပညာ သုံးဖြာသော သာသနာတော်ကို မိမိတို့သန္တာန်တွင် တည်တံ့ပြန့်ပွား ထွန်းကား လာပါက အပြစ်ကင်းစင်ကြမည်၊ ကြီးပွား ချမ်းသာကြမည်၊ ဒုက္ခ ခပ်သိမ်းကင်းငြိမ်းကြပါမည်။

ဒါကြောင့် မြန်မာနိုင်ငံ၊ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ နာယက အဖွဲ့ကြီးနှင့် ဗုဒ္ဓသာသနနုဂ္ဂဟ အဖွဲ့ချုပ်တို့က ကမ္မဋ္ဌာနာစရိယ ဆရာတော်များကို တစ်ကမ္ဘာလုံးသို့ စေလွှတ် ဖြန့်ချိနေပါတယ်၊ မဟာစည် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကများသည် ကမ္ဘာ့နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွတော်မူကြပါတယ်၊ ဒီသကျမုနိကမ္မဋ္ဌာန်းဌာနက ဖြစ်စေ၊ အခြား ဌာနများက ဖြစ်စေ၊ ကမ္မဋ္ဌာနာစရိယဆရာတော်များကို ပင့်ဖိတ်တောင်းခံလိုကလဲ ပင့်ဖိတ် တောင်းခံနိုင်ကြပါတယ်။

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ နာယကအဖွဲ့နှင့် ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ချုပ်က ကမ္မဋ္ဌာနာစရိယ ဆရာတော်များကို ရွေးချယ်ပြီး စေလွှတ်ပေးပါ့မယ်၊ နှစ်ရှည်လများ ပင့်ထားလိုကလဲ ပင့်ထားနိုင်ကြပါတယ်၊ ဘယ်နိုင်ငံကမဆို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ တရားအားထုတ်ရန် လာချင်ကြလျှင်လဲ လာခဲ့ကြပါ၊ မဟာစည် သာသနာ့ရိပ်သာနာယကအဖွဲ့နှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ရောက်လာသော ရဟန်းရှင်လူ ယောဂီများရဲ့ နေထိုင် စားသောက်ရေးကို တာဝန်ယူ ဆောင်ရွက်ပေးနေပါတယ်။

ယခု ဒီသကျမုနိ ကမ္မဋ္ဌာန်းဌာန မစ္စတာလီထရွန်နှင့် ဒကာ ဒကာမများက ပင့်ဖိတ်လို့ ဘုန်းကြီးတို့ ကြွရောက် တရားဟောပြကြရတာကို ဝမ်းသာကြပါတယ်၊ စားသောက် သွားလာနေထိုင်ရေးကို လိုလေသေး မရှိ ပြုစုကြတာကိုလဲ များစွာကျေးဇူးတင်ပါတယ်၊ ဘုန်းကြီးက နိဂုံးချုပ်ဆုတောင်းပါတယ်၊ အားလုံး

ဘုရားဖက်၍ ကျန်းမာ အသက်ရှည်ကြပါစေ။
တရားဖက်၍ အမျက်ပြေ စိတ်ချမ်းသာကြပါစေ၊
သံဃာဖက်၍ ကြီးပွား ချမ်းသာကြပါစေ၊
သာသနာပြုနိုင်ကြပါစေ၊
သာဓု–သာဓု–သာဓု။

**မဟာစည် နာယကဆရာတော် အရှင် ဇဋိလ၏ နှုတ်ဆက်ဖိတ်ခေါ်စကား**

၅။ ထို့နောက် မဟာစည်နာယက အရှင်ဇဋိလ ဆရာတော်က "နှုတ်ခွန်းဆက် ဖိတ်ခေါ်စကား"ကို ပြောကြားတော်မူ၏၊ ဘုန်းကြီးကလဲ တိုတိုပဲ "နှုတ်ဆက် စကား"ကို ပြောလိုပါတယ်၊ ဦးဏ္ဍနက က ပြောတဲ့ အတိုင်းပါပဲ၊ ဒီသကျမုနိကမ္မဋ္ဌာန်းဌာန တရားစခန်းတွင် ဗုဒ္ဓသာဘာဝင် ဆွေမျိုးများနှင့် တွေ့ရတာ တရားဟော၊ တရားပြရလို့ အထူးဝမ်းသာပါတယ်၊ အိမ်ပြန် ရောက်တဲ့အခါမှာလဲ တရားကို ပွားများ အားထုတ်နေကြဖို့ပါပဲ၊ ဒီတရား တော်တွေကို ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းနဲ့ ကျင့်ပွား အားထုတ်ချင်တဲ့ ပုဂ္ဂိုလ်များလဲပဲ မြန်မာပြည်ကို လာပြီးတော့ ကျင့်ပွား အားထုတ်နိုင်ကြပါစေ၊ မြန်မာပြည်ကို လာပြီး တရား ကျင့်ပွား အားထုတ်လို့ရှိရင် စားရေး နေရေး၊ ထိုင်ရေး စသည်များကို မဟာစည်ရိပ်သာကြီးက တာဝန်ယူပြီးတော့ ကျွေးမွေးစောင့်ရှောက်လျက်ရှိကြောင်းကို ပြောကြားခဲ့ပါတယ်၊ ကျန်းမာ ချမ်းသာကြပါစေ။ (သာဓု–သာဓု–သာဓု)

## အောင်ပွဲအခမ်းအနား ရုပ်သိမ်းခြင်း

ထို့နောက် ရဟန်း ရှင်လူ ပရိသတ်များက "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"သုံးကြိမ် ရွတ်ဆို၍ တရားစခန်းသိမ်း အောင်ပွဲအခမ်းအနားကို ရုပ်သိမ်းကြပါသည်၊ တရားစခန်း ရုပ်သိမ်းချိန်သည် ဆည်းဆာရောင်သန်း ညနေချမ်း အချိန်ဖြစ်၏၊ မိုးသည် ဖွဲဖွဲလေး ရွာသွန်းနေ၏၊ တောင်ခြေတောစပ်နှင့် လယ်ကွင်းပြင်ကြား၌ တည်ရှိသော သကျမုနိ ကမ္မဋ္ဌာန်းဌာနသည် ငြိမ်သက်ငြိမ်းချမ်းလျက် ရှိပါ၏၊ ရဟန်း ရှင်လူ ယောဂီတို့၏ သာဓုသံများသည် ရိပ်သာ၏ ဝန်းကျင်အထက်သို့ ပျံတက်သွားကုန်၏၊ ပြန့်နှံ့သွားပါကုန်၏တကား။

## ပါရီလေ့လာရေးခရီး

**"ပြင်သစ်နှင့် မြန်မာ"**

၁။ တစ်ရှစ်ခွန်သုံး–မင်းတုန်းခေတ်တွင်၊
ကင်းဝန်မင်းကြီး– ဦးစီးစတင်၊
မြန်မာသံဖွဲ့–ရောက်ခဲ့ခင်မင်၊
ပြင်သစ်တိုင်း–ဗာဆိုင်းနန်းရင်ပြင်။

၂။ မဟာမိတ်စာချုပ်–ပြုလုပ်ခဲ့သည်၊
ကောင်းဒီရော်ရှ–ရောက်ရမြန်ပြည်၊
ဖလ်ချက်ဝန်မင်း–ရောက်ချင်းပြင်သစ်ပြည်၊
သံအမတ်–ခန့်အပ်နှစ်တိုင်းပြည်။

**မောင်းတိန်ဘလူး**

ဤနေ့ကား ၁၃၅၄–ခုနှစ်၊ ဝါဆိုလဆန်း ၇–ရက်၊ ၁၉၉၂–ခု၊ ဇူလိုင်လ၊ ၈–ရက်၊ ဗုဒ္ဓဟူးနေ့ ဖြစ်၏၊ ဘုန်းကြီးတို့ မဟာစည် ဓမ္မဒူတအဖွဲ့သည် မစ္စတာလီထရွန်၏ အစီအစဉ်ဖြင့် ပါရီမြို့ကို လေ့လာရန် သကျမုနိ ကမ္မဋ္ဌာန်းဌာနမှ ဆလွန်းကား ၂–စီးဖြင့် ထွက်ခဲ့ကြ၏၊ မဟာစည် ဩဝါဒါစရိယ ပုသိမ် သဒ္ဓမ္မသီတဂူ ဆရာတော်ဘုရားကြီး၊ လန်ဒန် မြန်မာကျောင်း ဦးပညာသီဟနှင့် ဦးမာတင်တို့က ကား၁–စီး၊ မဟာစည်နာယက ဦးဇေယျလ၊ လန်ဒန်မြန်မာကျောင်း နာယက အရှင်ဣန္ဒက၊ ဒေါက်တာကျော်မြင့်နှင့် မစ္စတာလီတို့က

ကား ၁–စီးဖြင့် ပေါင်း ကား၂–စီးတွင် အသီးသီး လိုက်ပါခဲ့ကြ၏၊ အချိန်မှာ နံနက်၈–နာရီအချိန်ဖြစ်၏၊ ကောင်းကင်တွင် တိမ်သား ကင်းရှင်း၍ နေရောင် ဝင်းလက်နေ၏။

"ဟိုး–လယ်ကွင်းတိုက်အိမ် ဝန်းကျင်များတွင် စိုက်ထူထားတဲ့ ထိုးထိုး ထောင်ထောင်ကြီးတွေက ဘာတွေလဲ"ဟု ဘုန်းကြီးက မေး၏။

"အဲဒါတွေဟာ လယ်သမားများနှင့် စိုက်ခင်းများအတွက် ရေလှောင်ထားတဲ့ စက်ရေတွင်းနှင့် ရေစင်၊ ရေလှောင်ကန်ကြီးတွေပါဘုရား"ဟု မစ္စတာလီက အင်္ဂလိပ်ဘာသာဖြင့် ပြောကြောင်းကို ဒေါက်တာကျော်မြင့်က ဘာသာပြန်၍ လျှောက်ထား၏။

"သြော်– သူတို့ဆီမှာ မိုးမရွာပါက မိုးတုရွာနိုင်ရန် ကြိုတင် စီမံထားကြ ပေသည်"ဟုမှတ်ချက်ချမိ၏၊ ဘုန်းကြီးတို့ကားများသည် ဝဲယာတွင် စိမ်းညို့ညို့ ပဲစိုက်ခင်းများ၊ ဝါဝါဝင်းဝင်း နေကြာခင်းများ၊ ဂျုံခင်းများဝန်းရံသော ကတ္တရာ လမ်းမပေါ်တွင် မှန်မှန် သွားနေကြ၏။

ဤပြင်သစ်ပြည်၌ မြန်မာနိုင်ငံ ရှမ်းပြည်တောင်ပိုင်းကဲ့သို့ မိုးထိမြင့်မား သော တောင်ကြီးများ မရှိသော်လည်း အတော်အသင့် တောင်ကုန်းနိမ့်မြင့်များက နေရာတိုင်းတွင် ရှိကုန်၏၊ ရာသီဥတုကလည်း ယခုလို နွေနှင့်မိုး စပ်ကူး မပ်ကူး၌ပင် အေးမြမြ ဖြစ်နေ၏၊ နေ၍ ထိုင်၍ ကောင်းပါ၏၊ ဤပြင်သစ်နိုင်ငံ၌ တောင်များသာမက သစ်ပင်ကြီးငယ်များ၊ ထူထပ်သော တောတန်းအသွယ်သွယ် တို့ကိုလည်း တွေ့ရ၏၊ နံနက်၉–နာရီအချိန်၌ ဘုန်းကြီးတို့ မဟာစည်ဓမ္မဒူတ အဖွဲ့သည် နပိုလီယန် နန်းစံခဲ့သည်ဆိုသော မောင်းတိန်ဘလူး တောင်ပြာမြို့ နန်းတော်ဟောင်းပြတိုက်ကို ရောက်ကြပါ၏၊ နန်းတော်ဟောင်း အဆောက်အအုံ များအလယ်တွင် လှပသော ပန်းဥယျာဉ်နှင့် မြက်ခင်းစိမ်းစိမ်းများကိုလည်း စနစ်တကျ စိုက်ပျိုးထား၏၊ ဥယျာဉ်တွင်း ကတ္တရာလမ်းများကလည်း ကောင်း မွန်လှပါပေ၏၊ ဤပြတိုက်တွင် လေ့လာသူ နိုင်ငံခြားသားများကိုလည်း တွေ့ ရ၏၊ ပြတိုက်ဝင်ကြေးကို မစ္စတာလီက ပေးပါ၏၊ ဘယ်လောက်ပေးရသည် ကို မသိပါ။

ဘုန်းကြီးတို့သည် မောင်းတိန်ဘလူးမြို့ နပိုလီယန် နန်းတော်ဟောင်းပြ တိုက်ကို လေ့လာကြည့်ရှုကြပြီးသော် နံနက် ၉း၃၀နာရီ အချိန်၌ ပါရီမြို့သို့

ခရီးဆက်ခဲ့ကြ၏၊ ဤပြင်သစ်နိုင်ငံ ပါရီမြို့ကို သွားသော ဟိုက်ဝေးလမ်းမကြီးများသည် အလယ်တွင် စည်းရိုးပေါင်ခတ်၍ အသွားဖက်အပြန်ဖက် ဟိုင်းဝေးလမ်းမကြီးများပေါ်တွင် ကားအကြီးအသေးလေးစီးမျှပင် ယှဉ်၍ မောင်းလောက်အောင် ကျယ်ပြန့် ကောင်းမွန်လှပါ၏၊ မိုးပျံတံတား လမ်းရှည်ကြီးများကိုလည်း တွေ့ရ၏၊

ဘုန်းကြီးရောက်ခဲ့သော အင်္ဂလန်၊ ဆွစ်ဇာလန်နှင့် ပြင်သစ်နိုင်ငံများ၌ ဥရောပတိုက်သားများသည် သဘာဝသစ်ပင်တောတောင်များကို စနစ်တကျ အမြတ်တနိုး ထိန်းသိမ်းပြုစုထားကြသည်ကို တွေ့ရ၏၊ ထိုနိုင်ငံမြို့ကြီးများ၌ တိုက်တာအိမ်ခြေတွေချည်း ပြွတ်သိပ်မထားဘဲ ပန်းဥယျာဉ်များနှင့် သဘာဝတောတောင်ကုန်းများကိုပါ ကြိုကြား ယှဉ်တွဲထားကြ၏၊ ဤသို့ ထားခြင်းဖြင့် ဥတုရာသီ မိုးရေများကို ချမ်းသာစွာ သုံးစွဲနိုင်ရုံမျှမကဘဲ စားသောက်သီးနှံများ၊ လေ့လာကြည့်ရှုသူများထံမှ နိုင်ငံခြားငွေများကိုလည်း ရယူကြ၏၊ မြင်သူတိုင်းအား မျက်စိအမြင် ကြည်လင်စေ၍ စိတ်ချမ်းသာမှုကိုလည်း ပေးစွမ်းနိုင်လေသည်။

## ပါရီမြို့ကို ရောက်ပါပြီ

နံနက် ၈–နာရီအချိန်၌ ပါရီမြို့ကို ရောက်ပါပြီ၊ မစ္စတာလီက ဘုန်းကြီးတို့အား ပါရီမြို့တွင်းသို့ ကားဖြင့် လှည့်ပတ်မောင်း၍ ပြသပါ၏၊ အထပ်ပေါင်း ၅၀–၆၀–မြင့်သော တိုက်တန်းကြီးများကိုလည်း တွေ့ရပါ၏၊ လမ်းများပေါ်တွင် ပြင်သစ်ကား၊ အင်္ဂလိပ်ကားနှင့် ဂျပန်ကားများက ပြေးသွားနေကြ၏၊ ဘောင်းဘီဝတ်၊ ဂါဝန်ဝတ်သော ပြင်သစ်အမျိုးသား၊ အမျိုးသမီးများနှင့် နိုင်ငံစုံမှ ဝတ်စားဆင်ယင်မှုမျိုးစုံနှင့် လူမျိုးစုံကိုလည်း တွေ့ရ၏၊ ရန်ကုန်လေဟာပြင်ဈေးနှင့်တူသော လမ်းဘေး ကွင်းပြင်ဈေးကိုလည်း တွေ့ရ၏၊ ကုန်တိုက်ကြီးများနှင့်ကုမ္ပဏီများကိုလည်း မြင်ရ၏၊ တံတားပေါင်း ၃၀–ကျော်တို့ဖြင့် လှလှပပ ပေါင်းကူးထားသော ပါရီမြို့တွင်းကို ဖြတ်၍ စီးဆင်းသော စိန်းမြစ်ကိုလည်း အကြိမ်ကြိမ် တွေ့မြင်ရ၏၊ နပိုလီယန်က ဂရိတ်ပြည်မှယူလာပြီး စိုက်ထူခဲ့သော ကျောက်တိုင်ကြီးကိုလည်း မြင်ရ၏၊ စစ်သူရဲကောင်း မြင်းစီးရုပ်များကိုလည်း တွေ့ရ၏။

မြို့လယ်ခေါင် လမ်းဆုံတွင် တံခါးလေးပေါက်ရှိသော ကျောက်မုခ်ဦး အဆောက်အအုံကိုလည်း မြင်ရ၏၊ ထိုကျောက်မုခ်ဦးကြီးကို ရုပ်လုံး ပန်းပု ပန်းချီတို့ဖြင့် ခြယ်မှုန်းထား၏၊ ပြင်သစ်စစ်သည်တော်များ၏ အောင်နိုင်မှု အထိမ်းအမှတ်ဖြင့် ဆောက်လုပ်ထားသော အောင်မုခ်ကျောက်တံခါး တိုက်ကြီး ဖြစ်ကြောင်းသိရ၏၊ အမည်မှာ **အာဒါထရီယွန်** ခေါ်ကြောင်း မြန်မာ့စွယ်စုံ ကျမ်းအတွဲ၆-၌ ဖတ်ရှုရ၏၊ ယခု ကိုယ်တွေ့မျက်မြင် လေ့လာကြည့်ရှု ရ၏၊ ယခုအခါ ပါရီမြို့တော်ကြီးတွင် မြို့နယ်ပေါင်း ၂၀-ရှိသည်ဟု မစ္စတာလီက ပြောပြသည်၊ ရှေးမှုမပျက် အချွန်အတက်တို့ဖြင့် လုပခံ့ညား ကြီးမားသော ပါရီတက္ကသိုလ်ကျောင်းကြီးကိုလည်း တွေ့ရ၏။

ပေပေါင်း ၉၈၄-ပေမြင့်၍ **အက်ဖယ်တာဝါ** အမည်ရှိသော ကမ္ဘာကျော် ပါရီ သံမျှော်စင်ကြီးကိုလည်း တွေ့ရ၏၊ ဓာတ်ပုံရိုက်ကြ၏၊ နိုင်ငံခြားသား လေ့လာသူများသည် ထိုမျှော်စင်ကြီးပေါ်တက်၍ ပါရီမြို့၏ ရှုခင်းအလှများကို ကြည့်ကြ၏။

## ထင်ရှားသောအဆောက်အအုံများ

ပါရီမြို့ ထင်ရှားသော အဆောက်အအုံများမှာ အာဒါထရီယွန် လေးမျက်နှာ တံခါး အောင်မုခ်ကျောက်တိုက်ကြီး အက်ဖယ်တာဝါသံမျှော်စင်ကြီး၊ ၁၂-ရာစု အတွင်းက တည်ဆောက်သော နိုထရာဒင်ကသိဒရယ် ခရစ်ယန် ဘုရား ရှိခိုးကျောင်း ကမ္ဘာပေါ်တွင် အကြီးဆုံးနှင့် အထင်ရှားဆုံး ဖြစ်သော လူးဗရ အနုပညာပြတိုက်ကြီး၊ လပ်ဇင်ဗတ်နန်းတော်နှင့် ဥယျာဉ် ၊ ပြင်သစ်ပြည် အာဇာနည်ဗိမာန်၊ နပိုလီယန်၏သင်းချိုင်းဂူနှင့် ဗာဆိုင်း နန်းတော်တို့ဖြစ် ကြောင်းကို မြန်မာ့ စွယ်စုံကျမ်းအတွဲ ၆-၌ ဖတ်ရှုခဲ့ရ၏၊ ယခုတော့ ထို အဆောက်အအုံများကို မစ္စတာလီထရွန်၏ကောင်းမှုကြောင့် သွားရင်း လာရင်း ကားအတွင်း မှန်ပြတင်းပေါက်မှပင် မြင်ရပါ၏၊ ဗာဆိုင်း နန်းတော်ကိုမူ နေ့ဆွမ်းပြီးချိန်တွင် သွားရောက်လေ့လာကြမည်ဖြစ်၏။

## ပါရီမြို့လယ်က မစ္စတာဒိန်းဆွမ်းဒါန

နံနက် ၁၁-နာရီအချိန်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့လယ်က ဗီယက်နမ် ဗုဒ္ဓဘာသာ မစ္စတာဒိန်း မိသားစုတို့၏တိုက်အိမ်ကြီးတွင် နေ့ဆွမ်း ဘုဉ်းပေး

ရန် ရောက်ကြ၏၊ ထိုဆွမ်းဒါနပွဲတွင် နက်ဖြန်ခါ မစ္စတာလီထရွန်၏ ရဟန်းခံပွဲအတွက် ကြိုတင်ကြွလာကြသော အမေရိကန်နိုင်ငံ အရှင်ဗုဒ္ဓပါလ၊ အင်္ဂလန်နိုင်ငံ ဘာမင်ဂန်ကျောင်း ဘိက္ခု ဓမ္မပါလတို့လည်း ကြွလာကြ၏၊ ဘုန်းကြီးတို့ မဟာစည်ဓမ္မဒူတအဖွဲ့ ၄-ပါးနှင့် ပေါင်းသော် သံဃာ၆-ပါး ဖြစ်၏၊ ထိုဆွမ်းဒါနပွဲတွင် မဟာစည် ဩဝါဒါစရိယ ပုသိမ်သဒ္ဓမ္မ သီတဂူ ဆရာတော်ဘုရားကြီးက ပါဠိဘာသာဖြင့် သီလပေး၍ ရေစက်ချ ချီးမြှင့်တော်မူပါ၏၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားကို ချီးမြှင့်ကြ၏၊အလှူရှင်များသည် ပြင်သစ်ရောက် ဗီယက်နမ် ဗုဒ္ဓဘာသာများဖြစ်ကြ၍ အမည်မသိ ပြင်သစ် အစားအစာများနှင့် ခေါက်ဆွဲကြော်၊ အစိမ်းကြော်၊ မှိုကြော်ချက်၊ အသားဟင်းများ၊ ၁၂-မျိုးဟင်းချိုများဖြင့် နေ့ဆွမ်းဆက်ကပ်ကြပါ၏၊ အချိုပွဲတွင်လည်း သစ်သီးစုံ၊ မုန့်စုံနှင့် ကော်ဖီ၊ လက်ဖက်ရည်၊ ရေခဲမုန့်များကိုလည်း လှူဒါန်း ကျွေးမွေးကြပါ၏၊ နဝကမ္မများကိုလည်း လှူကြသေး၏၊

## ပြင်သစ်နိုင်ငံ မြန်မာသံအမတ်ကြီး မိသားစု ပရိတ်တရားပွဲ

ဘုန်းကြီးတို့ မဟာစည် ဓမ္မဒူတအဖွဲ့သည် မွန်းလွဲ ၁-နာရီအချိန်တွင် နေ့ဆွမ်း အလှူရှင်အိမ်မှ ထွက်ခဲ့ကြ၏၊ မွန်းလွဲ ၁း၃၀နာရီတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၊ မြန်မာသံအမတ်ကြီး မိသားစုအိမ်ကို ရောက်ကြပါ၏၊ မြန်မာ သံအမတ်ကြီး ဦးစောထွန်း၊ ဒေါ်ရီရီမေမိသားစုနှင့် သံရုံးမိသားစုများက ဘုန်းကြီးတို့အား ကြိုဆိုကြပါ၏၊ တိုက်ကြီးအပေါ်ထပ်တွင် ဖျော်ရည် ဆက်ကပ်ကြပါ၏၊ ပြင်သစ် မြန်မာသံရုံးတွင် မြန်မာသံအမတ်ကြီး ဦးစောထွန်းနှင့် ဦးအယ်ဇော်ဝွန်း၊ ဦးတင့်ဆွေ၊ ဦးအောင်လတ်၊ ဦးကြည်မောင်၊ ဦးကျော်သန်းအောင်ပါ ၆-ဦး ရှိကြောင်းသိရ၏၊ သူတို့၏ ဇနီးသားသမီးများလည်း ရှိကြကြောင်း သိရသည်။

မဟာစည်ဩဝါဒါစရိယ ပုသိမ်သဒ္ဓမ္မ သီတဂူဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည်ဓမ္မဒူတ သံဃာတော်များက မြန်မာသံအမတ်ကြီး မိသားစုအား ပရိတ်တရား ချီးမြှင့်ကြ၏၊ ဘုရားအနေကဇာတင် ပူဇော်ပေးကြ၏၊ မြန်မာသံအမတ်ကြီး မိသားစုများက မဟာစည် ဓမ္မဒူတအဖွဲ့ သံဃာတော်များအား မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ လှူဖွယ် ပစ္စည်းများကို လှူဒါန်းကြပါ၏။

## မြန်မာပိုင်သော ပြင်သစ်ကမြန်မာသံအမတ်အိမ်တဲ့

ထို့နောက် မြန်မာသံအမတ်ကြီး ဦးစောထွန်းက ဘုန်းကြီးတို့အား တိုက်အိမ်ကြီးအတွင်း အခန်းများကို လိုက်ပြပါ၏။

"ဒီတိုက်အိမ်ကြီးက အထပ်၅–ထပ်ရှိပြီး အခန်းပေါင်း ၁၄–ခန်း ရှိတယ်ဘုရား၊ ဒီတိုက်အိမ်ကြီးရဲ့သက်တမ်းက နှစ်ပေါင်း ၁၀၀–ကျော်ပြီဘုရား၊ ဒီတိုက်အိမ်ကြီးကို မြန်မာအစိုးရက ဝယ်ယူထားခဲ့တာ နှစ်ပေါင်း၄၀–ကျော်ပြီဘုရား၊ ဒီတိုက်အိမ်ကြီးဟာ ပြင်သစ်နိုင်ငံရှိ မြန်မာအစိုးရပိုင်သော တိုက်အိမ်ကြီးပေါ ဘုရား"ဟု ဒကာကြီး ဦးစောထွန်းက လျှောက်ထားပါ၏။

"တိုက်အိမ်ကြီးတွင် ဧည့်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ စာကြည့်ခန်း စတဲ့အခန်းများစွာ ရှိတယ်ဘုရား၊ တစ်ခု ထူးတာက ပြင်သစ်ထုံးစံအရ မီးဖိုခန်းနှင့်ရိက္ခာခန်းကို တိုက်၏စတုတ္ထထပ်တွင် ထားတော့ စားသောက်ပစ္စည်းများကို စတုတ္ထထပ်ကို သယ်ယူရတာ မသက်သာဘူးဘုရား၊ ဒီပြင်သစ်ကို ရောက်လာတဲ့ မြန်မာသံအမတ်ကြီးများဟာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆန်အိတ်ဝယ်လာရင် စတုတ္ထထပ်ကို ထမ်းတင်ရမယ်ဘုရာ့၊ ဒါကြောင့် ရင်းနှီးသူများက 'ဆန်ထမ်းသံအမတ်ကြီး၊ ဆန်ထမ်းသံအမတ်ကြီး'လို့ ကြည်စယ်ကြတယ်ဘုရာ့"ဟုလည်း ဒကာ ဦးစောထွန်းက ရယ်စရာလေးများ နှော၍လည်း လျှောက်ထားပါ၏။

## မြန်မာနှင့်ပြင်သစ် သံတမန်ဆက်သွယ်ရေး

"နောက်ပြီးတော့ လျှောက်ထားချင်တာက မြန်မာနိုင်ငံ၏ နိုင်ငံခြား သံတမန်ဆက်သွယ်ရေးကို ဟောဒီပြင်သစ်နိုင်ငံတွင် စခဲ့တာပါဘုရား၊ ပြင်သစ်နိုင်ငံရဲ့ ပထမဆုံး မြန်မာသံအမတ်ဟာ ဖလ်ချက်ဝန်မင်း ဖြစ်ပါတယ်ဘုရား၊ ကင်းဝန်မင်းကြီးဟာ မြန်မာသက္ကရာဇ် ၁၂၃၃–ခုနှစ်၊ (ခရစ်နှစ်–၁၈၇၃–ခုနှစ်)တုန်းက ဒီပြင်သစ်ကို ရောက်ခဲ့ပါတယ်ဘုရား"ဟုလည်း ဦးစောထွန်းက လျှောက်ထား၏၊ သူ၏ ပြင်သစ်နှင့် မြန်မာသံတမန်ဆက်သွယ်ရေး အကြောင်းစကားနှင့် စပ်၍ မြန်မာ့စွယ်စုံကျမ်း အတွဲ–၁၊ စာမျက်နှာ ၃၃၃–တွင် တွေ့ရ၏၊

မြန်မာသက္ကရာဇ် ၁၂၃၃–ခုနှစ်တွင် မြန်မာနိုင်ငံ မင်းတုန်းမင်း စေလွှတ်သော သံအဖွဲ့ကို ကင်းဝန်မင်းကြီး ဦးဆောင်ခဲ့၏၊ ထိုသံအဖွဲ့မှာ မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများသို့ ပထမဆုံး စေလွှတ်ခဲ့သော သံအဖွဲ့ဖြစ်၏၊ ထူးခြားသည်မှာ ပြင်သစ်အစိုးရနှင့်မဟာမိတ်စာချုပ်တစ်ခုကို ၁၂၃၄–ခုနှစ်တွင် ချုပ်ဆိုခဲ့ခြင်း ဖြစ်၏၊ ဤသံအဖွဲ့၏ ဆောင်ရွက်မှုကြောင့် ကုန်းဘောင်ဆက် ရာဇဝင်ကြီးတွင် ကောင်ဒီရော်ရှ–ဟုခေါ်ထားသူသည် မန္တလေးမြို့ ပြင်သစ်သံအဖြစ် ရောက်ခဲ့လေသည်၊ ၁၂၃၅–ခုနှစ်တွင် ကင်းဝန်မင်းကြီးပင် ဦးဆောင်၍ ပြင်သစ်နိုင်ငံသို့ မြန်မာသံအဖွဲ့တစ်ဖွဲ့ ထပ်မံသွားရောက်ခဲ့ရာ ပြင်သစ်ကောင်ဒီရော်ရှပါ လိုက်ပါ သွားခဲ့လေသည်။

## အရက်မသောက်သော မြန်မာသံအမတ်(၂)ယောက်

ထို့နောက် ဒကာဦးစောထွန်းသည် ဘုန်းကြီးတို့အား လိုက်လံပြရင်းက "မရှိသေစကား နားနဲ့မနာ ဖဝါးနဲ့နာဆိုတာလို ဒီနေရာတွင် အနည်းငယ် လျှောက်ထားခွင့်ပြုပါ၊ ဒါကတော့ သံတမန်အချင်းချင်း အရက်ဖြင့် ဧည့်ခံတဲ့ အရက်သောက်အခန်းပါဘုရား၊ တပည့်တော်ကိုယ်တိုင်ကတော့ ဒ ရက်မသောက် ပါဘုရား"ဟု လျှောက်ထား၏။

"သာဓုခေါ်ပါတယ်ဒကာကြီး၊ မဇ္ဈပါနာ စသံယမော–အရက် မသောက်ခြင်း သည်လည်း ကြီးပွား ချမ်းသာကြောင်း မင်္ဂလာတစ်ပါးလို့ မင်္ဂလသုတ်တွင် ဘုရားရှင် ဟောကြားတော်မူပါတယ်၊ ရှားရှားပါးပါး အရက် မသောက်တဲ့ မြန်မာသံအမတ်ကို တွေ့ရတာ ဒကာကြီးနဲ့ဆိုရင် ၂–ယောက်ရှိပါပြီ၊ ဘုန်းကြီး ၁၉၈၈–ခုနှစ်၊ သီရိလင်္ကာနိုင်ငံရောက်စဉ်က မြန်မာသံအမတ်ကြီး ဦးခင် မောင်ဖြူကို တွေ့ခဲ့ရတယ်၊ ဒကာကြီး ဦးခင်မောင်ဖြူကလဲ အရက်မသောက်ပါ ဘူး၊ ဘာသာတရားကိုလဲ လေးစားပါတယ်" ဟု ဘုန်းကြီးက ပြန်ပြော၏၊ "ဒကာကြီး ဦးစောထွန်းနှင့် ဒေါ်ရီရီမေတို့ရဲ့သားသမီးလေးတွေ ဘုရားရှိခိုး ကြရဲ့လား" ဟု ဘုန်းကြီးက ဆက်လက်မေး၏၊ " မှန်ပါ၊ ကလေးများသာမက လူကြီးများပါ ဘုရားရှိခိုးကြပါတယ်ဘုရား၊ နောက်ပြီးတော့ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးရဲ့နည်းအရသတိပဋ္ဌာန်တရားများကိုလဲ အချိန်အား ရသမျှ ကျင့်ပွား အားထုတ်ကြပါတယ်ဘုရား"ဟုဒကာဦးစောထွန်းက လျှောက်ထား၏။

"ဘုန်းကြီးတို့ မြန်မာဗုဒ္ဓဘာသာများဟာ ဘယ်နိုင်ငံကို ရောက်ရောက် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘဆိုတဲ့ အနန္တငါးပါး ဦးထိပ်ထားသူဟာ အန္တရာယ်ကင်း အသက်ရှည်ပြီး ကြီးပွား ချမ်းသာကြရမှာပဲ"ဟု မဟာစည် သြဝါဒါစရိယ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူပါသည်။

"မှန်ပါ၊ ဆရာတော်ဘုရားကြီး သြဝါဒအတိုင်း လိုက်နာ ကျင့်သုံးပါသည် ဘုရား"ဟု ဦးစောထွန်းက လျှောက်ထား၏။

## ဗာဆိုင်းနန်းတော် ပြတိုက်ကြီး

ဘုန်းကြီတို့ မဟာစည် ဓမ္မဒူတအဖွဲ့သည် ညနေ ၃–နာရီအချိန်၌ မြန်မာ သံအမတ်ကြီးအိမ်မှ ထွက်ခဲ့ကြ၏၊ မူလကား ၂–စီးအပြင် သံအမတ်ကြီး စီစဉ်ပေးသော ကား ၁–စီးပါ ပေါင်းကား ၃–စီးဖြင့် ထွက်ခဲ့ကြ၏။

ဘုန်းကြီးတို့သည် ညနေ ၃း၃၀နာရီအချိန်၌ ဗာဆိုင်းနန်းတော် ပြတိုက်ကြီး ကို ရောက်ကြပါ၏၊ ဗာဆိုင်းနန်းတော်ကြီး၏ အဝင်ဘက်တွင် ရှည်လျား ကျယ်ပြန့်သော ဥယျာဉ်ကြီးနှင့် ရေကန်ကြီးကို တွေ့ကြရ၏၊ ဥယျာဉ်ခြံစည်းရိုး တစ်လျှောက်တွင် သစ်ပင်ကြီးငယ် အသွယ်သွယ်နှင့် ပန်းမျိုးစုံစွာ အဖြာဖြာ တို့လည်း မြင်ရ၏၊ အောက်ခြေကျယ်ကား၍ တဖြည်းဖြည်း အဖျားရှူးသွား သော ရေပန်းလှေကားဝိုင်းကြီး ပတ်လည်တွင် လေ့လာသူ နိုင်ငံခြားသားတို့သည် စည်ကားလှကုန်၏၊ ထိုရေပန်းလှေကားဆင့်များတွင် လှပသော ပန်းပုရုပ်လုံး များကိုလည်း တွေ့ရ၏၊ ဗာဆိုင်းနန်းတော်ကြီးကား ကျယ်ပြန့်ကြီးမားလှပါ၏၊ ထူးထွေဆန်းပြားသော အဆောက်အအုံများနှင့် ကျယ်ဝန်းသော နန်းတော် ပြတိုက် မြေဝိုင်းအတွင်း၌ နိုင်ငံခြားသားတို့ကို များစွာတွေ့ရ၏။။

"ပြတိုက်တွင်းကို ဝင်လျှင်ဝင်ချင်း တစ်ယောက်ကို ၅–ဒေါ်လာပေးရမယ်၊ အချိန်ကလဲ ၃–နာရီလောက် အနဲဆုံး ကြာအောင် ကြည့်မှသာ နဲ့စပ်မယ်၊ ဒီနေ့တော့ အချိန်မရတော့ဘူး"ဟု ဘုန်းကြီးတို့အား လိုက်ပို့သူ သံရုံးအရာရှိ များက ပြောကြား၏။

## ဗာဆိုင်းနန်းတော်ပြတိုက်သမိုင်း

ပြင်သစ်နိုင်ငံမြောက်ပိုင်း၊ စိန်းအတွားဇနယ်၏ မြို့တော် ဖြစ်သော ဗာဆိုင်း မြို့သည် ကမ္ဘာ့သမိုင်းတွင် ငြိမ်းချမ်းရေးနှင့် ဆက်သွယ်၍ ထင်ရှားသည်၊

ပါရီမြို့၏အနောက်ဖက် ၁၂–မိုင်ဝေး၍ ဥရောပတိုက်တွင် အလှပဆုံးမြို့တော် ဖြစ်သည်၊ ၁၈–ရာစုခုနှစ်မှ ၁၈၇၉–ခုနှစ်အထိ ပြင်သစ်အစိုးရရုံးစိုက်မြို့ ဖြစ်၏။

၁၆၆၁–ခုနှစ်တွင် ၁၄–ဆက်မြောက်လူဝီဘုရင်သည် သမိုင်းတွင် အလွန်ထင်ရှား၍ ခမ်းနားလှသောနန်းတော်ကြီးတစ်ခုကို ဒေါ်လာ ၁၀– ကုဋေအကုန်ခံ၍ ဗာဆိုင်းမြို့တွင် ဆောက်လုပ်ခဲ့သည်၊ ထိုနန်းတော်ကြီးမှာ အလျား ၅–မိုင်၊ ကျော် ရှည်လျား၍ အခန်းပေါင်းများစွာ ရရှိသဖြင့် အခန်းနံ့အောင် နာရီပေါင်း အတော်ကြာအောင် ကြည့်ရှုရသည်။

ယင်းအခန်းများအနက် ကောအော့မိရာခေါ်သော မှန်နန်းဆောင်ကြီးများ အထင်အရှား အခမ်းအနားဆုံးဖြစ်၍ ကမ္ဘာငြိမ်းချမ်းရေးစာချုပ်များကို ချုပ်ဆိုရာ ခန်းဆောင်ကြီးဖြစ်သည်၊ ၁၈၃၇–ခုနှစ်မှစ၍ နန်းတော်ကြီးကို ပြတိုက်အဖြစ် အသုံးပြုလျက်ရှိသည်၊ ၁၇၈၃–ခုနှစ်တွင် အမေရိကန်တော်လှန်ရေးကို အဆုံးသတ်ခဲ့သော ငြိမ်းချမ်းရေးစာချုပ်ကိုလည်းကောင်း၊ ၁၉၁၉–ခုနှစ်တွင် ပထမ ကမ္ဘာစစ်ကို ပြေငြိမ်းစေခဲ့သည့် ဗာဆိုင်းစာချုပ်ကိုလည်းကောင်း၊ ဗာဆိုင်းနန်းတော်၌ပင် ချုပ်ဆိုခဲ့သည်။

၁၈၇၃–ခုနှစ်ခန့်က မြန်မာနိုင်ငံမှ မင်းတုန်းမင်းကြီး စေလွှတ်လိုက်သော ကင်းဝန်မင်းကြီးသံအဖွဲ့သည် ထိုဗာဆိုင်းမြို့သို့ ရောက်ခဲ့ဖူးကြောင်း မှတ်တမ်းတင် ရှိလေသည်၊ မြန်မာစွယ်စုံအတွဲ(၇)၊ စာမျက်နှာ(၃၉၄) **မှတ်ချက်။** မြန်မာ့စွယ်စုံကျမ်း၌ ဗာဆေးနန်းတော်ဟု ရေးထား၏၊ ဤ၌ (Verseilles palace-)ဟူသော အင်္ဂလိပ်စာလုံးများကို ကြည့်၍ ဗာဆိုင်းနန်းတော်ဟု ရေးလိုက်၏၊ ဘုန်းကြီးတို့ မဟာစည် ခမ္မဒူတအဖွဲ့သည် ညနေ ၄း ၃၀နာရီ၌ သံရုံးကားနှင့် လမ်းခွဲ ဤဗာဆိုင်းနန်းတော်ပြတိုက်ကြီးမှ ပြန်ခဲ့ကြ၏၊ည ၇–နာရီတွင် သကျမုနိကမ္မဋ္ဌာန်းဌာနသို့ ပြန်ရောက်ကြပါသည်။

# လီထရွန်မှ ဝိဇယသို့

ဤနေ့ကား ၁၃၅၄–ခု၊ ဝါဆိုလဆန်း၈–ရက်၊ ၁၉၉၂–ခု၊ ဇူလိုင်လ၉–ရက်နေ့ ဖြစ်၏၊ အချိန်မှာ နံနက်(၉)နာရီ ဖြစ်၏၊ နေရာကား ပြင်သစ်နိုင်ငံ၊ ပါရီမြို့နှင့် ကီလိုမီတာ ၁၀၀–ခန့် ဝေးကွာသော သကျမုနိ ကမ္မဋ္ဌာန်းဌာန၏ ခေါင်းရင်းရှိ အထက်ပိုင်း တောစပ်တောင်ခြေရှိ လဟာပြင်သိမ်တော်ဖြစ်၏၊ သိမ်တော်က အမိုးအကာ အဆောက်အအုံ မရှိသေးပါ၊ သိမ်နိမိတ် တိုင်များကို စိုက်ထူ သမုတ်ထားရသော အုတ်တမံသလင်း ခုံပင် ဖြစ်၏၊ သိမ်၏ အထက်မြေသည် တဖြေးဖြေး မြင့်တက်သွားသော တောင်ကုန်း ဖြစ်၏၊ ထို တောင်ကုန်းသည် စိမ်းစိုညိုမှိုင်းသော တောစိုးသစ်ပင်ကြီးငယ်များဖြင့် ရှုချင်စဖွယ် ဖြစ်၏၊ သိမ်ပေါ်တွင် မတ်ရပ်တော်ဘုရား ရုပ်ပွားတော်တစ်ဆူ ရှိ၏၊ သိမ်တော်၏ အောက်ပိုင်းဆင်ခြေလျှောတွင် သကျမုနိကမ္မဋ္ဌာန်းဌာနတွင် ရဟန်းခံလာသော ဗုဒ္ဓဘာသာပြင်သစ်နှင့်ဗီယက်နမ်များဖြင့် စည်ကားနေ၏၊ ဗီယက်နမ်နှင့် ပြင်သစ် ဗုဒ္ဓဘာသာတို့သည် ဝတ်ဖြူစင်ကြယ် ဘာသာရေး ဝတ်စုံကို ကိုယ်စီဝတ်ကြ၍ လက်အုပ်ချီလျက် သိမ်တော်ပတ်လည်တွင် သိမ်တွင်းရှိ သံဃာတော်များကို ကြည်ညိုနေကြ၏၊ နံနက်၉–နာရီချိန်ဖြစ်၍ နေရောင်ဝင်းထိန် နေပူရှိန်လာနေသော်လည်း လေပြည်လေအေး ဆော်သွေးမှုကြောင့် မပူမအေး ရာသီဥတုသည် ရဟန်းခံလာသော ရဟန်းရှင်လူအများအတွက် အဆင်ပြေ

ချမ်းသာစေပါ၏၊ သံဃာ၁၃-ပါးတို့၏အလယ်၌ မစ္စတာလီထရွှန်သည် ရှင်ဝိဇယ အမည်ဖြင့် ရှင်သာမဏေဝတ်လျက် ရဟန်းပြုရန် သံဃာတော်အား လက်အုပ်ချီနေ၏၊ သံဃာ၁၃-ပါးတွင် မဟာစည်သြဝါဒါစရိယ ပုသိမ်သဒ္ဓမ္မသိတဂူဆရာတော်ဘုရားကြီး၊ မဟာစည်နာယကအရှင် ဇဋိလ၊ လန်ဒန်မြန်မာကျောင်း နာယက အရှင်ဣန္ဒက၊ လန်ဒန် မြန်မာကျောင်း ကမ္မဋ္ဌာနာစရိယ အရှင်ပညာသီဟ၊ အင်္ဂလန်နိုင်ငံဘာမင်ဂန်ဆရာတော် ဦးရေဝတဓမ္မ၊ ဘိက္ခုဓမ္မပါလ၊ အမေရိကန်နိုင်ငံ အရှင်ဗုဒ္ဓပါလ၊ ပြင်သစ်နိုင်ငံ အရှင် မဟာကုသလ၊ အရှင်စန္ဒရတို့လည်း ပါဝင်တော်မူကြ၏။

မဟာစည်သြဝါဒါစရိယ ဆရာတော်ဘုရားကြီးသည် သက်တော်၈၀-ကျော်ပြီဖြစ်၍ သံဃာသဘာပတိ ရဟန်းအပေါင်း၏ ဥပဇ္ဈာယ်အဖြစ် ချီးမြှောက်တော်မူရ၏၊ အမေရိကန်နိုင်ငံအရှင်ဗုဒ္ဓပါလက သံဃာတော်အား လက်အုပ်ချီလျက်မျက် စေ့မှိတ်လျက် ပါဠိဘာသာဖြင့် ရဟန်းလောင်းဆုံးမကို အလွတ်ဖတ်၍ ကျွမ်းကျင်စွာ ဆုံးမဆောင်ရွက်သွား၏၊ ထို့နောက် ကမ္မဝါကိုလည်း အလွတ်ရွတ်၍ တစ်ပါးတည်း ဖတ်သွား၏၊ “ကဲ- ရဟန်းဖြစ်ပြီ”ဟု အင်္ဂလန် ဆရာတော်ဦးရေဝတက မိန့်၏၊ ထိုအခါ မဟာစည်သြဝါဒါစရိယ ဆရာတော်ဘုရားကြီးက “ဟုတ်ပါပြီ၊ ရဟန်းတော့ ဖြစ်ပါပြီ၊ ဒါပေမယ့် ငါတို့လဲထပ်မံကမ္မဝါဖတ်ပြီး ချီးမြှောက်ပါဦးမည်”ဟု မိန့်တော်မူပါ၏၊ ထို့နောက် အရှင်ဇဋိလ၊ အရှင်ဣန္ဒက၊ အရှင်ပညာသီဟတို့က လန်ဒန်မြန်မာကျောင်းမှ ယူလာသော ကမ္မဝါစာဖြင့် ရွတ်ဖတ် ချီးမြှောက်ကြ၏၊ နံနက် ၁၀း၁၀နာရီအချိန်တွင် မစ္စတာ လီထရွှန်သည် အရှင် ဝိဇယ-အမည်ဖြင့် ရဟန်းဖြစ်တော်မူပါ၏၊ မစ္စတာလီထရွှန်သည် အရှင်ဝိဇယဟူသော အမည်တော်အတိုင်း ရဟန်းအဖြစ်ကို အောင်မြင်စွာ ရရှိတော်မူပါပြီ။

ရဟန်းခံပွဲအောင်မြင်ပြီးသောအခါ သကျမုနိကမ္မဋ္ဌာန်းဌာန ဓမ္မာရုံကြီးအတွင်း၌ ရဟန်းအသစ် အရှင်ဝိဇယအပါအဝင် သံဃာတော်၁၄-ပါးတို့အား ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမများက နေ့ဆွမ်း ဆက်ကပ်ကြပါသည်၊ နေ့ဆွမ်းဆက်ကပ်ပွဲတွင် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားကြသော ပြင်သစ်နှင့် ဗီယက်နမ် ဗုဒ္ဓဘာသာများက သံဃာတော်များအား လက်အုပ်ချီ ကြည်ညိုနေကြ၏၊ စည်းကမ်း သေဝပ်ယဉ်ကျေးလှပါကုန်၏၊ ဦးစွာပထမ မဟာစည်

ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးက ရှစ်ပါးသီလပေးတော်မူ၏၊ ထို့နောက် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားကို ချီးမြှင့်တော်မူ၏၊ ထို့နောက် ပြင်သစ်နှင့်ဗီယက်နမ် ဗုဒ္ဓဘာသာဒကာ၊ ဒကာမများက ရေစက်ခွက်ကိုကိုင်၍ ကိုယ်တိုင်ပင် ပါဠိဘာသာကို ရွတ်ဖတ်ဆိုလျက် ညီညာစွာ ရေစက်ချအမျှဝေ သွားကြ၏၊ ကိုယ့်တာဝန်ကို ကိုယ်တိုင် ကျွမ်းကျင် ကျေပွန်စွာ ဆောင်ရွက် သွားကြပုံမှာ ချီးကျူးဖွယ်ဖြစ်ပါ၏။

ထို့နောက် သူတို့က သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြပါသည်။ ဗုဒ္ဓ၊ ဓမ္မကျက်သရေမင်္ဂလာအပေါင်း ခသောင်းသော ဥပ သမ္ပဒမင်္ဂလာပွဲ ပေတကား။

## ပြင်သစ်နိုင်ငံမှ ပြန်ကြွကြပြီ

အချိန်မှာညနေ၄–နာရီဖြစ်၏၊ မဟာစည်ဩဝါဒါစရိယဆရာတော်ကြီး၊ မဟာစည်နာယက အရှင်ဇဋိလ၊ လန်ဒန်မြန်မာကျောင်း ကမ္မဋ္ဌာနာစရိယ အရှင်ပညာသီဟ၊ ဦးမာတင်၊ ဒေါက်တာကျော်မြင့်တို့အား မစ္စတာလီထရွန် ၏ သားက မော်တော်ကားဖြင့် ပြင်သစ် အင်္ဂလန်သို့ လိုက်ပါပို့ဆောင်ပါ၏၊ ၈–နာရီကြာအောင် ကားမောင်းသွားသော် ညဥ့်သန်းခေါင်လောက်တွင် အင်္ဂလန် ကို ရောက်သွားမည်ဟု သိရ၏၊ ဘုန်းကြီးကတော့ နက်ဖြန်ခါတွင် လေယာဉ်ဖြင့် ပြန်ကြွရန် နေရစ်ပါ၏၊ ဘာမင်ဂန်ဆရာတော် ဦးရေဝတက ကားဖြင့် ပါရီ သို့ ကြွသွား၏၊ ပါရီဘူတာကြီးမှ ရထားဖြင့် ဆွစ်ဇာလန်ကို ကြွ၍ ထိုမှ တစ်ဆင့် အင်္ဂလန်ပြန်ကြွမည်၊ အမေရိကန်ဆရာတော် အရှင်ဗုဒ္ဓပါလကလည်း နက်ဖြန်တွင် လေယာဉ်ဖြင့် အမေရိကန်သို့ ပြန်ကြွမည်ဖြစ်၏။

## ပြင်သစ်မှအင်္ဂလန်သို့

နေ့ကား ၁၃၅၄–ခုနှစ်၊ ဝါဆိုလဆန်း ၉–ရက်၊ ၁၉၉၂–ခုနှစ် ဇူလိုင်လ ၁၀–ရက်နေ့ ဖြစ်၏၊ အချိန်မှာ နံနက် ၇–နာရီဖြစ်၏၊ ဘုန်းကြီးသည် သကျ မုနိ ကမ္မဋ္ဌာန်းဌာနမှ ကားဖြင့်ထွက်ခဲ့၏၊ ကားမောင်းသူသည် အသက် ၇၁– နှစ် ရှိပြီဖြစ်သော ပြင်သစ်သူ ယောဂီဒေါ်နန္ဒ ဖြစ်၏၊ ဒေါ်နန္ဒသည် အသက် ၇၁–နှစ်ရှိပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်း၏၊ ကားမောင်းကျွမ်းကျင်၏၊ ပြုံးရွှင်စွာ စကားပြောတတ်၏၊ ကားပေါ်တွင် ဆွစ်ဇာလန်ကို ပြန်မည့် ယောဂီ

၃–ယောက်တို့သည် ပါလာကြ၏၊ ဒေါ်နန္ဒကလည်း အင်္ဂလိပ်စကားကို အနည်းငယ်သာပြောတတ်၏၊ ဘုန်းကြီးကလည်း အင်္ဂလိပ်စကားကို လည်လည်ဝယ်ဝယ် မပြောတတ်ပါ။

ကားကြုံစီးလာသူ မစ္စတာတွန်နှင့် အဖော်ယောဂီများသည် မောင်းတိန်းဘလူးမြို့တွင် ဆင်းနေရစ်၏၊ ဘုန်းကြီးနှင့် ဒေါ်နန္ဒတို့၂–ဦးသားသည် ပါရီလေဆိပ်သို့ လာခဲ့ကြ၏၊ တစ်ရံတစ်ခါတွင် ၂–ဦးသားစကားမပြောဘဲ ဆိတ်ဆိတ်သာ လိုက်ပါခဲ့ကြ၏၊ ဒေါ်နန္ဒက ကားကို ဂရုစိုက် မောင်းနေ၏၊ ဘုန်းကြီးက စိတ်ဖြင့် ပရိတ်ရွတ်၍ လိုက်ပါခဲ့၏၊ လမ်းတွင် ကားသွားကားလာ များသော်လည်း လမ်းက များလွန်းသဖြင့် သွား၍ လွယ်ကူသည်၊ နံနက် ၈း၃၀–နာရီအချိန်တွင် ပါရီမြို့တော်ကို ဝင်ခဲ့ကြပါပြီ၊ ကောင်းကင်မိုးလုံးပတ်လည် မှုန်မှိုင်းနေပါ၏၊ အပြင်တွင် အေးနေမည်ဖြစ်သော်လည်း ကားတွင်း၌ မှန်လုံနေ၍ မအေးပါ၊ ဘုန်းကြီးသည် နံနက်၈–နာရီအချိန်၌ ပါရီမြို့ရှားဒယ်လဗုန် လေဆိပ်ကို ရောက်ပါ၏၊ လေဆိပ်အဝင်တွင် လူမဟုတ်သောစက်ရုပ်ကိရိယာကြီးက အလံကြီးကို ကိုင်၍ လမ်းပြနေပါ၏။

လေဆိပ်ကြီးက ကျယ်၏၊ လေဆိပ်တွင်းရှိအဆောက်အအုံကြီးကား ၅–ဧက ပတ်လည်ခန့် ရှိမည်ထင်၏၊ အဆောက်အအုံကြီး၏ပုံစံမှာ အဝိုင်းကြီးဖြစ်၏၊ ဒေါ်နန္ဒက ထိုလေဆိပ်အဆောက်အအုံ ဝိုင်းကြီးပေါ်သို့ တောင်တက်သကဲ့သို့ ခွေကာပတ်ကာ မောင်းတက်ခဲ့ပါ၏၊ အပေါ်ဆုံးထပ်ကားပတ်ခ်တွင် ကားရပ်ခဲ့ပါ၏၊ ဘုန်းကြီးအား ဒေါ်နန္ဒက ဦးဆောင်၍ နိုင်ငံကူးလက်မှတ်နှင့် လေယာဉ်လက်မှတ်များကို ပြခြင်း၊ အစစ်ဆေးခံခြင်းတို့ကို ဆောင်ရွက်ပေး၏၊ ထို့နောက် ဒေါ်နန္ဒက လေဆိပ်စားသောက်ဆိုင်တွင် ဘုန်းကြီးအား နေ့ဆွမ်းဆက်ကပ်ပါ၏၊ နေ့ဆွမ်းဆိုသော်လည်း စထရော်ပဲသီးယိုညှပ်ပေါင်မုန့်ကို ကော်ဖီနှင့် စားသောက်ရ၏၊ ထို့နောက် ဒေါ်နန္ဒက ဘုန်းကြီးအား ရှိခိုး နှုတ်ဆက်၍ ပြန်သွားပါ၏၊ ဘုန်းကြီးသည် ပထမဆုံးကြိမ် တစ်ဦးတည်း ခရီးသွားခြင်းဖြစ်ရာ အလွန်ကြီးမားကျယ်ဝန်းသော လေဆိပ်ကြီးထဲတွင် ဓာတ်လှေကား အဆင့်ဆင့် ဆင်းရတက်ရ၏၊ ဂိတ်များစွာကို ကျော်ဖြတ်ရ၏၊ ဟိုမေးသည်မြန်းဖြင့်သွားရ၏၊ မလွယ်ကူလှပါ၊ အအေးခန်း လေဆိပ်အဆောက်အအုံတွင်းဝယ် ချွေးများပင် ထွက်လာပါ၏။

ဘုန်းကြီးသည် ဤသို့အမောတကောဖြင့်ပင် စီးနင်းလိုက်ပါမည့် ဗြိတိသျှ အဲယားဝေး လေယာဉ်ပေါ်သို့ ရောက်ရပါသည်၊ လေယာဉ်ပေါ်ရောက်ချိန်သည် နံနက် ၁၀း၃၀နာရီအချိန်ဖြစ်၏၊ လေယာဉ်ကြီးကား ခရီးသည် ၂၀၀-ခန့် စီးနင်းလိုက်ပါနိုင်သော လေယာဉ်ကြီး ဖြစ်၏၊ လေယာဉ်ထွက်ခါနီးတွင် ရုပ်မြင်သံကြားကို ပြသ၏။

## နံနက် ၁၁-နာရီထွက်၍ နံနက် ၁၁-နာရီရောက်၏

နံနက် ၁၁-နာရီ အချိန်တွင် ပြင်သစ်မှ လေယာဉ်ထွက်ခဲ့ပါ၏၊ အမြင့်ပေ ၂-သောင်းကျော်က ပျံသန်း၏၊ အင်္ဂလန်နိုင်ငံဝင်ခွင့် ပုံစံကတ်ပြားကို လေယာဉ်မယ်အား မေးမြန်း၍ ဖြည့်ရ၏၊ ဘုန်းကြီးသည် ပြင်သစ်အချိန်နံနက် ၁၁-နာရီ၌ ပြင်သစ်မှထွက်ခဲ့ရာ အင်္ဂလန်အချိန် နံနက် ၁၁-နာရီ၌ အင်္ဂလန်နိုင်ငံ ဟီးသရိုးလေဆိပ်သို့ ရောက်ပါသည်၊ အဘယ့်ကြောင့်နည်း၊ ပြင်သစ်နှင့်အင်္ဂလန် အချိန်၁-နာရီ ကွာခြားသောကြောင့် ဖြစ်၏။

ပြင်သစ်နိုင်ငံ အချိန်သည် အင်္ဂလန်နိုင်ငံထက် ၁-နာရီစော၍ အင်္ဂလန်နိုင်ငံသည် ပြင်သစ်နိုင်ငံအောက် ၁-နာရီ နောက်ကျပါသည်၊ ဘုန်းကြီးအား ဒေါက်တာခင်ညိုနှင့် ဒေါက်တာမိမိစိန်တို့က ကားဖြင့် ကြိုဆိုကြ၍ လန်ဒန်မြန်မာကျောင်းကို ပို့ပေးကြပါသည်။

## မမေ့အပ်သောမြန်မာပြည်

"ပညာသင်ရာ၊ ကြီးပွားရာနှင့်၊ မွေးရာမွေးမြေ၊ မမေ့လေနဲ့" ဟူသော လင်္ကာနှင့် အညီ လူတိုင်းပင် မိမိပညာသင်ကြားရာ အရပ်ဒေသ၊ မိမိကြီးပွားရာ တိုးတက်ရာနှင့် မိမိမွေးဖွားရာအရပ်အားဖြင့် မမေ့အပ်သော အရပ်ဒေသသုံးမျိုး ရှိလေသည်၊ ရှေးမြန်မာဗုဒ္ဓဘာသာသူတော်စင်များသည် မိမိတွင် ငွေကြေးအထိုက်အလျောက် လှူစရာတန်းစရာ ရရှိလာ၍ လှူလိုစိတ်များ ဖြစ်ပေါ်လာပါက ဖော်ပြပါမမေ့အပ်သော အရပ်သုံးမျိုးကို သတိရကြ၏၊ ထိုဒေသသုံးမျိုးတွင် ဦးစားပေး ကုသိုလ်ပြုကြ၏၊ ကုသိုလ်သမိုင်း မှတ်တိုင်ထူကြ၏။

ထိုမမေ့အပ်သော အရပ်သုံးမျိုးတို့တွင် မိမိမွေးဖွားရာ အရပ်ဒေသသည် ပို၍ သတိရဖွယ်ဖြစ်၏၊ အမှန်တကယ် မမေ့အပ်ပါ၊ မြတ်စွာဘုရား သခင်သည်ပင် ဘုရားဖြစ်ပြီးနောက် ဒုတိယဝါတွင် မိမိမွေးဖွားခဲ့ရာ ခမည်းတော်၊ မယ်တော် ဆွေတော်မျိုးတော်များရှိရာ ကပိလဝတ်ပြည်သို့ ဝမ်းမြောက်ဝမ်းသာ ကြွရောက် ချီးမြှောက် ဝါဆိုတော်မူရ၏၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် မိမိ၏မွေးရပ်မြေကို မေ့တော်မမူ သတိရတော်မူ၏၊ ကျေးဇူးတုံ့ပြန် ချီးမြှောက် တရား ဟောကြားတော်မူ၏။

ဘုန်းကြီးသည် မြန်မာနိုင်ငံ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာ နာယက အဖွဲ့ကြီးနှင့် ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ချုပ်တို့၏အစီအစဉ်ဖြင့် လန်ဒန် ဗုဒ္ဓဘာသာ မြန်မာကျောင်း ဂေါပကအဖွဲ့၏ပင့်လျှောက်ချက်အရ ဗြိတိန် မြန်မာဗုဒ္ဓဘာသာ ဝိဟာရတွင် ၁၉၉၁–ခုနှစ်၊ ဇူလိုင်လမှစ၍ ၁၉၉၂–ခုနှစ်၊ ဇူလိုင်လအထိ တစ်နှစ်တာမျှ သီတင်းသုံးနေထိုင်ခဲ့၏၊ မူလပင့်စာအရ အနည်းဆုံး ၂–နှစ်

နေထိုင် သာသနာပြုရန် ဖြစ်သော်လည်း မပြန်မဖြစ်သော အကြောင်းများကြောင့် အမိမြန်မာပြည်သို့ ပြန်ရပါဦးမည်၊ မြန်မာပြည် ပြန် ကြွရမည် ဆိုတော့လည်း လေးဆူ ဓာတ်ပုံ ရွှေတိဂုံ ဘုရား၊ မဟာမြတ်မုနိဘုရား၊ မဟာစည်သာသနာ့ ရိပ်သာ၊ မဟာစည်ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာများနှင့် မြန်မာ ပြည်သူပြည်သား ရဟန်းရှင်လူများသည် စိတ်အာရုံတွင် ထင်ယောင်မြင်ယောင် လာပါသည်၊ စိတ်တွင် ဝမ်းသာ လန်းဖြာလာပါ၏။

ဘုန်းကြီးသည် နိုင်ငံခြားတွင် အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့ ပြန့် ပွားရေး ထွန်းကားရေးအတွက် တတ်စွမ်းသမျှ ဆောင်ရွက်ခဲ့ပြီးနောက် အမိ မြန်မာနိုင်ငံတွင်လည်း အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့ ပြန့်ပွား ထွန်း ကားရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ရပေဦးမည်။

## နှုတ်ဆက်ဩဝါဒ ခံယူပွဲ

နေ့ကား ၁၉၉၂–ခုနှစ်၊ ဇူလိုင်လ ၁၄–ရက်နေ့ ဖြစ်၏၊ အချိန်မှာ မွန်းလွဲ ၁–နာရီ ဖြစ်၏၊ နေရာကား အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ဗြိတိန်မြန်မာ ဗုဒ္ဓ ဘာသာ ဝိဟာရ အောက်ထပ် ဘုရားခန်းဆောင် ဖြစ်၏၊ ဗုဒ္ဓရုပ်ပွားဘုရား၏ ဝဲ–ယာ ထိုင်ခုံများတွင် မြန်မာနိုင်ငံသို့ ပြန်ကြွကြမည့် မဟာစည် ဩဝါဒါစရိယ ပုသိမ် သဒ္ဓမ္မသီတဂူဆရာတော်ဘုရားကြီး၊ မဟာစည်နာယက ပျဉ်းမနားဆရာ တော် အရှင်ဇဋိလနှင့် မဟာစည်နာယကညောင်ကန်အေးဆရာတော် အရှင် ကုန္ဒကတို့သည် သီတင်းသုံး ထိုင်နေတော်မူကြ၏၊

## ပုသိမ်ဆရာတော်ကြီး၏ ဩဝါဒ

ဘုရားခန်းကြမ်းပြင်ကော်ဇောပေါ်တွင် ဗြိတိန်မြန်မာ ဗုဒ္ဓဝိဟာရ ဂေါပကများနှင့် ဆွမ်းဒကာ၊ဆွမ်းဒကာမများသည် ဘုရားအမှူးရှိသော ဆရာ တော် သံဃာတော်များအား ရှိခိုးကြ၏၊ ပုသိမ်သဒ္ဓမ္မ သီတဂူဆရာတော်ဘုရား ကြီးက သီလပေးတော်မူ၏၊ ထို့နောက် ဆရာတော်ဘုရားကြီးက "ဘုန်းကြီးတို့ မဟာစည် ဓမ္မဒူတအဖွဲ့ ကြွရောက်နိုင်ရန် ပင့်ဆောင်ကြတဲ့ လန်ဒန် မြန်မာ ကျောင်း ဩဝါဒါစရိယဆရာတော်ဦးရေဝတ အမှူးပြုတဲ့ ဒကာ– ဒကာမများ အား အထူး ကျေးဇူးတင်ပါတယ်၊ ဘုန်းကြီးတို့ရော ဒကာ–ဒကာမများပါ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဘုရားဟော ပါဠိအရ အမြတ်ဆုံး ဓမ္မဒါနကို ပြု ခွင့် ရကြပေတယ်၊ ရှေ့ဆက်လက်ပြီးတော့ သက်ရှည်ကျန်းမာစွာနဲ့ သာသနာ ပြုနိုင်ကြပါစေ–လို့ ဩဝါဒပေးပါတယ်”ဟူ၍ ဩဝါဒ ပေးတော်မူ၏။

## ပျဉ်းမနားဆရာတော် ဩဝါဒ

မဟာစည်နာယက ပျဉ်းမနားဆရာတော် အရှင်ဇဋိလက “ပုသိမ်ဆရာတော် ဘုရားကြီး၏ ဩဝါဒအတိုင်းပင် မဟာစည်ဓမ္မဒူတအဖွဲ့ ကြွရောက်ရန် ပင့် ဆောင်ကြခြင်းနှင့် ကြွရောက်တဲ့အခါ ပစ္စည်းလေးပါးဖြင့် လှူဒါန်းကြခြင်း၊ တရားနာကြား ကျင့်ပွားကြခြင်းများအတွက် အထူးပဲ ကျေးဇူးတင် ဝမ်းမြောက် ပါတယ်၊ အထူးအရေးကြီးတာက ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး လက်ထက်မှစပြီး ယနေ့အထိ နာကြားကျင့်ပွားခဲ့ကြတဲ့ သတိပဋ္ဌာန် ဝိပဿနာ တရားများကို ရာသက်ပန် နာကြား ကျင့်ပွား နေထိုင်ကြပါ၊ သာသနာပြုကြပါလို့ ဩဝါဒ ပေးပါတယ်”ဟု မိန့်တော်မူ၏။

## “ညောင်ကန်အေးဆရာတော်၏ နှုတ်ဆက်ဩဝါဒ”

ထို့နောက် မဟာစည်နာယက ညောင်ကန်အေးဆရာတော်က “ဘုန်းကြီး ကတော့ တစ်နှစ်ပတ်လုံး ဒီကျောင်းတွင် နေထိုင် ဟောပြောခဲ့တာမို့ များများ ပြောစရာ မရှိပါဘူး၊ ဘုန်းကြီးတို့ မဟာစည် ဩဝါဒါစရိယ ချမ်းမြအောင် စည် ဆရာတော်ဦးသံဝရနှင့်အတူ မြန်မာနိုင်ငံတိုင်းနှင့် ပြည်နယ်အနှံ့ တရား ဟောကြားခဲ့စဉ်က ဆရာတော် ဦးသံဝရ မိန့်ကြားလေ့ရှိတဲ့ နှုတ်ဆက်ကဗျာ ကို ရွတ်ပြီး နှုတ်ဆက်ချင်ပါတယ်”ဟု ပြောကြား၍ နှုတ်ဆက်ဩဝါဒပေးပါ၏။

### ချမ်းမြအောင်စည် ဆရာတော်၏ နှုတ်ဆက်ကဗျာ

၁။ လောဘတရားကို နှုတ်ရမည်၊ အလောဘတရားကို ဆက်ရမည်၊ နှုတ်သည် ဆက်သည် နှုတ်ဆက်ခေါ်ရမည်။

၂။ ဒေါသတရားကို နှုတ်ရမည်၊ အဒေါသတရားကို ဆက်ရမည်၊ နှုတ်သည် ဆက်သည် နှုတ်ဆက်ခေါ်ရမည်။

၃။ မောဟတရားကို နှုတ်ရမည်၊ အမောဟတရားကို ဆက်ရမည်၊ နှုတ်သည် ဆက်သည် နှုတ်ဆက်ခေါ်ရမည်။

## မြန်မာပြည်သို့ အပြန်ခရီး

### ဟီးသရိုးလေဆိပ်သို့

မွန်းလွဲ ၁–နာရီခွဲအချိန်တွင် လန်ဒန် မြန်မာကျောင်းမှ ဟီးသရိုးလေဆိပ်သို့ ထွက်ခဲ့ကြ၏၊ ဆရာတော်ကြီး၊ ဦးမာတင်၊ ဦးစိန်ထွန်းအောင်၊ ဒေါ်လှလှ၊ ဒေါ်စန်းရီတို့က ကားတစ်စီး၊ ဦးဇဋိလ၊ ဒေါက်တာကျော်မြင့်တို့က ကားတစ်စီး၊ ဘုန်းကြီးက ဒေါက်တာခင်ညို၊ ဒေါက်တာမိမိစိန်တို့နှင့် ကားတစ်စီးဖြင့် ထွက်ခဲ့ကြ၏၊ ဘုန်းကြီးတို့မဟာစည်ဓမ္မဒူတ ၅–ဦးအဖွဲ့တွင် ပုသိမ် သဒ္ဓမ္မသီတဂူ ဆရာတော်ကြီး၊ ဦးဇဋိလ၊ ဒေါက်တာကျော်မြင့်၊ ဦးမာတင်တို့ ၄–ဦးကို ပေါင်း၍ ပစ္စည်း ချိန်တွယ်ကြရ၏၊ ပေါင်ချိန်ပိုငွေ ပေါင်ငွေ ၃၈၈–တို့ကို အဖွဲ့ပိုင် ရန်ပုံငွေဖြင့် ဆောင်ကြ၏။

ဘုန်းကြီးက တစ်ပါးတည်း ခွဲချိန်ရ၏၊ ပေါင်ချိန်ပိုငွေက များနေ၍ မပေး နိုင်သဖြင့် အထုပ်ကြီး တစ်ထုပ်ကို ဒေါက်တာခင်ညိုနှင့် ဒေါက်တာမိမိစိန် တို့အိမ်တွင် ထားခဲ့ရ၏၊ နောက်မှ သူတို့က သင်္ဘောဖြင့် တင်ပို့ကြပါမည်

ဘုန်းကြီးတွင် စာအုပ်စာတမ်း၊ ကွန်ပျူတာ၊ စာရေးကိရိယာတွေက များနေသဖြင့် အထုပ်ကြီးတစ်ထုပ်ထားခဲ့၍ပင် နောက်ထပ် အလေးချိန်ပိုနေသေးသောကြောင့် နဝကမ္မမှ ပေါင်ငွေ၈၂-ကို ကပ္ပိယဒေါက်တာခင်ညိုက ပေးဆောင်ရသေး၏။

## ဟဲလို-ဗစ်ဘဲလီ

နိုင်ငံကူးလက်မှတ်နှင့် ပစ္စည်းများကို စစ်ဆေးခံကြရာတွင် စစ်ဆေးရေးအရာရှိက ဘုန်းကြီး၏ဝမ်းဗိုက်ကို အထူးစိတ်ဝင်စားနေ၏၊ ဗိုက်ပေါ်က သင်္ကန်းကို လှန်၍ကြည့်ပြီးနောက်"ဟဲလို-ဗစ်ဘယ်လီ- အိုး-ဗိုက်သားက ကြီးနေတာပဲ"ဟု စစ်ဆေးရေးအရာရှိက ပြုံးရွှင်စွာ ပြောဆိုလွှတ်လိုက်၏၊ အရေးထဲမှာ ဗိုက်သားကထူ၊ သင်းပိုင်သင်္ကန်းလိပ်ကလဲ ထူ၊ အပေါ်ရုံကေသီအတွင်း ပုခုံးတွင် လွယ်အိတ်ကလည်း လွယ်ထားသဖြင့် စစ်ဆေးရေးအရာရှိက ဘုန်းကြီးအား ဥပဒေနှင့် မလွတ်ကင်းသော ပစ္စည်းများကို လျှို့ဝှက်ယူလာသည် ထင်နေသေး၏၊ ဗိုက်လှန်ကြည့်ပြီးတော့မှ"ဟဲလို-ဗစ်ဘယ်လီ"ဟုပြုံးစနဲ့နဲ့ဖြင့် လွှတ်လိုက်၏၊ ဘုန်းကြီးတို့သည် လေယာဉ်ထွက်ချိန်က နီးကပ်နေသဖြင့် အပြေးအလွှားပင် လေယာဉ်ပေါ်တက်ခဲ့ကြ၏။

## ဘင်္ဂလားဒေ့ရှ်သို့

ဘုန်းကြီးတို့စီးသော လေယာဉ်ပျံကြီးသည် ဘီဂျီ-၈၀၂၊ဘိမန်းလေယာဉ်ကြီးဖြစ်၏၊ ညနေ၄း၃၀နာရီအချိန်တွင် လေယာဉ်ကြီးက ကွင်းလယ်ကိုမောင်းခဲ့ပါ၏၊ ညနေ၄း၅၅နာရီအချိန်၌ ဘိမန်းလေယာဉ်ကြီးသည် ထွက်ခဲ့ပါ၏၊

ညနေ၅း၁၀နာရီအချိန်၌ ညနေစာများကို ကျွေးပါ၏၊ ခရီးသည်များစားကြ၏၊ ဘုန်းကြီးတို့ကတော့ အဖျော်ရည်ကိုသာ သောက်ပါ၏၊ ည ၆-နာရီအချိန်တွင် ဂျာမနီ၌ လေယာဉ် ခေတ္တဆင်း၏၊ ခရီးသည်အားလုံး ဆင်း၍ လေဆိပ်တွင် ဈေးဝယ်သူ ဝယ်ကြ၏၊ ကြည့်ရှုလေ့လာကြ၏၊ နားနေကြ၏။

ည၌ ၇း၃၀နာရီအချိန်၌ ဂျာမနီမှ လေယာဉ်မယ်များက ခရီးသည်များအား သီချင်းနားထောင်လိုက နားထောင်ရန် နားကြပ်လိုက်ပေး၏၊ မိမိထိုင်ခုံလက်

တင်ပေါင်တွင် တပ်ဆင်၍ သီချင်းရေဒီယိုနားထောင်နိုင်၏၊ လေယာဉ်ကြီးကား လူ ၃၀၀ခန့် နိုင်၏၊ လေယာဉ်ပေါ်တွင် ရုပ်ရှင်ပြ၏၊ ကုလားဇာတ်ကားဖြစ်၏၊ ဘုန်းကြီးသည် အင်္ဂလန်နိုင်ငံတွင် အချိန်တိုက်ခဲ့သောနာရီကို ကြည့်၏၊ ညဉ့် ၂–နာရီအချိန် ရှိပါပြီ၊ သို့သော် ဘင်္ဂလားဒေ့ရှ် နိုင်ငံပေါ်တွင် လေယာဉ်ရောက်နေ၍ နံနက်နေထွက်နေပါပြီ၊ လေယာဉ်မယ်များက နံနက်စာကျွေး၍ စားကြ၏၊ အင်္ဂလန်အချိန် နံနက် ၄း၅၀နာရီ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံလေဆိပ်ကို လေယာဉ် ရောက်ပါ၏၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအချိန်နာရီကား နံနက် ၁၀–နာရီ ဖြစ်၏၊

လေဆိပ်ကြီးကား သူ့နိုင်ငံအလျောက် ကြီးမား၏၊ အထုပ်ကြီး တစ်ထုပ်ကြိုးပြေနေသည်၊ လာကြည့်ပါဆို၍ သွားကြည့်ရာ ဘုန်းကြီး၏ ကွန်ပျူတာအထုပ်ဖြစ်နေသဖြင့် ပြန်လည် ကြိုးစည်းပြီး အပ်ထားခဲ့ရ၏၊ ဘုန်းကြီးတို့သည် ဘင်္ဂလားဒေ့ရှ် အချိန်နံနက် ၁၁–နာရီ၌ လေဆိပ်ကြီး၏ တတိယထပ်ဘွင် စမူဆာ၊ ပေါင်မုန့်တို့ဖြင့် နေ့ဆွမ်းဘုဉ်းပေးကြပါ၏၊ လေဆိပ်တွင် အထည်အလိပ် လျှပ်စစ်ပစ္စည်းအမျိုးမျိုးကို ရောင်းချပေးပါ၏။

## မြန်မာနိုင်ငံသို့

ဘုန်းကြီးသည် ၁၉၉၂–ခုနှစ်၊ ဇူလိုင်လ ၁၅–ရက်၊ မွန်းလွဲ ၂–နာရီအချိန်တွင် ဘီမန်းလေယာဉ်ဖြင့် ဘင်္ဂလားရှေ့နိုင်ငံဒက်ကာလေဆိပ်မှ ထွက်ခဲ့ကြ၏၊ ညနေ ၄–နာရီအချိန်တွင် မြန်မာနိုင်ငံ ရန်ကုန်လေဆိပ်ကို ရောက်ကြပါသည်၊ မဟာစည်ရိပ်သာကြီးပရိသတ် ညောင်ကန်အေး ရိပ်သာ ပရိသတ်အားလုံးပင် ကားများဖြင့် မဟာစည် ဓမ္မဒူတအဖွဲ့အား မဟာစည် ရိပ်သာကြီးသို့ ကြိုဆိုပင့်ဆောင်ကြပါ၏။

ညနေ၆–နာရီအချိန်တွင် ဘုန်းကြီးသည် မဟာစည်ဆရာတော်များအား နှုတ်ဆက်ရှိခိုး၍ မိမိပရိသတ်များနှင့်အတူ ရန်ကုန် အင်းစိန်မြို့နယ် မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာသို့ ပြန်ခဲ့ပါသည်၊ ညောင်ကန်အေး သာသနာ့ရိပ်သာ သာသနာအေး ဓမ္မဗိမာန်ကြီးတွင် တပည့်များအား နှုတ်ဆက်ဩဝါဒစကား ပြောကြားပါသည်။

## သုံးနိုင်ငံ ဓမ္မဒူတခရီး မှတ်တမ်းကဗျာ

၁။ တစ်ကိုး ကိုးတစ်–ထွန်းသစ်ဇူလိုင်၊
သုံးဆယ့်တစ်ရက်–မြန်းထွက်ခဲ့နိုင်၊
အင်္ဂလန်ရောက်–ဝမ်းမြောက်ဖွယ်နိုင်
ဩဂုတ်လ–အစ တစ်ရက်လှိုင်။

၂။ မဟာစည်နာယက–အဖွဲ့ကလွတ်လျှင်၊
ဗုဒ္ဓသာသနာ့–နုဂ္ဂဟစီစဉ်၊
လန်ဒန်မြန်မာကျောင်း–ကိန်းအောင်းပျော်ရွှင်၊
တစ်နှစ်မျှ–ဟောပြဓမ္မပင်။

၃။ ပြန်ကြွခါနီး–ခရီးဆွစ်ဇာလန်၊
ဓမ္မဒူတ–မြန်းကြွခဲ့မှန်၊
ပြင်သစ်ပြည်သွား–တရားပြပြန်၊
အချိန်ကျ–ပြန်ကြွမြန်မာ့ဌာန်။

၄။ တစ်ကိုး ကိုးနှစ်–ထွန်းသစ်ရှုလိုင်၊
တစ်ဆယ့်ငါးရက်–ဆင်းသက်လာနိုင်၊
မြန်ပြည်တစ်လွှား–တပည့်များမြိုင်မြိုင်၊
ကြိုဆိုကြ–အားရသာဓုလှိုင်။

၅။ အလှူအားလုံး–မြတ်ဆုံး ဓမ္မာ၊
အရသာအားလုံး–မြတ်ဆုံးဓမ္မာ၊
ပျော်ဖွယ်အားလုံး–မြတ်ဆုံးဓမ္မာ၊
တဏှာရှဲ–ဆင်းရဲ အောင်မြတ်တာ။

၆။ ရက်ရှည်လများ–ကြိုးစားသွယ်သွယ်၊
နိုင်ငံရပ်ခြား–တရားဟောတယ်၊
နိဗ္ဗာန်ရောက်ကြောင်း–ဆုတောင်းပါတယ်၊
ကုသလ–အမျှဝေပါတယ်။
(သာဓု–သာဓု–သာဓု)။

**အရှင်ဣန္ဒက**
ညောင်ကန်အေး ဆရာတော်
မေတ္တာအေးစံကျောင်း၊
ညောင်ကန်အေး သာသနာ့ရိပ်သာ၊ အင်းစိန်မြို့၊
ရန်ကုန်၊ မြန်မာနိုင်ငံ။

၁၃၅၆–ခု၊ တော်သလင်းလဆန်း ၁၀–ရက်၊ ၁၉၉၄–ခုနှစ်၊ စက်တင်ဘာလ ၁၄–ရက်၊ ဗုဒ္ဓဟူးနေ့၌ ဤမှတ်တမ်းကို ရေးပြီးပါသည်။



◀ ဆွစ်ဇာလန်နိုင်ငံ
ဂျီနီဗာတက္ကသိုလ်

● ပြင်သစ်နိုင်ငံ
ဗာဆိုင်းနန်းတော်ဟောင်း ပြတိုက်

ပြင်သစ်နိုင်ငံ
မောင်းတိန်းဘလူး
နန်းတော်ဟောင်းပြတိုက်
●

